www.burmeseclassic.com

သန့်ကြွယ်ရင်မို ဝတ္ထု

# မာယာ
# နှင်းတစ္ဆေ




www.burmeseclassic.com

www.burmeseclassic.com

ပညာရွှေတောင်စာအုပ် ၁၉၇

# မာယာ

နှင်းတခွေ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

နှင်းတောရွှ

မေသော်

အတွင်းစာသားခွင့်ပြုချက်အမှတ်

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

ထုတ်ဝေခြင်းနှင့်အကြိမ်

ပထမအကြိမ်

အုပ်ရေ ခုနှစ်၊ စက်တင်ဘာလ

အဖုံးပန်းချီ

ကိုနိုင်အောင်

ကွန်ပျူတာ စာအုပ်ချုပ်

ထုတ်ဝေသူ

ဦးအောင်မြင့်ဝေ
ပညာရှေ့ဆောင်စာအုပ်တိုက်
(မြဲ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းအိုင်သား သုံးမှာ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်

ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)
အမှတ် ဂ၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၁၇၅။ | ဂျာအေးနှင့်ရွှေရိုးပ်သား | ပေါ်ရှာရှစ် |
| ၁၇၆။ | ကုသာမစ္စရိယ ဗိပါက်ကြမ္မာနှင့် နိုင်ငံရပ်ခြား ဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇။ | အဗ္ဗူဓါတရွှေ | မောင်မြင့်ကြွယ် |
| ၁၇၈။ | လင်းဆွဲဇော်ယျာ | မာယာ |
| ၁၇၉။ | ဂျာအေးနှင့် နစ်လော်ရာကုန်း | ပေါ်ရှာရှစ် |
| ၁၈၀။ | သူရဲ့လက်ဆောင် (တတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၈၁။ | ဂျာအေးနှင့်ယောက္ခမလည်ပြန် | ပေါ်ရှာရှစ် |
| ၁၈၂။ | ညဘီလူး | မာယာ |
| ၁၈၃။ | ဂျာအေးနှင့် လောဘရဟတ်ကြီး | ပေါ်ရှာရှစ် |
| ၁၈၄။ | ဂျာအေးနှင့် မဟာဂျာသဘင်ကြီး | ပေါ်ရှာရှစ် |
| ၁၈၅။ | ထမန်းကျားပေါက်ကျိုင်း | မာယာ |
| ၁၈၆။ | ဝီအေဂျာအေး | ပေါ်ရှာရှစ် |
| ၁၈၇။ | မရဏဒဏ္ဍာရှိ | မာယာ |
| ၁၈၈။ | ရှားလော့ဟုမ်းနှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉။ | နစ်ကိုယ်ခွဲ | ပေါ်ရှာရှစ် |
| ၁၉၀။ | နတ်လိုင်စင် | ပေါ်ရှာရှစ် |
| ၁၉၁။ | စိတ်ရွှေ | မာယာ |
| ၁၉၂။ | တောရတောင်ဝေး | ပေါ်ရှာရှစ် |
| ၁၉၃။ | မာယာမင်းသမီး | ဖိုးကျော့ |
| ၁၉၄။ | ကမ္ဘာအချစ် | ပေါ်ရှာရှစ် |
| ၁၉၅။ | ချစ်မျက်မှုပုံး | ပေါ်ရှာရှစ် |
| ၁၉၆။ | ကမ္ဘဒီဒီ နှင့် အခြားဝတ္ထုတိုများ | ဖိုးကျော့ |
| ထရ | | |
| ၁၉၇။ | နှင်းတရွှေ | မာယာ |
| အတ်ထက်၍ | | |
| ၁၉၈။ | ရာဇဝင်ပြောင်တဲ့ငါးမြောင်တောင်သား | ပေါ်ရှာရှစ် |
| ၁၉၉။ | ရာဇဝင်ထဲက တရွှေများ | ကြည်ဦး |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကံကံ၏အကျိုးကြောင့် လူတို့သည်
မတူညီသော ဘဝများနှင့်
သံသရာလည်နေကြရပေ၏ ...

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

'မရှိ ခိုးနိုး၊ မလှူစုန်းမျိုး' ဆိုသည့်စကား မှန်ချေပြီ။ ရင်ထဲ တနုံ့နုံ့ ခံစားနေရပါသော်လည်း ဖြစ်လာသမျှ အကြောင်းအရာတွေ ဘဝနှင့် တောင် မလျော်ညီတော့။ ကိုယ့်ကိုယ်ကိုယ်လည်း အားမလိုအားမရ ဖြစ်နေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရားတော်တွေက ထာဝရ မှန်ကန်နေပါလားဟု တွေး၏။ ချမ်းသာခြင်း တစ်စက်ကလေးမျှ မရှိသော လောကကြီး။ ကြာလေကြာလေ သူ့ရင်ထဲ လူတွေကို နာကျင်မိလေပင်။

လောဘ၊ ဒေါသ၊ 'မောဟစိတ်တို့ဖြင့် သံသရာလည်နေကြသော လောကကြီး။ ကိုယ့်ကိုယ်ကိုယ် လောဘမီးတွေ လောင်လို့လောင်မှန်း မသိ။

ရွာထဲကို ပြန်ချင်စိတ်တောင် မရှိတော့။ ယခု ရောက်ရှိသည့် နေရာလေးသည် သူ့အတွက် အေးချမ်းမှုအပေါင်းနှင့် ဝေဆာနေသည်ဟု ထင်မြင်မိ၏။

ဆည်းလည်းခတ်သံကလေးများ. . .

ကျေးငှက်သာရကာတို့ ကနုကယ အသံလေးများ. . .

ညင်ညင်သာသာ တိုးဝှေ့နေသော လေနုလေးကြောင့် လှုပ်ခတ်နေသော သစ်ရွက်ကြွေသံလေးများ. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကလေးများကြောင့် သူ့ရင်ထဲ အငြိမ်းချမ်းကြီး ငြိမ်းချမ်းနေရ၏။ သူ ရောက်ရှိနေသည့်နေရာက သမုတိ ထွက်ပေါက်ဟု ဆိုနိုင်သော တောင်ပေါ် စေတီလေး၏ ရင်ပြင်တော် ဖြစ်လေ၏။

ရင်ပြင်တော်ပေါ်တွင် လူသူရှင်းလင်းနေပုံရ၏။ လူသံသူ့သံ ကင်းမဲ့နေသည်မို့ သူ့ရင်ထဲ ပို၍ ချမ်းမြေ့ကြည်နူးနေရသလိုပင်။

ရင်ပြင်တော်၏ ကြာသပတေးထောင့် ညောင်ပင်ဖားဖားကြီးအောက်တွင် ထိုင်နေခဲ့သည်မှာ တစ်နာရီနီးပါးခန့် ရှိနေပြီ ဖြစ်၏။ ယူလာသည့် ပုတီးနှင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို အချိန်ကြာမြင့်စွာ ပွားများခဲ့၏။

သူ့ရင်ထဲ၊ အသွေးထဲအသားထဲတွင် ဗုဒ္ဓ၏ နုသသတိရိပ်များ စီးမျောပျံ့နှံ့နေသလို ခံစားခဲ့ရ၏။ ငြိမ်းချမ်းအေးမြသော အရသာကို တရှိုက်မက်မက် ခံစားရင်း ဗုဒ္ဓါနုဿတိကို အပတ်ပေါင်းများစွာ စိပ်နေမိ၏။

ထိုသို့ ငြိမ်းချမ်းသာယာမှုကို အချိန်ကြာမြင့်စွာ စီးမျောခံစားနေစဉ် သူ့နားထဲ ထူးဆန်းသော အသံကို ကြားလိုက်ရ၏။

"ဖျ ဖျ ဖျ"

အသံရှင်က လူမဖြစ်နိုင်။ တံ့ခနဲ ရပ်သော အာရုံကြောင့် သူ သတိဝင်လာ၏။ အသံက သူနှင့် ပို၍ နီးကပ်လာသလိုပင်။ မြေပြင်ကို ပွတ်တိုက်လိမ်ထိုး၍ တက်လာသော သတ္တဝါတစ်ကောင်ကောင် ဖြစ်ရမည်ဟု တွေးမိ၏။

ပေါ်လာသောအသံကို နားတစွင့်စွင့်လုပ်ရင်း ကျုံ့ကျုံ့ကလေး ထိုင်နေသော ပေါင်ပေါ်သို့ သတ္တဝါတစ်ကောင် တလူးလူး တလိမ့်လိမ့် တက်လာ၏။

"ဟင်- ဘုရား. . . ဘုရား"

သူ့ကိုယ်ပေါ် တက်လာသည့်သတ္တဝါကို လက်အစုံနှင့် စမ်းသပ်ရင်း သူ့ရင်ထဲ အထိတ်တလန့်ခံစားလိုက်ရ၏။ အံ့ဖွယ်ကောင်းလှသည့် သတ္တဝါကြီး၊ သူ တုတ်တုတ်မလှုပ်ရဲ။ သတ္တဝါကြီးသည် ပေါင်ပေါ်မှတစ်ဆင့် သူ့ခါးကို တစ်ပတ်နှစ်ပတ် ပတ်လိုက်ပြီး ကိုယ်ပေါ်မှ ဖြည်းဖြည်းချင်း ပြန်ဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ရှူး"

"ဘုရား. . . ဘုရား၊ ဘယ်က မြွေကြီးပါလိမ့်"

ပါးစပ်က တီးတိုး ရေရွတ်မိသော်လည်း ဖြုန်းစားကြီး မထရဲသေး။ ကြောက်စိတ်တွေကလည်း အတိုင်းအဆမရှိ ရောက်လာ၏။ သူ့အဖြစ်က အန္တရာယ်နှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရပါသော်လည်း ကိုယ်လွတ်ရုန်းပြေး၍ မရ။

အမှန်မတော့ သူ့ဘဝက မျက်လုံးအစုံ ဖွင့်ထားသော်လည်း ဘာကိုမှ မမြင်ရသည့် ကြောင်တောင်ကန်းဘဝ။ ထိုဘဝကြောင့်လည်း သူ့ခမျာ အစစအရာရာ ချို့တဲ့ နိမ့်ကျနေခဲ့ရ၏။

ယခုလည်း ဘေးဘီအကူအညီကို တောင်း၍မရ။ သူ့အာရုံထဲ အမြဲတမ်း မှောင်မိုက်နေသည်မို့ ရင်တွေ တဒိန်းဒိန်း ခုန်နေရ၏။ ထိုစဉ် ကိုယ်ပေါ်မှ တလျှောလျှော တလူးလူး ဆင်းသွားသော သတ္တဝါကြီးသည် သူ့ဘေးတွင် ခွေနေသည်ဟု ထင်မိ၏။

သတ္တဝါကြီး၏ တရှူးရှူး မြည်သံကို နားထဲ ကြားနေရဆဲ။ ကြောက်စိတ်ကြောင့် ချွေးသီးချွေးပေါက်ပင် စို့လာ၏။ လက်ထဲက ပုတီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး တတ်သမျှ မှတ်သမျှ ဘုရားဂုဏ်တော်တို့ကို ပွားများနေရ၏။ သတ္တဝါကြီးကိုလည်း မေတ္တာပို့နေရ၏။

ထိုစဉ် သူ့ဘေးနား စင်းစင်းကလေး ခွေနေသော သတ္တဝါကြီးသည် ပါးပျဉ်းထောင်လာကာ သူ့မျက်နှာနား တရစ်ဝဲဝဲ လုပ်နေ၏။

"ဟင်"

"ရှူး ရှူး ရှူး"

"ဘုရား. . . ဘုရား"

တစ်ယောက်တည်း အတုန်တုန် အလှုပ်လှုပ် ခံစားနေရစဉ် တဖျပ်ဖျပ် တက်လာသည့်ခြေသံ ကြားလိုက်ရ၏။ ခြေသံက စောင်းတန်းဘက်မှ တက်လာသော ခြေသံဟု ထင်မိ၏။ ထိုစဉ် သူ့ဘေးနား ပါးပျဉ်းထောင်ဝဲ လုပ်နေသော သတ္တဝါကြီးသည် ရှူးခနဲ နှာမှုတ်သံပေးကာ သူ့အနားမှ တလျှောလျှော ပြန်ထွက်သွားသည်ကို ကြားလိုက်ရ၏။

"မမနှင်း ပြီးပြီလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်- ဖိုး. . . ဖိုးငယ်၊ မြန်မြန်လာပါဦးကွယ်"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

ဖိုးငယ်၏ အသံစာစာကလေး ကြားလိုက်ရသဖြင့် သူ့စိတ်ထဲ တက်တက်ကြွကြွ ဖြစ်သွားမိ၏။ ထိုစဉ် ဖိုးငယ်၏ တဖျပ်ဖျပ် ပြေးလာသော ခြေသံကို ကြားလိုက်ရ၏။ သူ ထိုင်ရာမှ အလျင်အမြန် ထလိုက်၏။

"မမနှင်း၊ ဟို- မြွေ. . . မြွေကြီး"

"အေးကွယ်၊ မမနားမှာ အကြာကြီး။ ရင်တွေ ထိတ်လိုက်တာကွယ်၊ ခုကော ရှိသေးလား"

"မရှိတော့ဘူးဗျ"

"ဟင်- ဟုတ်လား၊ ဒါဆို သွားကြရအောင်"

"ဟုတ်ကဲ့"

နှစ်ယောက်သား ကြောက်အားလန့်အားနှင့် စောင်းတန်းပေါ်မှ ဒရောသောပါး ဆင်းခဲ့ကြ၏။

သူ့လက်တွေရော ခြေတွေပါ အေးစက်နေ၏။ ခြေထောက်တွေ တောင် မခိုင်ချင်။ စေတီအောက်ခြေသို့ ရောက်သည်နှင့် ရွာဘက်သို့ သုတ်ခြေတင်ခဲ့ကြ၏။ လမ်းတစ်လျှောက်လုံး ဖိုးငယ်က မြွေကြီးအကြောင်းကို ပြော၍မဆုံး။

"အဲ. . . အဲဒီ မြွေကြီးက ကြောက်စရာကြီးဗျ၊ အစွယ်ကြီးကလည်း ပြူးလို့။ မမနှင်းကို ကိုက်သွားသေးလား"

"ဟင့်အင်း၊ မမကို ဘာမှ မလုပ်ဘူး။ တော်ပါသေးရဲ့ကွယ်၊ မင်း မြင်လိုက်လား"

"ဟာ- မြင်တာပေါ့၊ ပြီးတော့ အရှည်ကြီးဗျ။ အရောင်က အနက်ရောင်ကြီး၊ ကြောက်စရာကြီး မမနှင်းရယ်။ မမနှင်း ဘာမှမဖြစ်လို့ ရွှတ်သေးတာပေါ့"

"အေးပေါ့ကွယ်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ဆိုရမှာပေါ့ကွယ်"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ရွာထဲရောက်လာ၏။ သွားနေကျ လာနေကျ လမ်းများဖြစ်၍ သူ့အိမ်ကလေးကိုလည်း စိတ်ထဲ မှတ်

www.burmeseclassic.com

www.burmeseclassic.com



မိနေ၏။ တဲအရှေ့သို့ အရောက်တွင် ဖိုးငယ်က သူ့ကို နှုတ်ဆက်၍ ထွက်သွား၏။

"အမေ. . . အမေ ပြန်ရောက်လာပြီလား"

"ဟဲ့- သမီး မိနှင်း လာလေ၊ အမေ ပြန်လာပြီ သမီးရဲ့။ ဘုရားသွားနေတာလား"

"ဟုတ်တယ် အမေ၊ သမီး ဘုရားမှာ ပုတီးစိပ်နေတာ"

"ကောင်းတာပေါ့ကွယ်၊ ကိုင်း- လာလာ အမေ ဒီမှာ ဟင်းချက်နေတာကွယ့်။ သမီးကြိုက်တဲ့ ကင်ပွန်းချဉ်ရွက်နဲ့ ငါးခေါင်း ချက်ထားသကွယ့်။ ပြီးတော့ ငါးပိရည်လေးကို ငရုတ်သီးစိမ်းနိုင်းချင်းနဲ့ ဖျော်ထားတယ်"

"ဟုတ်လား၊ သမီး ဆာနေတာနဲ့ အတော်ပဲ အမေရယ်"

မိခင်လုပ်သူက သူ့လက်ကလေးကိုဆွဲ၍ တဲထဲခေါ်သွား၏။ မိခင်ဖြစ်သူမှာ ဆင်းရဲလှသော အခြေအနေနှင့် ရင်ဆိုင်နေရသော်လည်း တဲကလေးကို အမြဲတမ်း သန့်ရှင်းပြောင်လက်အောင် ထားခဲ့၏။ အိုးခွက်ပန်းကန်လေးတွေကအစ တိုက်ချွတ်ဆေးကြောထားသဖြင့် အနံ့အသက်ကအစ ကင်းလှ၏။

ခင်းထားသည့် ဖါးကြမ်းခင်းကလေးပင် မိခင်ကြီး၏ လက်ချက်ကြောင့် အမြဲတမ်း ပြောင်လက်နေ၏။ တဲထဲရောက်သည်နှင့် ဟင်းထမင်းများကိုခူးကာ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်၍ စားသောက်လိုက်ကြ၏။

"ဟောမှာ တို့စရာ သမီး၊ မျှစ်စို့ကလေးတွေ ပြုတ်ထားတယ်"

"ကောင်းတာပေါ့ အမေရယ်"

"သမီး ဝေးဝေးလူလူ လျှောက်မသွားနဲ့နော်"

"စိတ်ချပါ အမေ၊ သမီး တောင်ပေါ်စေတီလေးကို သွားတာပါ။ ဪ- အမေ့ကို ပြောရဦးမယ်"

"ဘာတုံး သမီးရဲ့"

"တိုလေ၊ သမီး စေတီရှေ့မှာ ထိုင်နေတုန်း မြွေ. . . မြွေကြီးတစ်ကောင် သမီး. . . သမီးနား ရောက်လာလို့ အမေရဲ့။ သမီးဖြင့်ကြောက်လိုက်တာ အမေရယ်၊ သူ့ဆီက နှာမှုတ်သံ တရှူးရှူး တရှဲရှဲကိုလည်း ကြား



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"ဟင်- ဟုတ်လား"

"ဟုတ်ပါ့ အမေရယ်၊ အဲဒါ အဲဒီမြွေကြီးကလေ သမီးကိုယ်ကို တွယ်ပတ်ပြီး သမီးဘေးနား အကြာကြီး ခွေနေတာ။ သမီးကို ဘာမှလည်း မလုပ်ဘူး၊ အဲဒါ ဖိုးငယ် ရောက်လာတော့ ပြန်ထွက်သွားရော အမေရယ်"

"ဘုရား. . . ဘုရား၊ ငါ့သမီးကို အန္တရာယ် မပြုသွားတာ တော်ပါသေးရဲ့ကွယ်"

"တော်တော့်ကို ထူးဆန်းတာ အမေရယ်၊ သူ ဘာဖြစ်လို့ သမီးကို အတင်း ရစ်ပတ်ရတာလဲ။ ပြီးတော့ သမီးကို ရန်လည်းမရှာဘူးဆိုတော့ သမီးဖြင့် နားကိုမလည်ဘူး။ ဒါပေမယ့် ကြောက်လိုက်တာ အမေရယ်၊ ကြက်သီးမွေးညင်းကို တဖွားဖွားပဲ"

"ဟုတ်လား၊ ဒါဆို သူ သမီးဆီ ပြန်လာပြီထင်တယ်"

"ရှင်- ဘယ်သူတုံး အမေရဲ့"

သမီးငယ် နှင်း၏စကားကြောင့် မိခင်လုပ်သူ ဒေါ်ရွှေရီမှာ သမီး၏ ငယ်စဉ်ဘဝကို အမှတ်တရ ဖြစ်လာခဲ့၏။ သမီးလေး ကိုယ်ဝန်လွယ်ထားချိန်တွင် ခင်ပွန်းသည် ကိုမြသောင်းတစ်ယောက် မော်တော်မှောက်၍ ဆုံးပါးသွားခဲ့ရ၏။

ခင်ပွန်းသည် ရှိစဉ်က ဘဝအခြေအနေမှာ ယခုလောက် မဆိုးပါချေ။ ခင်ပွန်းသည်က မော်တော်ဆလင်။ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ရင်း သမီးကလေးအတွက် စုခဲ့ဆောင်းခဲ့ကြ၏။ ခင်ပွန်းသည် ကိုမြသောင်းသည် အသုံးအစွဲလည်း ကျစ်လျစ်လှ၏။ ငွေကြေးကအစ စနစ်တကျ ရှိလှ၏။

မော်တော်တစ်ခေါက် ဝင်လာလျှင် ဝယ်ခြမ်းလာသည်မှာ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်ကအစ ပါလာတတ်၏။ ရတနာသုံးပါးကိုလည်း အလွန်မှ ကိုင်းရှိုင်းလှသူ ဖြစ်၏။ အရက်သေစာမသောက်။ လောင်းကစားမလုပ်။ မကောင်းမှု မှန်သမျှကို ဝေးဝေးက ရှောင်ခဲ့၏။

ထိုသို့ နေထိုင်ခဲ့၍လည်း သူတို့အခြေအနေက ထိုက်သင့်သလောက် အဆင်ပြေခဲ့၏။ နားကပ်ကလေး၊ လက်စွပ်ကလေးကောင်း သူ့ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆင်နိုင်ခဲ့၏။ ထို့ပြင် ရွာအနောက်ခြမ်းတွင် မြေကွက်ကလေးတစ်ကွက် ၀ယ်ယူနိုင်ခဲ့ပြီး တဲကလေးတစ်လုံးပင် ဆောက်နိုင်ခဲ့၏။

ကိုယ်ဝန်ကြီး တကားကားနှင့် လုပ်ကိုင်နေသည်ကို ခင်ပွန်းသည်က အတင်းတားမြစ်ခဲ့၏။ ဟင်းထမင်း ချက်သည်ကအစ သူကိုယ်တိုင် ၀င်ရောက်ချက်ပြုတ်ခဲ့၏။ ထိုသို့ အေးငြိမ်းသာယာလှသော အခြေအနေကလေးမှာ နှင်းကလေး မွေးခါနီး ဖွားခါနီးဆဲဆဲ ပြိုပျက်သွားခဲ့ရ၏။

မြစ်ထဲ မော်တော်လိုက်သွားသော ကိုမြသောင်းတစ်ယောက် မော်တော်မှောက်၍ ဆုံးရှာပြီဆိုသော သတင်းကြောင့် နှင်းထားသည့်မြေတို့ပင် အပိုင်းပိုင်းအစစ ပြိုကွဲအက်မွသွားလေပြီလား ထင်မှတ်ခဲ့ရ၏။ ဘာဆိုဘာမှ မမြင်တော့။ မယ်ပဋာ မြေလူးသလို လူလည်း ရှူးသွပ်သွားခဲ့ရ၏။

နောက်ဆုံး ရင်သွေးလေး ရှိသေးပါလားဆိုသော အသိကြောင့် ရူးသွပ်သွားမတတ် ခံစားနေရသော ခံစားချက်တို့ကို အလျင်အမြန် ထိန်းချုပ်ကာ ဖြစ်လာသမျှ လောကဓံကို အံကြိတ်၍ ခံခဲ့၏။

ခင်ပွန်းသည် ဆုံးပြီးသည့်အချိန်မှ၍ ဘ၀အခြေအနေလည်း အလူးလူး အလိမ့်လိမ့် ဖြစ်ခဲ့ရ၏။ စီးပွားရေး အခြေအနေကလည်း ယိုင်ထိုးယိုင်ထိုး ဖြစ်သွားခဲ့ရ၏။ မလုပ်တတ် မကိုင်တတ်သည့် အခြေအနေမို့ ရှိသမျှ၊ စုဆောင်းထားသမျှ လုံးပါးပါးခဲ့ရ၏။

ကိုယ်ဝန်ကြီးနှင့် ဈေးတောင်းခေါင်းပေါ် ရွက်ခဲ့ရ၏။ နေပူကျဲကျဲ၊ မိုးသည်းသည်းကြား ဘ၀ကို ဆန်တက်ခဲ့ရ၏။ ကြုံလိုက်ရသည့် အခက်အခဲတွေကလည်း တင်းကြမ်း။ တစ်ယောက်တည်း ဖတ်သီဖတ်သီ ရုန်းကန်ခဲ့ရသည်မို့ အဆင်ပြေမှု အရိပ်အငွေ့ကို စိုးစိတောင် မမြင်ရတော့။

ထိုသို့ အခက်အခဲများစွာကြား ကိုယ့်ဘ၀ကိုယ် ရှင်သန်အောင် မနည်း ကုပ်ကပ်ပြီး ကြိုးစားခဲ့ရ၏။ ချို့ချို့ငဲ့ငဲ့အခြေနှင့် ကြုံလာသော အခါ လူတို့ဆက်ဆံရေး အခြေအနေမှာလည်း ပြောင်းလဲခဲ့ရ၏။ ချိုးဖွဲ့ချင်သူတွေ၊ နှိပ်ချင်ဖိချင် မထီမဲ့မြင်လုပ်ချင်သည့်သူတွေ များလာ၏။

သို့သော် လက်ရှိဘ၀လေးကို ထပ်၍ မပြိုပျက်သွားအောင် ရှိသမျှ ခွန်အားလေးနှင့် ကျားကန်ခဲ့ရ၏။ ထိုသို့ အဆင်းဆင်းအရဲရဲ နေထိုင်ခဲ့ရင်း သမီးလေးကို ခက်ခဲပင်ပန်းစွာ မွေးဖွားခဲ့၏။ သမီးလေး မွေးသည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



ကာလမှာ ဆောင်းတွင်းပိုင်းကာလဖြစ်ပြီး နှင်းတွေ ဝေဆိုင်းပိတ်ဆို့သည့် နံနက်ခင်းတွင် မွေးဖွားခဲ့သည်မို့ သမီးလေး နာမည်ကို နှင်းဟု အမည်ပေးခဲ့၏။

သို့သော် နှင်းဆိုသော နာမည်နှင့် သမီးလေး၏ ရှင်သန်မှုက အကွာကြီး ကွာခြားခဲ့၏။ မိခင်၏ နို့ရည်ကိုတောင် ဝဝလင်လင် မစို့ရရှာသော သမီးလေး။ မွေးလာကတည်းက သမီးလေးခမျာ မျက်စိမမြင်ရှာ။ ပို၍ ထူးခြားသည်မှာ သမီးလေး မမွေးခင် ညဦးပိုင်း အခြေအနေ ဖြစ်လေ၏။

ဗိုက်ထဲ နာတာတာ ဖြစ်လာသည်မို့ အိမ်နံဘေးက မသိန်းခင် အပြေးရောက်လာ၏။ မသိန်းခင်က သူတို့ဘဝနှင့် ပိန်မသာ လိန်မသာ။ ဆင်းရဲနွမ်းပါးလှသော်လည်း မသိန်းခင်က တစ်ဖက်သားအပေါ် မေတ္တာစေတနာ ကြီးမားခဲ့၏။ သူ့ကိုလည်း လိုလေလေးမရှိအောင် ကူညီခဲ့၏။

သူတို့နှစ်ဦး တဲကလေးထဲ ရှိနေစဉ် အိမ်ပြင်ဘက်မှ မြွေတွန်သံတွေကို ထူးထူးဆန်းဆန်း ကြားလိုက်ရ၏။ ထိုစဉ်က မသိန်းခင်ခမျာ ကြောက်လွန်းလို့ ချွေးသီးချွေးပေါက်တောင် စို့နေ၏။ သူကတော့ ဘာကိုမှ မကြောက်နိုင်။ ဗိုက်က တရစ်ရစ် နာဗေဒနာကြောင့် မြွေတွန်သံတွေကိုလည်း ဂရုမစိုက်နိုင်။

မျက်ရည် ပိုးပိုးပေါက်ပေါက်ကျအောင် အော်ခဲ့ရ၏။ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရသဖြင့် ခွန်အားတွေကလည်း ချို့ငဲ့နေ၏။ အာဟာရကောင်းကောင်း မမှီဝဲခဲ့သဖြင့် တကယ်တမ်း နင်လားငါလား အခြေအနေ ကြုံလာသောအခါ အသက်ထွက်မတတ် ခံစားခဲ့ရ၏။

ရှိသမျှခွန်အားကို အတင်း ဖျစ်ညှစ်၍ သမီးလေးကို လူ့လောက အပြင်ဘက်ရောက်အောင် မွေးဖွားခဲ့ရ၏။ မသိန်းခင်ခမျာ သူ့အနားက မခွာပါချေ။ မွေးပြီးပြီးချင်း နွားနို့ဆန်ပြုတ်လေး ပြုတ်ကာ သူ့ကို အာဟာရဖြစ်အောင် ကျွေးခဲ့၏။

ထူးဆန်းသည်မှာ သမီးလေးကို ဖာလေးတစ်လုံးထဲ သွားလေသူ၏ ငွေဆိုးပိုင်းနှင့် နွေးထွေးစွာ သိပ်ထားစဉ် မြွေတွန်သံများကို တဲပတ်ပတ်လည်မှ ကြားရခြင်းပင် ဖြစ်၏။

ထိုအသံတွေကို သူ ဂရုမပြုနိုင်။ သမီးလေးကို အာရုံစိုက်ခွန်စိုက်

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားလိုက်ရသည်မို့ ခွန်အားတွေ စိုးစိမျှ မရှိတော့သလိုပင်။ လူလည်း နွမ်းဖတ်မောဟိုက်သွားကာ သမီးလေးဘေးတွင် မောမောနှင့် အိပ်ပျော်သွားခဲ့၏။

ထိုသို့ အိပ်ပျော်နေစဉ် စူးစူးရဲရဲ အသံကြောင့် သူ ဆတ်ခနဲ လန့်နိုးလာခဲ့၏။

"ဟယ်- မြွေ. . . မြွေကြီး၊ သမီးလေး"

သမီးလေး ထည့်ထားသော ဖာဘေးတွင် ခွေနေသော မြွေဟောက်နက်ကြီးတစ်ကောင်။ မျက်လုံးအစုံက နီရဲတောက်နေကာ အစွယ်နှစ်ချောင်းကလည်း ဘေးကို စိုက်ကျနေ၏။

ပါးပျဉ်းကြီး တထောင်ထောင်နှင့် သမီးလေးကို မှိုးထား၏။ မြွေကြီးကိုကြည့်ပြီး သူ့ရော မသိန်းခင်ပါ တုတ်တုတ်မလှုပ်ရဲ။ မြွေကြီးက သမီးလေးကို အန္တရာယ်ပြုမည့်ပုံမပေါ်။

ထိုအချိန်မှစပြီး မြွေကြီးသည် သမီးလေး နံဘေးမှ မခွာဘဲ ခွေခွေကလေး အိပ်နေတတ်၏။ လူတွေကိုလည်း ဒုက္ခမပေး။ ထိုသတင်းကြောင့် ရွာထဲကလူတွေ အတော်များများ လာရောက် ကြည့်ရှုကြ၏။

သမီးလေးနှင့်ကို ရွာထဲက သိုက်လာသောကလေးဟု ပြောကြ၏။ တချို့က သမီးလေးကို ဥစ္စာစောင့်ကလေးဟု ဆိုကြ၏။ သူတို့တွေ ဘာပြောပြော သမီးလေးကိုတော့ ချစ်၍မဝ။

ထူးဆန်းသည်မှာ သမီးလေးကို သူနှင့် မသိန်းခင်သာ ချီ၍ပိုး၍ရ၏။ တခြားသူ ချီပိုးမည်လုပ်လျှင် ဖာဘေးနား ခွေနေသော မြွေနက်ကြီးက ပါးပျဉ်းတထောင်ထောင် လုပ်လာတတ်လေ၏။

ထိုသို့ သမီးနား မခွဲမခွာဘဲ တစ်နှစ်နီးပါးခန့် နေခဲ့ပြီး သမီးလေး ထိုင်နိုင်ပြုနိုင်လာသည့် အချိန်တွင် မြွေဟောက်နက်ကြီး ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေ၏။

ယခုတော့ မြွေကြီး ပြန်ပေါ်လာပြီ ဆိုသည်ကို သိလိုက်ရသဖြင့် စိတ်ထဲတွင် ထူးထူးဆန်းဆန်း ခံစားနေရ၏။ သမီးလေးကတော့ အတော်ကို တုန်လှုပ်နေပုံရ၏။

သမီးလေးကို သူ မွေးဖွားစဉ်က အကြောင်းတွေ ပြောပြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနှင်းခမျာ အအံ့ဩကြီး အံ့ဩနေ၏။

"ဟင်- ဒါဆို အဲဒီ မြွေကြီးက သမီးငယ်ငယ်တုန်းက ရှိခဲ့တာပေါ့"

"ဒါပေါ့ သမီးရယ်၊ သူနဲ့ သမီးဟာ အတိတ်ဘဝက အဆက်အသွယ် ရှိခဲ့ပုံတော့ပေါ်တယ် သမီး။ ရွာဦးဆရာတော် ပြောတာတော့ သမီးလေးနဲ့ အဲဒီ မြွေဟောက်နက်ကြီးဟာ ဘဝဟောင်းက ဆွေမျိုးသားချင်းတွေ ဖြစ် လိမ့်မယ်လို့ ပြောတာပဲ"

"ရှင်- ဆွေမျိုးသားချင်းတွေ ဟုတ်လား"

"ဖြစ်နိုင်တယ် သမီးရဲ့၊ ပြီးတော့ အမေ အမှန်အတိုင်း ပြောရရင် သမီး မမွေးခင် မက်လိုက်တဲ့ အိပ်မက်တွေမှာလည်း မြွေတွေချည်းပဲ။ အဲဒီ မြွေတွေက အမေ့အိမ်ရှေ့ လာလာပြီး ခေါင်းတထောင်ထောင် လုပ် နေတာများ အသည်းယားစရာ ကောင်းလိုက်တာကွယ်"

"ဟုတ်လား၊ ဒါ. . . ဒါဆို သမီးဟာ မြွေဘဝကနေ လူလာဖြစ်တာ လား မသိဘူးနော်။ သမီးကိုယ် သမီးတောင် ကြောက်လာပြီ အမေရယ်"

"အိုကွယ်၊ အဲဒီလိုတော့ မဟုတ်တန်ကောင်းပါဘူး။ ဒါပေမယ့် ငါ့ သမီးရဲ့ဘဝဟာ မြွေတွေနဲ့ ဆက်စပ်မှု ရှိနေမှာတော့ သေချာတယ်ကွယ့်။ ကြောက်စရာလည်း မဟုတ်ပါဘူးကွယ်၊ အရေးကြီးတာ အမေတို့ သမီးတို့ ဟာ ဆင်းရဲပေမယ့် ရတနာသုံးပါးကို အသက်လောက် ကိုးကွယ်ခဲ့တဲ့ သူတွေမို့ အန္တရာယ်ကြုံနိုင်စရာ အကြောင်းမရှိပါဘူးကွယ်။ ကိုင်း- အဲဒီ အိစ္စတွေ မေ့လိုက်ပါတော့။ သမီး စားလို့ကောင်းရဲ့လား"

"ကောင်းတာပေါ့ အမေရယ်၊ အမေ့လက်ရာကို သမီးက သိပြီးသား"

"အေး- အဲဒီလို ကြားရတာ ဝမ်းသာပါ့ကွယ်။ ဒါဟာလည်း အမေ့ အတွက် အိမ်ထဲနေရင်း ရတဲ့ကုသိုလ်ပေါ့ကွယ်။ လေ့ဥကမှာ အနေတတ် ရင် ကုသိုလ်အလိုလို ရပါတယ်ကွယ်"

မိခင်ကြီး၏ စကားကြောင့် သူ ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရ၏။ အမှန် တော့ မိခင်ကြီးကို သူ တစ်လှည့် ပြန်၍ ကူညီကျွေးမွေးချင်၏။ အရွယ် အားဖြင့်လည်း နှစ်ဆယ်စွန်းစ ရှိလာပြီ ဖြစ်သော်လည်း ဘဝက အခြေ နေသည့်ဘဝ။ သူ့အဖြစ်ကိုသူ တွေးပြီး ယူကျုံးမရ ဖြစ်ခဲ့ရ၏။ ဘာမှ မလုပ်နိုင် မကိုင်နိုင် ဖြစ်ရသည်ကို တွေးပြီး စိတ်မကောင်းဖြစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသာ မျက်စိမြင်ခဲ့လျှင် အမေ့ကို အိမ်ဦးခန်းထားပြီး ကျွေးမွေး ပြုစုချင်ပါဘိ၊

"အမေရှယ်၊ သမီးဘဝက ဆိုးလှပါတယ်။ အမေနဲ့အတူ သမီး အလုပ်တွေ ဝိုင်းလုပ်ချင်တယ်၊ သမီးကို အလုပ်တစ်ခုခု ရှာပေးပါလား ဟင်"

"အိုကွယ်၊ သမီးကလည်း မဖြင်မစမ်းနဲ့ကွယ်။ အိမ်မှာပဲ အေးအေး လူလူ နေစမ်းပါကွယ်။ အမေ ငါ့သမီးကို ကောင်းကောင်းကြီး လုပ်ကျွေး နိုင်ပါတယ်ကွယ်။ ကိုင်း- ဘာအတွေးမှ တွေးမနေစမ်းပါနဲ့ကွယ်။ ဘုရား ပေးသမျှ ဘဝလေးနဲ့ နေကြပါစို့ သမီးရယ်"

မိခင်၏စကားကြောင့် သူ့ရင်ထဲ ဆူးဆူးရှရှ ခံစားနေရသော ခံစားချက် များကို မျိုသိပ်လိုက်ရ၏။ ဘာကြောင့်များ သူ့မျက်စိနှစ်လုံး ကွယ်နေပါ လိမ့်။ ဆင်းရဲလွန်းလှသည့် ဘဝထဲ မမြင်မစမ်းအဖြစ်ကြောင့် သူ့ရင်ထဲ မချိတင်ကဲ ခံစားခဲ့ရ၏။

သူတို့နေထိုင်ရာ ရွာကလေး၏ ပတ်ပတ်လည်တွင် အင်းအိုင်ချောင်း မြောင်းများ ပေါလှပါဘိ။ ချစ်တီးကုလားပိုင် အင်းတွေကလည်း တစ်ဖုံ တစ်ခေါင်း။ သူတို့ရွာနီးချုပ်စပ်ရှိ ရွာသူရွာသားများအားလုံး အင်းလုပ်ငန်း အပေါ် အမှီပြုနေရ၏။

မိခင်လုပ်သူမှာလည်း ချစ်တီးကုလားပိုင် ငါးဘတ်ကြီးဂယက်တွင် အလုပ်လုပ်ကိုင်ခဲ့၏၊ မိခင်ကြီးအလုပ်က ငါးခြောက်ငါးခြမ်း ခွဲသည့် အလုပ်။ ငါးရံ့၊ ငါးပနော်၊ ငါးတံခွန် အစရှိသော ငါးများကို ခွဲခြမ်းစိတ်ဖြာပြီး ငါးခြောက်လုပ်ပေးရ၏။

မြစ်ဝကျွန်းပေါ် ရွာကလေးတွေ ဖြစ်သဖြင့် ငါးခြောက်ငါးခြမ်းတော့ တော့ မပူပင်ရ။ ငါးပုစွန်ကလည်း ပေါလှပါဘိ။ ပုစွန်တွေ၊ ငါးတွေနှင့် ကျိုချက်ထားသော ငါးပိရည်တစ်ခွက် ရှိရုံနှင့် ထမင်းစားလို့ ဖြစ်၏။

ငါးပိရည် ဆိုသော်လည်း ကျိုးကျိုးကျဲကျဲ မဟုတ်။ ရေတွင်းသီးစိမ်း ကြက်သွန်ဖြူလေးတွေ ထောင်းထည့်၊ ရေတ်သီးမှုန့်လေးဖျူးပြီး ထမင်းခြစ် ခဲနှင့် စားရသည်မှာ အလွန့်အလွန် အရသာရှိလှ၏။

နှင်းသည် မိခင်ကြီးတစ်ယောက်တည်း လုပ်ကိုင်နေရသည်မို့ မျိုမ

www.burmeseclassic.com



ချင်၊ ထို့ကြောင့်လည်း မိခင်ကြီးကို မရမက ပြောဆိုပြီး အလုပ်လုပ်ရန် အတွက် အင်းထဲ လိုက်ခဲ့၏။ တောင်ဝှေးတစ်ချောင်းနှင့် သွားလာနေရ သော်လည်း ကိုယ်ကျင်လည်နေသည့် ပတ်ဝန်းကျင်ဖြစ်၍ အခက်အခဲ မရှိပါချေ။

ငါးဘတ်ကြီးဂယက်ဆီသို့ လှေကြုံနှင့် သွားရ၏။ မိုးမလင်းခင် ထကာ ရွာအနောက်ဘက် ချောင်းဆိပ်မှ လှေတွေနှင့် လိုက်ရ၏။ သူတို့လို ဘဝတူတွေကလည်း အင်းထဲမှာ အောတိုက်။ နွေးနွေးကွေးကွေး လုပ်နေ လို့ကတော့ ကိုယ့်အတွက် အလုပ်မဲ့ အကိုင်မဲ့ ဖြစ်သွားနိုင်၏။

ထို့ကြောင့်လည်း သားအမိနှစ်ယောက် စောစီးစွာ ထ၍ သမ္ဗန်ဆိပ် သို့ ဆင်းခဲ့ရ၏။ သူတို့ ရောက်ရှိသွားချိန်တွင် ချောင်းရိုးတစ်ဝိုက် နှင်းခိုး နှင်းငွေ့များက ဝေ့ဝဲမှိုန်မှိုင်းနေ၏။ အရှေ့ဘက် တောအုပ်ထဲမှ အလင်း ရောင်က သစ်ပင်ကြီးငယ်ကြိုကြား ပိုးတဝါးသာ မြင်ရသေး၏။

သို့သော် ချောင်းဆိပ်တွင် ရွာသူ တော်တော်များများ ရောက်လာကြ ပြီ ဖြစ်၏၊ တချို့လည်း လှေကလေးတွေနဲ့ လာကြ၏။ တချို့ကလည်း ခြေကျင်လာကြ၏။ ချောင်းဆိပ်တွင် အင်းဘက်သွား လှေတွေက လေးငါး ခြောက်စီးခန့် ရှိ၏။

သူတို့သားအမိနှစ်ဦး ချောင်းဆိပ်သို့ ရောက်သည်နှင့် ဖြူကြီး၏ ဟောင်ဖွာဟောင်ဖွာ အသံကို ကြားလိုက်ရ၏။ ဖြူကြီးက သူတို့ရွာသား၊ စကားပြောလျှင်လည်း ဟောဟောဒိုင်းဒိုင်း။ သူတို့သားအမိကို မြင်သည် နှင့် ဆွဲမတတ် လွဲမတတ်။

"ဟာ- ကြီးရွှေရီတို့၊ မိနှင်းတို့ပါလား။ လာလာ နှလှေပေါ် တက်ကြ။ စောလိုက်တာဗျာ၊ တယ်လည်း ဝီရိယကောင်းနေကြပါလား"

"အိုကွယ်၊ တို့ဘဝတွေက ဝီရိယမကောင်းလို့ မဖြစ်ဘူးလေ။ ကံ ကောင်းရတဲ့ကြား ဝီရိယပါ မကောင်းရင် ခွက်ဆွဲတောင်းရမှာပေါ့ဟဲ့"

"ဟာဗျာ၊ ကြီးရွှေရီကလည်း အဲဒီလောက် မဟုတ်သေးပါဘူးဗျာ တဲဟဲ ကျုပ်ကိုသာ သမက်တော်ကြည့်၊ ကြီးရွှေရီရော မိနှင်းပါ ထမင်း မြိန်းခဲ ယပ်ခတ်စားလို့တောင် ရသဗျ"

"အောင်မယ် ကောင်စုတ်လေး၊ နင် စကားပြောတာ ကြည့်ပြောနော်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီး အချောအလှကို နင့်လက်ထဲ မထည့်နိုင်ပေါင်"

"တိုင်ဖြူကြီးနော်"

ငဖြူကြီးအကြောင်းကို သူ သိပြီးသား။ အပြောအဆိုက ကြမ်းတမ်းလှသော်လည်း သဘောထား ဖြူစင်လှ၏။ လူတိုင်းကိုလည်း ကူညီတတ်သူဖြစ်၏။ အနောက်အပြောင် အကျီအစယ်ကလည်း သန်ပါဘိ။

ဒေါ်ရွှေရီနှင့်တွေ့လျှင် ဆဲဆဲဆိုဆို အသံတွေက မိုးမွန်နေတတ်၏။ တစ်ခါတစ်ရံ တွေ့ရာတုတ်ဆွဲပြီး ငဖြူကြီးကို လိုက်ရိုက်တတ်၏။ သို့သော် ငဖြူကြီးကို ဒေါ်ရွှေရီက သားတစ်ယောက်လို ချစ်၏။ အိမ်လာလျှင် ရှိသမျှ ထုတ်ကျွေးတတ်၏။ ငဖြူကြီးကလည်း နှင်းကို နောက်သာနောက်သော်လည်း နှမငယ်တစ်ယောက်လို ချစ်ခင်တွယ်တာခဲ့၏။ ဒေါ်ရွှေရီကိုလည်း မိခင်တစ်ယောက်လို ချစ်ခင်ခဲ့၏။

ငဖြူကြီးမှာ အမေ မရှိတော့။ ဖခင်ကြီးမှာ ကျန်းမာရေး မကောင်းလှ။ လှေသမားဘဝဖြင့် ရှာဖွေကျွေးမွေးခဲ့ရ၏။ ငဖြူကြီးက ပျော်ပျော်ပါးပါးနေတတ်သူ ဖြစ်၏။ သေရည်အရက်ကို စွဲစွဲမြဲမြဲ သောက်တတ်သော်လည်း ရမ်းရမ်းကားကား မူနေ။ တစ်ရွာလုံးက ငဖြူကြီးကို ချစ်ခင်ကြ၏။

ယခုလည်း သူတို့သားအမိကို တွေ့သည်နှင့် နောက်ပြောင်လေတော့၏။ ဒေါ်ရွှေရီမှာ စူပွစူပွ။ နှင်းကတော့ ပြုံးစိစိ။

"ကဲပါ သွားကြမယ်၊ တော်ကြာ နောက်ကျနေလို့ ငါးမရ ဖြစ်နေဦးမယ်"

နှင်းပြောမှ ငဖြူကြီးတစ်ယောက် တက်ကိုင်ကာ အင်းဘက်သို့ ချောင်းရိုးအတိုင်း လှော်ခဲ့၏။ ချောင်းကလေးမှာ ဝါးနှစ်ရိုက်စာသာသာရှိ၏။ ချောင်းတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် အုပ်ဆိုင်းနေလေ၏။

ချောင်းပြင်တစ်လျှောက် ခုန်ပျံကျော်လွှား ကူးခတ်နေကြသည့် ငါးတွေကလည်း အောတိုက်။ ငါးပတ်၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးသိုင်းစသည်ဖြင့် ငါးမျိုးကလည်း စုံလှ၏။ အင်းဘက်သို့ ရောက်လာသလေ ချောင်းရေက ညိုစိုစိုအနံ့ သင်းလာလေလေပင်။

အင်းတဲဘက်ရောက်တော့ ရွာသူတစ်အုပ် သူတို့ထက် စောရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့လိုက်ရ၏။ အသံတွေလည်း ပွက်လောညံနေ၏။ သူတို့သားအမိနှစ်ဦး လှေပေါ်မှ ဆင်းသည်နှင့် မခွေးမတို့ အင်းတဲဘက်သို့ ရောက်ရှိခဲ့၏။

"ဟော- မရွှေရီတို့ သားအမိပါလား၊ လာကြ လာကြဟေ့"

"လာပြီ မခွေးမရေ"

ငါးခွဲနေသော ရွာသူလေးငါးယောက်ကို တွေ့လိုက်ရ၏။ စည်ကြီးလေးငါးစည်ကလည်း တဲထဲရောက်နေ၏။ နှင်းသည် တဲအနောက် မီးဖိုထဲသို့ စမ်းတဝါးဝါးနှင့် လျှောက်ခဲ့၏။

"ဟဲ့- မိနှင်း၊ စောစောစီးစီးအေ"

"အကြီးလှတောင် ရောက်နေပြီကိုး"

"ဟုတ်ပ့ါတော်၊ မိနှင်းရယ် ညည်းကလည်း မမြင်မစမ်းနဲ့ကွယ်"

"ရပါတယ် အကြီးလှ၊ နှင်းလည်း တတ်နိုင်သမျှ လုပ်ရမှာပေါ့"

"ညည်းဒုက္ခက ကြီးလှပါသကွယ်"

အရီးလှခင်၊ သူက ငါးဘတ်ကြီးဂယက်၏ အိုးသူကြီး။ အင်းသမားတွေ စားဖို့အတွက် တာဝန်ယူရ၏။ အရီးလှခင်နှင့်အတူ အေးမေ၊ ဆိတ်သိုးတို့လည်း ပါ၏။ သူရောက်လာတော့ ထမင်းချက်အဖွဲ့ လေးယောက်ဖြစ်သွား၏။

အင်းတာဝန်ခံ မွေးနီက လူစွာ။ ချစ်တီးကုလားက သူ့ကို အင်းတာဝန်ခံအဖြစ် တာဝန်ပေးထားသဖြင့် သူကြည့်လိုက်လျှင် အမြဲတမ်းဘောက်ဆတ်ဘောက်ဆတ် အသွင်ရှိ၏။ အရာရာကို ငွေကြေးနှင့် တိုင်းတာတတ်သူလည်း ဖြစ်၏။ ငါးဘတ်ကြီးဂယက်က ဧက နှစ်ဆယ်နီးပါးခန့်အကျယ်ရှိပြီး တာဝန်က ကြီးလှ၏။

မွေးနီမှာ လူယုံတော် တပည့်လက်သားတွေက တစ်ပုံတစ်ခေါင်း။ အင်းသူအင်းသား မှန်သမျှ မွေးနီကို ကြောက်နေရ၏။ မွေးနီနှင့် ဒေါ်ရွှေရီတို့က ဆွေမျိုးနီးစပ် တော်ကြ၏။ သို့သော် သူတို့ကိုလည်း မွေးနီက အမြဲတမ်း ချိုးချိုးဖွဲ့ဖွဲ့ ဆက်ဆံတတ်၏။

နှင်းတစ်ယောက် အင်းတဲမှာ ထမင်းချက် ဝင်လုပ်ပါရစေ ပြောတုန်းက မွေးနီ ပြောချလိုက်သည့် စကားတွေကို အောင့်သီးအောင့်သက် ခံစား

www.burmeseclassic.com



ခဲ့ရ၏။ ရင်ထဲ တလိပ်လိပ် တက်လာသော မကျေနပ်မှုကို မျိုချပစ်ခဲ့ရ၏။ တောင်းတောင်းပန်ပန်နှင့် ပြောမှ ထမင်းချက်အလုပ် ရခဲ့လေ၏။

လုပ်ခက မဖြစ်စလောက်သာ ရသော်လည်း ချက်ရပြုတ်ရသည်မှာ ဆင်းရဲလှပါဘိ။ ငါးဘတ်ကြီးဂယက်တွင် အင်းသူအင်းသား လေးငါးဆယ်ခန့် ရှိ၏။ ဘူးစင်ကြီးဘေးတွင် ရွှံ့မီးဖိုကြီးနှစ်လုံး ရှိ၏။

ဟင်းကို မိုးပြဒယ်ကြီးနှင့် ချက်ရ၏။ အင်းထဲမှ ရလာသည့် ငါးပတ်ကြီးတွေကို သုံးပိုင်းပိုင်းကာ ချင်း၊ ကြက်သွန်အဖြူ အနီ၊ စပါးလင်၊ မဆလာတို့၊ ငရုတ်သီးမှုန့်တို့ ရောနှောကာ အရည်သောက် ချက်ရ၏။

ငါးပိရည်အိုးကြီးကိုလည်း မီးဖိုပေါ် အမြဲတည်ထားရ၏။ ငါးပိအိုးထဲတွင် ငါးခူ၊ ငါးကျည်း အစရှိသော ငါးတွေလည်း စုံပါ၏။

နှင်းသည် အရီးလှနှင့်အတူ အချက်အပြုတ်ကိစ္စတွင် ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့ရ၏။ ငရုတ်သီးထောင်း၊ ငါးခုတ်၊ ကြက်သွန်အဖြူ အနီ လှီးသည်ကအစ တတ်စွမ်းသမျှ လုပ်ပေးခဲ့ရ၏။

နေ့လယ်ပိုင်း ရောက်သည်နှင့် အင်းသူအင်းသားတွေကို တန်းလျားတွေပေါ်မှာ ထမင်း ခူးခတ်ကျွေးရ၏။ လုပ်ရသည်က ပင်ပန်းလှသော်လည်း နှင်း ပျော်ပိုက်ခဲ့၏။

မိခင်ကြီးက မလုပ်စေချင်သော်လည်း သူ အလဟဿ မနေချင်။ ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရအောင် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း ဖြစ်လေ၏။ ယခုလည်း ထမင်းကျွေးချိန် ရောက်သည်နှင့် အနားမနေရ။ နှင်းတစ်ယောက် အရီးလှခင်တို့နှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ပေးနေရ၏။ ထိုစဉ် အင်းသူကြီး မွှေးနီနှင့်အတူ လူသုံးလေးယောက် ပါလာ၏။

"ဒေါ်လှခင်"

"ဘာတုံး မောင်မွှေးနီ"

"ဟောဒီမှာ ကျုပ်ဧည့်သည်တွေ ပါလာတယ်ဗျ၊ အဲဒါ ငါးပတ်သုံးလေးကောင် ကင်ပြီး အမြည်းလုပ်ဗျာ။ ဟိုတစ်ခါကလိုပဲ လုပ်နော်"

"စိတ်ချပါတွယ်၊ အင်းတဲ လာပို့ရမှာလား"

"ဟုတ်တယ်"

အဖြေပေးပုံက အထက်စီးနိုင်လှ၏။ မွှေးနီနှင့်အတူ ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



လူသုံးဦးမှာ မြို့ဘက်မှ လာကြသူများ ဖြစ်၏။ မွေးနီသည် အင်းရိုးတစ်လျှောက် ညှော်သည်များကို ခေါ်ဆောင်ရင်း အာပေါင်အာရင်းသန်သန်နှင့် ပြောဆိုနေ၏။

ထိုစဉ် အသားညိုစစ၊ နှာတံပေါ်ပေါ်၊ ကတုံးဆံတောက်ဆံပင်နှင့် ယောက်ျားပီသသည့် အသွင်ရှိသော လူက မွေးနီကို ထူးထူးခြားခြား မေးခွန်းထုတ်လိုက်၏။

"ကိုမွေးနီ၊ ဟို ထမင်းချက်တဲထဲက ကောင်မလေးက မျက်လုံးမမြင်ဘူးလားဗျ"

"ဩော်- မိနှင်းကို ပြောတာထင်တယ်၊ ဟုတ်ပါ့ ကိုထင်ကျော်စွာ။ ကြောင်တောင်ကန်းဗျ၊ မွေးရာပါပေါ့ဗျာ"

"ဟုတ်လား၊ ရုပ်ကလေးက အတော့်ကို ကျက်သရေရှိလှတယ်ဗျ။ သူ့မျက်နှာလေး မြင်လိုက်ရတာ ရင်ထဲကို အေးသွားတာပဲဗျာ"

"ဘယ်လိုတုံးဗျ၊ အင်းကြည့်မလို့ ထွက်လာတာ နှင်းနဲ့တွေ့မှ မေ့ကုန်ပြီလား"

"ဟာ- ကိုမွေးနီကလည်း"

ထင်ကျော်စွာ။ ဖခင်ကြီး၏ စေခိုင်းချက်အရ အင်းဝယ်ရန် မွေးနီတို့ဆီ ရောက်လာခြင်း ဖြစ်၏။ ချစ်တီးကုလား မောင်စိန်နှင့်လည်း ပြောပြီးဆိုပြီးဖြစ်၍ ဝယ်ယူမည့်အင်းဘက် ရောက်ရှိလာခြင်း ဖြစ်၏။

အင်းသူအင်းသားများ၏ ဘဝကို မြင်ရတော့ ထင်ကျော်စွာ စိတ်မကောင်း ဖြစ်မိ၏။ သူတို့အသွင်က နွမ်းပါးစုတ်ချာလွန်းလှ၏။ အဝတ်အစားကအစ အဖာအထေး မကင်းကြ။ ဆင်းရဲလွန်းလှသော အင်းသားတို့၏ဘဝကို ကိုယ်တွေ့မျက်မြင်ကြုံမှ စိတ်မကောင်း ဖြစ်ခဲ့ရ၏။

ဖခင်ကြီး ဦးသစ္စာက စီးပွားရေး အမြော်အမြင် ကြီးလှသူ ဖြစ်၏။ ချစ်တီးကုလားတွေနှင့် ပေါင်းပြီး ဝယ်ထားသည့် ယာတွေ၊ လယ်တွေကလည်း မနည်းလှ။

ယခုလည်း အင်းဝယ်ရန်အတွက် သူ့ကို ကနဦးဆုံး စေလွှတ်လိုက်ခြင်း ဖြစ်လေ၏။ မွေးနီကတော့ သူတို့လူစုကို နသားပါးရား လုပ်နေ၏။ ထင်ကျော်စွာသည် နှင်းဆိုသော အမျိုးသမီးလေးကို ထမင်းချက်တဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ရ၏။

တောရိုင်းပန်းကလေးဟု ဆိုရလေမည်လား မသိ။ နှာတံပေါ်ပေါ်၊ ပါးစုံဖောင်းဖောင်းကလေးနှင့် စွဲမက်ဖွယ်ကောင်းလှသော အလှပလေးဝင်။ သို့သော် ဘဝကံက နုံချာလွန်းလှသည်ဟု တွေးကာ စိတ်မကောင်းဖြစ်ခဲ့ရ၏။

မွေးနီကို မေးပြန်တော့လည်း မွေးနီက ရှုတ်နောက်နောက်။ ပို၍ဆိုးသည်က သူ့တပည့် သံချောင်းနှင့် ခံအောင်။ နှင်းအကြောင်း ထူးထူးခြားခြား မေးလိုက်သည်မို့ သူ့ကို ဝိုင်းစနေကြ၏။

"ဘယ်လိုဖြစ်တာတုံး ဆရာကျော်စွာရဲ့၊ မြို့မှာ ပဂေးလေးတွေ ဒီလောက်ပေါတာ ဘယ်လိုဖြစ်ပြီး အင်းသူကလေးကို မေးနေသတုံးဗျ"

"ဟာ- သံချောင်းကလည်းကွာ၊ ငါက သဘောရိုးနဲ့ မေးတာပါ"

"ဟဲဟဲ သဘောရိုး သဘောရှိုးနဲ့ တော်ကြာ. . ."

"တော်စမ်းကွဲ"

"ဟဲဟဲ"

သံချောင်းက မျက်နှာစပ်ဖြဲဖြဲ။ ထင်ကျော်စွာတစ်ယောက် မျက်နှာတွေ နီရဲနေ၏။

အမှန်အတိုင်း ပြောရလျှင် ထင်ကျော်စွာက မိန်းမ ကင်းရှိလှသူဖြစ်၏။ ကျောင်းမှာနေကတည်းက မိန်းမတွေကို ဝေးဝေးရှောင်ခဲ့သူ ဖြစ်၏။ သူ ဝါသနာပါတာက ပန်းချီပညာ။

ဖခင်ဖြစ်သူ၏ စီးပွားရေးလုပ်ငန်းကို တစ်စက်ကလေးမျှ စိတ်မဝင်စား။ အမြဲတမ်း ပန်းချီခန်းထဲ ထိုင်ကာ ပန်းချီကားချပ်များကို ရေးဆွဲနေလေ့ရှိ၏။ ယခုလည်း ဖခင်ကြီးက အတင်း စေလွှတ်သည်မို့ လိုက်ခဲ့ရခြင်း ဖြစ်လေ၏။ ယခုတော့ တောကြီးမျက်မည်းထဲ နှင်းဆိုသော တောရိုင်းပန်းကလေးကို မြင်လိုက်ရသောအခါ ပန်းချီပညာ ရှုထောင့်မှကြည့်ရင်းတသသ စွဲမက်ခဲ့ရလေတော့၏။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

လောဘကြောင့် လူ့စိတ်သည်
ချက်ချင်းပင် အဟိတ်တိရစ္ဆာန် ဖြစ်သွားနိုင်၏။
အဝိဇ္ဇာကိုသိသော
အဝိဇ္ဇာ ပိနေကြသူတွေ တစ်ပုံကြီး . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ထင်ကျော်စွာသည် အင်းထဲမှ မပြန်နိုင် ဖြစ်နေ၏။ သွားလေရာတွင်လည်း ကင်မရာ အသင့်ပါလာတတ်၏။ အင်းချောင်းထဲ လှေတစ်စီးနှင့် သွားရင်း နှစ်သက်သည့် ရှုခင်းရှုကွက်များ မြင်လျှင် ဓာတ်ပုံ တဖျပ်ဖျပ် ရိုက်ကူးခဲ့၏။

သံချောင်းက လှေကို ကောင်းကောင်းမွန်မွန် လှော်တတ်သူ ဖြစ်၏။ လှေထိပ်တွင် တက်တစ်ချောင်းနှင့် ထိုင်ကာ တအိအိ လှော်ခတ်ရင်း သီချင်းတကြော်ကြော် သီဆိုနေ၏။ ချောင်းကလေး၏ အသွင်က ကွေ့တိကွေ့ကောက်။ ရေပြင်ခပ်ပါ ဘွားခနဲ ဘွားခနဲ တက်လာသည့် ငါးတွေကိုလည်း တွေ့နေရ၏။

"ဆရာ ထင်ကျော်စွာရေ ကျုပ်တို့တော့ မောင်ကြီး မပြန်နိုင် ဖြစ်နေပြီထင်ပါရဲ့ဗျာ။ တွေ့သမျှ မြင်ကွင်းတွေကလည်း အတော့်ကို စွဲမက်စရာပဲဗျာ"

"အဟုတ်ပဲကွာ၊ မြို့နဲ့ အကွာကြီး ကွာပါဘိ။ ကျုပ်တို့ ထွက်လာတာ မှန်ပြီဗျ"

"ဒါပေါ့ ဆရာကျော်စွာရယ်၊ သဘာဝအလှတွေကြား စိတ်ချမ်းသာလိုက်တာဗျာ"

သူတို့နှစ်ဦး စကားတပြောပြောနှင့် လှော်ခတ်ခဲ့ကြ၏။ ကွေ့တိကွေ့ကောက် ချောင်းကလေးအတိုင်း လှော်ခတ်ခဲ့ရင်း ချောင်းအရှေ့ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ ချောင်းစပ်တွင် တံ့ဆိုင်းဆိုင်း သွားနေသော လိပ်တွေ၊ တဏှာန်းနီနီအုပ်တွေကို တွေ့နေရ၏။

ချောင်းကွေ့တစ်ခုသို့ အရောက်တွင် ချောင်းစပ်၌ ထိုင်ကာ ဆေးကြောနေသော အမျိုးသမီးငယ်လေး တစ်ဦးကို မထင်မှတ်ဘဲ တွေ့လိုက်ရ၏။

"ဟာ- ဟို. . . ဟိုမှာ ဆရာ၊ နှင်းကလေး"

"ဟင်"

မြင်ကွင်းက မသဲကွဲ။ သူတို့နှင့် အတော် ခပ်လှမ်းလှမ်းတွင် ရှိနေသည်မို့ ခပ်ဝါးဝါး မြင်နေရ၏။ ထင်ကျော်စွာသည် ပခုံးတွင် လွယ်ထားသော ကင်မရာကိုယူကာ ဖွန်းနှင့် ဆွဲချိန်လိုက်၏။

"ဟာ"

"ဘာတုံး ဆရာကျော်စွာရဲ့"

"ဟိုဟို ထူးဆန်းလိုက်တာကွာ၊ ဟို- သူ့ဘေးမှာ မြွေ. . . မြွေကြီးတစ်ကောင်ကွ"

"ဗျာ- မြွေ"

ထင်ကျော်စွာသည် ကင်မရာထဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် အလွန့်အလွန်မှ အံ့ဩနေ၏။ ထူးဆန်းလွန်းလှသဖြင့် ကင်မရာခလုတ်ကို တဖျပ်ဖျပ် နှိပ်လိုက်မိ၏။ ထိုအချိန် သူတို့ လှော်ခတ်လာသော လှေကလေးသည် ချောင်းကွေ့ကလေးကိုပတ်၍ ကွေ့လိုက်၏။

လှော်ခတ်သံကြောင့် ချောင်းစပ်တွင် ထိုင်၍ အိုးတွေ၊ ခွက်တွေ ဆေးကြောနေသော နှင်းတစ်ယောက် တွန့်ခနဲ ဖြစ်သွား၏။ လှေကလေးသည် ချောင်းစပ်သို့ တအိအိ ထိုးစိုက်လာ၏။

"ဟင်- စောစောကမြွေကြီး မရှိတော့ပါလား"

"ဟုတ်ရဲ့လား ဆရာကျော်စွာရယ်"

"ဟာ- ငါ သေသေချာချာ မြင်လိုက်တာကွ"

နှစ်ဦးသား စကားတပြောပြောနှင့် သဲပြင်ပေါ် တက်လိုက်ကြ၏။ ထိုစဉ် နှင်းဘေးသို့ အရီးလှခင်လည်း ရောက်လာ၏။ သူတို့ကိုမြင်တော့ အံ့တဩ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သြော်- ဆရာတို့က အင်းသူကြီးနဲ့ လိုက်လာကြတဲ့လူတွေ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကြီးကြီးတို့က ဘယ်ရွာကလဲ၊ ဘယ်မှာနေကြသတုံး"

"ကျုပ်တို့က ချောင်းအနောက်ဘက် ခနိပိုးရွာကလေးကပါ"

"ဟုတ်လား၊ ဒီက ညီမလေးကရော အတူတူပဲလား"

"ရှင်- ဟုတ်. . . ဟုတ်ကဲ့ပါရှင်"

"သြော်- ကျွန်တော်က မဒေါက်ဘက်ကပါ။ ကိစ္စလေးတစ်ခုရှိလို့လာတာပါ။ ဒါထက် အဲဒီ ခနိပိုးရွာကလေးကို လိုက်လည်လို့ ရမလားဗျ"

"ရှင်"

ထင်ကျော်စွာတစ်ယောက် သူ့ကိုယ်သူ အလွန်မှ အံ့သြနေ၏။ စကားတွေလည်း ဘယ်လိုကဘယ်လို ပြောထွက်သွားသည် မသိ။ တပည့်ကျော် သံချောင်းပင် သူ့ကို ပြူးကြောင်ကြောင် လှမ်းကြည့်နေ၏။ ထိုစဉ်ကြီးလှခင်က ပြုံးရွှင်သော အမူအရာနှင့် ပြောလိုက်၏။

"လာလည်လို့ ရတာပေါ့ ဆရာလေးရယ်၊ ကျုပ်တို့ ရွာကလေးကတအား နေချင်စရာကောင်းတာ။ ဒီညနေပြန်ရင် ရွာကို တစ်ညအိပ် လိုက်ခဲ့ကြပါလား"

"ဟာ- ကောင်းတာပေါ့ဗျာ"

"ဟင်- ဆရာကျော်စွာ ဖြစ်ပါ့မလား၊ ကျွန်တော်တို့လာတဲ့ကိစ္စ"

"ရပါတယ်ကွာ၊ တောတောင်သဘာဝနဲ့ ရှုခင်းကောင်းကောင်းလေးတွေ ရှာချင်သေးတယ်ကွ။ ဒါဆို ကြီးကြီးတို့နောက်ကို ကျွန်တော်တို့လိုက်ခဲ့မယ်နော်"

"လိုက်ခဲ့ပါကွယ်"

"ဒါဆို ကိုမွေးနီပါ ခေါ်ပြီး မနက်ဖြန်မှ လာခဲ့မယ်ဗျာ"

"ကောင်းတာပေါ့၊ သူကြီးလည်း ပါမယ်ဆိုတော့ ပိုကောင်းတာပေါ့ကွယ်။ ကိုင်း- ပြန်ကြမယ် နှင်းရေ၊ နေလည်းဝင်တော့မယ်"

"ဟုတ်ကဲ့ ကြီးလှခင်"

ပြောပြောဆိုဆိုနှင့် နှင်း သတိဝင်လာ၏။ သူ့ကို မိတ်ဆက်လာသော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦး။ ရုပ်ရည် ဘယ်သို့ရှိသည် မသိရသော်လည်း အသံနေ အသံထားအရ သူ့အရွယ်နှင့် မတိမ်းမယိမ်း ရှိလေမည်ဟု ခန့်မှန်းမိ၏။

ပြောပုံဆိုပုံကလည်း ဇွတ်တရွတ်နိုင်လှသဖြင့် နှင်းတစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်မိ၏။ ဒေါ်လှခင်၏ အသံကြောင့် ခွက်တွေ ပလုံးတွေ တောင်းထဲထည့်ကာ နောက်မှ အယောင်ယောင် အမှားမှားနှင့် ထလိုက်ခဲ့၏။

"အမေ့"

"တယ်"

"ဟာ"

သဲပြင်ပေါ် လဲနေသော သစ်တုံးကို မမြင်ဘဲ ဝင်တိုက်မိရာမှ ရှေ့သို့ ဗျပ်ထိုးလဲသွား၏။ လက်ထဲက ခွက်တွေ၊ အိုးတွေလည်း ပြုတ်ကျကုန်၏။

ထင်ကျော်စွာသည် နှင်းထံ အပြေးရောက်ရှိသွားကာ အိုးတွေ၊ ခွက်တွေကို ယူပေးလိုက်၏။ နှင်းခမျာ ရှက်လွန်းလှသဖြင့် ခေါင်းတောင်မဖော်နိုင်။ ထင်ကျော်စွာသည် နှင်း၏ လက်မောင်းကလေးကို ဆွဲကာ ထူပေးလိုက်၏။

"ဘယ်နာသွားသေးသလဲ"

"ရ. . . ရပါတယ်ရှင်"

"သတိထားသွားပါ မနှင်းရယ်"

"ရှင်"

သူ့နာမည်ကိုတောင် သိနေသည်မို့ နှင်း အအံ့သြကြီး အံ့သြနေမိ၏။ ထင်ကျော်စွာသည် နှင်း၏ ကျောပြင်ကလေးကို ကြည့်ကာ စိတ်မကောင်း ဖြစ်ခဲ့ရ၏။

"ဆရာကျော်စွာ"

"ဟေ"

"သွားကြစို့လေ၊ ဟဲဟဲ ဆရာကတော့ ပြဿနာပဲဗျာ"

"ဘာဖြစ်သလဲ သံချောင်းရ"

"ဩော်- ဟို. . . ဟိုဒင်းလေးကြောင့်"

"တော်စမ်းပါကွာ၊ ငါက စေတနာနဲ့ ကူညီတာပါကွာ၊ သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ကောင်းတာပဲကွာ၊ အစ္စခမျာ မျက်စိလည်း မမြင်ရှာဘူးကွ၊ ဘဝက ဆိုးလိုက်တာကွာ"

"ကံတရားရဲ့ စီမံရာပေါ့ ဆရာရယ်၊ ကိုင်း- နေလည်းဝင်တော့မယ် ပြန်ကြစို့ဗျာ။ တော်ကြာ ကိုမွေးနီတို့ လိုက်လာမှဖြင့် ခက်နေဦးမယ်"

"အေး- ပြန်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် လှေပေါ်ပြန်တက်ခဲ့ကြပြီး အင်းတဲဘက်ဆီသို့ ပြန်ခဲ့ကြ၏။ ထင်ကျော်စွာ၏ရင်ထဲ နှင်းကလေး၏ ချို့ငဲ့မှုကို မျက်မြင် ကြုံတွေ့လိုက်ရသောအခါ စိတ်ထဲ မကောင်းနိုင် ဖြစ်ခဲ့ရ၏။ နှင်း၏အလှ က သဘာဝအလှရိပ်များ စွက်ဖက်နေသည်ဟု မြင်မိ၏။

သွယ်လျသောကိုယ်လုံး၊ နှင်းပန်းရိုင်းပွင့်ကလေး တစ်ပွင့်လို အလှ ကြီး လှနေသော မိန်းမချောလေး။ ဆင်းရဲနုံချာမှုများကြား သူမ၏အလှက မှေးမှိန်နေသည်ဟု ထင်ရ၏။ ထို့ပြင် မျက်စိနှစ်ဖက်စလုံး အမှောင်ကျနေ သည်မို့ အားငယ်နေမှာပဲဟု တွေးမိ၏။

အင်းထဲရောက်တော့ မွေးနီကို နှင်းကလေးနှင့် ပတ်သက်ပြီး မေးမိ ၏။ သူ့အမေးကို မွေးနီက ပြုံးစစ ဖြေလာ၏။

"ဩော်- ဆရာကျော်စွာက နှင်းအကြောင်း မေးနေတာကိုး။ သနား စရာတော့ ကောင်းပါရဲ့ ဆရာရယ်၊ သူတို့နေတာ မနီပိုးရွာကလေးမှာလေ။ အနေအထိုင်က တအား ဆင်းရဲတာဗျ၊ သူတို့က သားအမိနှစ်ယောက် တည်း"

"ဟုတ်လား၊ မမြင်မစမ်းနဲ့ လုပ်ကိုင်နေတာ မြင်ရတော့ စိတ်မ ကောင်းစရာပဲဗျာ"

"ဟဲဟဲ ဒါက သူတို့ကုသိုလ်အကျိုးပေးကိုး ဆရာရဲ့၊ ဘာလဲ ဆရာ က သူတို့ရွာကို သွားလည်ချင်လား။ အဲဒီဘက်က အတော့်ကို သာယာ တာဗျ"

"ဟုတ်လား၊ ဒါဆို မနက်ဖြန် သွားရအောင်ဗျာ"

"သွားလေ၊ ကျွန်တော့်အမျိုးတွေလည်း ရှိတယ် ဆရာကျော်စွာရဲ့၊ အဲဒီမှာ တစ်ညအိပ်၊ နှစ်ညအိပ်မှ ကောင်းတာဗျ"

"သွားလည်မယ်ဗျာ၊ အဲဒီ ကောင်မလေးကို ကျွန်တော် စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟင်- ဟားဟားဟား ဆရာကတော့ လုပ်ပြီ၊ ဒီလောက် တောဇနပုဒ်ကျတာကိုးများ"

"မဟုတ်သေးဘူးဗျ၊ ကျွန်တော် ဆိုလိုတာက တစ်မျိုး။ အဲဒီ ကောင်မလေးဟာ အတော့်ကို ထူးဆန်းနေတယ်ဗျ"

"ဘာဖြစ်လို့တုံး ဆရာရယ်"

"ဒီလိုဗျ"

ထင်ကျော်စွာသည် သူ မြင်ခဲ့ရသော မြင်ကွင်းအထူးအဆန်းကို ပြောပြလိုက်၏။ မွေးနီမှာ သူ့စကားကြောင့် တအံ့တဩ ဖြစ်လာ၏။

"ဟင်- သေချာရဲ့လား ဆရာရယ်"

"သိပ်သေချာတာပေါ့ဗျာ၊ ကျွန်တော်က ဓာတ်ပုံတောင် ရိုက်ထားတာဗျ။ ဖလင်ဆေးပြီး ခင်ဗျားဆီ ဓာတ်ပုံပို့လိုက်မယ်"

"ဟင်- ဒါ. . . ဒါဆို အဲဒီ မျက်နှာနမ်းမလေးက ဥစ္စာစောင့်များ ဖြစ်နေမလား"

"ကြုံကြုံဖန်ဖန်ဗျာ"

"ဟာ- ဆရာကျော်စွာကလည်း ကျွန်တော်တို့ဘက်တွေက အစောင့်အကြပ်တို့၊ သိုက်နန်းတို့ တအား ပေါတာဗျ။ ဟောဒီ အင်းကြီးတစ်ခုလုံးကိုလည်း အဘိုးက စောင့်တာဗျ"

"ဟုတ်လား၊ ပြောပါဦးဗျာ"

မွေးနီက အင်းရွာထဲ ငယ်မွေးခြံပေါက်။ ရွာတွေ၏ ဓလေ့ထုံးတမ်းများကိုလည်း ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရ၏။ မယုံလို့ မဖြစ်။ ပို၍ အံ့ဖွယ်ကောင်းလှသည်မှာ အဘိုးကို တင်မြှောက်သည့် ပွဲတော်ရက်များ ဖြစ်၏။

အင်းဖော်ပြီဆိုလျှင် အဘိုးနှင့် အပေါင်းအပါကို ဦးစွာ တင်မြှောက်ရ၏။ ကြက်၊ ဘဲ အကောင်လိုက် ပေါင်းရ၏။ လက်ဖက်ပွဲ၊ ကောင်ညင်းပေါင်း၊ ငှက်ပျောသီး၊ မုန့်ဖြူမုန့်နီကအစ ပါ၏။ အသားစိမ်း၊ ငါးစိမ်းတွေသည်း ပါ၏။

အင်းချောင်းထိပ်တွင် ပွဲကြီးပွဲငယ် ပြင်ထားပြီး အဘိုးကို လေးဖက်ထောက်၍ ခေါ်ရ၏။ အဘိုး. . . အဘိုးနှင့် အော်သံကြီးက ချောင်းရိုးတစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက် ပျံ့လွင့်သွား၏။

အချိန်က နေဝင်ရီတရောအချိန်။ ထိုသို့ အဘိုးကို ဖိတ်လိုက်ပြီဆိုသည်နှင့် ချောင်းတစ်ဖက်တစ်ချက်ရှိ တောအုပ်ထဲမှ ခွေးအူသံကြီးများပေါ်လာလေတော့၏။

တကျိုကျို အော်မြည်နေကြသော ပုစဉ်းရင်ကွဲသံတို့ပြင် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးများကြောင့် ချောက်ချားသွား၏။ ထိုသို့ အဘိုးကိုဖိတ်ပြီး နာရီဝက်ခန့် အကြာတွင် အင်းချောင်းဘေး တာလမ်းပေါ်မှ ခွေးအုပ်ကြီးတစ်အုပ် ပေါ်လာတတ်၏။

ဘယ်ကဘယ်လို ရောက်လာသည် မသိ။ ပွဲပြင်ထားသည့်ဆီသို့ ဟောင်သံ၊ အူသံများပေး၍ ရောက်လာ၏။ အဘိုးပင့်သူအားလုံး ပုန်းအောင်းနေရ၏။ ထိုအခါ ပွဲပြင်ထားသည့်နေရာသို့ ရောက်ရှိလာသော ခွေးအုပ်ကြီးသည် တင်မြှောက်ထားသည့် အသားစိမ်း၊ ငါးစိမ်းများကို မြိန်ရေရှက်ရေ စားသောက်ကြလေ၏။

စားသောက်ပြီးသွားသောအခါ ခွေးအုပ်ကြီးသည် ချောင်းအနောက်ဘက် တောထဲသို့ ဒရောသောပါး ဝင်သွားကြ၏။ ထိုသို့ ပူဇော်ပသပွဲပြီးသွားလျှင် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ ရေပြင်ပေါ်တွင် အောက်ငါးတွေ တဖွားဖွား ခုန်ပျံနေသည်ကို မြင်ရတတ်၏။

ထိုဖြစ်စဉ်ကြောင့် အင်းသူအင်းသား အားလုံး အဘိုးနှင့် တပည့်များပူဇော်ပွဲကို အင်းဖော်တိုင်း ကျင်းပခဲ့ကြလေ၏။ မွေးနီ ပြောသည့်ကိစ္စကအလွန်မှ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ ထင်ကျော်စွာနှင့် သံချောင်းတို့နှစ်ဦးမှာ ဇဝေဇဝါ ဖြစ်နေ၏။

ထင်ကျော်စွာက လက်တွေ့သမား။ သရဲတစ္ဆေ နာနာဘာဝလောကကို အယုံအကြည် ရှိသူမဟုတ်။ ထို့ကြောင့်လည်း စစ်စစ်ပေါက်ပေါက်မေးမြန်းခဲ့လေ၏။

"ဒါဆို အဲဒီခွေးအုပ်က နာနာဘာဝတွေပေါ့"

"ဟုတ်တယ် ဆရာကျော်စွာရဲ့၊ အဲဒါတော့ မယုံမရှိနဲ့ဗျ။ သူတို့က ပွဲတော်ဖိတ်မှ လာကြတာဗျ။ လာတော့လည်း တစ်ကောင်တလေ မဟုတ်ဘူး ငါးကောင်ဗျ။ ပြီးတော့ အရောင်တွေက အနက်ရောင်တွေ။ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း တဝင်းဝင်း။ ဆွဲဆွဲငင်ငင် အူလိုက်တာလဲ ကျောစိမ့်စရာဗျ"

"ဟုတ်လား၊ ပွဲပေးတဲ့အချိန်မှ လာတယ်ပေါ့"

"ဟုတ်တယ် ဆရာကျော်စွာ၊ အင်းဖော်တော့မယ်ဆို အဲဒီလို ပွဲပေးမှဗျ။ အဲဒီလို သူတို့ လာသွားပြီးပြီဆိုရင် အင်းချောင်းတစ်ခုလုံး ငါးကို ဖွေးဖွေးလှုပ်လို့ဗျ။ နောက်ဆုံး တာရိုးပေါ်မှာ သဘာဝဖြစ်နေတဲ့ ရေအိုင်တလေးတွေထဲမှာတောင် ငါးတွေရှိတယ်ဗျ။ ပြောရရင် သူတို့လာပြီဆိုရင် အင်းတစ်ရိုးလုံး ညှီနံ့ကို တထောင်းထောင်းဗျ"

"ဟုတ်လား"

"အဲဒါကြောင့် ပြောတာပေါ့ ဆရာကျော်စွာရဲ့၊ အဲဒီ နှင်းဆိုတဲ့ ကောင်မလေးဟာ ဥစ္စာစောင့် ဖြစ်ချင်ဖြစ်မှာဗျ"

မွေးနီ၏စကားကို သူတို့လူစု မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေကြ၏၊ သို့သော် နာနာဘာဝလောကကို သူ သိလည်းမသိ၊ နားလည်းမလည်။ ထက်လှမ်းလည်း မမီသည်မို့ ဝေလည်း မဝေဖန်ချင်။ မွေးနီ ပြောသမျှကို ခေါင်းသာညိတ်ခဲ့ရလေ၏။

သို့နှင့် နောက်တစ်နေ့ နံနက်ခင်းတွင် သူတို့လူစု ဓနိပိုးရွာကလေးဆီသို့ ရောက်ခဲ့၏။ မန်ကျည်းပင်၊ သရက်ပင်၊ အုန်းပင်တို့အောက် ပြားပြားဝပ်နေသော ရွာကလေး။ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး များသောအားဖြင့် သက်ငယ်တဲကလေးတွေသာ ပေါ်များလှ၏။

မွေးနီ၏ ဦးလေးသားချင်း တစ်ယောက်က ရွာလယ်တွင် အိမ်ကြီးကျောင်းနှင့် နေထိုင်ခဲ့၏။ အိမ်ဝိုင်းထဲ နွားသုံးလေးရှဉ်းခန့် ရှိ၏။ အရပ်ပုပု၊ ဗိုက်ပူပူ ထုံးဆံပင်နှင့် ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်သူ ဖြစ်၏။ နာမည်က ဦးကြေးနီ။ လေသံက ခပ်ဖွာဖွာ ပြောတတ်ပြီး လက်ကြားတွင် ဆေးပြင်းလိပ်တိုကြီး အမြဲညှပ်ထားလေ့ရှိ၏။

သူတို့လူစုကိုမြင်တော့ ဝမ်းသာအားရနှင့် ကြိုဆိုခဲ့၏။ ဦးကြေးနီတာ့ ချိုကြီး။ ထမင်းချက်၊ ဟင်းချက်ကိစ္စကအစ နှင်းတို့အမေ ဒေါ်ရွှေရိုကို လွှဲအပ်ထား၏။ ယခုလည်း ဧည့်သည်တွေလာသည် ဆိုသောအခါ ဒေါ်ရွှေရိုကို ခေါ်ခိုင်း၏။

"ဘယ်လိုတုံး မွေးနီရ၊ မင်းတို့ အင်းအခြေအနေ ဘယ်လိုရှိသေးတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး ဘကြီးရာ၊ ငါးအတော်ကျမယ့်ပုံပဲဗျာ။ ပြီးတော့ အဘိုး တပည့်တွေက စောစောစီးစီး အသံပေးနေကြပြီဗျ"

"ဟေ- ဟုတ်လား၊ ဒါဆိုလည်း ပွဲလေးဘာလေး လုပ်လိုက်ပေါ့ကွာ ဒီကိစ္စ မယုံမရှိနဲ့ဟေ့၊ အဲဒီလို အဘိုးတပည့်တွေ ညာသံပေးပြီဆိုရင် အဲ အင်းတော့ ပဒေသာပင်သီးပြီသာ မှတ်ပေတော့ကွ"

"ဟုတ်ကဲ့ပါ၊ ဒီလကုန်လောက် ပွဲထိုးမှာပါ"

"အေး. . . အေး လုပ်လိုက်ကြကွာ၊ ကိုင်း- ရွာရောက်တုန်း အေ အေးလူလူသာ နေကြဟေ့။ စားချင်တာရှိရင်လည်း ပြောကြ"

"ရပါတယ်ဗျာ"

ထင်ကျော်စွာသည် မနိပိုးရွာသို့ ရောက်သည်နှင့် နှင်းဆိုသေ ကောင်မလေးကို မျက်လုံးဒေါက်ထောက်ပြီး ရှာခဲ့၏။ မွှေးနီက သူ ကြောင်းကို ရိပ်မိနေပုံပေါ်၏။ အိမ်နောက်ဖေး ချက်ပြုတ်နေသော ဒေါ် ရီကို ခေါ်ထုတ်ကာ ထင်ကျော်စွာနှင့် မိတ်ဆက်ပေးလိုက်၏။

"အဲဒါ မနှင်းရဲ့အမေ ဒေါ်ရွှေရီပဲကွ"

"ဟင်- ဟုတ်လား၊ ဟို- မနှင်းတစ်ယောက်ရောဗျာ"

"ရှိပါတယ်ကွယ်၊ သမီးက မျက်စိမကောင်းတော့ ရွာရောက်ရင် အ ပြင် သိပ်ထွက်လေ့ မရှိဘူးကွယ့်။ ဘာဖြစ်လို့တုံး၊ ငါ့တူက သမီးကို သိ လို့လား"

"ဒီလို ကြီးရွှေရီရဲ့"

မွှေးနီက ကြားထဲမှ နှင်း၏အကြောင်းကို ရှင်းပြခဲ့၏။ ဒေါ်ရွှေရီသ သူ့ကို ပြုံးစစကြည့်ရင်း လေသံအေးအေးနှင့် ပြောလိုက်၏။

"ဩော်- မောင်ကျော်စွာက သမီးလေးဘေးက ပုဂ္ဂိုလ်ကို မြင်ခဲ့ ကိုး။ ဟုတ်တယ်၊ ခုတစ်လော သမီးလေးဆီကို အဲဒီပုဂ္ဂိုလ် ပြန်ရောက် ပြန်ပြီ"

"ဗျာ- ပုဂ္ဂိုလ် ဟုတ်လား"

ဒေါ်ရွှေရီ၏ စကားကြောင့် ထင်ကျော်စွာ တအံ့တဩဖြစ်ခဲ့ရ နှင်း၏အကြောင်းကို ဒေါ်ရွှေရီက အသေးစိတ် ပြောပြလိုက်၏။

"သမီးလေး မွေးကတည်းက အဲဒီလိုအဖြစ်တွေ ပေါ်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ ဒါပေမယ့် သမီးလေး အခါလည်သားမှာ ပျောက်သွားလိုက်တာ အခုမှ ပြန်ပေါ်လာတာကွယ်။ ပြောရရင် အဲ့ဒီပုဂ္ဂိုလ်နဲ့ သမီးလေးက ပဋ္ဌာန်းဆက် ရှိခဲ့တယ်လို့ ထင်တာပဲကွယ်"

"ဟုတ်လား၊ အတော့်ကို ထူးဆန်းလိုက်တာဗျာ။ ဒါထက် မနှင်းရဲ့ မျက်လုံးက ဘယ်လိုမှ ကုမရတော့ဘူးလားဗျ"

"သမီးက မွေးရာပါပါ မောင်ကျော်စွာ။ ကုလို့ရမယ်ဆိုလည်း ငွေကြေးမတတ်နိုင်တာမို့ ဒီအတိုင်းပဲ နေရတာပေါ့ကွယ်။ ကြီးကြီးတို့အိမ်ဘက်လည်း လျှောက်ခဲ့ကြဦးလေ၊ သမီးလေးနဲ့လည်း စကားစမြည် ပြောဆိုရတာပေါ့ကွယ်"

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ"

နှင်း၏အကြောင်းကို ကြားလိုက်ရသဖြင့် ထင်ကျော်စွာ ပို၍ ခံစားလိုက်ရ၏။ လူချင်းတူသော်လည်း ဘဝချင်း ကွဲပြားခဲ့ရသည့်ဖြစ်စဉ်၊ ထင်ကျော်စွာ ဂဃနဏ နားမလည်ပါလေ။ ဦးလေးဖြစ်သူ၏ စကားအရ တာ်အကြောင်းတရားတွေပေါ် အခြေခံ၍ လူ့ဘဝဖြစ်စဉ်တွေ ကွဲပြားခဲ့ရသည်ဟု ဆိုခဲ့၏။

ယခုလည်း နှင်း၏ကံကြမ္မာက ခေလွန်းလှပါလားဟု တွေးကာ စိတ်မကောင်း ဖြစ်ခဲ့ရ၏။ သို့နှင့် ညဦးပိုင်းတွင် နှင်းတို့ တဲကလေးဆီသို့ ရောက်ခဲ့၏။

တဲကလေးက ဖရိုဖရဲ၊ အိမ်ဝိုင်းစည်းရိုးကလည်း ပျက်သုဉ်းနေ၏။ သူတို့အသံကြားတော့ ဒေါ်ရွှေရီ အပြေးထွက်လာ၏။ နှင်းသည် ဒေါ်ရွှေရီနောက်မှ ခပ်ရှိုးရှိုးကလေး လိုက်လာ၏။

"ဟော- မောင်ကျော်စွာတို့ပါလား၊ ထိုင်ကြပါကွယ်။ ကြီးကြီးတို့အိမ်က ဖရိုဖရဲဆိုတော့ ဧည့်ခံရတာ အားနာလှသကွယ်။ ဟဲ့- သမီး၊ ညည်းအစ်ကိုတွေအတွက် လက်ဖက်ပွဲလေး ဘာလေး လုပ်ပါဦးကွယ်"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

နှင်း၏ မျက်နှာဝင်းစိုစိုကလေးကို မြင်တော့ ထင်ကျော်စွာ ကြည်နူးခဲ့ရ၏။ ရင်းနှီးလိုစိတ်တွေကလည်း ရင်ထဲ အတိုင်းအဆမရှိ၊ နှင်း၏ ဘဝလေးကို ကြည့်ပြီး ထင်ကျော်စွာ၏ရင်ထဲ ကြေကွဲခဲ့ရ၏။ မိခင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ခမျာ သူတို့ကို အားတုံ့အားနာစွာနှင့် ညှော်ခံနေ၏။

ထိုစဉ် နှင်းတစ်ယောက် လက်ဖက်ပွဲလေးနှင့် အကြမ်းအိုးကိုင်ကာ သူတို့ဆီ ရောက်ရှိလာ၏။

"သမီး ထိုင်ပါဦးကွယ့်၊ ဟောဒီက သမီး အစ်ကိုတွေက သမီးအကြောင်းကို မေးမြန်းနေကြတယ်လေ"

"ရှင်- ကျွန်မအကြောင်း ဟုတ်လား"

နှင်း အလွန်မှ အံ့ဩသွား၏။ သူ့အကြောင်း ဘာများ မေးနေကြပါလိမ့်။ စိတ်ထဲ မရဲတရဲ တွေးရင်း မိခင်ကြီးဘေး ဝင်၍ထိုင်လိုက်၏။ ထင်ကျော်စွာသည် နှင်း၏ မျက်နှာဝင်းဖန့်ဖန့်လေးကို ကြည့်လိုက်မိ၏။

နှင်း၏အလှက အနီးကပ်ကြည့်လေလေ ပို၍ပို၍ ကျက်သရေ ရှိလှလေပင် ဖြစ်၏။ မျက်ခုံးထူထူ၊ နှုတ်ခမ်းနီထွေးထွေးနှင့် တောရိုင်းပန်းကလေး တစ်ပွင့်နှယ် လှသွေးကြွယ်နေသော အလှကလေးကို သူ တရှိုက်မက်မက် ကြည့်နေမိ၏။

ထိုစဉ် မိခင်ဖြစ်သူက ထင်ကျော်စွာ မြင်ခဲ့ရသည့် ဆန်းကြယ်လှသော ဖြစ်စဉ်ကို ပြောပြလိုက်၏။

"ရှင်- သမီးဘေးမှာ ရှိတယ် ဟုတ်လား၊ အို- မရှိပါဘူး။ သမီးဘာသာသမီး ခွက်တွေ၊ ပန်းကန်တွေ ဆေးကြောနေတာပါ"

"သေချာရဲ့လား မနှင်းရယ်၊ ကျွန်တော် အသေအချာမြင်လို့ စာတ်ပုံတောင် ရိုက်ယူထားမိသေးတယ်"

"အို- မဖြစ်နိုင်တာ၊ နှင်း တကယ်ပြောတာပါ။ ရှင်တို့ အဲ- အစ်ကို မျက်စိမှောက်နေတာလဲ ဖြစ်နိုင်တယ်"

"ဟင်- မဟုတ်တာဘဲ၊ ထားပါတော့၊ ဒါပေမယ့် ဒေါ်ဒေါ် ပြောသလိုဆိုရင် မနှင်းဘေးမှာ အဲဒီမြွေကြီး ရှိနေတတ်သလား"

သူ့အမေးကို နှင်း တော်တော်နှင့် မဖြေ။ သူ့ကို မရဲတရဲ မော့ကြည့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။

"ဟုတ်တယ်၊ ခုတစ်လော သူ နှင်းဆီကို ခဏခဏ ရောက်လာလေ့ရှိတယ်။ အန္တရာယ်တော့ မပေးပါဘူး၊ သူ့ကို ဒုက္ခပေးဖို့တော့ မကြံကြပါနဲ့ ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ–မဟုတ်တာဘဲ မနှင်းရယ်၊ ကျွန်တော်တို့မှာ အဲဒီ ရည်ရွယ်ချက် မရှိပါဘူးဗျာ။ စိတ်ထဲ ထူးဆန်းနေလွန်းလို့ပါ။ ပြီးတော့ မနှင်းအတွက် အန္တရာယ် တစ်စုံတစ်ရာ တွေ့မှာစိုးလို့ပါ"

"မတွေ့ပါဘူး၊ သူဟာ သူတော်ကောင်းကြီး ဖြစ်ပါလိမ့်မယ်။ ကျွန်မဘုရားမှာ အာရုံပြုနေတုန်းက တစ်ခါ လာခဲ့ဖူးတယ်။ အဲဒီတစ်ခါပဲ သိတာ ကျွန်မ သိတာလေ"

"ဟုတ်လား၊ မနှင်းတို့က ဒီရွာမှာနေတာ သားအမိနှစ်ယောက်တည်း နေကြလား"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

"မနှင်းမျက်စိကို ဆရာဝန်တွေ ဘာတွေရော ပြဖူးလား၊ တကယ်လို့ မြို့က ဆရာဝန်တွေ ပြကြည့်ချင်တယ်ဆိုလည်း ကျွန်တော် ကူညီပါ့မယ်"

"ရှင်၊ ဟို– အမေက. . ."

"ဘာတုံး သမီးရဲ့၊ သမီးရဲ့ သဘောပဲလေ။ သမီး ဆန္ဒရှိရင် ဟောဒီ သမီးအစ်ကိုတွေ စကားကို နားထောင်ပေါ့"

"ဟုတ်ပါတယ် မနှင်း၊ ကျွန်တော်တို့က သဘောရိုးနဲ့ ပြောတာပါ။ မနှင်းဘဝ အဲဒီ မျက်လုံးနှစ်လုံး ပြန်မြင်နိုင်ပြီဆိုရင် ဒါထက်တောင် ပိုပြီး စိတ်ချမ်းသာရမှာပါ"

ထင်ကျော်စွာ၏ စကားကြောင့် မွေးနီတို့ပင် အံ့သြနေ၏။ ထင်ကျော်စွာ အင်းတဲကို လွန်ခဲ့သော လပိုင်းကလည်း သုံးလေးခေါက် ရောက်ဖူး၏။ ထိုစဉ်က မိန်းမကိစ္စနှင့် ပတ်သက်၍ ရောရောယှက်ယှက် မနေလိုသည့် သဘောကို သတိထားမိခဲ့၏။

အနေအထိုင်ကအစ တည်တည်ကြည်ကြည် နေခဲ့သူမို့ စကားတွေ ထူးဆန်းနေသည်ဟု ထင်ရ၏။ သံချောင်းကလည်း ပြုံးစိစိ။ ထင်ကျော်စွာ ဘယ်သူ့ကိုမှ ဂရုမပြုနိုင်။ နှင်း၏ မျက်နှာဝင်းဝင်းကလေးကို ကြည့်ပြီး ပြောလိုက်၏။

"မနှင်း စဉ်းစားပါလေ၊ တကယ်လို့ မျက်စိကိစ္စ ပြကြည့်ချင်တယ်ဆိုရင် ကျွန်တော့်ဆီ လာခဲ့ပါ။ ကျွန်တော် လိပ်စာလည်း ပေးခဲ့ပါ့မယ်၊ ပြီးတော့ မြို့မှာ မနှင်းတို့သားအမိ အလုပ်လုပ်ချင်လည်း လာခဲ့ပါ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် တတ်နိုင်သမျှ ကူညီပါ့မယ်"

"ကျေး. . . ကျေးဇူးပါပဲရှင်"

"ကျေးဇူးတင်လိုက်တာ မောင်ကျော်စွာရယ်၊ ကြီးကြီးတို့က ဆင်းရဲလှပါတယ်ကွယ်။ အဲဒီလို ဆင်းရဲလွန်းလို့လည်း ရွာထဲကလူတွေက ခေါ်ခေါ်ပြောပြောတောင် မလုပ်ကြဘူးကွယ့်။ ခုတော့ မောင်ကျော်စွာရဲ့ စကားကြောင့် ကြီးကြီးတို့ ဝမ်းသာလိုက်တာကွယ်"

ထင်ကျော်စွာသည် သူ နေထိုင်သည့်မြို့မှ လိပ်စာကို ပေးခဲ့၏။ နှင်းမျက်နှာလေးကို ကြည့်မဝသော်လည်း ဘေးဘီက ရှိသေးသဖြင့် မနည်းကြီး ထိန်းချုပ်ဆည်ခဲ့ရ၏။ နောက်ဆုံး နှင်းတို့သားအမိကို နှုတ်ဆက်၍ မွေးနီတို့ဘကြီးအိမ်ဘက် ပြန်ခဲ့ကြ၏။

လမ်းတစ်လျှောက်လုံး မွေးနီနှင့် သံချောင်းတို့အသံတွေက စီနေ၏။

"အံ့ဩစရာပါလား လူပျိုကြီးရာ"

"ဘာတုံးဗျ၊ ကျွန်တော်က သဘောထားရိုးရိုးနဲ့ ဆက်ဆံခဲ့တာပါဗျာ"

"အင်- ရိုးရိုး၊ ဟဲဟဲ ဆရာက လိပ်စာတောင် ဇွတ်ပေးနေတာဆိုတော့ အဲဒီ ရိုးရိုးဆိုတဲ့ စကားကြီးကို ခွဲစိတ်လေ့လာရမလိုလဲဗျာ ဟဲဟဲ"

"တော်စမ်းပါ သံချောင်းရာ၊ မင်းလည်း ငါ့အကြောင်း သိသားပဲကွာ။ ငါက မိန်းကလေးတွေနဲ့ သိပ်ပြီး ရောရောယှက်ယှက် နေခဲ့တာ မဟုတ်ဘူးကွ"

"ဟာ- အဲဒါတော့ ကျွန်တော့်ဆရာကို ထောက်ခံပါတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ အတော့်ကို ထူးဆန်းနေလို့ပါဗျာ"

"တော်စမ်းပါကွာ"

နောက်ဆုံးတော့ သူတို့လူစု ဦးကြေးနီ အိမ်ဘက်သို့ ပြန်ခဲ့ကြ၏။ ထူးဆန်းသည်မှာ ထိုနေ့ည အိပ်မက်ထဲ ထူးဆန်းလှသော မြွေဟောက်ကြီးတစ်ကောင်ကို မြင်မက်မိခြင်းပင် ဖြစ်၏။ မြွေကြီးက သူ့ကို အစွယ်ကြီးတဖွေးဖွေး ထုတ်ကာ ကိုက်မည် ခဲမည် လုပ်နေသဖြင့် အိပ်ရာမှ ကြောက်အားလန့်အားနှင့် လန့်နိုးခဲ့ရလေ၏။ အဆိုပါ အိပ်မက်ကို ဘယ်သူ့မှ ပြောမပြရဲ။ ရွာမှ ပြန်လာသည်အထိ သူ့ရင်ထဲ နှင်း၏ ပုံရိပ်ကလေး စွဲငြိနေဆဲမို့ သူကိုယ်တိုင်ပင် နားမလည်နိုင်ပါတော့ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌလက်ဆန်လှသော လောကကြီးထဲတွင်
ချမ်းသာသုခ ပြည့်စုံခြင်းဆိုသော
အရသာသည် ဓားသွားပေါ်မှ
ပျားရည်စာစ်စက်ပင် ဖြစ်လေ၏ . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဆန်းကြယ် အံ့ဖွယ်ကောင်းလှသော ဖြစ်စဉ်အချို့ကို သူကိုယ်တိုင် နားမလည်နိုင်ပါလား သတိထားမိလာ၏။ သူ လက်လှမ်းမမီသော လောကကို မျက်စိစုံမှိတ်ပြီး ခေါင်းမခါရဲတော့။

ယခုလည်း ဓာတ်ပုံကူးခန်းထဲမှ အထွက် လက်ထဲက ဓာတ်ပုံတို ကြည့်ရင်း သူ အအံ့သြကြီး အံ့သြနေမိ၏။ သူ့ဘေးတွင် ကြောင်စီစီနှင့် ရပ်နေသော တပည့်ကျော် သံချောင်းက ဓာတ်ပုံကို ယူကြည့်ရင်း ပြော လိုက်၏။

"ဟင်- ဘယ်မှာတုံး ဆရာကျော်စွာရဲ့။ မြွေကြီးဆို၊ မြွေမပြော တီကောင်တောင် မမြင်ပါလားဗျ"

"အဲဒါ ပြောတာကွာ၊ ငါလည်း ဘာကို ယုံရမှန်းတောင် မသိတော့ ဘူး။ ငါကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်လို့ ကင်မရာဇွန်းနဲ့ ဆွဲကြည့်တာ မြွေမှ မြွေဟောက်ကြီးကွ။ ပြီးတော့ အရောင်က အနက်ရောင်ကွ၊ ဖလင်လည်းဆေးရော အဲဒီ သတ္တဝါပုံကြီး ပါမလာဘူးကွ"

"အဲဒါကြောင့် ပြောတာပေါ့၊ မနှင်းကိုယ်တိုင်က သူ့ဘေးမှာ မမြ ဘူးလို့ ပြောခဲ့သားပဲ။ ဒီကိစ္စ ဆရာကျော်စွာ မျက်စိအကြည့်မှားတာ ဖြစ်ရမယ်"

"ဟာကွာ"

သံချောင်းကလည်း သူ့ကို အကြောက်အကန် ငြင်းဆိုနေ၏၊ သ

www.burmeseclassic.com

www.burmeseclassic.com



အငြင်းအခုံ မလုပ်ချင်။ အမှန်တကယ်လည်း သူ မြင်ခဲ့မိသည့် အဖြစ်။ ယခုတော့ ဘယ်လိုမှ သက်သေမပြနိုင်သည်မို့ ထင်ကျော်စွာ ပြောဆိုရခက်နေ၏။

နောက်ဆုံး သူတစ်ယောက်တည်း နေထိုင်လေ့ရှိသည့် ပန်းချီခန်းထဲဝင်ကာ နှင်း၏ ဓာတ်ပုံကလေးကို ကင်းဗတ်စ်ထောင့်တွင် တင်လိုက်၏။

ဓာတ်ပုံကလေးကို ကြည့်ရင်း သူ့ရင်ထဲ အလှုပ်ရှားကြီး လှုပ်ရှားနေမိ၏။ အထူးခြားဆုံးက နှင်း၏ မမြင်ရသော ကြောင်တောင်ကန်း မျက်လုံးအစုံပင် ဖြစ်လေ၏။

မမြင်ရသော မျက်ဝန်းအစုံမှာ အရည်လဲ့ကာ ရွှန်းတောက်နေသည်မို့ ထင်ကျော်စွာ အအံ့သြကြီး အံ့သြခဲ့ရလေတော့၏။

နှင်း၏မျက်နှာက ပန်းချီဆန်လွန်းလှသဖြင့် ရင်ထဲမှ အနုပညာစိတ်တွေ စူးစူးရဲရဲ ပေါ်ပေါက်လာ၏။ ထို့ကြောင့်လည်း စုတ်တံနှင့် ဆေးခွက်တွေ ဘေးချကာ နှင်း၏ မျက်နှာပုံတူလေးကို အချိန်ကြာမြင့်စွာ ခြယ်မှုန်းနေလေ၏။

ထိုအချိန်တွင် ထင်ကျော်စွာ၏ မေးခွန်းများကြောင့် စိတ်ထဲ ဇဝေဇဝါ ခံစားနေရသူမှာ နှင်းပင် ဖြစ်လေ၏။ နှင်းဘေးတွင် မြွေဟောက်နက်ရှိနေပါသည်ဆိုသော စကားကို နှင်း ခုထိ အဖြေရှာမရသေး။

တကယ်တမ်းသာ ရှိနေလျှင် နှင်းကို မြွေဟောက်နက်ကြီးက အသံဗလံ ပေးတတ်၏။ ယခုတော့ ဘာသံမှ မကြားရသည်မို့ စိတ်ထဲ ဇဝေဇဝါ ခံစားနေရခြင်း ဖြစ်လေ၏။ အင်းတဲသို့ လာရောက်လည်ပတ်သွားသော ထင်ကျော်စွာကို သူ မြင်ဖူးချင်၏။

လူကို မမြင်ရသော်လည်း အသံသြဇာ ပြည့်ဝလှသလို သူ့အသံကြားတိုင်း နှင်းရဲ့ရင်တွေ ခုန်မိသလို ခံစားနေရ၏။ သူ ပြန်သွားပြီဆိုသည့် သတင်းကြောင့် နှင်းရင်ထဲ ဟာသွားသလို ခံစားနေရ၏။

သူ့အပေါ် ဂရုတစိုက် ပြောဆိုသွားသည်ကိုလည်း နှင်း ကြည်ကြည်နူးနူး ခံစားခဲ့ရ၏။ ဆင်းရဲနုံချာလှသည့် ဘဝလေးထဲ ယခုလို မြို့သားတစ်ယောက်၏ အရေးပေးမှုကို သူကိုယ်တိုင် အံ့သြခဲ့ရ၏။ အင်းတဲဘက်ရောက်တိုင်း သူများ ရောက်လာလေမလား မျှော်လိုက်ရသည်မှာအမော

www.burmeseclassic.com



တစ်ရက်တွင် အင်းတဲမှအပြန် ရေမိုးချိုးပြီး ဆုတောင်းပြည့်စေတီလေးရှိရာ တောင်ကုန်းကလေးပေါ်သို့ တက်ခဲ့၏။ သူနှင့်အတူ ဖိုးငယ်လေးလည်း ပါလာ၏။

ဖိုးငယ်က အရွယ်အားဖြင့် ဆယ်နှစ်သားသာသာရှိပြီး သူ့ကို အစ်မတစ်ယောက်လို ခင်တွယ်နေ၏။ ဘုရားရင်ပြင်တော်ပေါ် ရောက်သည်နှင့် ဖိုးငယ်သည် သူ့အောနားထိုင်ကာ ဘုရားဝတ်ပြုပြီး စေတီပေါ်မှ ဆင်းသွား၏။

နှင်းသည် စေတီတော်ရှေ့ထိုင်ကာ လက်အုပ်ချီ၍ ကန်တော့လိုက်၏။ ဆည်းလည်းသံ၊ သစ်ရွက်လှုပ်ခတ်သံ၊ လေတိုးသံတို့နှင့် သာယာအေးချမ်းလှသော ဘုရားရိပ်ကလေး။

သောက ဟူသမျှ လွင့်စဉ်သွားသလိုပင်။ အသင့်ယူလာသော ပုတီးမြှုပ်မြှုတလေးကို ထုတ်ကာ အချိန်ကြာမြင့်စွာ ဗုဒ္ဓါနုဿတိ ပွားခဲ့၏။

ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း မေတ္တာဓာတ်များ ပို့လွှတ်ခဲ့၏။ အမှန်မအောေ သူ ကျင်လည်နေရသည့် ပတ်ဝန်းကျင်က သားငါးလုပ်ငန်းကို လုပ်ကိုင် အမှီပြုနေရသည့် ပတ်ဝန်းကျင် ဖြစ်၏။

အညိုနှင့် အမြတမ်း ပျံ့လွင့်နေသော ရွာကလေး၊ သတ္တဝါတွေ သတ်ဖြတ်နေသည်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်ရ၏။

ရွာသား အတော်များများ၏ အမူစရိုက်မှာလည်း ကြမ်းတမ်းလှ၏။ ဆဲဆိုသံတွေကလည်း မိုးလင်းသည်နှင့် ကြားရ၏။ အနေအထိုင်၊ အစားအသောက်ကအစ ပရမ်းပတာဆန်လှပြီး ရတနာသုံးပါးကို မည်ကာမတ္တသာ ကိုးကွယ်ခဲ့ကြ၏။

သူတို့ အစိကကြောက်ရွံ့သည်မှာ အဘိုးနှင့် တပည့်များသာ ဖြစ်၏။ သူတို့ကို စီးပွားပျက်သွားအောင် ပြဿနာရှာနိုင်သည်မှာ အဘိုးနှင့် တပည့်များဟု ယူဆ၏။

ထို့ကြောင့်လည်း အိမ်တိုင်းအိမ်တိုင်းမှာ အဘိုးကို ကျကျနန ဖားမြှောက်ကြ၏။ အဘိုးနှင့် တပည့်များသာ သူတို့၏ ဆင်းရဲနိမ့်ကျလှသော ဘဝကို ကယ်လိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။

ထူးဆန်းသည်မှာ သူတို့ ဓနပိုးရွာကလေးတွင် ခွေးတွေကို မရိုက်ရ၊



www.burmeseclassic.com

www.burmeseclassic.com



တောက်ခေါက်သံတောင် မပြုရ။ အဘိုးတို့အဖွဲ့က ခွေးတွေနှင့်အတူ လာတတ်သည်မို့ ခွေးတွေကို ကောင်းကောင်းမွန်မွန် ကျွေးမွေးကြရ၏။

နှင်းကတော့ ရှာဦးဆရာတော်ကြီး၏ တရားတော်ကို နာကြားခဲ့ဖူး၏။ သူတို့သားအမိ ရှိစုမဲ့စု ဝယ်ခြမ်းချက်ပြုတ်ကာ ဆရာတော်ဘုရားထံ ဆွမ်းချက်လှူဒါန်းခဲ့၏။ ဆရာတော်ဘုရားကြီးကလည်း နှင်းတို့သားအမိနှင့် တွေ့တိုင်း တရားတွေကို ဟောကြားခဲ့၏။

ဆရာတော်ကြီး ဟောကြားသည့် တရားထဲတွင် အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည်ဆိုသော ပဋ္ဌာန်းတရားတော်ထဲမှ တရားတစ်ပိုဒ်က နှင်း၏ရင်ထဲ စွဲနေ၏။

ကံကြမ္မာကြောင့် ဘဝက သားငါးသတ်ဖြတ်ရသည့် ပတ်ဝန်းကျင်ထဲ ရောက်နေသော်လည်း စိတ်ထားတတ်လျှင် ကုသိုလ်ဖြစ်နိုင်သည်ဟု ဆရာတော်ကြီးက အမိန့်ရှိခဲ့၏။

ကိုယ့်လုပ်အားနှင့် ရလာသမျှကို ရတနာသုံးပါးအား လှူဒါန်းခြင်းဖြင့် ကုသိုလ်တရားကို စုဆောင်းနိုင်ကြောင်း မိန့်ဆိုခဲ့သဖြင့် နှင်းတို့သားအမိ ဆရာတော်ဘုရားကြီး၏ စကားကို မြေဝယ်မကျ နားထောင်ခဲ့၏။

ယခုလည်း အချိန်ကလေး ရသည်နှင့် စေတီရင်ပြင်တွင် ရတနာသုံးပါးကို ကိုယ်စိတ်နှစ်ပါး နှစ်မြှုပ်၍ ပူဇော်ခဲ့၏။ ထိုသို့ ရှိခိုးပူဇော်လိုက်သည်နှင့် သူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလိုပင်။

ဘုရားဝတ်ပြုအပြီးတွင် သူ့ထံ ရောက်လာလေ့ရှိသည့် မြွေဟောက်နက်ကြီးကို မျှော်နေမိ၏။ ယခုတစ်လော မြွေဟောက်ကြီး မလာတော့။ နှင်းသည် မြွေဟောက်နက်ကြီးကို မေတ္တာပို့လိုက်ပြီး စောင်းတန်းပေါ်မှ ထောင်ဝှေးကလေး တဒေါက်ဒေါက် ထောက်၍ ဆင်းခဲ့၏။

စေတီတော်ကုန်းလေးမှာ ပေနှစ်ရာနီးပါးခန့် အမြင့်ရှိပြီး ကွေးတိကွေးကောက် စောင်းတန်းလေး၏ တစ်ဖက်တစ်ချက်တွင်လည်း တောအုပ်ကြီးများ ဖုံးလွှမ်းနေ၏။

တောအုပ်များကြားမှ ဝေ့ဝဲတိုက်ခတ်လာသော လေပြည်နုကလည်း နှင်းအမောကို ပြေသွားစေ၏။ နှင်းသည် စောင်းတန်းအတိုင်း ဖြည်းဖြည်းသာသာနှင့် ဆင်းသက်ခဲ့ရာ စောင်းတန်းအောက်ခြေသို့ ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှာဘက်သို့သွားသော လမ်းကလေးမှာ မြေနီလမ်းကလေးဖြစ်ပြီး ဝါးရုံပင်များကြား ကွေ့ကွေ့လိမ်လိမ်နှင့် ဖောက်ထား၏။ နှင်းသည် မြေနီလမ်းကလေးအတိုင်း တောင်ဝှေးကလေး ထောက်ပြီး လျှောက်ခဲ့၏။

ထိုအချိန် တောအုပ်ဘက်မှ တောတိုးသံကို ကြားလိုက်ရသဖြင့် စိတ်ထဲ မြွေဟောက်နက်ကြီးများလား နားစွင့်မိ၏။ သစ်ကိုင်းသစ်ခက်များ လှုပ်ရှားတိုးခတ်သွားသည့် အသံကို နှင်း နားစွင့်နေ၏။ ထိုစဉ် ဝါးရုံတော ထဲမှ လူနှစ်ယောက် ရိပ်ခနဲ တိုးထွက်လာ၏။

"ဟင်- ဘယ်သူလဲ"

နှင်း၏အမေးကို နှစ်ယောက်စလုံး မဖြေ။ နှင်းရင်ထဲ တထိတ်ထိတ် ဖြစ်သွား၏။ တောအုပ်ထဲမှ ထွက်လာသူ နှစ်ဦးသည် နှင်းကို အသံတစ်ချက်မှ မပေးဘဲ အတင်းအဓမ္မ ပွေ့ဖက်ဖမ်းချုပ်ကြလေ၏။

"ဟင်- ရှင်. . . ရှင်တို့ ဖယ်. . . ဖယ်နော်"

"တိတ်စမ်း"

"ရှင်. . . ရှင်တို့ ဘာလုပ်တာလဲ၊ အို"

"လာစမ်း"

"တောင်း. . . တောင်းပန်ပါတယ်ရှင်"

"လာစမ်း၊ စကားမရှည်နဲ့"

"အို- ကို. . . ကိုတုတ်ကြီး"

"ဟာ- ဆွဲခေါ်ခဲ့စမ်းကွာ၊ အသံကြားတယ်"

ရှိသမျှ ခွန်အားကလေးနှင့် အတင်း ဖျစ်ညှစ်ရုန်းကန်ပါသော်လည်း ရုန်း၍မရ။ သန်မာသောလက်အစုံက သူ့ကိုယ်ကလေးကို အတင်း ပွေ့ဖက်ကာ ဝါးရုံပင်များကြား အတင်း ဆွဲသွင်းသွား၏။

အရက်နံ့တွေက တထောင်းထောင်း။ တစ်ဖက်မှ ထွက်ပေါ်လာသည့်အသံကြောင့် ကိုတုတ်ကြီးမှန်း နှင်း ရိပ်မိလိုက်၏။ ငိုမဲ့မဲ့နှင့် တောင်းပန်သော်လည်း တောင်းပန်၍မရ။ သူတို့နှစ်ယောက် အသွင်က အာမ ဘီလူးစီးနေကြသလိုပင်။

နှင်းကို ဝါးရုံပင်ကြား ရောက်သည်နှင့် အတင်း ဆွဲချလိုက်၏။ နှင်းကိုယ်ပေါ်ကို တုတ်ကြီးက အတင်း တက်ဖိထား၏။ နှင်း မရမက



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းနေဆဲ။ ပါးစပ်ကိုလည်း တုတ်ကြီးက ပိတ်ထား၏။ တုတ်ကြီးတပည့် လေအိုးက နှင်း၏ လက်နှစ်ဖက်ကို နောက်သို့လှန်ချကာ အတင်း ဖမ်းချုပ်ထား၏။ နှင်း ဘယ်လိုမှ ရုန်းမရ။ အော်ဟစ်အကူအညီတောင်း၍ မရ။ နှင်းတစ်ယောက် ရေတိမ်နစ်လုလု။

ထိုစဉ် ရှုးခနဲ မြည်သံကြီး ပေါ်လာသဖြင့် နှင်းကို စော်ကားရန် သဲကြီးမဲကြီး ဖြစ်နေသော တုတ်ကြီးသည် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။

"ဟာ- မြွေ. . . မြွေကြီး"

"အောင်. . . အောင်မယ်လေး မြွေကြီး"

တုတ်ကြီးရော လေအိုးပါ တွန့်ခနဲ ဖြစ်သွား၏။ သူတို့ရှေ့ ဘွားခနဲ ပေါ်လာသော မြွေဟောက်နက်ကြီး။ ပါးစပ်ကြီးကို ဖြဲကာ ပါးပျဉ်းကြီး တထောင်ထောင် လုပ်နေ၏။ နှာမှုတ်သံ တရှူးရှူးကလည်း အသည်းထိတ်စရာ။ ပေါက်မည်တကဲကဲ လုပ်နေသဖြင့် တုတ်ကြီးတစ်ယောက် နှင်းကလေး ကိုယ်ပေါ်မှ အတင်း လှိမ့်ချလိုက်၏။

လေအိုးမှာလည်း မြွေကြီးကို ကြည့်ပြီး နောက်တဆုတ်ဆုတ် လုပ်နေ၏။ ထိုစဉ် နှင်းသည် မြေပြင်ပေါ်မှ အတင်း လူးလဲထလိုက်ပြီး ကိုယ်ပေါ်မှ အကျီထဘီတို့ကို အလျင်အမြန် ဖုံးလိုက်၏။

ထိုအချိန်တွင် မြွေဟောက်ကြီးသည် နှင်းဘေးမှ ဖြတ်ကာ တုတ်ကြီးဆီသို့ လျှောထိုး ဦးတိုက်သွား၏။

"ဟာ- လာ. . . လာပြီ"

"ဆရာတုတ် ပြေးပြေး"

"ရှူးရှူး"

"အောင်မယ်လေးဗျ"

မြွေကြီးက သူ့ဆီ ပါးပျဉ်းကြီးထောင်၍ လာနေပြီမို့ တုတ်ကြီး အတင်း လူးလဲထလိုက်၏။ လေအိုးမှာ ကြောက်လွန်းလှသဖြင့် နောက်တဆုတ်ဆုတ်။ ဖူးခနဲ နှာမှုတ်သံကြီးပေးကာ သူ့ဆီ ပါးပျဉ်းကြီး ဆိုင်းလာသဖြင့် တုတ်ကြီးတစ်ယောက် ကြောက်အားလန့်အားနှင့် တောအုပ်ထဲမှ ဒရောသောပါး ပြေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကြီးနောက်မှ လေအိုးကလည်း ကဆုန်ပေါက် လိုက်သွားလေ၏။ နှင်းခမျာ ရင်တွေ တဒိန်းဒိန်း ခုန်နေ၏။ စော်ကားခံရဖို့ လက်မတင်လေးအလို ရောက်လာသည့် မြွေဟောက်နက်ကြီးကိုလည်း ကျေးဇူးအတင်ကြီး တင်နေမိ၏။

ကြောက်လွန်းလှသဖြင့် ခြေတွေ လက်တွေလည်း ဆတ်ဆတ်တုန်နေ၏။ ထိုစဉ် ခြေသံ တဖျပ်ဖျပ် ကြားလိုက်သဖြင့် နောက်တစ်လှမ်း ဆုတ်သွား၏။

"မမနှင်း"

"ဟယ်- ဖိုး. . . ဖိုးငယ်၊ မောင်လေးရယ် တော်ပါသေးရဲ့ကွယ်"

"ဘာဖြစ်လို့လဲ မမနှင်း၊ တစ်ကိုယ်လုံး ဖုန်တွေ ပေကျံနေပါလား"

"ဘာ. . . ဘာမှ မဖြစ်ပါဘူးကွယ် လာလာ"

ဖိုးငယ်လက်ကိုဆွဲကာ ရွာဘက်သို့ သုတ်ခြေတင်ခဲ့ရ၏။ ခုထိ သူ့စိတ်တွေ ကြောက်စိတ်မပြေသေး။ အိမ်ပြန်ရောက်တော့ မိခင်ကြီးပင် ဘုရားဝတ်ပြုနေပြီ ဖြစ်၏။ နှင်းသည် တဲရှေ့တန်းလျားလေးတွင် ဝင်ထိုင်ရင်း ရေအေးအေးလေးတစ်ခွက်ကို သောက်လိုက်၏။

သူ့အဖြစ်ကို ပြန်မတွေးရဲ။ ယုတ်မာပက်စက်လှသော တုတ်ကြီး၊ နှမချင်း စာနာစိတ်ကင်းလှ၏။ အရက်သောက်၊ ဖဲရိုက်၊ ဆဲဆိုအော်ဟစ်ကာ တွေ့သမျှလူကိုလည်း အမြဲတမ်း အနိုင်ကျင့် စော်ကားခဲ့၏။

တုတ်ကြီးက သူကြီး ဦးစံဖေ၏ မယားပါသား။ ရန့်ရင်းကြမ်းတမ်းလှပြီး အုပ်စုဖွဲ့ကာ ရမ်းကားနေသူ ဖြစ်၏။ ဦးစံဖေကလည်း မိန်းမလုပ်သူကို အင်မတန် ကြောက်ရသူ ဖြစ်၏။ မယားက မျက်စောင်းထိုးလိုက်သည်နှင့် ဦးစံဖေတစ်ယောက် ပျာယာခတ်နေတတ်၏။

ထို့ကြောင့်လည်း မယားနှင့် ပါလာသော တုတ်ကြီးကို လေသံဟဟတောင် မဆူရဲ။ တုတ်ကြီး ပြဿနာရှာသမျှကို ဦးစံဖေက လိုက်ရှင်းနေရ၏။ တစ်ရွာလုံးကလည်း သူကြီးလုပ်ရပ်ကို နှာခေါင်းတရှုံ့ရှုံ့။

ဦးစံဖေက သြဇာတိက္ကမ ကြီးသူဟု၍လည်း ဆိုနိုင်၏။ မြို့မှ ပုလိပ်အဖွဲ့ကိုလည်း ချက်ချင်း ဆင့်ခေါ်နိုင်၏။ ဦးစံဖေ လက်ညှိုးညွှန်လိုက်သည်နှင့် ပုလိပ်အဖွဲ့က ချက်ချင်း ဖမ်းဆီးခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကြောင့်လည်း တစ်ရွာလုံးက ဦးစံဖေကို ကြောက်ရွံ့နေရ၏။ ဦးစံဖေ လုပ်သမျှ ကိစ္စကလည်း ဇနီးလုပ်သူ ဒေါ်ကြွယ်၏ ညွှန်ကြားချက်မကင်း။

ဒေါ်ကြွယ်က လုံးကြီးပေါက်လှဖြစ်ပြီး အရွယ်က လေးဆယ်စွန်းစရှိသော်လည်း အရွယ်တင်၏။ မြို့ပေါ်တွင် ပွဲချင်တိုင်းပွဲ၊ ရှုပ်ချင်တိုင်း ရှုပ်ခဲ့၏။ နောက်ဆုံး ကုလားကပြားတစ်ဦးနှင့် ငြိစွန်းကာ တုတ်ကြီးကို မွေးခဲ့၏။

သို့သော် တုတ်ကြီးကို အဖေ ဘယ်သူဘယ်ဝါပင် မပြောနိုင်။ သူနှင့် ငြိစွန်းခဲ့သည့် ကုလားကပြားကလည်း တုတ်ကြီးကို သားအဖြစ် လက်မခံသည့်အပြင် သူ့ကိုပါ အတင်း ရိုက်မောင်းပုတ်မောင်းလုပ်ကာ နှင်ထုတ်ခဲ့၏။

နောက်ဆုံးတော့ သားတစ်ယောက် လက်ဆွဲပြီး ရွာသို့ ပြန်ခဲ့ရ၏။ ရွာပြန်ရောက်သည့်အခါ အနေအထိုင်ကအစ ပြုပြုပြင်ပြင် နေထိုင်ခဲ့သည်မို့ မုဆိုးဖိုကြီး သူကြီး ဦးစံဖေကို အပိုင်ဖမ်းနိုင်ခဲ့လေ၏။ ဦးစံဖေမှာ မျှစ်စို့ပေါက်ကြီးလို အလှသွေးကြွယ်နေသော ဒေါ်ကြွယ်ကို အလွန်အလွန် မှ တပ်မက်ခဲ့၏။ ဒေါ်ကြွယ် ပြောသမျှ ခေါင်းညိတ်ခဲ့ရ၏။ မယားဘက်မှ ပါလာသော တုတ်ကြီးကလည်း ငယ်ငယ်ကတည်းက ဆိုးသွမ်းမိုက်မဲခဲ့၏။ တစ်ရွာလုံး၏ အော့ကြောလန်ဟု ဆိုလောက်၏။

ယခုလည်း သူ့ကိုမတရား စော်ကားရန် အားထုတ်လာသည်မို့ နှင်းတစ်ယောက် မျက်ရည်တစမ်းစမ်းနှင့် တီးတိုး ငိုရှိုက်မိ၏။ ယုတ်မာရိုင်းစိုင်းလှသော တုတ်ကြီး။ မမြင်မစမ်းဘဝနှင့် သွားနေရသည်ကိုပင် ဂရုမစိုက်။ လူမဆန်လွန်းလှသဖြင့် ငိုလည်းငိုမိသလို ဒေါသလည်း ထွက်မိ၏။

ထိုအချိန် မိခင်ကြီး သူ့အနားသို့ ရုတ်တရက် ရောက်ရှိလာ၏။

"ဟင်- သမီးလေး ဘာ. . . ဘာဖြစ်တာလဲ ပြောစမ်း"

"အမေ၊ ဟို- သူ. . . သူ"

"ဘယ်သူလဲ ပြောစမ်း၊ ငါ့သမီးကို ဘယ်သူ စော်ကားသတုန်း"

"အမေရယ်၊ တုတ်. . . တုတ်ကြီးလေ သမီးကို. . . "

"ဘာ- တုတ်ကြီး ဟုတ်လား၊ သူကြီးသား တုတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို သူတို့ အတင်းအဓမ္မ စော်ကားမလို့ အမေ၊ အဲဒါ မြွေ ဟောက်ကြီး ရောက်လာလို့ပေါ့"

"ဟင်- မိုက်ရိုင်းလိုက်တာကွယ်၊ မဖြစ်ဘူး ဒီကိစ္စ သူကြီးကို သွား တိုင်မယ်"

"အမေရယ်၊ ဟို- သူတို့က. . ."

"မကြောက်စမ်းပါနဲ့အေ၊ ပိုက်ဆံမရှိလို့ ဆင်းရဲလို့ဆိုပြီး အနိုင်ကျင့် စော်ကားတာတော့ ငါ လက်မခံနိုင်ဘူး။ သမီး ဒီမှာ နေခဲ့စမ်း"

ဒေါ်ရွှေရီတစ်ယောက် သမီးလေး အဖြစ်ကြောင့် ဒေါသစိတ် ပေါက် ကွဲသွား၏။ မခံမရပ်နိုင်ဖြစ်ကာ ထဘီတိုတိုဝတ်ပြီး သူကြီးအိမ်ဘက်သို့ ထွက်သွား၏။ ဒေါ်ရွှေရီအသွင်က ပိန်ခြောက်ခြောက်၊ ရှည်မျော‌မျော။ လူက မဟန်နိုင်သော်လည်း စိတ်က အထွတ်အထိပ် ရောက်နေ၏။

ထို့ကြောင့်လည်း ထဘီစွန်တောင်ဆွဲကာ သူကြီးအိမ်ရှေ့ ရောက် သွား၏။ သူ ရောက်ရှိသွားချိန်တွင် သူကြီး ဦးစံဖေသည် တန်းလျားပေါ် ထိုင်ကာ ဆေးပြင်းလိပ်တို့ကို တဖွာဖွာ လုပ်နေ၏။ ဒေါ်ရွှေရီသည် သူကြီး အိမ်ဝိုင်းထဲ ဒေါင်းတည်မောင်းတည် ဝင်လာ၏။

"ဟဲ့- မရွှေရီ ဘာတုံးဟ၊ ဘာဖြစ်လာသတုံး"

"ဘာဖြစ်ရမှာလဲ သူကြီးရဲ့၊ သူကြီးသား တုတ်ကြီးလေ"

"ဘာ- တုတ်ကြီး၊ တုတ်ကြီး ဘာဖြစ်သတုံးဟဲ့"

"တော့်သားက လူမှဟုတ်ရဲ့လား ပြောပါဦး"

"ဟေ- ဟဲ့၊ ဘယ်လိုပြောသတုံးဟ။ အေးအေးဆေးဆေး ပြော စမ်းပါ။ ဘာလဲ၊ ဒီကောင် နင့်ကို ဘာလုပ်ခဲ့သလဲ"

"ကျုပ် မဟုတ်ဘူး၊ ကျုပ်သမီး နှင်းကလေးကိုလေ လမ်းမှာ အတင်း အဓမ္မ စော်ကားဖို့ကြံတာ ဒါ လူအလုပ် မဟုတ်ဘူး"

"ဟေ- ဒီလိုလား"

"ဟုတ်တယ်၊ ရှင် အခုချက်ချင်း တုတ်ကြီးကို ထိတ်တုံးခတ်မလား မခတ်ဘူးလားပြော"

"ဟေ"

ဒေါ်ရွှေရီ၏စကား ဦးစံဖေတစ်ယောက် တွန့်ခနဲ ဖြစ်သွား၏။ တုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး လုပ်ပေါက်ကို ဦးစံဖေ အရင်ကတည်းက မကျေနပ်။ ထိတ်တုံးခတ်ပြီး ဆုံးမလိုက်ချင်သည်မှာ အသည်းတယားယား။

သို့သော် ဇနီးသည် မကြွေကို သူ မလွန်ဆန်ရဲ။ ယခုလည်း မကြွယ်နှင့် ထိပ်တိုက်တိုးရမည့်ကိစ္စဖြစ်၍ ဦးစံဖေတစ်ယောက် မျက်ခုံးလှုပ်နေ၏။

"ဟာ- ဒီကောင်တော့ အတော်ကို ပြဿနာရှာပါလား၊ ငါ. . . ငါ ဆုံးမလိုက်ပါ့မယ်ဟာ"

"မလိုချင်ဘူး၊ ခုချက်ချင်း သူ့ကို ဖမ်းပါ၊ ထိတ်တုံးခတ်ပါ။ အဲဒါကို ကျုပ် ကြည့်ချင်တယ်"

"ဟာ- ပြဿနာပဲကွာ"

ဦးစံဖေတစ်ယောက် ရှုံ့ရှုံ့မဲ့မဲ့ ပြောဆိုနေစဉ် ဇနီးသည် ဒေါ်ကြွယ် အပြင်မှ ပြန်ရောက်လာ၏။ ဒေါ်ရွှေရီကို မြင်သည်နှင့် မျက်နှာကြီး ချိုနေ၏။

"ဘာတုံး၊ ဘာလာလုပ်သလဲ"

"တော့်သား တုတ်ကြီးလေ"

"ဘာ- ငါ့သား၊ ငါသား ဘာဖြစ်သတုံး"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်သမီးကို စော်ကားဖို့ ကြံတာလေ။ အဲဒါ လာပြောတာတော့"

"အလိုတော်၊ ညည်းသမီး ကြောင်တောင်ကန်းကို ကျုပ်သားက စော်ကားတယ်။ မဟုတ်တာဘဲ မိရွှေရီရယ်၊ ကျုပ်သား အဲဒီလောက် မရိုင်းဘူး သိရဲ့လား"

"ဘာပြောတယ်၊ တော့်သား လူယုတ်မာ၊ လူမဆန်တဲ့လူကိုများ ချီးမွမ်းခံ ဖြစ်နေရသလား၊ ပိုက်ဆံမရှိဘူးဆိုပြီး မစော်ကားနဲ့နော်"

"ဘာ- အောက်တန်းစားကများ ငါ့ကို ပြန်ပက်သလား"

"ကဲဟယ်"

"ဖြန်း"

"အောင်မယ်လေးတော့ ကျုပ်ကို ပါးရိုက်တယ်၊ ကိုစံဖေ ရှင် ဘာလုပ်နေသတုံး။ ဖမ်းလေ၊ ခုချက်ချင်း လိုက်ဖမ်းစမ်း၊ ချက်ချင်း ထိတ်တုံး



www.burmeseclassic.com

www.burmeseclassic.com



ခတ်"

"ဟာ- မကြွယ်ကလည်း"

မကြွယ်ကို ဒေါ်ရွှေရီ လှစ်ခနဲ ပါးချလိုက်ပြီး အိမ်ဝိုင်းထဲမှ ဆောင့်ကြီးအောင့်ကြီး ထွက်သွားလေရာ မကြွယ်တစ်ယောက် ဒေါသတကြီးဖြစ်၍ ကျန်ခဲ့၏။

မျက်နှာကြီး နီမြန်းလာကာ သူကြီး ဦးစံဖေကို အော်ကြီးဟစ်ကျယ် အမိန့်ပေးနေ၏။

"ရှင် ဘာလုပ်နေသတုံး ပြောစမ်း"

"ဟေ- ဟို. . . ဟိုဟာကွာ"

"ဘာ- ဟိုဟာလဲ၊ ကျုပ်ကို ပါးရိုက်တာ ရှင် ကြည့်နေရက်သလား ဒါ စော်ကားတာရှင့်၊ ကျုပ်ကို စော်ကားတာ ရှင့်ကို စော်ကားတာနဲ့ အတူတူပဲ"

"ဟေ- ဟုတ်သေးဘူး မကြွယ်ရ၊ ခုဥစ္စာ မင်းသား တုတ်ကြီး သောင်းကျန်းလို့ ဖြစ်တာ"

"ဘွာ- ဘာပြောတယ် ကိုစံဖေ"

"ဘာတုံး မိန်းမရာ၊ နေရာတကာ ကိုယ့်ဘက်ကချည်း မှန်တယ် မတွက်ပါနဲ့ကွာ"

"ဘာပြောတယ်၊ ရှင်က ကျုပ်ကို အာခံသလား"

"ဟုတ်ဖူးလေကွာ၊ ဟို. . . ဟိုဒင်း"

သူကြီး ဦးစံဖေတစ်ယောက် မယားရှေ့တွင် ယက်ကန်ယက်ကန် ဖြစ်နေစဉ် တုတ်ကြီးနှင့် လေအိုးတို့နှစ်ယောက် ကုပ်ချောင်းချောင်း ဝင်လာ၏။ မိခင်လုပ်သူ အော်ဟစ်နေသည်ကို မြင်ရတော့ တုတ်ကြီး တွန့်ခနဲ ဖြစ်သွား၏။

မကြွယ်သည် သားလုပ်သူကို လှမ်းကြည့်ရင်း ပြောလိုက်၏။

"လူကလေး မင်း. . . မင်းတို့ နွားကို ဘာလုပ်လိုက်သလဲ ပြောစမ်း"

"ဟာ- အမေကလည်း တိုးတိုးပြောပါ"

"ဘာလို့ တိုးတိုးပြောရမှာလည်း ငါ့ကိုပါ ပါးရိုက်သွားတာဟဲ့"

"ဗျာ- ပါးရိုက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တော်တော် အောက်တန်းကျတဲ့ဟာတွေ။ ကဲ- ကိုစံဖေ ရှင် ဘာလုပ်မလဲ ပြောစမ်း"

"မိန်းမရာ ဒီကိစ္စ တုတ်ကြီးကိုလည်း မေးမြန်းပါဦးဟာ"

"မမေးဘူး၊ ကျုပ်သားလွန်တာ မဟုတ်ဘူးရှင့်"

"အမေကလည်းဗျာ၊ တော်ပါတော့"

"ဘာ- ဘာဖြစ်လို့ တော်ရမှာလဲ"

တုတ်ကြီးတစ်ယောက် သူ့အမှားကို သူသိနေ၏။ မိခင်လုပ်သူ၏ အော်သံဟစ်သံကြောင့် တစ်ရွာလုံး ကြော်ငြာပြီးသား ဖြစ်မှာကို စိုးရိမ် နေ၏။ ထို့ကြောင့်လည်း မိခင်ကြီးနား မနည်းကပ်ပြီး ချော့မော့ခဲ့ရ၏။

တုတ်ကြီး ပြောလာသည့် တီးတိုးစကားကြောင့် မကြွယ်ခမျာ အော် ဟစ်နေရာမှ အသံတိတ်ဆိတ်သွား၏။

"အိုကွယ်၊ အကန်းမကိုမျှား ကြံရတယ်လို့ကွယ်။ ငါ့သားနဲ့ မအပ်စပ် ပါဘူးကွယ်"

"အမေရာ ကျွန်တော်ကလည်း မူးနေတာကိုး။ အဲ- မူးနေတော့ ဘာ မှန်းမသိဘူးပေါ့ဗျာ"

"ဟုတ်ပါတယ် အရီးကြွယ်ရာ၊ ကိုတုတ်ကြီးက ဘာမှ မသိပါဘူး။ ဒါပေမယ့် ဒီကိစ္စမှာ ကျွန်တော်တို့ဘက်က လွန်တာပါ"

"တိတ်စမ်း လေအိုး၊ နင် ဘာမှ ဝင်ပြီး အဆုံးအဖြတ်ပေးစရာ မလို ဘူး။ ကိုင်း- ငါပြောမယ် နင်တို့နှစ်ယောက်စလုံး အဲဒီဘက်ခြမ်းကို သွား စရာ မလိုဘူး။ ကိုယ်နဲ့ မတူမတန်တဲ့ဟာကိုမျှား"

မကြွယ်၏ စကားတွေက သူကြီး ဦးစံဖေနားထဲ ကန့်လန့်ကြီး ဝင် လာ၏။ ဆုံးမပုံ မမှန်သော်လည်း ဝင်မပြောရဲ။ ပြောလိုက်လျှင်လည်း မကြွယ်၏ ဖွာဖွာလောင်လောင် အသံကြီး ပေါ်လာမှာစိုးသဖြင့် သားအမိ နှစ်ယောက်ကြားမှ ရှောင်ထွက်ခဲ့ရလေ၏။

ထိုအချိန်တွင် သူကြီးကတော်ကို ဒေါ်ရွှေရီက ပါးရိုက်ခဲ့သည်ဆို သော သတင်းက တစ်ရွာလုံး ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။ ထို သတင်းကို ကြားလိုက်ရသဖြင့် ဝမ်းပမ်းတသာ ဖြစ်နေသူက ဦးကြေးနီ။ တုတ်ကြီးကို ဦးကြေးနီက တစ်စက်ကလေးမှ ကြည့်မရ။

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်ပြီး ရွာထဲ ဓားတစ်ချောင်းနှင့် ရမ်းကားနေသည်ကို ဦးကြေးနီ မကျေနပ်။ တစ်ချိန်က တုတ်ကြီးတို့လူစု မူးမူးနှင့် သူတို့အိမ်ကို ခဲနှင့်ထုခဲ့ဖူး၏။ ထိုစဉ်က ဓားတစ်ချောင်းကိုင်ပြီး အတင်းလိုက်ခဲ့ရာ တုတ်ကြီးတို့လူစု ခွေးပြေးဝက်ပြေး ပြေးသွားခဲ့၏။ အဆိုပါ ပြဿနာနှင့် ပတ်သက်ပြီး ပထွေးလုပ်သူ သူကြီး ဦးစံဖေက သူ့ကို လက်နက်ကိုင်ဆောင်မှုနှင့် အတင်းဖမ်းဆီးကာ ထိတ်တုံး သုံးရက်ခတ်ခဲ့ဖူး၏။

ထိုအချိန်မှစ၍ ဦးကြေးနီတစ်ယောက် သူကြီး ဦးစံဖေတို့လူစုအပေါ် မကျေမချမ်း ဖြစ်ခဲ့ရ၏။ ယခုလည်း သူကြီးကတော်ကို မရွှေရီက ပါးရိုက်လိုက်သည်ဆိုသော သတင်းကြောင့် ဦးကြေးနီ ဝမ်းသာအားရ ဖြစ်နေ၏။

နှင်းခမျာမှာတော့ မိခင်ကြီး၏ လုပ်ရပ်ကို တအံ့တဩ ဖြစ်နေ၏။

"အမေရယ်၊ ဒေါ်ကြွယ်က တအား စိတ်ကြမ်းကိုယ်ကြမ်းရှိတဲ့ မိန်းမကြီးနော်။ ဘာဖြစ်လို့ လက်ပါလိုက်ရတာလဲ အမေရယ်"

"အို- သမီး မသိပါဘူးကွယ်၊ ဒင်းတို့က အဲဒီလို ဆုံးမပေးမှ တန်ကာကျမှာ။ သူကပါ သူ့သားကို ကာဆီးကာဆီး လုပ်နေတာကို အမေ မကြိုက်တာကွယ့်။ ပြီးတော့ မယားကြောက် သူကြီးကလည်း သူကြီးလုပ်ဖို့ကို မကောင်းဘူး။ ဘာမှ စိတ်မပူနဲ့ သမီး၊ အမေ ဒါ ပထမဦးဆုံး တုံ့ပြန်လိုက်တာပဲ။ နောက်တစ်ခါဆို ဓားမတိုကိုင်ပြီး ထွက်ပြီသာမှတ်"

"အမေရယ်"

လက်မောင်းက ပလွေ့ရိုးသာသာ၊ ပိန်ချောက်ချောက်၊ ပါးလှပ်လှပ် အသွင်ရှိသော မိခင်ကြီးပေမယ့် သမီးထိတော့ ဒေါသစိတ်တွေက မီးပွင့်သွားမတတ် ပေါက်ကွဲနေ၏။ ထို့ကြောင့်လည်း နှင်းဓာ မိခင်ကြီးကို မနည်းချော့မော့ခဲ့ရလေ၏။

ဒေါ်ရွှေရီ၏ လုပ်ရပ်ကို တစ်ရွာလုံးက တီးတိုးတီးတိုး ပြောဆိုနေ၏။ တချို့ကလည်း ဝမ်းသာအားရ ဖြစ်နေ၏။ တချို့ကလည်း သူကြီးကို မျက်နှာလို မျက်နှာရလုပ်၍ ရှုံ့မဲ့မဲ့ ဝေဖန်နေကြ၏။

သူကြီးကတော် မကြွယ်ကတော့ ဒေါ်ရွှေရီကို မကျေနပ်။ အမှုတမ်း ပြဿနာလုပ်ဖို့ စိုင်းပြင်းနေ၏။ ထိုအချိန်တွင် တုတ်ကြီးနှင့် လေအိုးတို့ နှစ်ဦးမှာ ဘုံဆိုင်တွင် စွာကျယ်စွာကျယ် လုပ်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ဖွင့်ပြီး ရောင်းချနေသော တိတ်စိန်တို့ လင်မယားမှာ သူကြီး ခွင့်ပြုချက်ကြောင့် ရောင်းချနေရသည်မို့ သူကြီးသား ဘာလုပ်လုပ် အမြဲ သည်းညည်းခံခဲ့ရ၏။ တုတ်ကြီး၏ မိုက်မဲမှုကလည်း ကမ်းကိုကုန်ရော၏။

ဆိုင်ထဲ ဝင်လာသည်နှင့် သူ မကြည်ဖြူသည့်လူများ တွေ့လျှင် အတင်း ဆဲဆိုမောင်းထုတ်တတ်၏။ ယခုလည်း သောက်သုံးနေသူ တချို့မှာ ဆိုင်ထဲက ထပြေးရ၏။

တိတ်စိန်မိန်းမ မချိုက လုံးကြီးပေါက်လှ၏။ အရပ် ထောင်ထောင် မောင်းမောင်းနှင့် ပါးစပ်ကလည်း အယုတ္တအနတ္တကိုမှ ပြောဆိုတတ်သူဖြစ်၏။ အနေအထိုင်ကလည်း ပက်စက်လှ၏။ တုတ်ကြီးကိုလည်း သားပြော မယားပြော ပြောတတ်၏။ ထိုသို့ ပြောဆိုမှုကို တုတ်ကြီးက သာယာနေ၏။ တိတ်စိန်ခမျာ တုတ်ကြီး ဘာပြောပြော တဟဲဟဲ လုပ်နေရ၏။ တုတ်ကြီးက မူးလာလျှင် ကာမဂုဏ်စိတ်တွေ မီးတောက်လာတတ်၏။

ယခုလည်း မူးလာပြီဆိုသည်နှင့် တိတ်စိန်အလစ်တွင် မချိုကို ရိသဲ့သဲ့ ပြောဆိုနေ၏။ မချိုကလည်း သူ့ကို ပင့်ပင့်မြှောက်မြှောက် ပြောဆိုနေသည်ကို သဘောကျနေ၏။

"ခင်ဗျားဗျာ၊ ယောကျ်ားအယူစောလှသဗျာ"

"အောင်မယ်၊ ငါ့ကို နင်က ဘာလုပ်ဦးမှာတုံးဟဲ့၊ တုတ်ကြီးနော်၊ ငါက နောက်ထပ် ယောကျ်ားတောင် ယူဦးမှာဟဲ့၊ တစ်ယောက်တောင် မဟုတ်ဘူး၊ သုံးလေးယောက်လောက်ကို ယူဦးမှာ"

"ဟားဟားဟား ကောင်းပါ့ဗျာ"

"ဘာတုံး၊ နင်ကရော အဲဒီထဲမှာ နံပါတ်ချိတ်ချင်လို့လား"

"ဟဲဟဲ မချိုကလည်း သိသားနဲ့၊ ထည့်. . . ထည့်ပါဦးဗျာ၊ တစ်စိတ်လောက် ထပ်ထည့်ပါဦး"

"ဟဲ့- တော်ရောပေါ့ဟဲ့၊ နင့်မိန်းမအိမ်များ မှတ်နေသလား"

"မချိုကလည်းဗျာ၊ ကျုပ်က မဝသေးဘူးဗျ။ ထည့်စမ်းပါဗျာ၊ အမြည်းလည်း ပေးနော်"

"နင်ကတော့ မလွယ်ပါဘူးဟယ်၊ အရက်ဆိုင်ကို နင့်အိမ်များ မှတ်



www.burmeseclassic.com

www.burmeseclassic.com



နေသလား မသိဘူး။ ဒါထက် နင့်အဖေ သူကြီးကိုလည်း ကြည့်ပြောပါဦး နော်၊ တစ်လောက ငါတို့ဆိုင်လာပြီး ပွစိပွစိ လုပ်နေလို့ဟဲ့"

"မပူပါနဲ့ဗျာ၊ ဒီကိစ္စ ကျုပ်ပိုင်ပါတယ်။ ထည့်စမ်းပါဗျာ"

"အေးပါဟယ်"

တုတ်ကြီး ဆိုးသမျှကို မချိုက မမှု။ စီးပွားရေးက ရှိနေသေးသည်မို့ သူကြီးနှင့် အချိတ်အဆက်မိရန်လည်း ပြောရသေး၏။ တုတ်ကြီး ပြော လိုက်ပြီ ဆိုလျှင်လည်း သူကြီးတစ်ယောက် ဆိုင်ဘက်သို့ ခြေဦးတောင် မလှည့်။

ထိုအချက်ကို မချိုက သိနေ၏။ လင်တော်မောင် တိတ်စိန်မှာ မချို ၏ ပြောပုံဆိုပုံကို မကျေနပ်လှ။ သို့သော် မချိုကို လက်နဲ့တောင် မရွယ်ရဲ။

ကိုယ်က ရွယ်ရုံရှိသေး မချိုလက်ထဲက ငရုတ်ကျည်ပွေ့၊ ပုလင်းတို့က သူ့ဆီ ပလူပျံတက်လာတတ်၏။ ပါးစပ်ကလည်း ပျစ်ပျစ်နစ်နစ် ဆဲဆို တတ်၏။ တစ်ခါတစ်ရံ သူ့ကို အိမ်ပေါ်မှ မောင်းချလေ့ရှိသဖြင့် တစ်ခွန်း တစ်ပါဒမျှ မပြောရဲ။

တုတ်ကြီးကလည်း သူ့မိန်းမ မချိုကို လက်ဆွဲလိုက်၊ ပါးဆွဲလိုက် လုပ်နေတတ်၏။ မချိုကလည်း တဟဲဟဲ။ ကြာတော့ တိတ်စိန် မခံစားနိုင်။ ဇနီးသည်ကို ပြောပြန်တော့ သဝန်တိုချည်လားဆိုကာ အိမ်ပေါ်မှ မောင်း ချလေ့ရှိ၏။

ထိုအခြင်းအရာကြောင့်လည်း တုတ်ကြီးတို့ ဆိုင်ထဲဝင်လာပြီ ဆို သည်နှင့် ရှောင်သွားလေ့ ရှိပေ၏။ ယခုလည်း တုတ်ကြီးတစ်ယောက် မူးလာသည်နှင့် တစ်ဆိုင်လုံး ပြောင်းဆန်အောင် သောင်းကျန်းနေ၏။

ခွက်တွေလွှင့်ပစ်၊ ပုလင်းတွေ ပစ်ပေါက်နှင့် ဘုရင်ကြီးတစ်ဆူ လုပ် နေ၏။ ဘယ်သူမှလည်း မပြောသာ။ သောင်းကျန်းလို့ အားရပြီဆိုမှ ဆိုင် ထဲက ယိုင်ထိုးယိုင်ထိုးနှင့် ထွက်သွား၏။

တပည့်ကျော် လေအိုးခမျာ တုတ်ကြီး၏ ခန္ဓာကိုယ်ကြီးကို မနိုင် တနိုင် ဆွဲကာ ဆိုင်ထဲမှ ထွက်ခဲ့ရ၏။ တုတ်ကြီးက အရွယ်အားဖြင့် နှစ် ဆယ်စွန်းစ ရှိသေးသော်လည်း ထင်သလိုစားသောက် မူးရူးနေသဖြင့် မျက်နှာကြီးက ထူအန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကြီးကလည်း ကျွဲပေါက်ကြီးတစ်ကောင်နှယ်ပင်။ အမူ ...က် ပရမ်းပတာနှင့် စိတ်ထဲ ထင်ရာလုပ်တတ်၏။ ယခုလည်း ဆိုင်ဖြင် ...က်သည်နှင့် တစ်ရွာလုံးကို စိန်ခေါ်နေ၏။

"ဘယ်ကောင်မိုက်သလဲကွ၊ တုတ်ကြီးကွ ဟားဟားဟား၊ ဟောဒီ ...မှာ တုတ်ကြီးကို ကျော်နိုင်တဲ့ကောင် မရှိဘူး၊ ဟုတ်သလား လေဒိုး ...ဒ"

"ဟုတ်ပါတယ် ကိုတုတ်ကြီးရယ်"

"ဟဲဟဲ ဒါမှပေါ့ကွာ။ တုတ်ကြီး လာပြီဟေ့၊ မဆိုင်သူ မကပ်နဲ့၊ ...လုံး မုဆိုးမ ဖြစ်သွားမယ်ကွ ဟားဟားဟား အေ့"

တုတ်ကြီး၏ အသံကွဲအက်အက်ကြီးနှင့် အော်သံက တစ်ရွာလုံး ...ပွက်ညံသွား၏။ တုတ်ကြီး မူးပြီ ဆိုသည်နှင့် လမ်းပေါ် ပြေးလွှားနေ ...သော ကလေးသူငယ်တို့ပင် ကြောက်အားလန့်အား ထွက်ပြေးကုန်ကြ ...

တုတ်ကြီးကလည်း လမ်းဘေး ခွေအိပ်နေသည့် ခွေးဝဲစားများကိုပင် ...လွှတ်မပေး။ အော်ဟစ်ဆဲဆိုကာ ကန်ကြောက်သွားလေ့ ရှိ၏။ ယခု ...ည်း ရွာထဲဝင်လာသည်နှင့် ကလေးတွေရော ခွေးတွေပါ ထွက်ပြေးကုန် ...

သူကြီး ဦးစံဖေမှာ တုတ်ကြီး၏ အသံပြုပြုကြီးကို ကြားလိုက်ရသဖြင့် ...ခါင်းတထောင်ထောင် ဖြစ်နေ၏။

"ဟာ- မင်း သားတော့ ရွာထဲ အော်ဟစ်နေပြန်ပြီဟ"

"အော်တာပဲ အသားပုံပါတာမှတ်လို့ရှင်၊ အော်ပစေပေါ့"

"ဟေ- ဟုတ်သေးဖူးလေ မိန်းမရဲ့၊ ဒါတော့ စဉ်းစား . . ."

"တိတ်စမ်း၊ ရှင် စကားထပ်မရှည်နဲ့။ ကျုပ်သားက ရွာကို ဒုက္ခပေး ...ာ မဟုတ်ဘူး၊ မူးလာတော့ အော်မိဟစ်မိမှာပဲ။ ရှင် နေရာတကာ ...လျှောက်မပြောစမ်းပါနဲ့ရှင်၊ ရှင်ပြောတာနဲ့ ကျွန်မသားက သူပုန်ကြီးကို ...ခ်လို့"

"ဟေ"

မိန်းမလုပ်သူ၏ စကားကြောင့် သူကြီး ဦးစံဖေတစ်ယောက် ငြိမ်သ...



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ တခြားသူသာဆိုလျှင် တပည့်ကျော် ငှက်ကြီးတို့ကိုခေါ်ကာ အတင်းဖမ်းချုပ်ပြီး ထိတ်တုံးခတ်ခိုင်းလိုက်မည်သာ။ ယခုတော့ မယားပါသား သောင်းကျန်းနေသည်မို့ သူလည်း တစ်ခွန်းမျှ မပြောသာဘဲ ငြိမ်နေရ၏။

ထိုအချိန်တွင် တုတ်ကြီးနှင့် လေအိုးတို့နှစ်ဦး ရွာလယ်လမ်းမကြီးလမ်းအပြည့် လျှောက်လာကြပြီး အိမ်ဝိုင်းထဲ ခေါင်းငိုက်စိုက်ဝင်လာ၏။

"အမေ၊ ဗျို့ အမေရှိလား"

"ဟဲ့ သား လူကလေး၊ မင်း မူးလာသလား"

"ဟုတ်တယ် မူးတယ်၊ ဘာစားစရာရှိသလဲ အော့။ ဗိုက်ဆာသဗျအော့"

"စားရမှာပေါ့ သားရယ်၊ ကိုင်းကိုင်း တန်းလျားမှာ ထိုင်လိုက်"

မကြွယ်က သားလုပ်သူ၏ လက်မောင်းကို ဆွဲကာ တန်းလျားတွင် အတင်းထိုင်ခိုင်းလိုက်၏။ တုတ်ကြီးတစ်ယောက် ခေါင်းတောင်မထူနိုင်။ ပါးစပ်ကလည်း သွားရည်တွေ တမျှားမျှား ကျနေ၏။

တပည့်ကျော် လေအိုးမှာလည်း ခေါင်းတယမ်းယမ်း၊ ကိုယ်တယိမ်းယိမ်း ဖြစ်နေ၏။ မကြွယ်သည် သားအတွက် မီးဖိုချောင်ထဲဝင်ကာ ဟင်းထမင်းများကို ခူးခပ်လာ၏။

သူ အပြင်ပြန်ရောက်လာတော့ တုတ်ကြီးရော လေအိုးပါ တန်းလျားပေါ်တွင် ခေါင်းထိုးအိပ်နေကြပြီ ဖြစ်၏။ နှိုးလို့လည်း ဘယ်လိုမှ မရတော့။ နောက်ဆုံး ထည့်လာသည့် ထမင်းဟင်းပန်းကန်များကို သိမ်းဆည်းကာ အိမ်ကြီးအပေါ်ထပ်သို့ တက်သွားလေ၏။

တုတ်ကြီးတို့ ဆရာတပည့်နှစ်ဦးမှာ မူးမူးနှင့် တခူးခူး ဟောက်သံကြီးတွေပေးရင်း အိပ်ပျော်နေဆဲ။

အချိန်အခါမှာ ညဦးပိုင်း အချိန်အခါ ဖြစ်၏။ ရွာကလေးမှာလည်း မီးရောင်ဝါဝါလေးများ တလင်းလင်း တလက်လက် တောက်ပလာ၏။

အမှောင်ထုက ဝိုးတဝါး။ လပြည့်ကျော် သုံးရက်မို့ လမင်းကြီးက နောက်ကျမှ ထွက်လာ၏။ ဝင်းလဲ့နေသောလရောင် ပေါ်လာသောအခါ မနီပိုးရွာကလေးမှာ ရွှေရောင်တဖိတ်ဖိတ် တောက်နေ၏။ အမှောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ပိုးစုန်းကြူးကလေးများလည်း တလက်လက်နှင့် ဟိုဒီ ပျံဝဲနေဆဲ။ ညလယ်ပိုင်းသို့ ရောက်လာလေလေ အေးချမ်းမှုက ပိုလာလေလေပင်။ လေ[redacted] နှင့်အတူ နှင်းငွေ့နှင်းမှုန်တို့ပါ သက်ဆင်းလာ၏။

တုတ်ကြီးနှင့် လေအိုးတို့ နှစ်ဦးမှာ အေးလို့ အေးမှန်းပင် မသိတော့၊ ပုဆိုးခြုံကာ တန်းလျားပေါ် ကွေးလို့ကောင်းနေကြဆဲ၊ ထိုအချိန် တရှဲရှဲ မြည်သံကြီးက အိမ်ဝိုင်း၏မြောက်ဘက် ဝါးရုံပင်များကြားမှ ပေါ် လာ၏။

ထိုအသံကြီးနှင့် မရှေးမနှောင်းမှာ နီတောက်တောက် မျက်လုံးကြီး နှစ်လုံး ပေါ်လာ၏။ မြေပြင်ကို ပွတ်တိုက်လျှောထိုးသံကြီးကလည်း ပို၍ စူးစူးရဲရဲ ပေါ်လာ၏။ တိတ်ဆိတ်သော ညကို ဖောက်ထွက်လာ၏။ ထိုအသံ စူးရဲရဲကြောင့် ဦးစွာ လန့်နိုးလာသူက လေအိုး။

ခြေရင်းဘက် အမှောင်ထုထဲကို ကြည့်ရင်း ငေါက်ခနဲ ထထိုင်လိုက်ပြီး တုတ်ကြီးကို လှုပ်နှိုးလိုက်၏။

“ကိုတုတ်. . . ကိုတုတ်ကြီး”

“ဘာ. . . ဘာတုံးကွာ”

“ထ. . . ထစမ်းပါဦး၊ ဟို. . . ဟိုမှာ”

“ဘာလဲကွာ၊ မင်းကလည်း”

“ဟို. . . ဟိုမှာဗျာ၊ ဘာကြီးလဲ မသိဘူး”

“ဟေ”

လေအိုး၏ စကားသံကြောင့် တုတ်ကြီး အိပ်ချင်မူးတူးနှင့် နိုးလာ၏။ လေအိုး ညွှန်ပြသော နေရာကို ကြည့်ရင်း မျက်လုံးကြီးပြူးသွား၏။ တရှဲရှဲ တဖူးဖူး မြည်သံများနှင့်အတူ သူတို့အနားသို့ တရွေ့ရွေ့ တိုးလာနေသော သတ္တဝါကြီးတစ်ကောင်။

“ဟာ- ဘာကြီးလဲကွ”

“မြွေ. . . မြွေဟောက်ကြီးဗျို့”

လေအိုး ထိုင်ခုံမှ ဒရောသောပါး ထပြေး၏။ သို့သော် ခါးတွင် လျော့ရဲရဲ ဖြစ်နေသော ပုဆိုးကြောင့် ပုဆိုးအောက်ခြေစနှင့် တုပ်ကာ ဟပ်ထိုး လဲသွား၏။ ထိုအခါ မြွေဟောက်ကြီးက လေအိုး၏ လည်ပင်းကို သတ်ခနဲ ကိုက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လေအိုးတစ်ယောက် ငယ်သံပါအောင် အော်ဟစ်ရင်း ပါးစပ်မှ အမြှုပ်များစီစီ ထွက်ကာ တုံးခနဲ အသက်ပျောက်သွားလေတော့၏။

"ဟာ- မြွေ. . . မြွေကြီးဗျ၊ လုပ်ကြပါဦး"

"ရှူး ရှူး"

"အောင်မယ်လေးဗျ"

တုတ်ကြီး ကြောက်အားလန့်အားနှင့် တန်းလျားပေါ်မှ အနောက်ဘက်သို့ လွှားခနဲ ခုန်ချလိုက်ပြီး အိမ်ကြီးပေါ် ဒရောသောပါး တက်ပြေးလေ၏။ ဦးစံဖေတို့ လင်မယားမှာလည်း ပုဆိုးမနိုင် ထဘီမနိုင်နှင့် ထလာကြ၏။ တုတ်ကြီးခမျာ သူတို့အိပ်ခန်းထဲ အူယားဖားယားနှင့် အပြေးဝင်လာ၏။

"အမေ. . . အမေ"

"ဟဲ့ဟဲ့ ဘာဖြစ်တာတုံးဟဲ့"

"မြွေ. . . မြွေကြီးဗျ"

"ဟေ- ဘယ်မှာတုံး"

"လုပ်ပါဦးဗျ၊ ကျွန်တော့်နောက်ကို လိုက်လာပြီ"

"ဟေ- ဘယ်မှာလဲ"

"ကြောက်တယ်. . , ကြောက်တယ်ဗျ"

"ဟာ- မင်းကလည်း စွတ်အော်နေတာပဲ၊ ဘယ်မှာရှိလို့တုံးကွ"

"ဗျာ- စောစောက. . ."

"မရှိတော့ပါဘူးကွာ၊ အသေအချာ ကြည့်ပါဦး"

ဦးစံဖေ၏ စကားကြောင့် တုတ်ကြီးတစ်ယောက် သူတို့ခြင်ထောင်ထဲမှ မရဲတရဲ ထွက်လာ၏။ အပြင်ရောက်သည်အထိ ကြောက်စိတ်က မပြေနိုင်သေး။ သူတို့လူစု အိမ်အောက်ဆင်းကြည့်တော့ လေအိုးတစ်ယောက် အိမ်ဝိုင်းထဲ၌ လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရသဖြင့် အားလုံး ထိတ်လန့်ချောက်ချားနေကြ၏။ တုတ်ကြီးမှာ တပည့်ဖြစ်သူ သူ့မျက်စိအောက်တွင် မြွေကိုက်ပြီး သေဆုံးသွားသည်ကို ကိုယ်တိုင်တွေ့ကြုံလိုက်ရသဖြင့် မအိပ်နိုင် မစားနိုင် ဖြစ်နေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



လေအိုးအလောင်း မြေကျသွားသည့် အချိန်မှစ၍ တုတ်ကြီးတစ်ယောက် မှောင်လာလျှင် အပြင်သို့ ထွက်မရပ်ရဲတော့။ အမှောင်ထဲကိုသည်း ရဲရဲမကြည့်ဝံ့။ ပို၍ ချောက်ချားဖွယ်ကောင်းလှသည်က သူ့နားထဲမွှတွန့်သံများ စဉ်ဆက်မပြတ် ကြားနေရခြင်းပင် ဖြစ်လေ၏။ ထိုအခါသခုလို ချောက်ချားဖွယ်ရာ အဖြစ်များ ပေါ်ပေါက်လာရသည်မှာ နှင်းကြောင့်ဟု ဇာတ်ကြီး ထင်မြင်လာ၏။ သူ့အယူအဆကို မိခင်ကြီးအားပြောပြခဲ့၏။ ထိုသို့ ထင်ရာမြင်ရာ ပြောဆိုခဲ့ကြရာမှ နောက်ဆုံးတော့နှင်းတစ်ယောက် မိန်းမဆိုးကြီး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

စေတနာကြောင့်
ကုသိုလ် အကုသိုလ် ဖြစ်ပေါ်လာရ၏။
စေတနာသည်ပင်
ဘဝ၏ အကြောင်းတရား ဖြစ်၏။
စေတနာ မမှန်လျှင်
ဘဝသည် ရှင်သန်လိမ့်မည် မဟုတ် . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

သူကြီးကတော် မကြွယ်တစ်ယောက် နှင်းတို့ သားအမိအပေါ် အကျိတ်အခဲ ထားခဲ့၏။ ရွာထဲတွင် သူ့အရှိန်အဝါကလည်း ရှိသည်မို့ သူပြောသမျှကို ယုံကြည်သူလည်း ရှိ၏။ မကြွယ်၏ ပါးစပ်ထဲတွင် နှင်းတို့ သားအမိမှာ စုန်းမ၊ တစ္ဆေမတွေ ဖြစ်နေကြပေ၏။

လူ့စိတ်ဆိုတာ ဆန်းကြယ်လွန်းလှ၏။ စကားတွေ ချဲ့ကားပြောဆိုခဲ့ကြရာမှ နောက်ဆုံးတော့ ရွာထဲမှာ ခေါင်းမဖော်နိုင်အောင် ဖြစ်ခဲ့ကြရလေ၏။

ထူးဆန်းသည်မှာ နှင်းထံသို့ မြွေဟောက်နက်ကြီး မကြာခဏ ရောက်ရှိလာတတ်ခြင်းပင်။

ဘုရားစေတီပေါ် ရောက်လျှင်လည်း မြွေဟောက်နက်ကြီး ရောက်လာတတ်၏။ သူ အိမ်ပြန်လျှင်လည်း နောက်မှ တရွရွ လိုက်လာတတ်၏။ ရွာသားတချို့ကလည်း သူ့နောက်မှ တရွရွ လိုက်ပါသွားသော မြွေကြီးကို ကြည့်ပြီး အံ့အားသင့်နေ၏။

သူကြီးကတော် မကြွယ်ပြောသလို နှင်းသည် စုန်းတစ္ဆေ အတတ်တတ်သူတစ်ဦးဟု ထင်မြင်လာကြ၏။ ရွာထဲက အပြောအဆိုများကြောင့် နှင်းတို့သားအမိမှာ အလိုလိုနေရင်း လူတောသူတောထဲ မသွားရဲအောင် ဖြစ်နေ၏။

နှင်းနောက် တကောက်ကောက် လိုက်နေသော မြွေဟောက်နက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့အိမ်ဝိုင်းထဲရှိ စပါးကျီထဲ အမြဲတမ်း ခွေနေတတ်၏။ နှင်း အိမ်ပေါ်က ဆင်းလာပြီဆိုလျှင် တွန်သံပေး၍ ပါးပျဉ်းတထောင်ထောင် လုပ်တတ်၏။

မိခင်လုပ်သူမှာ သမီးနောက်မှ လိုက်နေသော မြွေကြီးကိုကြည့်ကာ စိတ်ထဲ မသာမယာ ဖြစ်နေရ၏။

"ခုက်ပ့ါ သမီးရယ်၊ အဲဒီလို သမီးနောက် လိုက်နေတာမို့ အမေတို့ကို ရွာထဲက ပြောနေကြပြီ"

"သမီးလည်း ဘယ်လိုမှ မောင်းမရ ခြောက်မရဘူး အမေရယ်၊ သွားပါတော့ပြောလည်း ခဏပဲ။ အမေလည်း မြင်သားပဲ၊ သမီးလည်း ဘာလုပ်ရမှန်း မသိဘူး။ ဒါပေမယ့် အမေရယ်၊ သမီးကို သူက စောင့် ရှောက်တဲ့သဘောဆိုတော့ သမီး ဘယ်လို မောင်းထုတ်ရက်မှာလဲ"

"ဟုတ်သားကွယ်၊ အမေလည်း သူ့ကို စိုးရိမ်မိတယ်။ တုတ်ကြီးတို့ လူစုက သူ့ကို သတ်ဖြတ်ဖို့ ချောင်းမြောင်းနေကြတာကွယ့်၊ ပြီးတော့ သူကြီးကတော် မကြွယ်လုပ်တာနဲ့ အမေတို့လည်း စုန်းမတွေ ဖြစ်နေပြီ"

"အမေရယ်၊ ဒီမိန်းမကြီးစကားကို မှုစရာ မလိုပါဘူး။ သမီးတို့ဟာ ဘယ်သူ့အကျိုးကိုမှ ပျက်အောင် မလုပ်ခဲ့ပါဘူး၊ သမီး ဘုရားမှာ သစ္စာ ဆိုရဲပါတယ် အမေရယ်"

သူတို့သားအမိနှစ်ယောက် မြွေဟောက်နက်ကြီးကြောင့် စိတ်သော က ရောက်နေကြသော်လည်း သူတစ်ပါး သတ်ဖြတ်သွားမှာကို အလွန် အလွန်မှ စိုးရိမ်နေကြ၏။

ထိုအချိန် တုတ်ကြီးတစ်ယောက် စိတ်ထဲ တနုံ့နုံ့ ခံစားနေရ၏။ နှင်းကို စော်ကားမော်ကား လုပ်မိသည့်အချိန်မှစ၍ သူ့မျက်လုံးထဲ မြွေ တွေကို အမြဲ မြင်နေရ၏။ မြွေတွန်သံတွေ ကြားနေရ၏။

ဖဲဝိုင်း၊ အရက်ဝိုင်း သွားလျှင်လည်း သူ့နောက်မှ မြွေဟောက်နက် ကြီး လိုက်လာသလိုလို ရင်တထိတ်ထိတ် ခံစားခဲ့ရ၏။ တစ်ခါနှင့်တွင် သူကြီးကတော် မကြွယ်တစ်ယောက် အင်းထဲ ပိုက်ဆံတောင်းပြီးအပြန် မြွေကိုက်ခံလိုက်ရ၏။ ကိုက်သည့်မြွေက ဘာမြွေမှန်း မသိ။ တတ်ကျွမ်း နားလည်သူတွေက ချောင်းစပ်တွင် ပုံလျက်သားလဲကျနေသော မကြွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းပွေ့ကာ ဆေးဆရာတစ်ဦးကို ပြသခဲ့၏။ ဆေးဆရာကြီးသည် မကြွယ်၏ ဒဏ်ရာကို ချက်ချင်း ခွဲစိတ်ကာ မြွေဆိပ်ထုတ်ပစ်ခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့သော်လည်း ခြေထောက်တစ်ဖက် ဆွံ့တဲ့တဲ့ ဖြစ်ခဲ့ရ၏။

သူကြီး ဦးစံဖေနှင့် တုတ်ကြီးတို့နှစ်ဦး မကြွယ်နောက်သို့ လိုက်လာကြ၏။ တုတ်ကြီးမှာ တောက်တခေါက်ခေါက်။ မိခင်ဖြစ်သူတို့ ကိုက်သည့်မြွေမှာ နှင်းနောက်သို့ တကောက်ကောက် လိုက်နေသည့် မြွေဟောက်ကြီးဟု ယူဆနေ၏။

မိခင်ကြီးကို ရွာသို့ ပြန်ခေါ်လာပြီးနောက် တုတ်ကြီးစိတ်ထဲ နှင်းတို့သားအမိကို ဒုက္ခပေးရန် ကျိတ်၍ ကြံစည်ခဲ့၏။ တစ်ချိန်တွင် နှင်းတစ်ယောက် တဲကလေးထဲ တစ်ယောက်တည်း ကျန်ခဲ့၏။ မိခင်ကြီးမှာ အင်းထဲဘက်သို့ မနက်မိုးမလင်းခင်ကတည်းက ထွက်သွားခဲ့၏။

ထိုအခွင့်ရေးကို တပည့်ဖြစ်သူ စိုးအောင်က သတင်းပေးလာ၏။ တုတ်ကြီးသည် ဘုံဆိုင်ထဲ တစ်နေကုန်ထိုင်ကာ တမူးတလဲ သောက်နေ၏။ စိုးအောင် ပြောလာသည့်စကားကြောင့် တုတ်ကြီး ဝမ်းသာအားရဖြစ်နေ၏။

"ကောင်းတယ် ဒီစုန်းမကို အပြတ်ရှင်းရမယ်ကွ၊ ငါ့တိုရော ငါ့အမေကိုပါ ဒီစုန်းမက မြွေနဲ့ တိုက်ခဲ့တာကွ။ ဒီတော့ မင်းတို့လူစု ငါခိုင်းတာလုပ်စမ်းကွာ"

"ဗျာ- ဖြစ်ပါ့မလား ဆရာရယ်"

"ဘာလို့မဖြစ်ရမှာလဲကွ၊ ဒီရွာမှာ ငါ ဘယ်နှပတ်လှည့်လှည့် လှည့်လို့ရပါတယ်ကွာ။ ဟားဟားဟား ဟေ့ကောင် စိုးအောင်"

"ဗျာ- အာစရိ"

"မင်းတပည့် ခင်မောင်ရင်တို့လူသိုက်က စိတ်ချရရဲ့လားကွ"

"စိတ်ချစမ်းပါ ဆရာရယ်၊ ဒီကောင်တွေက လက်ရဲဇက်ရဲသေး ရှိသဗျ။ အာစရိ ဘာလုပ်ချင်သလဲသာပြော"

"ဟုတ်ပြီ၊ ငါလုပ်ချင်တာကတော့ အဲဒီစုန်းမကို အပြတ်ရှင်းချင်တာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လေ၊ ဆရာ ဖြစ်ချင်သလို ဖြစ်စေရမှာပေါ့"

"ကိုင်း- ဒါဆို ဒီလိုလုပ်ကွာ"

တုတ်ကြီးတစ်ယောက် ဆင်ကြံကြံထားသည့် အတွေးကို ထုတ်ပြီး ပြောပြလိုက်၏။ စိုးအောင်တို့လူသိုက် ခေါင်းတညိတ်ညိတ်။ စားပွဲပေါ်မှာလည်း အရက်ပုလင်းခွံများ၊ အမြည်းပန်းကန်များ ဖွေးဖွေးလှုပ်နေ၏။

စိုးအောင်တို့လူသိုက်ကလည်း အကြောက်အရွံ့ နည်းသူများ ဖြစ်ကြ၏။ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ကြမည့်သူများ ဖြစ်လေ၏။ သူတို့လူစု ဆင်ကြံကြံနေစဉ် နှင်းတစ်ယောက် သူ့အနား ပါးပျဉ်းတထောင်ထောင် လုပ်နေသော မြွေဟောက်နက်ကြီးကို စိုးရိမ်တကြီး ပြောဆိုနေ၏။

"သွားပါတော့ကွယ်၊ မင်းအတွက် အန္တရာယ်ကြီးလွန်းလို့ ပြောနေတာပါ မြွေကြီးရယ်"

"xxx. . . xxx"

"ခက်ပါ့ကွယ်"

မြွေကြီးက သူ့ကိုယ်ပေါ် တလျှောလျှော ထိုးတက်လာကာ အိမ်မွေးကြောင်ကလေးပမာ တွယ်တာနေပြီ ဖြစ်၏။ နှင်း ဘာလုပ်၍ လုပ်ရမှန်းမသိ။ တန်းလျားတွင် တစ်ယောက်တည်း ထိုင်ရင်း မြွေဟောက်နက်ကြီးကို တီးတိုးစကား ဆိုနေမိ၏။

ထိုအချိန် ဖိုးငယ်တစ်ယောက် အိမ်ဝိုင်းထဲသို့ အပြေးအလွှား ဝင်လာ၏။ မြွေကြီးကို မြင်တော့ နောက်တွန့်နောက်တွန့် ဖြစ်သွား၏။

"ဟာ- မြွေ. . . မြွေကြီး"

"မကြောက်စမ်းပါနဲ့ ဖိုးငယ်ရယ်၊ မြွေကြီးက မမတို့ မိတ်ဆွေကြီးပါကွယ် လာလာ"

ဖိုးငယ်တစ်ယောက် မရဲတရဲနှင့် နှင်းအနားသို့ ရောက်လာ၏။ မြွေကြီးက သူ့ကိုမြင်သည်နှင့် ပါးပျဉ်းကြီးထောင်ပြီး တွန်သံပေးလိုက်၏။ နှင်းက မြွေကြီး၏ ပါးပျဉ်းကို ပွတ်သပ်ပြီး တီးတိုးပြောလိုက်၏။

"မမနှင်း၊ အဲ. . . အဲဒီမြွေကြီးက ကိုက်လား"

"မကိုက်ပါဘူးကွယ်၊ မကြောက်ပါနဲ့"

"ကျွန်တော်တော့ ရဲရဲတောင် မကြည့်ရဲဘူးဗျာ၊ မမကို ရွာထဲက

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြွေကြီးကြောင့် ဥစ္စာစောင့်လို့တောင် ပြောနေကြပြီ။ တချို့ကလည်း စုန်းမကြီးတဲ့"

"ပြောချင်တာတွေ ပြောကြပါစေကွယ်၊ မမနှင်းဟာ ခုချိန်ထိ ဘယ်သူ့ကိုမှ မကောင်းတာ မလုပ်ခဲ့ပါဘူးကွယ်။ လူ့ပါးစပ်ဆိုတာ ဒီလိုပါပဲကွယ်၊ မရှိခိုးနိုး မလှုစုန်းမျိုး ပြောကြစမြဲပါ။ ပြောကြစမ်းပါစေကွယ်၊ ကိုယ်မကောင်းတာ မလုပ်မိဖို့ဘဲ လိုတာပေါ့ကွာ"

"ကျွန်တော်က မမကို အဲဒီလို ပြောကြတာကို မကြိုက်ဘူး၊ ပြီးတော့ တိုတုတ်ကြီးတို့လူစုက မမနှင်းကို အမြဲ စားကြိမ်းတုတ်ကြိမ်း လုပ်နေတာဗျ"

"ပြောမနေပါနဲ့ကွယ်"

နှင်းတစ်ယောက် တုတ်ကြီးဆိုသော အမည်ကို ကြားတောင် မကြားလို၊ သူ့ဘဝကို ရေတိမ်နစ်လုဆဲဆဲဖြစ်အောင် စော်ကားရိုင်းပျခဲ့သော လူယုတ်မာကြီး။

ရင်ထဲ အမြဲတမ်း မကျေမချမ်း ဖြစ်ခဲ့ရ၏။ အားနွဲ့သူဆိုပြီး မတရား အနိုင်ယူချင်သည့် လူယုတ်မာကို နှင်း ဒေါသဖြစ်ခဲ့ရ၏၊ သို့သော် သူ့စိတ်ထဲ တုံ့ပြန်လိုစိတ် အလျှင်းမရှိ။ ကံကံ၏အကျိုးဟူသာ နှလုံးသွင်းခဲ့၏။

ဖိုးငယ်ကတော့ သူ့ဘက်က မကျေနပ်။ သူ့ပေါင်ပေါ် ခွေနေသော မြွေကြီးကိုကြည့်ပြီး ဖိုးငယ် မကျေနပ်။

"မမနှင်းရာ၊ အဲဒီမြွေကြီးကို မောင်းထုတ်လိုက်စမ်းပါဗျာ။ သူ့ကြောင့် မမနှင်း အပြောခံရတာဗျ"

"အို- မောင်းလို့မှ မရဘဲကွယ်၊ မမလည်း သူ့ကို အမြဲ ပြောတာပဲ။ သူကမှ နားမထောင်ဘဲကွယ်"

ဖိုးငယ်တစ်ယောက် မြွေကြီးကို ကြည့်ရင်း စူပွစူပွနှင့် ပြောဆိုကာ အိမ်ဝိုင်းထဲမှ ထွက်သွား၏။ ထိုအချိန်တွင် အိမ်ဝိုင်းအပြင်ဘက်တွင် စိုးအောင်တို့လူစု အခြေအနေ ကြည့်နေ၏။ အိမ်ဝိုင်းထဲ တလျှောလျှော သွားလာနေသည့် မြွေကြီးကို မြင်ရသောအခါ စိုးအောင်တို့လူစု အိမ်ဝိုင်းထိပ်တောင် ခေါင်းမပြုရဲ။

သို့သော် တုတ်ကြီး ပြောလိုက်သည့် အစီအမံကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်ရန်အတွက် ဆင်ကြံကြံနေကြလေ၏။ နှင်းကတော့ သူတို့လူစု ဘယ်သို့ဘယ်ပုံ ကြံစည်နေသည်ကို မသိ။ မြွေကြီးကိုသာ တတွတ်တွတ် ပြောဆိုနေ၏။

ထိုအချိန်တွင် မြွေကြီးသည် နှင်း၏ကိုယ်ပေါ်မှ လျှောတိုက်ဆင်း သွားကာ အိမ်ဝိုင်းထဲ ပါးပျဉ်းတထောင်ထောင် လုပ်နေ၏။ နှင်းသည် မြွေကြီးကိုကြည့်ပြီး စိတ်ထဲ သံသယဖြစ်လာ၏။ မြွေကြီး၏ အမူအရာက တစ်ခုခု ထူးခြားနေသလိုပင်။

ထိုအချိန် မိခင်ကြီးတစ်ယောက် ငါးခြောက်ငါးခြမ်းတွေ ပိုက်ကာ အိမ်ဝိုင်းထဲ ဝင်လာ၏။

"သမီးရေ ဒီနေ့တော့ အင်းသူကြီး မွေးနီက သဘောတွေကောင်းနေ တယ်ဟေ့။ ဟင်းစားတွေ ပေးလိုက်တာ တစ်ပုံတစ်ခေါင်းပဲ"

"ဟုတ်လား၊ ဘာတွေတုံး အမေ"

"ငါးရံ့ခြောက်ကြီးတွေလေ၊ မီးဖုတ်ပြီး ဆီရွှဲရွဲနဲ့ စားလိုက်ရလို့က တော့ ကောင်းပဲ့ကွယ်။ ကိုင်း- အမေ ရေချိုးသွားဦးမယ် သမီးရေ"

"ဒါဆို သမီး ငါးခြောက်ဖုတ်ထားလိုက်ဦးမယ်"

"ကောင်းသားပဲ သမီးရဲ့"

နှင်းသည် မိခင်ကြီးထံမှ ငါးခြောက်ငါးခြမ်းတွေ ယူကာ မီးဖိုတဲ ကလေးထဲ ဝင်၍ မီးဖုတ်လိုက်၏။ တရှိန်ရှိန် ထိုးတက်လာသည့် ငါးခြောက် ဖုတ်နံ့က အိမ်ဝိုင်းတစ်ခုလုံး ဝေ့ဝဲပျံ့နှံ့သွား၏။

ထိုအချိန် ချောင်းဘက်မှ ပြန်လာသော မိခင်ကြီးသည် တဲထဲဝင်ကာ သနပ်ခါးလိမ်းနေ၏။

"ရှူး ရှူး"

"ဟဲ့- ဟိုကောင်ကြီး အသံကြားနေရပါလား"

"ဟုတ်တယ် အမေ၊ အိမ်ရှေ့ ဧည့်သည်များ လာနေသလား မသိ ဘူး"

"ထွက်ကြည့်စမ်းပါဦး သမီးရယ်"

"အို- အမေကလည်း သမီးက မြင်မှ မမြင်ရတာ"

နှင်းက မီးဖိုချောင်ထဲမှ တဲအပြင် ခေါင်းပြူပြီး ကြည့်လိုက်၏။ ထိုအ



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် စိုးအောင်တို့လူစုသည် အိမ်ဝိုင်းအနောက်ဘက် ဝါးရုံပင်များကြား သို့ ရောက်ရှိလာ၏။

ခေါင်းဆောင်လုပ်သူ တုတ်ကြီးကလည်း စိုးအောင်တို့လူစုနှင့် ပါလာ၏။ အချိန်အခါမှာ အမှောင်ထု ဖုံးလွှမ်းစပြုနေသည့် အချိန်အခါ ဖြစ်လေ၏။ ပုစဉ်းရင်ကွဲ မြည်သံကလည်း တဒီဒီ မြည်နေ၏။

စိုးအောင်နှင့် ခင်မောင်ရင်တို့ နှစ်ဦးသည် အသင့်ယူလာသော မီးတုတ်များကို မီးရှို့လိုက်ပြီး နှင်းတို့ သက်ငယ်ခေါင်မိုးပေါ် ပစ်တင်လိုက်၏။

မီးအရှိန်က တရဲရဲ။ ကြွပ်ရွနေသော သက်ငယ်ပျစ်များမှာ မီးရှိန်ကြောင့် တညီးညီး တောက်လောင်လာလေ၏။

ထိုအချိန် မီးတုတ်တွေက တဲပတ်ပတ်လည်သို့ တစ်ခုပြီးတစ်ခု ရောက်ရှိလာရာ တဲပတ်ပတ်လည်တွင် မီးတောက်မီးညွန့်ကြီး တဟဲဟဲနှင့် တောက်လောင်လာလေတော့၏။

"ဟယ်- မီး မီး"

"လုပ်. . . လုပ်ကြပါဦး"

"ကယ်ကြပါဦးရှင့်"

သူတို့သားအမိနှစ်ယောက် တဲထဲက အပြင်မထွက်ရဲ။ မီးတောက်ကြီးတွေကလည်း ထုပ်တန်းတွေ၊ ထရံတွေကိုပါ စွဲလောင်ကုန်၏။ အော်ဟစ်ပါသော်လည်း ကယ်မယ့်ကူမယ့်သူ မရှိ။

မီးအရှိန်က တဖြည်းဖြည်း ကြီးလာ၏။ ဒေါ်ရွှေရီခမျာ မီးတောက်မီးရှိန်တွေကြား မတိုးသာ မဆုတ်သာ ဖြစ်နေ၏။ ထိုစဉ် ထုပ်တန်းကြီးပါ မီးစွဲ၍ သူ့ကိုယ်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကြလာလေ၏။

"အောင်မယ်လေး"

"အမေ. . . အမေ"

"အား- အောင်မယ်လေး ပူလှချည်ရဲ့"

"အမေ. . . အမေ"

"ရှူး ရှူး"

မိခင်ကြီး၏အသံ ကြားလိုက်ရသော်လည်း နှင်းကိုယ်တိုင် [illegible] ၏။ ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် ငိုကြီးချက်မ ဖြစ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြီးကလည်း တရဲရဲ။

မီးခိုးတွေကလည်း တဲထဲ လုံးထွေးနေသဖြင့် အသက်တောင် ဝဝမရှူနိုင်တော့။ အပူရှိန်ကလည်း စူးရဲလာ၏။ နှင်းတစ်ယောက် တောင်ပြေးမြောက်ပြေးနှင့် အရှူးမီးဝိုင်းသလို ခံစားနေရ၏။

ထိုအချိန် မိခင်ကြီး ဒေါ်ရွှေရီခမျာ မီးတောက်ကြီးတွေကြား အတင်းရုန်းထွက်ပါသော်လည်း ကိုယ်ပေါ် မီးတွေ စွဲလောင်ကာ အော်ရင်းဟစ်ရင်းငြိမ်သက်သွားလေတော့၏။

"အမေ. . . အမေရေ၊ သမီးကို ကယ်ပါဦး"

"ရှူး ရှူး"

တရှူးရှူးနှင့် အသံကြီးကို ကြားလိုက်ရသဖြင့် မြွေဟောက်ကြီးကို သတိရလာ၏။ သူ့အခြေအနေက မီးတောက်ကြီးထဲ စုံးစုံးမြုပ်ရတော့မည့် အခြေပင်။ ထိုစဉ် သူ့ကိုယ်ပေါ် မြွေဟောက်နက်ကြီး လျှောထိုးတက်လာကာ သူ့ကိုယ်ကို တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်လိုက်၏။

နှင်း မြွေကြီးကိုကြည့်ပြီး အံ့အားသင့်နေ၏။ မြွေကြီးသည် သူ့တစ်ကိုယ်လုံးကို ရစ်ပတ်လိုက်ပြီး မီးတောက်ထဲမှ တလှိမ့်လှိမ့်နှင့် ရုန်းထွက်လိုက်၏။

နှင်း အံ့ဩလို့မဆုံးတော့။ မြွေကြီး ဘယ်ကဘယ်ပုံ သူ့အနားရောက်လာသည် မသိ။ မီးတောက်ထဲမှ သူ့ကိုခေါ်ပြီး အလွတ်ရုန်းပုံမှာလည်း အံ့ဩဖွယ်ရာပင်။

မီးတောက်အပြင်သို့ ရောက်သည်နှင့် မြွေကြီးက ရစ်ပတ်ထားသည့် ကိုယ်လုံးကြီးကို ဖြေပေးလိုက်၏။ နှင်းသည် အတင်း ရုန်းထွက်ရင်း မီးတဟုန်းဟုန်း လောင်ကျွမ်းနေသော အိမ်ဘက်သို့ လှည့်၍ အော်ဟစ်လိုက်၏။

"ကယ်ကြပါဦးရှင်၊ အမေ အမေ့ကို ကယ်ကြပါဦး။ အမေရေ့"

ပါးစပ်က တတွတ်တွတ် အော်ဟစ်နေ၏။ သူ့အော်သံကြောင့် ရွာထဲကလူတွေ ရောက်ရှိလာ၏။ အော်ကြဟစ်ကြ ရေပက်သူပက်၊ တဲဖျက်သူဖျက်နှင့် ရှုပ်ယှက်ခတ်နေ၏။ နှင်းခမျာ အိမ်ဝိုင်းအပြင်ဘက်တွင် ထိုင်ကာ မိခင်ကြီးသတင်းကို နားစွင့်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ခန့် အကြာတွင် မီးငြိမ်းသွား၏။ နှင်းတစ်ယောက် မိခင်ကြီး၏ အခြေအနေကို မေးမြန်းနေ၏။ ဦးကြေးနီတို့လူစု မီးဝိုင်းငြိမ်းသတ်ရင်း နှင်းအနားသို့ ရောက်ရှိလာ၏။

"အဘကြေးနီ၊ အမေရော. . . အမေရောဟင်။ ကျွန်မကို ပြောပါဦးရှင်"

"မိနှင်းရယ်၊ နင့်ကံကလည်း ဆိုးပါ့ကွယ်"

"ရှင်- အမေ. . . အမေရော၊ အမေ ဘယ်မှာလဲ။ ကျွန်မအမေ ဘယ်မှာလဲ ပြောကြပါဦး၊ အမေ"

နှင်း၏ အမူအရာက ရုတ်တရက် ရူးသွပ်သွားသလိုပင်။ ဦးကြေးနီတို့လူစုမှာလည်း နှင်းအဖြစ်ကိုကြည့်ကာ စိတ်မကောင်း ဖြစ်နေကြ၏။ အိမ်နီးချင်း နေထိုင်သော ဒေါ်သိန်းခင်မှာ နှင်းအဖြစ်အပျက်ကို မြင်ရသောအခါ သနား၍မဆုံး။

တဟုန်းဟုန်း တောက်လောင်နေသော မီးတောက်များအကြား နှင်းတို့သားအမိ နှစ်ယောက်စလုံး ပိတ်မိပြီး သေဆုံးသွားကြလေပြီဟု ထင်မိ၏။ သို့သော် မီးတောက်မီးလျှံများကြားမှ မြွေကြီးနှင့် ခွေပတ်လိမ့်လူးထွက်လာသော နှင်းကိုကြည့်ကာ အံ့ဩကြီး အံ့ဩနေ၏။

တစ်ရွာလုံးကလည်း မြွေနက်ကြီးက နှင်းကို ကယ်တင်လိုက်သည်မို့ တစ်ရွာလုံး ဇဝေဇဝါ ဖြစ်နေ၏။ တုတ်ကြီးတို့လူစုမှာ သူတို့လက်ချက်ဆိုသည်ကို တစ်ရွာလုံး သိမှာလည်း စိုးရိမ်နေ၏။

မီးတောက်ကြီး တဟဲဟဲ မြည်လာသည်နှင့် သူတို့လူစု ဝေးရာသို့ ထွက်ပြေးသွားကြ၏။ နှင်းခမျာ လူအုပ်ကြီးကြား အသက်ပျောက်နေသော မိခင်ကြီး၏အလောင်းကို ပိုက်ကာ ကြွေကြွေကွဲကွဲ ငိုကြွေးနေရှာ၏။

သူ့ဘဝ အားကိုးရာ ရွှေတောင်ကြီး အပိုင်းပိုင်း ပြိုလဲသွားသလို ခံစားခဲ့ရ၏။ အသည်းနှလုံးတွေ ကြေမွသွားမတတ် ခံစားခဲ့ရ၏။ ငိုကြွေးလိုက်ရသည်မှာလည်း မျက်ရည်ပင် ခန်းခြောက်လုလု။

မိခင်ကြီး၏ သူငယ်ချင်း ဒေါ်သိန်းခင်ကလည်း နှင်းကိုကြည့်ပြီး ကရုဏာသက်နေ၏။ နှင်းကို သူ့အိမ်မှာ ခေါ်ထားခဲ့၏။ ထိုအတောအတွင်း မိခင်ကြီး၏အလောင်း မြေကျရေးအတွက် ဦးကြေးနီတို့လူစုက



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ခဲ့၏။

သူကြီးကတော် မကြွယ်သည် နှင်းတို့အဖြစ်ကို ကြားလိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

"ကောင်းတယ်၊ စုန်းမျိုးတွေ ပြုတ်ပြုတ်ပြုန်းတာ အေးတယ်"

"မကြွယ်ကလည်းကွာ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့။ ကြားသွားလို့လည်း မကောင်းပါဘူးကွာ"

"အို- ဘာကြောက်စရာလိုလဲ၊ ကျုပ်ကို မြွေနဲ့တိုက်ခဲ့တာ ဒင်းတို့သားအမိပဲ ဖြစ်ရမယ်။ ဒါကြောင့် ကိုယ်ပြုတဲ့ဒဏ် ကိုယ်ခံရတာ ဖြစ်မှာပေါ့၊ သေတာတောင် နည်းသေးတယ်"

"ဟာကွာ၊ မင်းကလည်း ကိုယ်နဲ့မဆိုင်ဘဲ အကုသိုလ် ယူတတ်သကွာ"

သူကြီး ဦးစံဖေမှာ နှင်းတို့အဖြစ်ကိုကြားရတော့ စိတ်ထဲမကောင်းလှ။ ဇနီးသည် ထင်သလို နှင်းတို့သားအမိကို မဟုတ်မမှန်တာလည်း မစွပ်စွဲချင်။

ထို့ပြင် မီးလောင်သည့်ကိစ္စနှင့် ပတ်သက်၍ တုတ်ကြီးတို့လက်ချက်ဖြစ်ကြောင်း သတင်း သဲ့သဲ့ ရထား၏။ ဇနီးသည် မကြွယ်ကတော့ သူ့သားဘက်မှ အကြောင်းအကြောင်း ငြင်းဆန်ခဲ့၏။

တုတ်ကြီးတို့လူစုမှာလည်း ထိုအခြေအနေ ဖြစ်ပွားပြီးနောက် ရွာမှ ပျောက်သွား၏။ ကြားလိုက်ရသည့်သတင်းက မြို့တက်သွားသည်ဆိုသောသတင်းပင်။ ထိုသတင်းကြောင့် တုတ်ကြီးတို့အပေါ် ဦးစံဖေ ပို၍ သက်ဘမကောင်း ဖြစ်ခဲ့၏။ သို့သော် ဇနီးသည် မကြွယ်ကိုလည်း ကြောက်ရွံ့နေရသဖြင့် ရထားသောသတင်းကို မသိသယောင် ကျောခိုင်းလိုက်ရလေ၏။

ထိုအချိန်တွင် နှင်းခမျာ မိခင်ကြီး မြေကျသွားသည့် အချိန်မှစ၍ ရင်ထဲ စို့စို့နင့်နင့်ကြီး ခံစားနေရ၏။ စားလို့လည်း မဝင်။ အိပ်လို့လည်း မပျော်တော့။

သူတို့သားအမိ နေထိုင်ခဲ့သည့် တဲလေးကို ဦးကြေးနီတို့လူစုက ပြင်ဆောက်ပေးခဲ့သော်လည်း အမေမရှိတော့သည့် တဲကလေးတွင် နှင်း နေချင်စိတ် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ရွာမှ အပြီးအပိုင် ထွက်သွားရန် ဆုံးဖြတ်လိုက်၏။ သူ့စကား ကြားရသောအခါ ဒေါ်သိန်းခင်တစ်យောက် စိတ်တွေ ပူနေ၏။

"ဟဲ့ မိနှင်းရယ်၊ ညည်းက ရွာမှာ မနေချင်ဘူးဆိုတော့ ဘယ်သွားနေမှာလဲအေ။ မဟုတ်တာတွေ မပြောစမ်းပါနဲ့ကွယ်"

"သမီး မနေချင်တော့ဘူး ကြီးသိန်းခင်ရယ်၊ သမီး ဒီမှာ နေသရွေ့ အမေ့စိတ်နဲ့ ဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး"

"အဲဒါတော့ အမှန်ပဲ မိနှင်းရယ်၊ ညည်းအမေစိတ်နဲ့ ညည်းလည်း ပိန်ချုံးသွားတာပဲအေ"

"ဟုတ်တယ် ကြီးသိန်းခင်၊ ပြီးတော့လည်း သမီးစိတ်ထဲ တုတ်ကြီးတို့ကို မသက်သာဘူး။ အမေ ခုလိုဖြစ်တာ တုတ်ကြီးတို့လက်ချက် ဖြစ်ကိုဖြစ်ရမယ်"

"ပြောမနေပါနဲ့အေ၊ တုတ်ကြီးဆိုတဲ့ တိရစ္ဆာန်ဟာ လူမဆန်တာတော့ အမှန်ပဲကွယ့်"

"အဲဒါကြောင့် ပြောတာပေါ့ ကြီးသိန်းခင်ရယ်၊ သူတို့က ကျွန်မကို အသေသတ်ချင်တာ။ ခုတော့ ကျွန်မ မသေဘဲ အမေ သေခဲ့တာမို့ ကျွန်မဆီကို သူတို့ တစ်ချိန်ချိန် ရောက်လာကြဦးမှာပဲ"

"ဟုတ်တယ်၊ ငါလည်း အဲဒီအန္တရာယ်ကို စိုးရိမ်နေတာကွယ့်။ ဒါထက် ညည်းက ဘယ်သွားနေမှာတုံး၊ ငါတော့ ညည်းကို စိတ်မချပါဘူးကွယ်။ မမြင်မစမ်းနဲ့ တစ်ပါးသူအိမ်မှာ နေလို့ဖြစ်ပါ့မလား သမီးရယ်၊ ကြီးကြီးတို့နဲ့ပဲ နေပါလားကွယ်"

"မနေတော့ဘူး ကြီးသိန်းခင်ရယ်၊ အမေ့မှာ ညီမတစ်ဝမ်းကွဲ ရှိတယ်လေ"

"ဩော်- မစောဝေတို့ကို ပြောတာလား"

"ဟုတ်တယ်၊ မြို့မှာ သူတို့က စီးပွားဖြစ်နေကြတယ်။ ပြီးတော့ ငါးခြောက်ငါးခြမ်းအလုပ်တွေကို အကြီးအကျယ် လုပ်နေကြတာ၊ အဲဒီမှာပဲ အလုပ်တောင်းရင်း ကျွန်မ ဖြစ်သလို နေထိုင်တော့မယ်"

နှင်း၏စကားကြောင့် ဒေါ်သိန်းခင် စိတ်မကောင်း ဖြစ်နေရ၏။ သူကိုယ်တိုင်ကလည်း စီးပွားရေးက အဆင်မပြေလှ။ သားသမီး လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် လုံးထွေးပတ်ချာလည်နေ၏။

အခြေအနေက တောင်မင်းမြောက်မင်း မကယ်နိုင် အခြေမို့ ဒေါ်သိန်းခင်တစ်ယောက် နှုတ်ဆိတ်ခဲ့ရ၏။ နှင်းတစ်ယောက် ရွာမှ မထွက်ခင် ဆုတောင်းပြည့်စေတီလေးပေါ် တက်ကာ မိခင်ကြီးအတွက် ကောင်းမှုကုသိုလ်တွေ ပြုခဲ့၏။ အမျှအတန်း ဝေခဲ့၏။

မြွေဟောက်ကြီးက သူ့ဘေးမှ မခွာ။ နှင်းသည် မြွေဟောက်ကြီး၏ ဦးခေါင်းကို ပွတ်သပ်၍ တီးတိုးပြောလိုက်၏။

"ငါ ဒီရွာက ပြောင်းတော့မယ် မြွေမင်းကြီးရယ်၊ ငါ့အသက်ကို ကယ်ခဲ့တဲ့ကျေးဇူး မမေ့ပါဘူး မြွေမင်းကြီးရယ်။ ဒါပေမယ့် ငါ မင်းကို ခွဲသွားရတော့မယ်။ ငါ့နောက်ကို မလိုက်ပါနဲ့တော့ကွယ်၊ ငါ့ကြောင့် မင်းအတွက် အန္တရာယ်တွေ နီးလှပါတယ်။ ခုချိန်ကစပြီး မင်း သွားလိုရာ သွားပါတော့ မြွေမင်းကြီးရယ်"

နှင်း၏ တီးတိုးစကားသံကို မြွေနက်ကြီးက နားလည်သလိုလိုပင်။ နှာမှုတ်သံ တရှူးရှူးပေး၍ ခေါင်းတခါခါ လုပ်နေ၏။ မြွေမင်းကြီးနှင့် ခွဲရတော့မည်မို့ နှင်းရင်ထဲ ကြေကွဲ နွမ်းလျနေမိ၏။

ပါးပြင်ပေါ်တွင်လည်း မျက်ရည်စတွေ သီခိုနေ၏။ ဘဝက နေသလိုမဖြစ်တော့လည်း ဖြစ်သလို နေရတော့ပေမည်ဟု သူ့ရင်ထဲ ကြေကြေကွဲကွဲ ဆုံးဖြတ်လိုက်မိ၏။ စေတီကုန်းပေါ်မှ ပြန်အဆင်းတွင် သူ့နောက်မှ အမြဲ လိုက်ပါလေ့ရှိသော မြွေကြီးလည်း ပျောက်ဆုံးသွား၏။

မြွေကြီး၏ အသံဗလံကို မကြားရတော့သဖြင့် သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားရ၏။ အားကိုးရာမဲ့ သွားခဲ့ရလေပြီ ဟူ၍လည်း ရင်ထဲ တနုံ့နုံ့ ခံစားလိုက်ရ၏။ ဆိုးဝါးလှသည့် ဘဝကြမ္မာကိုလည်း သူ့ရင်ထဲ မကျေမချမ်း ဖြစ်ခဲ့ရ၏။

အကြင်နာတရား နည်းပါးလှသော လောကကြီး။ ရက်စက်ယုတ်မာလှသော အတ္တစိတ်အတိပြီးသည့် လောကကြီးကို သူ့ရင်ထဲ ဆတ်ဆတ်ခါအောင် နာကြည်းခဲ့ရလေ၏။

ရွာမှာနေလိုစိတ် လုံးလုံးလျားလျား မရှိတော့၊ အမေလည်း မရှိတော့၊ မြွေမင်းကြီးလည်း မရှိတော့သည့်ဘဝ။ သူ့ရင်ထဲ ဟင်းလင်းပြင်ကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသလိုပင်။ ငိုလိုက်ရသည်မှာလည်း မျက်ရည်ပင် မရှိတော့။

သို့နှင့် နောက်တစ်နေ့ နံနက်ခင်းတွင် ချောင်းဆိပ်သို့ အထုပ်ကလေးပိုက်၍ ရောက်လာ၏။ သူ့နံဘေးတွင် ဖိုးငယ်လေးလည်း ပါလာ၏။ ဖိုးငယ်ခမျာ သူနှင့် ခွဲရမည်မို့ စိတ်မကောင်း ဖြစ်နေ၏၊ လမ်းတစ်လျှောက်လုံး ရွာကထွက်မသွားဖို့ တတွတ်တွတ် တားနေ၏။

သို့သော် ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဖိုးငယ့်ကို ချော့မော့လိုက်ရ၏၊ ချောင်းဆိပ်ရောက်တော့ ငဖြူကြီးက သူ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေ၏။

"မနှင်း၊ နင်က ရွာမှာ မနေတော့ဘူးဆို"

"ဟုတ်တယ် ကိုငဖြူကြီးရယ်၊ ကျွန်မ ကြီးတော်တို့ဆီပဲ သွားတော့မယ်"

"ဟင်- နင်တစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလားဟဲ့၊ ငါ. . . ငါ လိုက်ပို့မယ်လေဟာ"

"အို- ကိုငဖြူကြီးအတွက် တာဝန်ပိုလှပါတယ်ရှင်၊ ကျွန်မဒုက္ခနဲ့ ကျွန်မ ရှိပါစေရှင်"

"ဟာ- အဲဒီလိုတော့ မပြောပါနဲ့ မနှင်းရယ်၊ ငါက ပါးစပ်တသာ ရွှတ်နောက်နောက် ပြောတာပါဟယ်။ မနှင်းကို ငါက နှမလေးတစ်ယောက်လို ခင်မင်ခဲ့တာပါဟ၊ ပြီးတော့ ကြီးရွှေရဲ့ အဖြစ်သနစ်ကို ကြားရတော့ ငါ့ရင်ထဲ မကောင်းလိုက်တာဟာ"

"ကံပေါ့ ကိုငဖြူကြီးရယ်"

"ဟာ- အဲဒီကိစ္စက ကံပေါ်ပုံချလို့ မရဘူးဟ။ နေပါဦး၊ နင်တို့တဲမီးလောင်တဲ့ကိစ္စ သူကြီးက ဘာမှ မပြောဘူးလား။ ဒီကိစ္စ မရိုးသားတာတော့ အမှန်ပဲဟ"

"ရှိပါစေတော့ ကိုငဖြူကြီးရယ်၊ ကျွန်မ ဘယ်သူ့ကိုမှလဲ အပြစ်မပြောချင်တော့ပါဘူးရှင်"

"ဟာ- တော်တော် ခံပြင်းစရာ ကောင်းတာပဲ။ ကိုင်း- ဘာမှလုပ်မနေနဲ့ နင့်ကို ငါကိုယ်တိုင် လိုက်ပို့မယ်၊ မမြင်မစမ်းနဲ့ သွားရမှာရတာ အခက်တွေ့မှာ ငါ စိုးသဟာ။ ကိုင်း- လှေပေါ် တက်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူကြီးလည်း နှင်း၏ မျက်နှာညှိုးညှိုးလေးကို ကြည့်ကာ စိတ်မကောင်းဖြစ်ခဲ့ရ၏။ နှင်းတို့သားအမိနှင့်လည်း ဆွေမျိုးသားချင်းပမာ ရင်းနှီးခဲ့သည်မို့ ဖြူကြီး မောက်တခေါက်ခေါက် ဖြစ်နေ၏။

နှင်းသည် လှေကလေးပေါ် အသာတက်လိုက်ရင်း လှေဝမ်းထဲ ထိုင်ချလိုက်၏။ မျက်ရည်စတွေက ပါးပြင်ပေါ် တလူးလူး တလိမ့်လိမ့် ဆင်းသက်လာ၏။ ဘယ်သူ့ကိုမှလည်း စကားပြောချင်စိတ် မရှိတော့။

ထိုအချိန်တွင် ဖြူကြီးသည် လှေကလေးကို ချောင်းရိုးအတိုင်း တအိအိ လှော်ခတ်ခဲ့၏။ ချောင်းရေပြင် တစ်လျှောက်လုံး မြူခိုးမြူငွေ့များနှင့် မှိုင်းမှုန်နေ၏။ နှင်းတစ်ယောက် အဘယ်မျှအထိ သူ့ကိုယ်သူ ငေးမောတွေဝေမိနေမှန်း မသိ။ ရွှေကျင်မြစ်ထဲရောက်၍ ကိုဖြူကြီး၏ အသံကြားမှ သတိဝင်လာ၏။

"ဖြည်းဖြည်းဆင်းဟေ့၊ ငါလည်း လိုက်ခဲ့မှာနော်"

"ရပါတယ် ကိုဖြူကြီးရယ်"

"ဟာ- မဟုတ်တာ၊ ခဏစောင့်ပါဦးဟ"

ဖြူကြီးက သူ့အပေါ် နှမအရင်းတစ်ယောက်သဖွယ် စောင့်ရှောက်ခဲ့သည်မို့ တော်သေးသည်ဟု ဆိုရချေမည်။ သူတို့နှစ်ဦး လှေကို မြစ်ဆိပ်တွင် အပ်နှံခဲ့ပြီး မဒေါက်ဘက်သို့ မော်တော်နှင့် ကူးခဲ့ကြ၏။

မြို့ပေါ်ရောက်တော့ အသံဗလံတွေက ပို၍ ဆူညံလာသလိုပင်။ သူတို့နှစ်ယောက် မြစ်ဆိပ်ကမ်းတွင် တလည်လည် ဖြစ်နေ၏။ ထိုစဉ် သူတို့အနားသို့ လူရည်သန့်တစ်ဦး ရောက်ရှိလာ၏။

"မနှင်း. . . . မနှင်း ဟုတ်ပါတယ်၊ မနှင်း"

"ရှင်"

"ကျွန်တော် ထင်ကျော်စွာလေ"

"အို- ကိုကျော်စွာလား"

"မနှင်းတို့ လာလည်တာလား၊ ဒေါ်ဒေါ်ရော မပါဘူးလား"

"ရှင်- ကျွန်မအမေ ဆုံးသွားရှာပြီ ကိုကျော်စွာ"

"ဟင်- ဟုတ်လား၊ ဒါဆို မနှင်းတစ်ယောက်တည်းပေါ့။ ဒီကိုလာတာ ဘာကိစ္စတုံး၊ ကျွန်တော် ဘာကူညီရမလဲ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလေ၊ ဟို- ဒီ. . . ဒီကို"

"ရဲရဲသာပြောပါ မနှင်းရယ်"

ညှိုးလျကြေကွဲနေရှာသော နှင်းတို့ကြည့်ပြီး ထင်ကျော်စွာ စိတ်မကောင်း ဖြစ်ခဲ့ရ၏။ အမှန်မှာတော့ မြစ်ဆိပ်သို့ ငါးမော်တော် ဆိုက်မဆိုက် လာရောက်ကြည့်ရှုခြင်း ဖြစ်၏။ ဖခင်ကြီး ခိုင်းလိုက်သည်မို့ စိတ်မပါတပါနှင့် မြစ်ဆိပ်လာခဲ့ရခြင်း ဖြစ်လေ၏။

ယခုတော့ သူ အတွေ့ချင်ကြီး တွေ့ချင်နေသော နှင်းနှင့် ဆုံစည်းခွင့်ရလိုက်သဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ နှင်း၏ အမူအရာတွေကလည်း နေထိပန်းကလေးတစ်ပွင့်လို ညှိုးငယ်နေရှာသည်မို့ စိတ်မကောင်း ဖြစ်မိ၏။

"ကဲ- ဘယ်သွားမလဲ ဘာလုပ်မလဲ၊ ကျွန်တော့်ကိုပြောပါ မနှင်းရယ်။ ကျွန်တော် အစစအရာရာ ကူညီပါ့မယ်"

ထင်ကျော်စွာ အားတက်သရော ပြောလာသည်မို့ နှင်းရင်ထဲ ဝမ်းသာသလို ခံစားခဲ့ရ၏။ ထို့ကြောင့်လည်း သူ့ဘဝ တစ်စိတ်တစ်ပိုင်းကို ပြောပြလိုက်မိ၏။

ဖြေမူကြီးမှာ ထင်ကျော်စွာတို့နှင့်လည်း သိနေ၏။ နှင်း၏ အဖြစ်အပျက်ကို သူပါ ဝင်၍ပြောခဲ့၏။ နှင်း၏ ကြေကွဲဖွယ်ကောင်းလှသော အဖြစ်ကို ကြားရသောအခါ သူပါ စိတ်မကောင်း ဖြစ်ခဲ့ရ၏။ အားကိုးရာမဲ့ ဖြစ်နေရှာသော နှင်း၏လက်ကိုဆွဲကာ ဘဝတစ်ခုကို ထူထောင်လိုက်ချင်ပါဘိ။

သို့သော် ယခုအခြေအနေတွင် နှင်းအပေါ် သူ အခွင့်အရေး မယူလို။ ထို့ကြောင့်လည်း နှင်း အားတက်စေမည့် စကားတို့ကိုသာ ရွေးချယ်ပြောဆိုခဲ့၏။

"ကိုင်း- ဘာမှမပူနဲ့၊ လောလောဆယ် မနှင်းတို့ ကြီးတော်အိမ် သွားနေလို့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး။ သူတို့မှာ သားသမီးတွေ တစ်ပြုံကြီးနဲ့ဆိုတော့ မနှင်းကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံလိမ့်မယ် မထင်ဘူး"

ထင်ကျော်စွာ၏ စကားတွေကို နှင်း မငြင်းနိုင်။ ကြီးတော်ဆီ မျှော်စိတ်မှန်းပြီး ထွက်ခဲ့ရသော်လည်း သူ့ကြောင့် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားရမည်



www.burmeseclassic.com

www.burmeseclassic.com



ကို မလိုလား။ သို့သော် သူ့ဘဝက ဆွဲစရာ၊ အားပြုစရာ ကောက်ရိုးတစ်မျှင်တလေပင် မရှိ။ ထိုအတွေးကြောင့်လည်း သူ့တစ်ကိုယ်လုံး သေးသိမ်မှုန်ဝါးသွားသလို ခံလိုက်ရ၏။

ထိုစဉ် ထင်ကျော်စွာက တက်တက်ကြွကြွနှင့် အားပေးစကား ပြောလာ၏။

"ဘာမှမပူနဲ့ မနှင်း၊ ကျွန်တော် တစ်ခါက ပြောခဲ့ဖူးတယ်လေ။ ကျွန်တော့် ဖေဖေက ငါးခြောက်ငါးခြမ်း လုပ်ငန်းကြီး လုပ်ကိုင်နေတာဗျ၊ ဒီတော့ အဲဒီမှာ မနှင်း အလုပ်လုပ်နိုင်တယ်။ ပြီးတော့ မနှင်းနေဖို့ အိမ်တွေလည်း ရှိတယ်၊ ဘာမှမပူနဲ့ ကျွန်တော်နဲ့သာ လိုက်ခဲ့ပေတော့"

"ရှင်- တကယ် ပြောတာလား ကိုကျော်စွာရယ်"

"ဟာ- တကယ် ပြောတာပေါ့ဗျာ၊ ငဖြူကြီး မင်းလည်း ပြန်တော့။ မနှင်းကို စိတ်ချလက်ချသာ ထားခဲ့ပါ။ မနှင်းကို နှမတစ်ယောက်လို စောင့်ရှောက်လိုက်မှာပါ"

"ကျေးဇူးပဲ ဆရာကျော်စွာရယ်၊ မနှင်း နေရာမှာ ကျွန်တော်သာ ရောက်နေရင် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လိုမှ ထိန်းမရအောင် ဖြစ်မှာဗျ။ ကိုင်း- သွားမယ်ဗျာ"

ငဖြူကြီးတစ်ယောက် သူတို့ကို နှုတ်ဆက်၍ ထွက်သွား၏။ နှင်းခမျာ ထင်ကျော်စွာရှေ့တွင် ကြောင်စီစီနှင့် ငေးမောနေရှာ၏။ ထိုစဉ် ထင်ကျော်စွာက နှင်း၏ လက်မောင်းကလေးကို အသာအယာ ဆွဲလိုက်၏။

"ကျွန်တော်ကိုခွင့်လွှတ်ပါ မနှင်း၊ ကျွန်တော့်မှာ မရိုးသားစိတ် စိုးစိမျှ မရှိပါဘူးနော်"

"ကျွန်မ ကိုကျော်စွာကို ယုံပါတယ်ရှင်"

"ကိုင်း- ဒါဆို ကျွန်တော့်မှာ ကားပါလာတယ်၊ လာလာ မနှင်း"

နှင်း၏ လက်မောင်းနုနုလေးကို တွဲကာ သဘော်ဆိပ်တွင် ရပ်ထားသော ဝီလီဂျစ်ကားကလေးဆီသို့ လျှောက်ခဲ့ကြ၏။ ထင်ကျော်စွာသည် နှင်းနှင့်အတူ တွဲလျှောက်ရင်း နှင်းမျက်နှာ ညှိုးညှိုးကလေးကို တိတ်တဆိတ် ခိုး၍ ကြည့်မိ၏။

နှင်း၏ မျက်နှာကလေး ချောင်သွားသလိုပင်။ အိတွဲတွဲ နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



အစုံမှာလည်း ခြောက်သယောင်းနေသည်ဟု ခံစားမိ၏။ ရွှန်းလက်လက် မျက်ဝန်းအစုံမှာလည်း မှေးမှိန်ဖျော့တော့နေသလိုပင်။

“မနှင်း နေကောင်းရဲ့လား၊ ကျွန်တော့်မျက်စိထဲမှာတော့ မနှင်းတစ်ယောက် ပိန်သွားသလိုပါပဲ”

“စိတ်ပေါ့ ကိုကျော်စွာရယ်၊ ကျွန်မဘက်မှာ ကံကြမ္မာကောင်းတွေ မရှိတော့လည်း ဘဝက ဘယ်လိုလုပ်ပြီး မာမာကျောကျော ရှိလာမှာလဲရှင်”

“စိတ်ဓာတ်မကျပါနဲ့ မနှင်းရယ်၊ ကျွန်တော့်ကို အစ်ကိုရင်းတစ်ယောက်လို အားကိုးနိုင်ပါတယ်ဗျာ။ ဘာမှ စိတ်သောကတွေ ထားမနေနဲ့ဗျာ”

“ကျေးဇူးတင်ပါတယ် ကိုကျော်စွာရယ်၊ နှင်းဘဝက ကမ္ဘာကြီးထဲ စမ်းတဝါးဝါး သွားနေရသူမို့ မိုးမှောင်ကျလာလည်း ဘာမှ မထူးတော့ပါဘူးရှင်”

နှင်း၏စကားတွေက သူ့အသည်းနှလုံးကို တစ်ဖွဲ့ချင်း ဖွဲ့ခြွေလိုက်သလိုပင်။ နှင်း၏ မျက်နှာကလေးကို စိတ်မကောင်းကြီးစွာ ကြည့်ရင်း နှင်း၏ လက်မောင်းလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မိလေ၏။

ကားဆီရောက်တော့ ဒရိုင်ဘာခုံတွင် ထိုင်နေသော သံချောင်းမှာ တအံ့တဩ ဖြစ်နေ၏။ နှင်း၏မျက်နှာလေးကို ကြည့်ပြီး လက်ညှိုး တထိုးထိုး ဖြစ်နေ၏။

“ဟင်- သူ. . . သူက ဟို- မနှင်း မဟုတ်လား”

“ဟုတ်တယ်လေကွာ”

“ဘယ်. . . ဘယ်လိုဖြစ်လို့ ဆရာနဲ့ ပါလာသတုံး”

“မေးမနေစမ်းပါနဲ့ကွာ၊ ကိုင်း- စက်နှိုးပေတော့”

“ဘယ်သွားမှာလဲ ဆရာ”

“ဟာ- အိမ်ကို သွားမှာပေါ့ကွာ”

“ဟုတ်. . . ဟုတ်ကဲ့”

သံချောင်းက ထင်ကျော်စွာကို ပြုံးစိစိနှင့် ကြည့်ရင်း ကားစက်နှိုးလိုက်၏။ နှင်းခမျာ ကားကို တစ်ခါမှ စီးဖူးသူ မဟုတ်။ ရွာငယ်ဇနပုဒ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့သူ ဖြစ်၍ ကားသံကိုပင် မကြားဘူးပေ။ သူ့ရင်ထဲ တထိတ်ထိတ် ခုန်နေရ၏။

ထိုစဉ် ဂျစ်ကားကလေးသည် မြစ်ဆိပ်မှ ကွေ့ပတ်၍ ထွက်ခဲ့၏။ ထင်ကျော်စွာသည် ကားနောက်ကြည့်မှန်ကလေးမှ မကြာခဏ နှင်း မျက်နှာလေးကို ငေးမောကြည့်မိ၏။

သူ့အရိပ်အခြည်ကို သံချောင်းက ပြုံးစိစိနှင့် အကဲခတ်နေ၏။ ထင်ကျော်စွာသည် သူ့ဘဝထဲ နှင်းတစ်ယောက် မထင်မှတ်ဘဲ ရောက်ရှိလာသည်မို့ ကံကြမ္မာကို အံ့အားသင့်နေသလိုပင်။ ဝမ်းသာကြည်နူးမှုကိုလည်း တစ်ပြိုင်နက် ခံစားမိ၏။

ထိုအချိန်တွင် ကားကလေးသည် မြို့ထဲမှ လမ်းတွေကို ဖြတ်ကာ ကျယ်ဝန်းလှသော ခြံကြီးတစ်ခြံထဲသို့ ရောက်ရှိလာ၏။ ခြံတစ်ဖက်တစ်ချက်တွင် ကြီးမားသော ငါးခြောက်လှန်းစင်ကြီးများ၊ ငါးခြောက်ရွေးနေကြသော အလုပ်သမားများ ရှိနေ၏။

ကားပေါ်မှဆင်းသည်နှင့် နှင်းကို လက်မောင်းကလေးတွဲ၍ အောက်ချပေးလိုက်၏။

"ဘယ်ရောက်လာပြီလဲဟင်"

"ဒါ- ကျွန်တော်တို့ ခြံကြီးလေ၊ အသံတွေကြားရတယ် မဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်နော်၊ အဲဒါ ဘာသံတွေလဲ"

"ငါးခြောက်ငါးခြမ်း ရွေးနေကြတာလေ၊ မနှင်းလည်း အဲဒီမှာ လုပ်လို့ရတာပေါ့"

"ဟင်- ဝမ်းသာလိုက်တာ ကိုကျော်စွာရယ်၊ ကျွန်မ အဲဒီမှာ လုပ်ပါရစေနော်။ ထမင်းတစ်လုတ်ကို ကျွန်မ အလကား မစားပါရစေနဲ့ရှင်"

"လုပ်ရမှာပေါ့ မနှင်းရယ်၊ ဒီကိစ္စ ကျွန်တော့်တာဝန်ထားပါ။ ကိုင်းလာလာ မနှင်း လောလောဆယ် နေနိုင်မယ့် အိမ်ကလေးဆီ ကျွန်တော် ခေါ်သွားမယ်"

"ရှင်- ကျွန်မ နေရမယ့်အိမ်ကလေး"

"ဟုတ်တယ်လေ၊ ဘာမှမပူနဲ့ မသင်းတို့ညီအစ်မတွေလည်း ရှိပါတယ် လာလာ"

www.burmeseclassic.com

www.burmeseclassic.com



နှင်း၏ လက်မောင်းကလေးကိုတွဲကာ အိမ်ကြီး၏မြောက်ဘက် အိမ်တန်းလျားများဆီသို့ လျှောက်ခဲ့၏။ ထိုအချိန် အိမ်ကြီးပေါ်မှ စူးစူးရဲရဲကြည့်နေသူက တခြားမဟုတ်၊ ထင်ကျော်စွာ၏အစ်ကို လွင်ကျော်စွာပင်ဖြစ်လေ၏။ သူ့နံဘေးတွင် မိခင်ဖြစ်သူ ဒေါ်စိန်ခိုင် ထိုင်နေ၏။

"ဟင်- ဟိုဟာ မင်းညီ ထင်ကျော်စွာ မဟုတ်လား၊ ဘေးက ကောင်မလေးက ဘယ်သူလဲ"

"မပြောတတ်ဘူး မေမေရဲ့ ကောင်မလေးက မျက်စိမြင်ပုံတော့မပေါ်ဘူး"

"ဟင်- ရှုပ်ရှုပ်ယှက်ယှက်ကွယ်၊ မင်းညီ ဘာတွေလုပ်လာပါလိမ့်၊ ဘယ်ကဟာတွေ ခေါ်လာပါလိမ့်ကွယ်"

"ဟာ- ကောင်မလေးက လှတော့ အလှသား အမေရဲ့"

"တော်စမ်းပါကွယ်"

ဒေါ်စိန်ခိုတစ်ယောက် ပွစိပွစိ ဖြစ်နေ၏။ လွင်ကျော်စွာကတော့ ထင်ကျော်စွာဘေးမှ ကုပ်ချောင်းချောင်း ကပ်ပါသွားသော နှင်း၏ ကိုယ်လုံးကျစ်ကျစ်လေးကို ငေးမောကြည့်နေမိ၏။

ထိုအချိန်တွင် ထင်ကျော်စွာသည် ငါးခြောက်ငါးခြမ်းရွေးသည့် မသင်းနှင့် မလှိုင်တို့ကို ခေါ်ကာ နှင်းနှင့် မိတ်ဆက်ပေးလိုက်၏။ မသင်းတို့ညီအစ်မကလည်း နှင်းကိုမြင်မြင်ချင်း ညီမလေးတစ်ယောက်လို ခင်မင်သွားကြ၏။

"အို- ဒါဆို မမတို့နဲ့ အတူနေပါလား၊ မမတို့နေတဲ့အခန်းက အကျယ်ကြီးကွယ့်"

"ဟုတ်တယ် မနှင်း၊ သူတို့နဲ့ပဲ အတူနေပေါ့။ မနှင်းတစ်ယောက်တည်းနေတာကို ကျွန်တော် စိတ်မချနိုင်ဘူးဗျ"

"ကိုကျော်စွာရဲ့ သဘောပါရှင်"

"ကိုင်း- ဒါဆို လာလာ ဆရာကိုကျော်စွာရေ၊ နှင်းကို ကျွန်မတို့လက်ထဲသာ အပ်လိုက်ပေတော့။ ကျွန်မတို့အားလုံး တာဝန်ယူပါမယ်"

"ဟုတ်ပြီ၊ အလုပ်ကိစ္စလည်း ကျွန်တော် ဖေဖေ့ကို ပြောလိုက်ပါမယ်၊ ကိုင်း- သွားဦးမယ် မနှင်းရယ်၊ ဒီကိုရောက်မှ ဘာမှ ကြောက်စရာ မလို



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး"

"ကျေးဇူးကြီးလှပါတယ် ကိုကျော်စွာရယ်"

ထင်ကျော်စွာ ထွက်သွားတော့ မသင်းတို့နှင့်အတူ အိမ်ပေါ် တက်ခဲ့၏။ မသင်းတို့ညီအစ်မ၏ ကြိုဆိုမှုက နွေးထွေးလှ၏။ သူ့ကို အစစအရာရာ ဂရုစိုက်ခဲ့၏။ ထိုအချိန်တွင် ထင်ကျော်စွာတစ်ယောက် မိခင်ကြီးရှေ့ထိုင်ကာ နှင်း၏အကြောင်းတွေကို ပြောပြနေ၏။

ဒေါ်စိန်ခိုင်သည် သားဖြစ်သူ၏ မျက်နှာအမူအရာကြည့်ကာ စိတ်ထဲမကျေမချမ်း ခံစားနေရ၏။ သူ့နံဘေးတွင် ခင်ပွန်းသည် ဦးသစ္စာနှင့် လွင်ကျော်စွာတို့ ထိုင်နေ၏။ အမှန်မတော့ လွင်ကျော်စွာက ဦးသစ္စာ၏ ခြေရာကို နင်းမည့်သူဟု ဆိုရချေမည်။

ရေလုပ်ငန်းနှင့် ပတ်သက်ပြီး လွင်ကျော်စွာကသာ ဦးစီးဦးဆောင် လုပ်ခဲ့၏။ ထင်ကျော်စွာက ပေကပ်ကပ်။ ဝိုင်းဝန်းလုပ်ဆောင်ပေးသော်လည်း စိတ်မပါ့တပါ။ လုပ်ငန်းကိစ္စ ခိုင်းသည့်အခါတိုင်း စိတ်ထဲ ထင်ရာလုပ်တတ်သဖြင့် ဦးသစ္စာ ထင်ကျော်စွာကို တာဝန်မပေးရဲ။

ယခုတော့ မျက်မမြင် မိန်းကလေးတစ်ဦးကို စိတ်လိုလက်ရ ခေါ်လာကာ အလုပ်အကိုင် တောင်းနေသဖြင့် ဦးသစ္စာ အံ့သြနေရ၏။ ဒေါ်စိန်ခိုင်ကတော့ မကျေနပ်ချင်။

"ထင်ကျော်စွာရယ်၊ မင်းက စိတ်ထဲရှိရာ ထင်သလို လျှောက်လုပ်နေပါလား။ ဘယ်ကမှန်းလဲ မသိ၊ ပြီးတော့ မမြင်မစမ်းနဲ့ သားရယ်။ တော်တော်ကြာ"

"ဟာ- မေမေကလည်း မနှင်းက မမြင်ရပေမယ့် အင်းတဲမှာ ဟင်းထမင်းတောင် ချက်တာဗျ။ ပြီးတော့ ငါးခြောက်ငါးခြမ်းလည်း ရွေးတတ်ခဲ့တတ်တယ်ဗျ"

"တော်ပါကွယ်၊ ငါ့သားက အဲဒီကောင်မလေးကို ဘာကြောင့် ဒီလောက် လိုက်လျောနေရသတုံး"

"ဟာ- မစိန်ခိုင်ကလည်းကွာ၊ သားငယ်ကို မေးခွန်းတွေထုတ်မနေပါနဲ့ကွာ။ သူဆန္ဒရှိရာ ခွင့်ပြုလိုက်ပါကွာ"

ဦးသစ္စာ ဝင်ပြောလိုက်သဖြင့် ထင်ကျော်စွာ ဝမ်းသာအားရ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



...လုပ်ငန်းကြီးတစ်ခုလုံး လည်ပတ်အောင် စီမံနေသူမှာ ဦးသစ္စာ။ ...သစ္စာ၏ စကားကိုတော့ ဘယ်သူမှ မလွန်ဆန်နိုင်။

ထို့ပြင် ဦးသစ္စာက ထင်ကျော်စွာကို ပို၍ အလိုလိုက်ခဲ့၏။ စိတ်ထဲ ...င်ရာစွတ်လုပ်လေ့ရှိသော ထင်ကျော်စွာ။ စိတ်သဘောကလည်း ရိုး ...ကောင့်လှ၏။

ထင်ကျော်စွာက ဘွဲ့ရတစ်ဦး ဖြစ်သော်လည်း အစိုးရအမှုထမ်း ...လုပ်ကို ဝါသနာမပါ။ သူ့ပညာနှင့် မြို့အုပ်မင်းရာထူးကို ရနိုင်သော် ...ည်း အစိုးရဝန်ထမ်းဘဝကို ထင်ကျော်စွာ ဝါသနာမပါ။

ထင်ကျော်စွာ့ရင်ထဲ အမြဲတမ်း ဖြစ်ချင်သည့်ဆန္ဒက ပန်းချီကျော် ...စ်ဦး ဖြစ်ရန်သာ။ သူ့ကိုယ်ပိုင် အခန်းလေးတွင် ပန်းချီကားချပ်များနှင့် ...ည့်နှက်နေ၏။ ထင်ကျော်စွာ ဘာလုပ်လုပ် ဦးသစ္စာက အလိုလိုက် ...တြိုက်ဆောင်ခဲ့၏။ ယခုလည်း မျက်မမြင်မလေး တစ်ဦးအတွက် ...ရေးဆိုလာသဖြင့် ခွင့်ပြုလိုက်ရလေ၏။

ဖခင်ကြီး၏ ကတိစကား ကြားရသောအခါ နှင်းထံပြေး၍ပြောခဲ့၏။

"မနှင်း၊ ကျွန်တော် မဖေ့ကို အလုပ်ပြောပြီးပြီဗျ။ မနက်ဖြန် မသင်း ...လူစုနဲ့ အလုပ်ထဲ လိုက်သွားပေတော့၊ လိုတာရှိလည်းပြော။ ကျွန်တော် ...သိမယ်"

"ကျေးဇူးတင်လိုက်တာ ကိုကျော်စွာရယ်"

ထင်ကျော်စွာ၏ စေတနာကို နှင်း အလွန့်အလွန်မှ အံ့ဩနေ၏။ ...အပေါ် ညီမငယ်တစ်ယောက်လို ဂရုတစိုက် ရှိသည်မို့ ဝမ်းသာကြည်နူး ...၏။ ထင်ကျော်စွာ ပြန်သွားသောအခါ မသင်းနှင့် မလှိုင်တို့က ထင် ...ကျော်စွာအကြောင်းကို ပြောဆိုလာ၏။

"သူက အမြဲတမ်း မှုန်ကုပ်ကုပ် နေတတ်တဲ့လူ မနှင်းရဲ့၊ ဘယ်သူ့ကိုမှ ...ားလည်း ဟက်ဟက်ပက်ပက် မပြောဘူး"

"ဟုတ်လား"

"ဟုတ်ပ၊ ပြီးတော့ သူက ပန်းချီဆရာ ဘွဲ့ရပညာတတ်တစ်ဦး မနှင်း ... သူ့ကို မြို့အုပ်ရာထူး လျှောက်ခိုင်းတာ မြို့အုပ်မင်း မလုပ်ချင်ဘူးတဲ့ ... အတော့်ကို အံ့ဩစရာကောင်းတဲ့လူ။ ခုတော့ မနှင်းနဲ့တွေ့မှ ဟက်

www.burmeseclassic.com

www.burmeseclassic.com



ဟက်ပက်ပက် ပြောလာတာမြင်တော့ ကျွန်မတို့ အံ့တောင် အံ့ဩရတယ်
"ဟုတ်လား၊ ကိုထင်ကျော်စွာက သဘောမနော ဖြည့်ဝတဲ့ပုံပါပဲ"
"အဲဒါ မနှင်းနဲ့ တွေ့မှပါနော်"
"အို- မသင်းကလည်း မဟုတ်တာဘဲ"
"အဟုတ်ပြောတာ မနှင်းရဲ့၊ တကယ်တော့ ဟောဒီ လုပ်ငန်းကြီး တစ်ခုလုံးကို စီမံနေတာ ကိုလွင်ကျော်စွာလေ"
"ကိုလွင်ကျော်စွာ ဟုတ်လား"
"ဟုတ်ပါ့၊ ကိုထင်ကျော်စွာရဲ့အစ်ကိုလေ။ တအား မောက်မာတဲ့ စကားပြောရင်လည်း မတူသလို မတန်သလိုနဲ့။ ကြားရတာတော့ ကိုလွင် ကျော်စွာက မိန်းမလည်း ရှုပ်တယ်၊ လောင်းကစားလည်း လုပ်တယ် ပြော တာပဲ"
"ဟုတ်လား"
"ဟုတ်ပါ့ မနှင်းရေ ကိုလွင်ကျော်စွာ ကပ်လာပြီဆိုရင်တော့ သတိ ထား ထားပေတော့ မနှင်းရေ။ သူက မိန်းမချော၊ မိန်းမလှ အတော်များများ တို ခြေတော်တင်ခဲ့တာလို့ သတင်းကြီးနေတာ"
"ရှင်"
"မနှင်းက မိန်းမချောလေးဆိုတော့ သတိထားနော်"
"အို- မဟုတ်တာဘဲ မသင်းရယ်"
ကြားလိုက်ရသည့်စကားကြောင့် နှင်းရင်ထဲ ထိတ်သွားမိ၏။ သို့ သော် ဘဝတွေက မိုးနှင့်မြေပမာ အကွာကြီး ကွာလှသူမို့ သူလို အညာ တစ်ဦး၊ မျက်မမြင်တစ်ဦးကိုတော့ လွင်ကျော်စွာ ဒုက္ခပေးလိမ့်မည် မထင်ခဲ့ပါချေ။
သို့နှင့် နောက်တစ်နေ့ စောစောပိုင်းတွင် မသင်းတို့နဲ့ လိုက်ခဲ့ကာ အလုပ်ထဲတွင် ငါးခြောက်ငါးခြမ်း ရွေးခဲ့၏။ မိခင်ကြီးနှင့်အတူ အင်း လုပ်ကိုင်ခဲ့ဖူးသည်မို့ နှင်းအတွက်တော့ အခက်အခဲ မရှိပါချေ။
ငါးခြောက်ငါးခြမ်းရွေးသည့် တဲကြီးကလည်း ပေတစ်ရာနီးပါး အကျယ်ရှိလေ၏။ ဝန်ထမ်းဦးရေ သုံးဆယ်ခန့် ရှိ၏။ တောင်ကြီးတောင် ငယ် အသွယ်သွယ်ချကာ ငါးခြောက်ငါးခြမ်းတွေ ရွေးချယ်ခဲ့ရ၏။ ခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။

နှင်းတစ်ယောက်က အလုပ်ရခဲ့ပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ ဘဝကို ကိုယ့်လုပ်အားနှင့်ကိုယ် ရပ်တည်ချင်သော စိတ်ကလေး ရှိသည်မို့ နှင်းသည်ဘဝကိုသူ ကျေနပ်နေမိ၏။

မသင်းတို့ ညီအစ်မကလည်း သူ့အပေါ် ကြင်ကြင်နာနာ ရှိခဲ့သည်မို့ ရင်ထဲက အားငယ်စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ခဲ့၏။ အလုပ်ထဲ အားတက်သရော လုပ်ကိုင်နေစဉ် သူ့ကို တစ်နေရာရာမှ စောင့်ကြည့်နေသူတစ်ဦး ရှိခဲ့၏။ ထိုသူက တခြားမဟုတ် ထင်ကျော်စွာ၏အစ်ကို လွင်ကျော်စွာပင် ဖြစ်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

ခင်းရဲခြင်းကို အပြစ်မြင်သော
လူတစ်စုသည်
ဘုရားကို မြင်သော်လည်း
တရားမမြင်ပါချေ . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဘဝတူ အလုပ်သမားတွေကြား တိုးတိုးဝှေ့ဝှေ့နှင့် လုပ်ကိုင်ရသည်ကို နှင်း ကျေနပ်အားရ ဖြစ်ခဲ့ရ၏။ မသင်းတို့ညီအစ်မကလည်း သူ့ကို ညီမ ငယ်တစ်ယောက်လို ဆက်ဆံခဲ့၏။ သူ့ဘဝကို အပြောင်းလဲကြီး ပြောင်းလဲ ပစ်လိုက်သော ကိုထင်ကျော်စွာကိုလည်း ကျေးဇူးတင်၍မဆုံး။

သူ့အတွက် အိပ်ခန်းလေးတစ်ခန်း ဖန်တီးပေးခဲ့သည်မို့ တစ်ယောက် တည်း လွတ်လွတ်လပ်လပ် နေခွင့်ရရှိခဲ့၏။ မသင်းတို့ညီအစ်မနှင့် အခန်း ချင်းကပ်လျက် နေခဲ့ရသည်မို့ စိတ်ထဲ လုံလုံခြုံခြုံ ရှိ၏။ အလုပ်ကအပြန် ရေမိုးချိုး စားသောက်ပြီး မသင်းတို့ညီအစ်မနှင့် စကားစမြည် ပြောရသည် ကလည်း နှင်းရင်ထဲက အားငယ်စိတ်တွေ လွင့်စဉ်ကုန်၏။

ထိုသို့ ပြောကြဆိုကြရင်း ထင်ကျော်စွာ၏ အကြောင်းကို မသင်းထံမှ သိခဲ့ရ၏။

"အဲဒီလူဟာ အတော့်ကို နားလည်ရခက်တဲ့လူ နှင်းရဲ့၊ လူတွေကို လည်း စကားပြောချင်မှ ပြောတယ်။ နောက်ဆုံး သူ့မိဘတွေနဲ့တောင် တစ်နေ့နေလို့ စကားတစ်ခွန်း မပြောဘူးကွယ့်"

"ဘယ်လိုဖြစ်လို့လဲဟင်"

"အို- သူက ပန်းချီဆရာလေ၊ နောက်ပြီး အားအားရှိ ကင်မရာတစ် လုံးလွယ်ပြီး ဟိုဟိုဒီဒီ သွားနေချင်တာ။ အဖေလုပ်သူက သူ့စီးပွားရေးတွေ ဝင်ပြီး လုပ်စေချင်တာ။ သူတို့မှာ မော်တော်သုံးစီးတောင် ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ငါးခြောက်ငါးခြမ်းလုပ်ငန်းကလည်း ကျယ်ပြန့်တယ်။ အဲဒီကိစ္စတွေအားလုံးကို အစ်ကိုလုပ်တဲ့လူက ဦးစီးနေခဲ့ရတယ်။ ပြောရရင် အစ်ကိုလုပ်တဲ့ လွင်ကျော်စွာက သူ့လောက် ပညာလည်း မရှိဘူး၊ ပွေချင်ရှုပ်ချင်တယ်။ ပြီးတော့ စီးပွားရေးတစ်ခုလုံးကို လက်ဝါးကြီးအုပ်ချင်တာ မနှင်းရဲ့။ အဲဒီလူကတော့ ဘာတစ်ခွန်းမှကို မပြောဘူး။ ပြီးတော့ သူ့မိဘနှစ်ပါးက သူ့ကိုခြေငြိမ်သွားအောင် အိမ်ထောင်ချပေးဖို့တောင် စီစဉ်ထားကြတယ်လေ"

"ဟုတ်လား"

"ဟုတ်ပ့ါ။ သူ့ဆီ လာလာနေတဲ့ ကောင်မလေးက တအားချောတာ။ နာမည်က ရှယ်လီမြင့်တဲ့၊ တအား ဘိုဆန်တာကွယ့်။ ပြီးတော့ အရေးပိုင်မင်းကြီးရဲ့ သမီးလေ။ အဲဒါ ရှယ်လီမြင့်နဲ့ သူက စေ့စပ်ထားပြီးသား။ မင်္ဂလာဆောင်ဖို့ကိစ္စကို ကိုထင်ကျော်စွာက နေ့ရွှေ့ညရွှေ့ လုပ်နေတာလေ။ ပြောရရင် သူက မိန်းမတွေကို သိပ်ဂရုစိုက်ပုံမပေါ်ဘူး။ ငါ့ညီမကျမှ ဘာစိတ်ကူးပေါက်တယ် မသိပါဘူးကွယ်"

"အို- မသေချာတလည်း"

"ပြောပြတာပါကွယ်၊ တော်ရုံလူကို အရေးမလုပ်တဲ့လူက မနှင်းကျမှ အားတက်သရော ဖြစ်နေတာတော့ အံ့ဩသကွယ်"

"ဟုတ်ပ့ါ၊ ကိုထင်ကျော်စွာက မနှင်းကို စိတ်ဝင်စားနေသလားမှ မသိဘာ"

"အို- မဟုတ်တာဘဲ၊ ကျွန်မတို့က ရိုးရိုးသားသား ခင်မင်ခဲ့ကြတာပါ မစသိုင်ရယ်"

"တင်းတင်း ရိုးတယ်ဆိုပြီးနော်"

"တော်ပါတော့"

မသင်းတို့ညီအစ်မ စကားကြောင့် ထင်ကျော်စွာ၏ ဘဝတစ်စိတ်တစ်ပိုင်းကို သိခွင့်ရခဲ့၏။ ထင်ကျော်စွာမှာ ဆိုင်သူရှိပြီးသား ဆိုသည်ကိုသိလိုက်ရသဖြင့် သူ့ရင်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။ သို့သော်မိုးနှင့်မြေပမာ ကွာခြားလွန်းလှသည်မို့ သူ့ရင်ထဲ စိုးစိမ့် စိတ်ကူးမယဉ်ခဲ့ပါချေ။

ထို့ကြောင့်လည်း ဘဝကို အလုပ်ထဲမှာ နှစ်မြှုပ်ပြီး ရင်ထဲက စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတွေကို ချေဖျက်ခဲ့ရ၏။ အလုပ်ကိုလည်း မနားတမ်း လုပ်ကိုင်ခဲ့၏။ တုန်တွေကလည်း အင်းတွေဘက်မှ အောတိုက်လာသဖြင့် လူတောင် ခနိုင်။

ငါးရွေးသူရွေး၊ ခွဲသူခွဲ၊ အခြောက်လှန်းသူလှန်း ထုပ်ပိုးသူ ထုပ်ပိုး နှင့် လက်မလည်အောင် လုပ်ရ၏။

ထိုအချိန်တွင် ထင်ကျော်စွာတစ်ယောက် စိတ်အညစ်ကြီး ညစ်နေ၏။ နှင်းနှင့် နှစ်ကိုယ်ကြား စကားပြောချိန်မရ၊ နှင်းကို ခေါ်လာပြီးနောက် မိဘနှစ်ပါးကလည်း သူ့ကို မေးခွန်းတွေ ထုတ်လာ၏၊ အစ်ကိုထုပ်သူ လွင်ကျော်စွာကလည်း ရိသဲ့သဲ့ မေးမြန်းလာ၏။

သူ နှင်းနှင့် ပတ်သက်၍ ဖာဖာထေးထေး ဖြေဆိုခဲ့၏၊ မိခင်လုပ်သူက ကြိုက်ပုံမရ၊ မျက်နှာကြီး မှုန်ကုပ်ကုပ်နှင့် သူ့ကို ဟန့်တားခဲ့၏။

"အငယ်လေးနော်၊ ဒီကိစ္စ ဘာမှ ရှုပ်ရှုပ်ထွေးထွေး ဆက်မလုပ်နဲ့၊ ကိုယ်က အလုပ်လည်း သွင်းပေးပြီးပြီ၊ နေဖို့လည်း ပေးပြီးပြီ တော်ရောပေါ့။ နေရာတကာ ဒွေးရောယှက်တင် မလုပ်နဲ့၊ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေတတ်ရတယ်ကွယ့်"

"မေမေကလည်း အဲဒီလောက် မပြောပါနဲ့ဗျာ၊ လူလူချင်း ဘာမှ ခွဲခြားနေစရာ မလိုပါဘူးဗျာ"

"တိတ်စမ်း၊ မင်းဟာ ဘွဲ့ရပညာတတ်တစ်ဦး၊ မင်းကို မေမေတို့က အမျှော်လင့်ကြီး မျှော်လင့်ခဲ့ကြတာကွယ့်၊ မြို့အုပ်မင်းစာမေးပွဲ ဖြေပါဆိုတာလည်း မဖြေဘူး၊ ဒီပန်းချီပဲ ဆွဲနေတယ်၊ ခုလည်း စိတ်ထဲရှိရာ လုပ်တာပြန်ပြီ၊ အငယ်လေးနော် မေမေ မကြိုက်တာ မလုပ်နဲ့"

မိခင်ကြီး၏ အတည်ပေါက်စကားကြောင့် ထင်ကျော်စွာ ခံစားခဲ့ရ၏၊ နှင်းနှင့် နှစ်ကိုယ်ကြား စကားတွေ ပြောလို၏။ အားငယ်နေလေမည့် နှင်းကို အားပေးစကား ပြောလိုက်ချင်၏။ ထို့ပြင် နှင်း၏မျက်စိ ပြန်မြင်လာအောင်လည်း ကုသပေးချင်လှ၏။ သို့သော် သူ့ရင်ထဲမှ ဆန္ဒတွေက မိခင်ကြီး၏ စကားကြောင့် လွင့်စဉ်ခဲ့ရ၏။ ထိုသို့ နှင်းနှင့် မိခင်ကြီးကြား ဘာကဝေနေရစဉ် ရှယ်လီမြင့်တို့သားအမိ အလည်အပတ် ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီမြင့်၏ အလှက ဘိုဆန်လှ၏။ အရပ်က ခြောက်ပေနီးပါ
အသားက စကားဝါနှစ်လို ဝင်းလဲ့နေ၏။ မျက်လုံးတောက်တောက်၊ နှ
ခမ်းစိုစို၊ နှာတံချွန်ချွန်၊ မျက်ခုံးထူထူနှင့် မင်းကြိုက်စိုးကြိုက် အလှ
ပိုင်ဆိုင်ထားသူ ဖြစ်၏။ ပညာရေးဘက်တွင်လည်း သူလိုပဲ ဘွဲ့ရပည
တတ်။ အသံကလေးကာ စူးရဲရဲနိုင်လှပြီး သူနှင့်တွေ့လျှင် ချွဲချွဲနွဲ့နွဲ့
မူယာမာယာ များတတ်၏။

ရှယ်လီမြင့်၏အလှကို လူချမ်းသာ အသိုင်းအဝိုင်းက အလှဖုရား
တင်စားခဲ့ကြ၏။ ရှယ်လီမြင့်ကို လိုချင်သည့် လူကုံထံ အမျိုးသားတွေ
လည်း တစ်ပုံတစ်ပင်။ သို့သော် ရှယ်လီမြင့်က ထင်ကျော်စွာကိုမှ ရွေးချ
ခဲ့၏။

သူနှင့် ဆုံခဲ့စဉ်က မထုံတက်သေး လုပ်ခဲ့သောလူ။ စကားကိုလည်
ဟုတ်တိပတ်တိ မပြော။ သူ့အလှကိုလည်း အသိအမှတ်ပြုချင်ပုံ မပေ
သဖြင့် ရှယ်လီမြင့်၏ရင်ထဲ မကျေမချမ်း ဖြစ်ခဲ့ရ၏။

မိဘအသိုင်းအဝိုင်းတို့၏ ဆက်နွှယ်နေမှုကြောင့် ထင်ကျော်စွာ
သိခဲ့ရခြင်း ဖြစ်၏။ သူ့ကို လိုချင်ကြသူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြာ
သူ လိုချင်သည့်သူကို ခေါင်းခေါက် ရွေးချယ်ခဲ့၏။

ထင်ကျော်စွာကျတော့ သူ့ကို ပန်းချီကားတစ်ချပ်လောက်တော
စိတ်ဝင်စားပုံမပေါ်။ စကားပြောတော့လည်း ငုံးတိတိ။ ရင်ထဲ မာနစိတ်
ကလေး တလူလူ တမောက်မောက်။

သူ့စိတ်ထဲ ထင်ကျော်စွာကို ဟန်ပန်ကြီးလှသူ၊ သွေးနားထင်ရောက်
နေသူဟု ရင်ထဲက စွပ်စွဲခဲ့၏။ ထို့ကြောင့်လည်း သူ့ကို နှိပ်ကွပ်လိုသဖြင့်
မိန်းမမာယာနှင့် မရမက ချဉ်းကပ်ခဲ့၏။ ဆိုးခဲ့ နွဲ့ခဲ့၏။ လှသထက်လှ
အောင် ပြင်ဆင်ခဲ့၏။

သို့သော် ထင်ကျော်စွာ မတုန်လှုပ်။ နောက်ဆုံး ထင်ကျော်စွာ
အကြောင်းကို သူ နားလည်လာခဲ့ရ၏။ လောကကြီးကို ထော်ဒေါ်ကန်
လန့် နေချင်သော လူထူးလူဆန်းတစ်ယောက်။

သူ ဆွဲနေသည့် ပန်းချီပုံတွေကိုလည်း ရှယ်လီမြင့် နားမလည်
သို့သော် နားလည်သယောင်၊ စိတ်ဝင်စားသယောင်ဖွဲ့၍ အနေရင်းနှီ

www.burmeseclassic.com

www.burmeseclassic.com



အောင် ချဉ်းကပ်ခဲ့၏။ ထိုမှတစ်ဆင့် မိဘနှစ်ပါး၏ အကူအညီနှင့် စေ့စပ်ပွဲ ကျင်းပနိုင်သည်အထိ အောင်မြင်ခဲ့၏။

ထင်ကျော်စွာနှင့် အနီးကပ် နေကြည့်သောအခါ ထင်ကျော်စွာ၏ ထူးဆန်းသော အရည်အသွေး၊ မြင့်မြတ်ဖြူစင်သော နှလုံးသားပိုင်ရှင်မှန်း သိလာရသဖြင့် ရှယ်လီမြင့် အစွဲကြီး စွဲမက်ခဲ့၏။

ယခုလည်း ထင်ကျော်စွာတို့အိမ် ရောက်သည်နှင့် ပန်းချီခန်းထဲ ဒရောသောပါး ဝင်လာ၏။ ထိုအချိန်တွင် ထင်ကျော်စွာသည် နှင်း၏ ပုံတူကို အနုစိတ် ခြယ်မှုန်းနေချိန် ဖြစ်၏။ ရှယ်လီမြင့် ဝင်လာသည်ကို လည်း သတိမထားမိ။

ကောက်ကြောင်းဆွဲထားသော ပုံကြမ်းကလေးပေါ်တွင် စုတ်တံတစ်ချောင်းနှင့် ဆေးတွေ လိုက်ဖြည့်နေချိန် ဖြစ်လေ၏။ ရှယ်လီမြင့်သည် သူ့နောက်မှ မားမားကြီးရပ်ရင်း ဆွဲနေသည့်ပုံတူပန်းချီကားကို ကြည့်လိုက်၏။

"ဟင်- အဲဒါ ဘယ်သူလဲဟင်၊ ယူ့ချစ်သူလား၊ ပြောစမ်း၊ တအား လှတာပဲကွယ်"

"ဩော်- မရှယ်လီပါလား"

"ယူက အိုင်ရောက်တာတောင် မသိပါလား၊ ယူ ဆွဲတာ ဟိုဓာတ်ပုံထဲက ကောင်မလေးလား"

"ဟုတ်တယ် မရှယ်လီ၊ ဘာဖြစ်လို့တုံး"

"ဟို- အဲ. . . အဲဒါ ယူ့ လာဗာလား"

"ဟင်းဟင်းဟင်း မဟုတ်ရပါဘူးဗျာ၊ ပန်းချီဆွဲချင်လောက်အောင် ကောင်းတာနဲ့ ပန်းချီထိုင်ဆွဲနေတာပါ"

"အို- ယူ့စကားက တစ်မျိုးကြီးပါလား၊ ယူနော် အိုင့်ကွယ်ရာမှာ ချစ်သူရှာနေပြီလား ပြောစမ်း။ အိုင် ဗိုရအောင် လုပ်နေပြီလားလို့"

"မရှယ်လီ၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ဒါ ကျွန်တော့် ဝါသနာအလုပ်ဗျ၊ ခင်ဗျား စကားတွေ တောင်ပြောမြောက်ပြော မပြောနဲ့ဗျာ။ ပြောရင် ဒီအခန်းထဲက ထွက်သွားတော့"

"ဟင်- ယူ ဘယ်လိုပြောလိုက်တာလဲ၊ သိပ်မကြီးကျယ်နဲ့နော်။ အိုင့်



www.burmeseclassic.com

www.burmeseclassic.com



ကို အဲဒီလိုပြောတာ မကြိုက်ဘူး၊ ယူ့မေမေကို သွားတိုင်မယ်"

"တိုင်ဗျာ"

ထင်ကျော်စွာ၏ ဘုကန့်လန့် စကားကြောင့် ရှယ်လီမြင့် နှုတ်ခမ်းလေး စူတူတူ ဖြစ်သွား၏။ သူ့ကို မျက်စောင်းကြီး တထိုးထိုး၊ ခြေလေး တဆောင့်ဆောင့်လုပ်ကာ ပန်းချိခန်းထဲမှ ထွက်သွား၏။

ထင်ကျော်စွာ၏ရင်ထဲ ပကတိ တည်ငြိမ်နေ၏။ ရှယ်လီမြင့်ကို လှည့်တောင်မကြည့်။ ထိုအချိန် ပန်းချိခန်းအပြင်သို့ ရောက်ရှိလာသော ရှယ်လီမြင့်သည် အစ်ကိုဖြစ်သူ လွင်ကျော်စွာနှင့် မျက်နှာချင်းဆိုင် ဆုံမိလေ၏။

နှုတ်ခမ်းလေး စူတူတူ၊ မျက်နှာလေး မှုန်ကုပ်ကုပ် လုပ်နေသော ရှယ်လီမြင့်ကိုတွေ့တော့ လွင်ကျော်စွာ ပြုံးစိစိ ပြောလိုက်၏။

"ဘယ်လိုလဲ ရှယ်လီလေးရဲ့၊ ဟိုကောင်နဲ့ ပြဿနာဖြစ်လာပြီထင်တယ်။ ကိုကို ဘာကူညီရမလဲပြော"

"ဟုတ်တယ်၊ ဟို- ကိုညီက တအား မိုက်ရိုင်းတယ်။ စကားပြောတာလည်း ဘယ်သူ့မှ ဂရုမစိုက်သလိုဘဲ"

"ဟားဟားဟား ဒါကတော့ သူ့ရဲ့ စရိုက်ပဲ ရှယ်လီလေးရယ်၊ ကိုင်း- လာလာ ဘာစားပြီးပြီလဲ ကိုကိုနှင့် ကော်ဖီသွားသောက်ရအောင်"

လွင်ကျော်စွာက ရှယ်လီမြင့်၏ ပခုံးလေးကို အသာအယာဖက်ကာ ထမင်းစားခန်းထဲ ခေါ်သွား၏။ ထိုအချိန်တွင် ဦးသစ္စာတို့ ဇနီးမောင်နှံနှင့် ရှယ်လီမြင့်၏ မိခင်တို့ ထမင်းစားခန်းထဲထိုင်ကာ စကားစမြည် ပြောဆိုနေကြ၏။

ငိုမဲ့မဲ့နှင့် ရှယ်လီမြင့် ဝင်လာသည်ကို မြင်တော့ အားလုံး အထိတ်တလန့် ဖြစ်ကုန်၏။ ရှယ်လီမြင့်သည် လွတ်နေသော ခုံကလေးတွင် ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်လိုက်ပြီး ထင်ကျော်စွာ အကြောင်းကိုလည်း ကလေးငယ်တစ်ယောက်လို တိုင်ကြားလိုက်၏။

ဒေါ်စိန်ခိုင်သည် ရှယ်လီမြင့်၏ စကားကြောင့် မျက်မှောင်ကြီး ကုတ်သွား၏။

"ကြော်- သမီးလေးပြောတဲ့ ကောင်မလေးက ဟို- မျက်မမြင်မလေး ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်- ဘယ်က မျက်မမြင် ကောင်မလေးလဲ"

"ဒီလို သမီးလေး ရှယ်လီရဲ့"

ဒေါ်စိန်ခိုင်သည် ထင်ကျော်စွာ ခေါ်လာသည့် နှင်းဆိုသော မျက်မမြင် ကောင်မလေးတစ်ဦး၏ အကြောင်းကို ချိုးချိုးဖွဲ့ဖွဲ့ ပြောလိုက်၏။ ရှယ်လီမြင့်ခမျာ လက်သီးလေး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံတကြိတ်ကြိတ် ဖြစ်နေ၏။

"ဒါ. . . ဒါဆို သူခေါ်လာတာပေါ့"

"ဟုတ်တယ် သမီးရေ၊ အငယ်လေးက ထင်ရာမြင်ရာ စွတ်စွတ်လုပ်လွန်းလို့ မေမေလည်း သတိပေးနေရတယ်"

"ဒါဆိုလည်း အလုပ်က ထုတ်ပစ်လိုက်ပေါ့၊ ဒီလောက် အောက်တန်းကျတာကို သူက ဘာဖြစ်လို့ ဒီလောက် အရေးတယူ လုပ်နေရသလဲ မသိဘူး"

"လောလောဆယ်တော့ ပြောဖို့ မလွယ်သေးဘူး သမီးရဲ့၊ အငယ်လေးက သူ မကြိုက်တာလုပ်ရင် အိမ်ပေါ်က ဆင်းသွားတတ်တာ သမီးလည်း အသိပဲ၊ ခက်ပါတယ်ကွယ်။ ဒါပေမယ့် ဘာမှ မပူပါနဲ့ သမီးရယ် မေမေတို့ ရှိပါတယ်"

"ဟုတ်သားပဲ သမီးရယ်၊ ဒီလောက်လည်း မပူပါနဲ့ကွယ်"

ရှယ်လီမြင့်၏ မိခင် ဒေါ်မြပုလဲကပင် ဝင်၍ ဖျောင်းဖျခဲ့ရ၏။

ရှယ်လီမြင့်ကတော့ ကျေနပ်ချင်ပုံမပေါ်။ လွင်ကျော်စွာက ရှယ်လီမြင့်၏ စူတူတူ နှုတ်ခမ်းလေးကို ကြည့်ကာ နောက်ပြောင်လိုက်၏။

"နှုတ်ခမ်းကြီး တအားဆူတော့ ဝက်မလေးနဲ့ တူသွားပြီကွာ"

"ကိုကိုလွင်နော်၊ ရှယ်လီ စိတ်ဆိုးလိုက်မှာ သိလား"

"ဩော်- စဓာပါ ရှယ်လီလေးရယ်၊ ဘာမှ စိတ်သောက ဖြစ်မနေစမ်းပါနဲ့ကွာ။ ကော်ဖီသောက် ကိုကိုတို့အိမ်ရောက်တုန်း ပျော်ပျော်ကြီး နေစမ်းပါကွယ်"

"ဟုတ်တယ်၊ ကိုကိုလွင်ပြောတာ ဟုတ်တယ်၊ ထင်ကျော်စွာအတွက် ဘာမှမပူနဲ့။ မာမီတို့လည်း ရှိသားပဲကွယ်"

အားလုံး ဝိုင်းဖျောင်းဖျပြောဆိုမှ ရှယ်လီမြင့်တစ်ယောက် ရယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



မောမော ဖြစ်လာ၏။ ထိုအချိန်တွင် ရှယ်လီမြင့် အိမ်ကိုရောက်လာသည်နှင့် ထင်ကျော်စွာတစ်ယောက် ဆွဲလက်စပန်းချီကို ထားကာ အိမ်ကြီးပေါ်မှ ဆင်းခဲ့၏။

သူ့ရင်ထဲ နှင်းတစ်ယောက် ဘယ်လိုနေသလဲ သိချင်နေ၏။ နှင်းအားငယ်နေလေမည်လား တွေး၍လည်း မှုပန်နေမိ၏။ သူ အိမ်ကြီးအပြင်ကိုရောက်တော့ အလုပ်သမားအားလုံး အလုပ်သိမ်းသွားကြပြီ ဖြစ်လေ၏။

ထင်ကျော်စွာသည် အိမ်ကြီးပေါ် တစ်ချက်လှမ်းကြည့်ရင်း နှင်းရှိနေမည့် တန်းလျားလေးဆီသို့ ခပ်သွက်သွက် လျှောက်ခဲ့၏။ သူ နှင်းတို့အိမ်ခန်းရှေ့ ရောက်ရှိသွားချိန်တွင် နှင်းကို တန်းလျားလေးပေါ် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

"မနှင်း"

"ဟင်- ကိုထင်ကျော်စွာပါလား"

"မှာတ်တယ် မနှင်း၊ ကျွန်တော်လည်း အလုပ်တွေ ရှုပ်နေတာနဲ့ မနှင်းဆီ မလာဖြစ်တာ။ မနှင်း နေရထိုင်ရ လုပ်ရကိုင်ရ အဆင်ပြေရဲ့လားဟင်"

"အဆင်ပြေပါတယ် ကိုထင်ကျော်စွာရယ်၊ ကိုထင်ကျော်စွာကြောင့်နှင်း ခုလို တည်တည်ငြိမ်ငြိမ် နေထိုင်ရတာကိုပဲ ကျေးဇူးကြီးလှပါပြီရှင်"

"ထိုင်မယ်နော် မနှင်း"

"ထိုင်ပါ ကိုထင်ကျော်စွာ၊ ကျွန်မလည်း ကိုထင်ကျော်စွာ လာလေမလားလို့ မျှော်နေတာ"

"ဟုတ်လား မနှင်း၊ ကျွန်တော့်ကို မျှော်နေတယ်။ ဘာ. . . ဘာဖြစ်လို့လဲဟင်၊ ကျွန်တော် ဘာအကူအညီပေးရမလဲ ပြောပါ။ ကျွန်တော်လေ မနှင်းအနားလာပြီး အားပေးစကားတွေ အမြဲတမ်း ပြောနေချင်တာ"

"အို"

"တကယ်ပြောတာပါ မနှင်းရယ်၊ ကျွန်တော်လေ မနှင်း အားငယ်နေမှာ ငိုယိုနေမှာကို တအား စိုးရိမ်မိတယ်။ ဘာမှ အားမငယ်နဲ့နော်၊ သိုတာရှိလည်း ပြောပါ မနှင်း"

"ကျေးဇူးတင်ပါတယ် ကိုထင်ကျော်စွာရယ်၊ ကျွန်မဘဝမှာ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ကူညီမယ့်သူ ရှိလာတာကိုပဲ ဝမ်းသာလှပါပြီရှင်။ နှင်းဘဝရဲ့ လရောင်ဟာ ကိုထင်ကျော်စွာပါပဲရှင်"

"အို- ကျွန်တော် ဟိုဒင်း. . . အဲဒီလိုတော့ မဟုတ်လောက်ပါဘူး ဗျာ။ ကျွန်တော့်ရင်ထဲမှာ မနှင်းနဲ့ ပတ်သက်ပြီး ဘယ်လိုကူညီရမလဲဆိုတဲ့ စိတ်ဆန္ဒ အမြဲရှိပါတယ် မနှင်း။ ဖြစ်နိုင်ရင် မနှင်းရဲ့ အလင်းမဲ့နေတဲ့ မျက်လုံးနှစ်လုံးကိုလည်း ခွဲစိတ်ကုသပေးချင်တယ်ဗျာ"

"နှင်း. . . နှင်းဘဝနဲ့ နှင်းပဲ ရှိပါစေ ကိုထင်ကျော်စွာရယ်။ ခုလို ပြောတာကိုပဲ နှင်း ဝမ်းသာလှပါပြီရှင်။ ဒါထက် ကိုထင်ကျော်စွာက ပန်းချီ ဆရာဆို"

"ဟင်- မနှင်းက ဘယ်လိုသိသတုံး၊ မနှင်းကို ဘယ်သူပြောလဲ"

"ဟို- မသင်းတို့ညီအစ်မက ပြောတာလေ"

"ဟုတ်လား၊ ဒါဆို မနှင်း ကျွန်တော့်အကြောင်းတွေ အတော်လေး သိထားပြီးပြီပေါ့"

"အဲဒီလောက်လည်း မဟုတ်ပါဘူးရှင်၊ ကျွန်မ သူတစ်ပါး အတွင်း ရေးကို ဘယ်တော့မှ မေးမြန်းတတ်တဲ့အကျင့် မရှိပါဘူး"

"ဟုတ်တယ်၊ ကျွန်တော်လေ မနှင်းရဲ့ ပုံတူပန်းချီကား ဆွဲနေတာဗျ။ လက်စမသတ်နိုင်သေးဘူးဗျာ၊ အရေးထဲ အရှုပ်တွေကလည်း ပေါ်လာ သေးတယ်"

"ရှင်- နှင်းရဲ့ပုံတူ ဟုတ်လား၊ ဟို- ကိုထင်ကျော်စွာက နှင်းမျက်နှာ ကို မှတ်မိနေလို့လား"

"ဟို. . . ဟိုဒင်းလေ၊ ကျွန်တော့်မှာ မနှင်း မသိအောင် ရိုက်ထားတဲ့ မနှင်းဓာတ်ပုံလေး ရှိတယ်လေ။ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်၊ အဲဒီ ဓာတ် ပုံလေးကြည့်ပြီး ကျွန်တော် ပုံတူဆွဲနေတာပါ"

"ဟင်"

ထင်ကျော်စွာ၏ စကားကြောင့် နှင်းရင်ထဲ တသိမ့်သိမ့် ခံစားခဲ့ရ၏။ သူ့ကို အရေးတယူ ဆက်ဆံခဲ့သည့် ထင်ကျော်စွာ၏ စေတနာမေတ္တာတို့ လည်း နှင်း တအံ့တသြ ဖြစ်ခဲ့ရ၏။

သူတို့နှစ်ဦး တန်းလျားလေးပေါ် ထိုင်၍ ပြောဆိုနေကြစဉ် ရှယ်ထီ



www.burmeseclassic.com

www.burmeseclassic.com



မြင့်တစ်ယောက် သူတို့နှစ်ဦး၏ အခြေအနေကို အိမ်ကြီးပေါ်မှ မြင်တွေ့သွား၏။ ရှယ်လီမြင့်၏ရင်ထဲ ဒေါသမီးတောက်ကြီး ဟုန်းခနဲ ထတောက်လာသလိုပင်။

စိတ်ထဲ မခံမရပ်နိုင် ဖြစ်လာကာ အိမ်ကြီးပေါ်မှ ဒေါသတကြီးနှင့် ဆင်းလာ၏။ ထင်ကျော်စွာတို့ရှေ့ရောက်တော့ လေသံစူးစူးရဲရဲနှင့် ပြောလိုက်၏။

"ကိုကိုထင်၊ ဘာလုပ်နေတာတုံး"

"ဟင်- မရှယ်လီ"

"ရှယ်လီ့ကို အပြင်လိုက်ပို့မယ် ပြောထားတာလေ၊ ဘယ်ကလူတွေနဲ့ စကားသွားပြောနေတာလဲ"

"ဘယ်လိုပြောလိုက်တာလဲ မရှယ်လီ"

"အို- မျက်စိမမြင်တဲ့ လူတစ်ယောက်ကို အဲဒီလောက် အရေးလုပ်နေစရာ မလိုပါဘူး။ ကိုင်း- လာလာ သွားမယ်"

"မရှယ်လီ၊ ခင်ဗျား စကားပြောတာ အတော့်ကို ရိုင်းစိုင်းပါလားဗျာ"

"ယူနော်၊ အိုင့်ကို ဘယ်လိုပြောလိုက်တာလဲ၊ ယူမာမီနဲ့ တိုင်လိုက်မှာနော်။ လိုက်မလား မလိုက်ဘူးလားပြော"

"မလိုက်ဘူးဗျာ၊ တိုင်ချင်လည်း သွားတိုင်တော့"

"ယူ ဘယ်လိုပြောလိုက်တာလဲဟင်၊ ယူနဲ့ အိုင်က အင်ဂေးချ် လုပ်ထားတာလေ။ ယူ အဲဒီလို ရက်ရက်စက်စက် မပြောသင့်ဘူး သိလား"

"ဟုတ်ပါတယ် ကိုထင်ကျော်စွာရယ်၊ လိုက်သွားလိုက်ပါရှင်။ နှင်းကြောင့် နောက်ဆံမငင်ပါနဲ့နော်"

နှင်းကိုယ်တိုင် ဝင်ပြောလာသဖြင့် ထင်ကျော်စွာတစ်ယောက် မထချင် ထချင်နှင့် ထလိုက်ရ၏။ ရှယ်လီမြင့်၏ ဆက်ဆံပုံက ပိုင်စိုးပိုင်နင်း ဆန်လှ၏။ သူတို့နှစ်ယောက် ထွက်သွားသည်အထိ နှင်းတစ်ယောက် တန်းလျားလေးပေါ် ငူငူကလေး ကျန်ရစ်ခဲ့၏။

ရှယ်လီမြင့်၏ စကားတွေက သူ့နှလုံးသားကို ချိုးဖဲ့ခြေမွသွားသလိုပင်။ မခံမရပ်နိုင်လောက်အောင် ခံစားရပါသော်လည်း ကိုယ့်ဘဝက နင်းပြားဘဝ။ ဆင်းရဲနုံချာလှသည့်အဖြစ်။ ပညာလည်း မတတ်။ ဆွေမျိုး

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းလည်း မရှိသည်မို့ ဘဝတစ်ခုလုံးက ဟာလာဟင်းလင်း၊ အထက်စီးနှင့် ပြောဆိုသွားသည်ကို ရင်ထဲ ခံစားရသော်လည်း သူ တစ်ခွန်း တစ်ပါဒမျှ မတုံ့ပြန်ဝံ့။

ဘဝက တုံ့ပြန်နိုင်သည့် ခွန်အားတွေ တင်းမဲ့ လစ်ဟာနေသလို ခံစားခဲ့ရ၏။ ကိုယ့်ဘဝကိုယ် တွေးပြီး နှင်းတစ်ယောက်တည်း ကျိတ်၍ ငိုရှိုက်မိ၏။

ထိုသို့ အားငယ်စိတ်၊ ကြေကွဲစိတ်တွေ ဝင်ရောက်လာသောအခါ သွားလေသူ မိခင်ကြီးကို ရင်ထဲက တမ်းတမ်းတတ ဖြစ်ခဲ့ရ၏။ ဘဝချင်း မတူညီသည့် အခြေအနေကြား ထင်ကျော်စွာကို သတိထား၍ ဆက်ဆံရ တော့မည်ကို ရင်ထဲက တီးတိုးဆုံးဖြတ်ခဲ့လေ၏။ သူတစ်ယောက်တည်း တန်းလျားတွင် ထိုင်နေစဉ် မသင်းကို့ညီအစ်မ ရောက်လာသဖြင့် စိတ်ထဲ ပေါ့ပေါ့ပါးပါး ဖြစ်သွားခဲ့ရ၏။

"စောစောက ကိုထင်ကျော်စွာ လာသွားတယ် မဟုတ်လား"

"ဟုတ်တယ် မမသင်း"

"ပြီးတော့ မစွာကျယ်အသံလည်း ကြားလိုက်သလိုပဲ၊ နှင်းကို ဘာတွေ ပြောသွားသလဲ"

"မပြောပါဘူးရှင်"

"အောင်မယ် သူလား မပြောမှာ၊ နှင်းကို ဘာတွေ ချိုးချိုးဖဲ့ဖဲ့ ပြော သွားသလဲ ပြောစမ်း"

"မပြောပါနဲ့ မမသင်းရယ်၊ ကျွန်မဘဝနဲ့ကျွန်မ ရှိပါစေ"

"အေးဟယ်၊ ငါတို့ကလည်း လူချင်းတူလျက်နဲ့ ဘာကြောင့်များ ဆင်း ရဲဇာတာ ပါလာပါလိမ့်။ ဆင်းရဲတာပဲ အပြစ်ကြီးတစ်ခုလို ဖြစ်နေတာတော့ ငါ မကျေနပ်ဘူးဟယ်၊ လူတွေက အဲဒီလို ဆင်းရဲတာကို ချိုးနှိမ်ချင်ကြ တယ်၊ စော်ကားချင်ကြတယ်"

"တော်ပါတော့ မမသင်းရယ်"

မသင်း၏ စကားကြောင့် နှင်းရင်ထဲ သောကတွေနှင့် မှုန်ဝါး ဖြစ်သွားခဲ့ရ၏။ ဘဝကို နောက်ကြောင်းပြန်မလှန်ချင်တော့။ ဖြစ်လာသမျှ ကို လက်ခံနိုင်အောင် ကြိုးစားသွားတော့မည် ဟူ၍သာ ဆုံးဖြတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစပြီး နှင်းတစ်ယောက် ထင်ကျော်စွာနှင့် ဝေးဝေးရှောင်ခဲ့၏။ မသင်းတို့လူစုကြား ငါးရွေးငါးခွဲ အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ခဲ့၏။ ငါးမော်တော်တွေကလည်း တစ်စီးပြီးတစ်စီး ဆိုက်လာသည်မို့ အလုပ်က နေ့ဆိုင်းညဆိုင်း ခွဲပြီး လုပ်ခဲ့ကြရ၏။

သူတို့လူစု ငါးခြောက်စင်ကြီးအောက် တရှုန်းရှုန်းနှင့် လုပ်ကိုင်နေကြစဉ် လွင်ကျော်စွာတစ်ယောက် သူတို့နား တရစ်ဝဲဝဲ လုပ်နေတတ်၏။ ထူးဆန်းသည်မှာ လွင်ကျော်စွာနှင့် ထင်ကျော်စွာတို့ ညီအစ်ကိုက ရုပ်ရည်ချင်း ကွဲပြားသော်လည်း အသံနေ အသံထား စကားပြောပုံကအစ တူညီနေ၏။

နှင်း၏ နားထဲတွင် လွင်ကျော်စွာ၏အသံကို ထင်ကျော်စွာ ဟူ၍သာ ထင်မှတ်နေ၏။ ထို့ကြောင့်လည်း ခေါင်းကြီးတငုံ့ငုံ့နှင့် ကိုယ်လုပ်စရာရှိသည်များကို သိမ်းကျုံးလုပ်ကိုင်ခဲ့၏။

ထိုအချိန်တွင် နှင်း၏ ရွက်ပုန်းသီးအလှကလေးကို သတိထားမိသူက လွင်ကျော်စွာ။ နှင်း၏ ပွေ့ဖက်နမ်းရှိုက်ချင်ဖွယ် ကောင်းလှသော ကိုယ်လုံးကျစ်ကျစ်ကလေးကို ကြည့်ရင်း လွင်ကျော်စွာ သဘောအကျကြီးကျနေ၏။

ပို၍ ဆန်းပြားလှသည်မှာ လွင်ကျော်စွာ၏ လက်သုပ်မွေးထားသော တပည့်ကြီးမှာ တခြားသူမဟုတ်။ နှင်းကို မတရားစော်ကားရန် အကြံကြီးကြံခဲ့သော တုတ်ကြီး ဖြစ်လေ၏။

တုတ်ကြီးကို လွင်ကျော်စွာက အယုံကြီး ယုံနေ၏။ သူကြီးသားလည်း ဖြစ်ပြန်၊ ပေါင်းသင်းဆက်ဆံရေးအရ ရွာအတော်များများနှင့် ရင်းနှီးကျွမ်းကျင်နေသဖြင့် တုတ်ကြီးကို ငါးခြောက်လုပ်ငန်း ဝယ်ယူစီမံရေးအတွက် တာဝန်ခံအဖြစ် ခန့်အပ်ခဲ့လေ၏။

ကနဦးတွင် တုတ်ကြီးသည် ငါးမော်တော်များနှင့် ငါးခြောက်အရောင်းအဝယ်လိုက်နေရ၏။ သူပြောသမျှကို သိမ်းကျုံးဝယ်ယူခဲ့၏။ အင်းအတော်များများကိုလည်း စာချုပ်စာတမ်းများနှင့် ချုပ်ကိုင်ထိုင်ခဲ့၏။

ပြောရလျှင် ဖခင်ကြီး၏ အရှိန်အဝါကြောင့်လည်း ပါသည်ဟု ဆိုရချေမည်။ တုတ်ကြီး၏ တက်တက်ကြွကြွ လုပ်ဆောင်ရေးမှုကြောင့် လွင်



www.burmeseclassic.com

www.burmeseclassic.com



...ကျော်စွာ တုတ်ကြီးအပေါ် အကျေနပ်ကြီး ကျေနပ်ခဲ့၏။ သူ့ကြောင့်လည်း ...ီးပွားအစတော်ကလေး ဖြစ်ခဲ့၏။

နောက်ဆုံးတွင် မဒေါက်မြို့ကို အတင်း ခေါ်လာကာ သူ့လုပ်ငန်း ...ခွင် တာဝန်ခံတစ်ဦးအဖြစ် စေခိုင်းခဲ့လေ၏။

တုတ်ကြီးမှာ လုပ်ငန်းတာဝန်ခံကြီး ဖြစ်ရသည်မို့ သွေးတကြွကြွ ...ဖြစ်နေ၏။ ထို့ပြင် တုတ်ကြီးနှင့် လွင်ကျော်စွာတို့က အတွဲညီလှ၏၊ ...အရက်သောက်၊ မိန်းမပွေ၊ လောင်းကစားလုပ်သည့် နေရာတွင်လည်း ...သနာချင်းတူလှ၏။ ထို့ကြောင့်လည်း ပေါင်းသင်းမိကြလေ၏။

လွင်ကျော်စွာသည် တုတ်ကြီးကို သူ့လုပ်ငန်းတွင် လခကောင်း ...ကောင်းပေး၍ ခန့်ထားခဲ့၏။ တုတ်ကြီးသည် မဒေါက်မြို့ပေါ် ရောက်လာ ...သည်နှင့် သူ့နာမည်ကို အောင်မောင်းဟု ပြောင်းပစ်လိုက်၏။

လုပ်ငန်းခွင်ထဲတွင် သူ့အသံက အမြဲတမ်း ဖွာဖွာလော်လော် ...ကြားရလေ့ရှိ၏။ လက်ညှိုးကြီး တထိုးထိုးနှင့် ငေါက်ငမ်းပြောဆိုတတ်၏၊ ...ကပြန်လျှင်လည်း နှစ်ပြားမတန်အောင် ပြောဆိုလေ့ရှိ၏။

သို့သော် ခပ်လှလှ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ဖြောင့်ဖြောင့် ...န်းမချောလေးများနှင့် တွေ့လျှင်တော့ အောင်မောင်းတစ်ယောက် သွား ...ဖြီးတဖြီးဖြီးနှင့် လုပ်တတ်၏။

လွင်ကျော်စွာနှင့် တွဲမိလာသောအခါ လွင်ကျော်စွာ လက်ညှိုးထိုး ...ိုက်သည့် အမျိုးသမီးငယ်များကို မရရအောင် စည်းရုံးကာ ဖျက်ဆီးပစ် ...လေ့ ရှိ၏။

ယခုလည်း နှင်းဆိုသော မျက်မမြင်မလေးကို လွင်ကျော်စွာ သဘော ...တကျကြီး ကျနေ၏။ သို့သော် ညီဖြစ်သူ ခေါ်လာသည့်သူဖြစ်၍ အရမ်း ...ရော လက်ညှိုးမထိုးဝံ့။ ထို့ပြင် တပည့်ကျော် အောင်မောင်းကလည်း ...ခယ်မဘက် ရောက်နေသည်မို့ မျက်စိအရသာခံရုံကလွဲ၍ အနီးကပ် ...ရောရဲပါချေ။

နှင်းကလည်း လွင်ကျော်စွာ၏ အသံဗလံကို ကြားလျှင် စိတ်ထဲ ...ထိတ်ထိတ် တဖိုဖို ဖြစ်နေ၏။ တစ်ချိန်တွင် အောင်မောင်းတစ်ယော... ...ချောက်ငါးခြမ်းများကို မော်တော်တစ်စီးတိုက် ဝယ်ယူ၍ မဒေါက်မြို့...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ရောက်ရှိလာ၏။

တပည့်ကျော်ကြီး ပြန်လာပြီမို့ လွင်ကျော်စွာ ဝမ်းသာအားရ ဖြစ်နေ၏။ သယ်လာသည့် ပစ္စည်းပစ္စယများ ဂိုဒေါင်ထဲ ထည့်ပြီးနောက် ဆရာ တပည့်နှစ်ဦး အိမ်ကြီး၏အောက်ထပ် အပန်းဖြေခန်းထဲတွင် အရက်ဝိုင်း ဖွဲ့ခဲ့ကြ၏။

တုတ်ကြီးခေါ် အောင်မောင်း၏ အသွင်က နေ့ချင်းညချင်း ပြောင်း လဲနေ၏။ ဝတ်တာစားတာကအစ မြို့ကြီးသားဆန်သွားသော အောင် မောင်း။ ဘိုကေကိုလည်း တသသ လုပ်တတ်၏။ စတိုင်လို စီးကရက်ထိုး လက်ကြားကမချ။ ဟန်ပန်ကအစ အပြောင်းလဲကြီး ပြောင်းလဲသွားသော အောင်မောင်း။ ဝီစကီခွက်ကို ရေခဲတုံးလေးများစိမ်၍ တမျှင်းမျှင်း သောက် နေ၏။

ထိုစဉ် လွင်ကျော်စွာက နှင်းနှင့် ပတ်သက်ပြီး တီးတိုး ပြောပြလိုက် ၏။

"အဲဒီ ကောင်မလေးက တအားကို လှတာကွ၊ ပြီးတော့ ကိုယ်လုံး ကလေးက တစ်တစ်ရစ်ရစ်နဲ့ တအားကို ဖျစ်ညှစ်ချင်စရာ ကောင်းတယ် ကွ။ မင်းမရှိတော့ ငါလည်း လက်တွန့်နေသကွာ"

"ဟာ- အာစရိကလည်း ကျွန်တော် ရောက်လာပြီပဲဗျာ၊ ဘာမှမပူနဲ့ ဘယ်သူလဲ ပြောပါဦး၊ မသင်းတို့အုပ်စုထဲကပဲလား။ ကိုယ့်အိတ်ထဲက ဖားတွေပဲ အာစရိရယ်၊ ဘယ်အချိန် ထုတ်ရိုက်ရိုက်ပါဗျာ"

"ဟဲဟဲ မင်းကတော့ လုပ်ပြီကွာ၊ ဒါပေမယ့် အဲဒီ ကောင်မလေးက မျက်စိမမြင်ဘူးကွ။ ပြီးတော့ သူ့ကို ငါ့ညီက ခေါ်လာတာ"

"ဟင်- မျက်စိမမြင်ဘူး"

"အေးကွ၊ နာမည်က နှင်းတဲ့"

"နှင်း"

နှင်းဆိုသောနာမည် ကြားလိုက်သည်နှင့် အောင်မောင်း တွန့်ခနဲ ဖြစ်သွား၏။ မျက်စိမမြင်ဘူး ဆိုကတည်းက မနိုပိုးရွာမှ မျက်မမြင်မလေး ဖြစ်နိုင်ကြောင်း ရိပ်မိနေ၏။ လွင်ကျော်စွာကတော့ သူ့အတွေးနှင့်သူ ဝမ်း မြောက်ဝမ်းသာ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကောင်မလေးကို ကြည့်ရတာ ငါ့ရင်ထဲ တသသ တမျှင်းမျှင်းပဲ အောင်မောင်းရေ၊ မင်းက ဒီလိုင်းတွေ ကျွမ်းကျင်တော့ မရရအောင် စည်းရုံးစမ်းကွာ။ ဘယ်လောက်ကုန်ကုန် ငါ အကုန်ခံပါ့မယ်ကွာ"

လွင်ကျော်စွာတစ်ယောက် အငမ်းမရ ပြောဆိုနေစဉ် အောင်မောင်း ခမျာ မရွံ့မရဲ ဖြစ်နေ၏။ ထို့ကြောင့်လည်း သူတို့ ဇာတိရွာမှ နှင်း ဟုတ် မဟုတ် အသေအချာ စုံစမ်းကြည့်ခဲ့၏။ ငါးခြောက်ငါးခြမ်း ရွေးနေသော နှင်းကို တကယ်တမ်း မြင်လိုက်ရသောအခါ အောင်မောင်း မျက်လုံးပြူး နေ၏။

လွင်ကျော်စွာကို တီးတိုး ခေါ်ထုတ်ပြီး နှင်း၏အကြောင်းတွေ ပြော ပြလိုက်၏။

"ဘာ- မနှင်းက စုန်းမျိုး ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ အာစရိရယ်၊ သူတို့ ကျုပ်တို့ရွာက မောင်းထုတ် ခဲ့တာဗျ။ ကျုပ်ပြောတာကို ယုံစမ်းပါ အာစရိရာ၊ သူ့ကြောင့် ဘျိုင်အမေ လည်း ကံကောင်းလို့ သေတော့မလို့။ ပြီးတော့ ကျုပ်တစ်ညွှန့် သေအိုးဘျိုင် မြွေကိုက်လို့ သေသွားတာဗျ၊ ဒါကြောင့် ရွာက မောင်းထုတ်ခဲ့တာပေ့ါ"

"ဟာ- ဟုတ်ရဲ့လားကွာ၊ ဒီလောက်လှတဲ့ ကောင်မလေးကို စုန်းလို့ ပြောတာ တမင်သက်သက် ပြောတာများလားကွာ။ ငါတော့ အဲဒီ အယူ အဆတွေကိုတော့ ငါ လက်မခံဘူးကွ"

"ဒုက္ခပါပဲ အာစရိရာ"

"တိုးတိုးပြောစမ်းပါကွာ၊ ဘာပဲဖြစ်ဖြစ် အဲဒီ နှင်းဆိုတဲ့ ကောင်မလေး ကို ငါ ခံစားချင်တယ်ကွာ။ တစ်ခုရှိတာ ငါ့ညီပဲကွ၊ ဒီကောင်က ဇွတ်တ ရွတ်ကွ၊ သူခေါ်လာတဲ့ ကောင်မလေးကို ငါ ဝင်မှာဆိုတော့ ပြဿနာ ရှိလာနိုင်တယ်ကွ။ အဲဒီအတွက်ကြောင့် မင်းကို ငါ တာဝန်ပေးတာကွ၊ ဘယ်လိုတုံး၊ ဖြစ်နိုင်မှလား။ ဖြစ်မယ်ဆိုရင် မင်းလိုချင်တာ အကုန်ဖြစ်ရ စေမယ်ကွာ။ ဒီကိစ္စ ငါ့ညီ လုံးဝ မရိပ်မိစေချင်ဘူး"

လွင်ကျော်စွာ၏ စကားကြောင့် အောင်မောင်း ငိုင်ကျသွား၏။ ဖြစ် နိုင်လျှင် နှင်းနှင့် လုံးလုံး မပတ်သက်ချင်တော့။ သူကိုယ်တိုင် ကြုံခဲ့ရသည့် အဖြစ်မို့ လွင်ကျော်စွာ၏ဆန္ဒကို တားမြစ်ချင်၏။ သို့သော် လွင်ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



၏ ချင်ခြင်းက ဘယ်လိုမှ ဖျက်မရ။

နောက်ဆုံးတော့ နှင်းတို့လူစုကြား အောင်မောင်းတစ်ယောက် မဝံ့မရဲနှင့် တိုးဝင်ခဲ့ရ၏။ အလုပ်သမတွေကြား စပ်ဖြုဖြု သွားလာပြောဆိုသော အသံကြောင့် နှင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ထို့ကြောင့်လည်း မသင်းကို တီးတိုး မေးမိ၏။

"ဩော်- အဲဒါ တာဝန်ခံအသစ်လေ၊ နာမည်က အောင်မောင်းတဲ့"

"ဟုတ်လား"

နှင်းစိတ်ထဲ မသက်သာ။ အောင်မောင်းဆိုသော လူ၏အသံကို သူကောင်းကောင်းကြီး မှတ်မိနေသလိုပင်။ ထိုစဉ် သူတို့အနားသို့ အောင်မောင်း ရောက်ရှိလာ၏။ အလုပ်သမတွေ အားလုံးက အောင်မောင်းအကြောင်းကို ကောင်းကောင်း သိနေ၏။

ရီသွဲ့သွဲ့နှင့် သားပြောမယားပြော ပြောတတ်သည်မို့ အလုပ်သမလေးတွေ၏ရင်ထဲ အောင်မောင်းက ချဉ်ဖတ်။ မသင်းတို့ညီအစ်မနားရောက်သည်နှင့် အောင်မောင်းက မသင်း၏ပခုံးကို ပုတ်၍ မေးလိုက်၏။

"သူက ဘယ်သူတုံးဟ၊ အလုပ်သမ အသစ်လား။ နာမည်က ဘယ်သူတုံး"

"ဟို- မနှင်းတဲ့"

"ဩော်- မနှင်းတဲ့လား၊ မျက်စိမကောင်းဘူးထင်တယ်"

"ဟုတ် ဟုတ်ကဲ့"

နှင်းသည် အောင်မောင်းကို မရဲတရဲ မော့ကြည့်ရင်း ပြောလိုက်၏။ နှင်း၏ အမူအရာက သူ့ကို မှတ်မိပုံမပေါ်။ ထိုအချက်ကြောင့် အောင်မောင်း ဝမ်းသာအားရ ဖြစ်သွား၏။

"မနှင်း၊ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"

"အဆင်မပြေလည်း ပြောနော်၊ ဒီမှာ ကျွန်တော် ဘာမဆို အကူအညီပေးနိုင်တယ်ဗျ"

"ဟုတ်ကဲ့ရှင့်၊ ဟို- အစ်ကိုကြီးအသံက ကျွန်မတို့ရွာက လူတစ်ယောက်နဲ့ အတော်တူတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ လူတူမရှား အသံတူမရှားပေါ့ မနှင်းရယ်။ ကိုင်း- လိုတာရှိရင်ပြောနော်၊ အခက်အခဲရှိလည်း ကျွန်တော့်ကို လာပြော"

"ဟုတ်ကဲ့ရှင့်"

အောင်မောင်းတစ်ယောက် သူ့အနားမှ ထွက်သွားသောအခါမှ သက်ပြင်းချနိုင်ခဲ့၏။ အောင်မောင်း၏အသံကို သူ သံသယ ဖြစ်မိ၏။ တုတ်ကြီးအသံမှ တုတ်ကြီးအစစ်။ သို့သော် အောင်မောင်းဟု ပြောနေသဖြင့် နှင်းစိတ်ထဲ ဇဝေဇဝါ ဖြစ်ခဲ့ရ၏။

အလုပ်ခွင်မှ အပြန်တွင် မသင်းတို့ညီအစ်မကို အောင်မောင်း အကြောင်း ပြောပြခဲ့၏။

"ဟုတ်ရဲ့လား မနှင်းရယ်၊ တို့က သူ့အကြောင်း အသေအချာတော့ မသိသေးပါဘူးကွယ်။ ဒါပေမယ့် မိန်းမတော့ အတော့်ကို ပွေချင်တဲ့ပုံပဲ၊ ပြီးတော့ ဆရာလွှင်ကျော်စွာကလည်း မလွယ်ဘူးနော်"

"ဟုတ်ပ့ါ မနှင်းရယ်၊ သူတို့နှစ်ယောက်က မိန်းမမြင်ရင် အရူးအမူး ဖြစ်နေကြတာ"

နှင်းတစ်ယောက် သူတို့ညီအစ်မ၏စကား နားထောင်ရင်း သက်ပြင်း ရှည်ကြီးကို မှုတ်ထုတ်လိုက်၏။ ထို့ပြင် ပို၍ ဇဝေဇဝါ ဖြစ်ရသည်က လွှင်ကျော်စွာဆိုသော လူ၏ အသံပင်။ သူ့စိတ်ထဲ ထင်ကျော်စွာ၏ အသံ ဟူ၍သာ ထင်မှတ်နေခဲ့၏။

"အဲဒီလူက လွှင်ကျော်စွာတဲ့လား"

"ဟုတ်တယ်လေ၊ ထင်ကျော်စွာရဲ့ အစ်ကိုပေါ့"

"အို- အသံက အရမ်းတူတာပဲနော်"

"ဩော်- ငါ့ညီမကလည်း အသံတွေကို ခွဲခြမ်းစိ[illegible]ဖြာနေတာကိုး"

"ဟုတ်တယ် မမသင်းရယ်၊ နှင်းဘဝက အသံကိုပဲ ခွဲခြားရတာ[illegible] ခုတော့ အဲဒီ ညီအစ်ကိုနှစ်ယောက်ရဲ့ အသံကို ကျွန်မ ဘယ်လိုမှ [illegible] ပါဘူးရှင်"

"ဟုတ်လား၊ သူတို့ညီအစ်ကို နှစ်ယောက်က ဗီဇချင်း[illegible] ပ့ါ။ ထင်ကျော်စွာဟာ မှန်တေတေနှင့် ထင်ရာလုပ်တတ်[illegible] မမှန် လုပ်တာတော့ တစ်ခါမှ မတွေ့ဖူးဘူး။ လွှင်ကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်။ အရက်သောက်၊ ဖဲရိုက်၊ မိန်းမပွေနဲ့ တအား ရှုပ်တာ။ သတိတော့ထားပေါ့ ညီမရယ်၊ ငါ့ညီမက အလှပါရမီ ထူးလှတာမို့ သူတို့ ညီအစ်ကိုတွေက ညီမလေးအပေါ် တရစ်ဝဲဝဲနဲ့နော်"

"ဟုတ်တယ် နှင်းကလေးရေ၊ ယောကျ်ားတွေကို သတိတော့ထား ကွယ့်"

မသင်းတို့ညီအစ်မ၏ စေတနာကို နှင်း ယုံကြည်၏။ သူ့အပေါ် အစ်မရင်းများသဖွယ် ကူညီခဲ့သည်မို့ အစစအရာရာ အဆင်ပြေခဲ့၏။ အစားအသောက်ကအစ ချက်ပြုတ်ကျွေးမွေးခဲ့သည်မို့ နှင်းဘဝ ငြိမ်းငြိမ်း ချမ်းချမ်း ရှိခဲ့၏။ ယခုလည်း လွင်ကျော်စွာတို့ ညီအစ်ကိုနှင့် ပတ်သက်ပြီး သတိပေးလာ၏။

နှင်းရင်ထဲမှာတော့ မှုန်ဝါးဝါး ခံစားနေရ၏။ အဖေ၊ အမေ၊ ဆွေမျိုး ညာတကာကအစ ကင်းမဲ့လှသည့်ဘဝဖြစ်၍ တစ်ခါတစ်ရံ အားငယ်စိတ်၊ ကြေကွဲစိတ်၊ သိမ်ငယ်စိတ်တွေက ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာတတ် ၏။

ယခုလည်း ညရောက်သည်အထိ အိပ်မပျော်နိုင်။ ကိုယ့်ဘဝ၏ ဟာင်းလင်းပြင်ကြီးကို တွေးတောရင်း တော်တော်နှင့် အိပ်မရပါချေ။ မိုး လင်းလုလု အချိန်မှ ဖျတ်ခနဲ အိပ်ပျော်သွားခဲ့ရာ အိပ်မက်ထဲ မြွေမင်းကြီး ကို မြင်မက်မိ၏။

ပါးပျဉ်းကြီး ထောင်ထောင်နှင့် သူ့အနား ရောက်လာသော မြွေ မင်းကြီး။ သူ့ကို တစ်ခုခု ပြောချင်ပုံရ၏။ လေသံတိုးတိုးဖြင့် တစ်ခုခု ပြောဆိုကာ သူ့အနားမှ တဖြည်းဖြည်း ထွက်ခွာသွား၏။

နှင်း မြွေမင်းကြီးကို တကြော်ကြော် အော်ခေါ်ရင်း အိပ်မက်မှ လန့် နိုးလာ၏။ အိမ်အပြင်ဘက်တွင် ကျေးငှက်သာရကာတို့၏အသံ ကြား လိုက်ရသဖြင့် မိုးလင်းနေပြီဖြစ်ကြောင်း သိလိုက်ရ၏။

ထို့ကြောင့်လည်း အိမ်နောက်ဘက် ရေကန်ဘေးတွင် ရေကို ကမန်း ကတန်း ချိုးလိုက်ပြီး အဝတ်အစားလဲလိုက်၏။ မသင်းတို့ ညီအစ်မမှာ မီးဖိုချောင်ထဲဝင်ကာ ထမင်းကြော်နေ၏။

"နှင်းရေ၊ ထမင်းကြော် စားရအောင်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမသင်း"

"လာလာ"

ပြောပြောဆိုဆိုနှင့် မမသင်းတို့ အခန်းဘက် ထူးသွား၏။ ထမင်းကြော်မှာ စားတော်ပဲပြုတ်၊ ကြက်ဥတို့ဖြင့် အိနေအောင် ကြော်ထားတာ ကြက်သွန်နီကို အပိုင်းအပိုင်းလှီး၍ ချက်ထားသော ... ချဉ်ထည့်ကာ အချဉ်ရည်ညှစ်ထား၏။ ပူပူနွေးနွေး စားသောက်ရသည်မှာ အရသာရှိလှ၏။

"မနှင်း. . . မနှင်းရှိလား"

"ဟင်"

"ဘယ်သူလဲ မမသင်း"

သူ့စိတ်ထဲ ထင်ကျော်စွာလား၊ လွင်ကျော်စွာလား မခွဲခြားတတ်။ ထိုစဉ် အိမ်ပေါ်သို့ တက်လာသူကို ကြည့်ပြီး မသင်းက ပြောလိုက်၏။

"ဩော်- ကိုထင်ကျော်စွာပါလား၊ စောစောစီးစီး နှင်းဆီ လာသလား"

"ဟုတ်ကဲ့၊ မနှင်းရော ဘာလုပ်နေသလဲ"

"ထမင်းကြော်စားနေတယ်လေ"

ထမင်းကြော်ပန်းကန်ကြီးနှင့် အိမ်ရှေ့ထွက်လာသော နှင်းကို ထင်ကျော်စွာက ဖေးဖေးမမ တွဲ၍ ခေါ်လိုက်၏။

"အို- ရ. . . ရပါတယ် ကိုကျော်စွာ၊ စားပါဦးလား"

"စားပါဗျာ၊ ကျွန်တော် မနှင်းကို လာခေါ်တာ။ ဒီနေ့ အလုပ်မဆင်းနဲ့တော့ဗျာ၊ ကျွန်တော် ကိုကိုလွင့်ကိုလည်း ပြောပြီးပြီ"

"ရှင်- ဘာ့. . . ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့လဲဆိုတော့ မနှင်းရဲ့ မျက်စိကိစ္စလေ"

"ရှင်- မျက်စိကိစ္စ ဟုတ်လား"

နှင်းစိတ်ထဲ တအံ့တသြ ဖြစ်နေရ၏။ ထင်ကျော်စွာ၏ အပြုအမူကား ဇွတ်တရွတ်။ မျက်စိကိစ္စ ဆိုသဖြင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားခဲ့ရ၏။ ထို့ကြောင့်လည်း အထစ်ထစ် အငေါ့ငေါ့နှင့် မေးကြည့်လိုက်မိ၏။

"ဘာကိစ္စလဲဟင်၊ ဟို- မျက်စိ. . ."

"ဩော်- မနှင်းကလည်းဗျာ၊ ကျွန်တော် မနှင်းကို ပြောခဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



လေ။ မျက်စိကို တတ်သိနားလည်တဲ့ ပါရဂူတွေဆီမှာ ပြကြည့်ချင်တယ် အဲဒါကြောင့် မနှင်းကို လာခေါ်တာ"

"အို- ကောင်းတာပေါ့ ဆရာ ထင်ကျော်စွာရယ်၊ မနှင်း လိုက်သွား လေ"

မသင်းတို့ညီအစ်မကပါ ဝင်၍ ပြောဆိုလာ၏။ ထင်ကျော်စွာ၏ စေတနာကို နှင်း အံ့ဩခဲ့ရ၏။ ငြင်းဆန်လို့လည်း မရ။ သူ့ကို အတင်း ဆွဲခေါ်ကာ ဝီလီဂျစ်ပေါ် အတင်း တက်ခိုင်း၏။ နှင်းတစ်ယောက် ထင် ကျော်စွာ၏ လုပ်ရပ်ကြောင့် အားတုံ့အားနာ ခံစားနေရ၏။

"အားနာလိုက်တာ ကိုကျော်စွာရယ်၊ နှင်း မပြေပါရစေနဲ့ရှင်။ နှင်းဘာ နဲ့နှင်း ရှိပါစေရှင်"

"ဟာ- ဘယ်ဟုတ်မှာလဲ မနှင်းရယ်၊ ကျွန်တော် မနှင်းရဲ့ မျက်စိတွေ ပြန်မြင်စေချင်တယ်ဗျာ။ ဒါကြောင့် ကူညီတာပါ၊ ပြီးတော့ ကျွန်တော် ပန်းချီကားငါးချပ် ရောင်းရတယ်လေ"

"ဟုတ်လား"

"ငြင်းမနေပါနဲ့ မနှင်းရယ်၊ ကျွန်တော်က မနှင်းအပေါ် သဘောရိုးနဲ့ ကူညီတာပါဗျာ"

ထင်ကျော်စွာ၏ စကားကို နှင်း မလွန်ဆန်နိုင်။ ဇွတ်အဓမ္မဆန်လွန်း လှသည်မို့ ကားပေါ် လိုက်ခဲ့ရ၏။ ထင်ကျော်စွာသည် ကားကို ကျင်လည် စွာ မောင်းနှင်ရင်း နှင်းဘက်သို့ မကြာခဏ ကြည့်မိ၏။

"မနှင်းက တအား လှတာပဲနော်"

"အို"

"စိတ်ဆိုးသွားပြီလား၊ စိတ်မဆိုးပါနဲ့ဗျာ။ ကျွန်တော် ရင်ထဲရှိတဲ့ အတိုင်း ပြောတာပါ။ အဲဒီလောက်လှတဲ့ မိန်းကလေးကိုမှ မျက်စိမမြင် အောင် လုပ်ပေးခဲ့တဲ့ ကံကြမ္မာကြီးကိုတော့ ကျွန်တော် မကျေနပ်ဘူးဗျာ။ ဒါကြောင့်လည်း မနှင်းကို ပါရဂူကြီးဆီ ပြဖို့ ခေါ်လာတာပေါ့"

"ကိုကျော်စွာရဲ့ ကျေးဇူးတွေက ကျွန်မအပေါ် များနေပါပြီရှင်၊ ဘယ်လို တုံ့ပြန်ရမှန်းတောင် မသိတော့ဘူး"

"ဟာဗျာ၊ ကျွန်တော် ဘယ်လို မျှော်လင့်ချက်မှ မရှိပါဘူးဗျာ၊ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးသမားလည်း မဟုတ်ဘူးဆိုတာ မနှင်း ယုံပါနော်"

"ယုံပါတယ် ကိုကျော်စွာရယ်"

ထင်ကျော်စွာ၏ အသံတွေက တုန်ခါနေ၏။ ရင်ထဲမှ လှိုက်လှိုက် လှဲလှဲ ပြောဆိုသည့်အသံမှန်း နှင်း သတိထားမိ၏။

"လုပ်ရကိုင်ရတာရော အဆင်ပြေရဲ့လား မနှင်း"

"ရှင်- အဆင်ပြေပါတယ်ရှင်"

"လုပ်ရတာ မပင်ပန်းဘူးလား"

"ဒီလိုပါပဲ ကိုကျော်စွာရယ်၊ ပင်ပန်းတယ်ရှိတော့ ဘယ်ဟုတ်ပါ့ မလဲလေ။ ကျွန်မဘဝကို ကိုကျော်စွာ သိပါတယ်၊ တွယ်ရာမဲ့ နေရာမဲ့ ဘဝမှာ ခုလို ပြည့်ပြည့်စုံစုံနဲ့ ဖြစ်လာတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်"

သူတို့နှစ်ယောက် ပြောပြောဆိုဆိုနှင့် လာခဲ့ကြရာ ပါရဂူကြီးတစ်ဦး ၏အိမ်သို့ ရောက်ရှိလာခဲ့ကြ၏။ ပါရဂူကြီးသည် ထင်ကျော်စွာနှင့် အတော်ကလေး ရင်းနှီးပုံရ၏။ နှင်းကိုလည်း ဂရုတစိုက် ရှိလှ၏။ မမြင်ရ သော နှင်းမျက်လုံးအစုံကိုလည်း အသေအချာ စိတ်ရှည်လက်ရှည် စမ်း သပ်ခဲ့၏။ တစ်နာရီနီးပါးကြာမှ စမ်းသပ်ပြီးသောအခါ ပါရဂူကြီးက ထင်ကျော်စွာကို တီးတိုးပြောဆိုခဲ့၏။

"ဗျာ- မလွယ်ဘူး ဟုတ်လား ဒေါက်တာ"

"ကျွန်တော် အသေချာ စမ်းသပ်ပြီးပြီဗျ၊ သူ့မှာ အာရုံကြောတွေ ငယ်ငယ်ကတည်းက ပျက်စီးသွားပုံရတယ်ဗျ။ ကုမယ်ဆိုလည်း အင်္ဂလန် မှာသွားပြီးကုမှ ဖြစ်နိုင်မယ့် အခြေအနေ ရှိတယ်ဗျ"

"ဟင်"

ကြားလိုက်ရသည့် စကားကြောင့် ထင်ကျော်စွာ ရင်မောသွားခဲ့ရ၏။ နှင်းကို အမှောင်ကမ္ဘာထဲမှ ခေါ်ထုတ်ချင်ပါသော်လည်း နှင်း၏ ကံကြမ္မာ က ဆိုးဝါးလှ၏။ ပါရဂူကြီး၏ အဖြေကိုလည်း ပြောပြရမှာ ဝန်လေးနေ၏။ နှင်းကတော့ ပြုံးပြုံးရွှင်ရွှင်ပင်။ သူတို့နှစ်ဦး ဆရာဝန်ကြီးအိမ်မှ ထွက်ခဲ့ ကြ၏။

"ကျွန်တော် ကြိုးစားပါဦးမယ် မနှင်းရယ်၊ မနှင်း စိတ်မလျှော့ပါ နဲ့။ ကျွန်တော် မနှင်းကို မရရအောင် ကုမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ အစ်ကို ကျော်စွာရယ်၊ ဒါဟာ ကံကြမ္မာရဲ့ စီရင်ချက်ပဲလေ။ နှင်း မလိုချင်လည်း ခေါင်းခါလို့ မရပါဘူး၊ ဖြစ်လာတဲ့ဘဝကိုပဲ ကျေကျေနပ်နပ် လက်ခံတတ်ဖို့ လိုပါတယ်ရှင်။ ကျွန်မအပေါ် ခုလို ဂရုတစိုက် ကူညီတာကိုပဲ ဝမ်းသာလှပါပြီ အစ်ကိုရယ်၊ ကျွန်မတို့ ပြန်ကြပါစို့"

"အို- ကျွန်တော်နဲ့ မနှင်း ဆိုင်တစ်ဆိုင်မှာ ထမင်းစားကြမယ်လေ"

"ရှင်- နေ. . . နေပါစေ အစ်ကိုရယ်၊ ကျွန်မလို မမြင်မစမ်း တစ်ယောက်ကြောင့် အစ်ကို သိက္ခာတွေ ကျလှပါတယ်"

"ဘယ်လိုပြောလိုက်တာလဲ မနှင်းရယ်၊ အဲဒီစကားကို မပြောပါနဲ့ မနှင်း။ မနှင်း ဘယ်လိုဘဝ ရောက်နေနေ ကျွန်တော် မနှင်းကို တွယ်တာမိတာ အမှန်ပါပဲ။ အားငယ်စရာ၊ ကြေကွဲစရာလည်း မလိုဘူး မနှင်း။ မနှင်းဘေးမှာ ကျွန်တော် အမြဲ ရှိနေမယ်ဆိုတာ ယုံပါ"

"ယုံပါတယ် အစ်ကိုရယ်"

"ကိုင်း- ဒါဆို လာဗျာ"

သူလက်မောင်းကို အတင်းဆွဲကာ ကားပေါ်သို့ ခေါ်ဆောင်သွား၏။ ထိုအခြေအနေကို တစ်နေရာမှ ကွယ်ကာပုန်းကာ ကြည့်နေသူမှာ အောင်မောင်း ဖြစ်လေ၏။ ပါရဂူကြီးအိမ်မှ ထွက်ကတည်းက စောင့်ကြည့်နေခဲ့၏။ မြို့ထဲရှိ ထမင်းဆိုင်ကြီးတစ်ဆိုင်သို့ ဝင်သွားသည်ကိုလည်း တွေ့လိုက်ရ၏။

ထိုမြင်ကွင်းကြည့်ပြီး သူ့စိတ်ထဲ မခံမရပ်နိုင် ဖြစ်နေရ၏။ ထို့ကြောင့်လည်း အိမ်ဘက်သို့ ချက်ချင်း ပြန်လာကာ လွင်ကျော်စွာကို တီးတိုးပြောပြလိုက်၏။

"ညီလေးက ဒီတစ်ခါတော့ တယ်လည်း လက်သွက်နေပါလားကွ။ ဘယ်လိုတုံး၊ ဒီကိစ္စမှာ ငါတို့ကောင်တွေ နောက်ကောက်ကျမယ့်ကိန်း မြင်နေပါလား အောင်မောင်းရ။ ကြံစမ်းပါဦးကွာ၊ ငါက အဲဒီလို ဖူးဖူးရွရွ ပန်းလှလှလေးကိုမှ ခူးချင်တာကွ"

လွင်ကျော်စွာ၏ စကားကြောင့် အောင်မောင်း တွေဝေသွား၏။ တောင်စဉ်းစား မြောက်စဉ်းစား လုပ်ရင်း လက်ဖျောက်တစ်ချက် တီးလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

"ကျွန်တော် စဉ်းစားလို့ရပြီဗျ"

"ဘာတုံး အောင်မောင်းရ"

"ကျွန်တော်ပြောမယ် ဆရာရယ်၊ မနှင်း ဘယ်လိုလူမျိုးဆိုတာကို ဆရာ သိပြီးသားပဲ။ ဒါပေမယ့် ကျွန်တော့်နာမည် အောင်မောင်းလို့ ပြောလိုက်တဲ့အချိန် အဲဒီကောင်မလေး ဇဝေဇဝါ ဖြစ်သွားတယ်လေ"

"ဟင်- အဲဒါ ဘာဖြစ်သလဲကွ"

"ဟာ- အာစရိကလည်း ဒီကိစ္စကို ကျွန်တော် ဆက်စပ် တွေးကြည့်လိုက်တော့ အဖြေတစ်ခု ရလာတယ်ဗျ"

"ဘာအဖြေတုံး၊ မင်းဥစ္စာ ပဟေဠိဆန်လိုက်တာကွာ။ ပြောစရာရှိရင် ရှင်းရှင်းလင်းလင်းသာ ပြောစမ်းပါ"

"ကျွန်တော် တွေးမိတဲ့ အချက်တစ်ခု ရှိတယ်ဗျ၊ အဲဒါက ဘာလဲဆိုတော့ ဆရာနဲ့ ဆရာ့ညီက အသံနေအသံထား တူနေတာပဲဗျ"

"ဟင်- အဲဒါ ဘာဖြစ်သလဲ"

"ဆရာကလည်း အဲဒါ ပွိုင့်ပေါ့ဗျာ၊ မနှင်းနဲ့ ဆရာ့ညီက ခုချိန်မှာ တအားကို ရင်းနှီးနေကြပြီဗျ။ ဒီလိုအချိန်မှာ ဆရာသာ ဆရာ့ညီနေရာကို ဝင်နိုင်ခဲ့ရင်"

"ဘာ၊ ဟာ- မဟုတ်သေးပါဘူးကွာ"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ ဆရာရယ်၊ မနှင်းက မျက်စိမြင်ရတာ မဟုတ်ဘူးလေ။ ဒီတော့ သူက အသံကို ခွဲခြားနိုင်စွမ်းပဲရှိတာ ဆရာရဲ့၊ ဒီတော့ကာ ဆရာနဲ့ ဆရာ့ညီက. . ."

"တော်တော့ကွာ၊ မင်းဥစ္စာ တစ်မျိုးကြီးပဲ"

"ဟာ- အဓိက မနှင်း ဆရာ့ရင်ခွင်ထဲ ရောက်လာဖို့ပဲ မဟုတ်လားဗျ"

"အဲဒါတော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ငါလုပ်တာ မတရားရာကျနေတော့"

"အိုဗျာ၊ အချစ်နဲ့စစ်မှာ တရားတယ် မတရားတယ် မရှိပါဘူး။ ဆရာ ချစ်ချင်ရင် ဘာမှ စဉ်းစားမနေနဲ့၊ စဉ်းစားလို့ကတော့ ဆရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ နီးစပ်နိုင်မှာ မဟုတ်ဘူးဗျ"

"ဟော"

အောင်မောင်း၏ စကားလုံးတွေက သူ့အသည်းနှလုံးကို ခြွေချလိုက်သလိုပင်။ အမှန်အတိုင်း ပြောရလျှင် မိန်းမချော၊ မိန်းမလှတွေ မြင်လျှင် ရင်ထဲမှာ တငြိမ့်ငြိမ့် တသိမ့်သိမ့် ခံစားမှုယစ်လို၏။

ယခုလည်း မနှင်း၏ ကိုယ်လုံးလှလှလေးနှင့် ဖူးစပွင့်စ ပန်းမျက်နှာလေးကို သူ့မျက်လုံးအိမ်ထဲက မထွက်တော့။ သို့သော် ညီဖြစ်သူ ရည်စူးထားသည်မို့ သူ ဘယ်လို ကြံစည်ရမှန်း မသိ။ အောင်မောင်း တွက်ပြသည့် တွက်ကိန်းက နှစ်ပေါက်တစ်ပေါက် တွက်ကိန်း။

ထိုအကြံစည်ကို သူ အလေးအနက်ထား၍ စဉ်းစားခဲ့၏။ ခွက်ထဲမှ ဝီစကီလက်ကျန်ကို တစ်ရှိန်ထိုး မော့ချလိုက်ပြီး ဝက်အူချောင်းတစ်စိတ်ကို ခက်ရင်းနှင့်ထိုးကာ အချဉ်တို့၍ စားလိုက်၏။ ဝီစကီအရှိန်က တရိပ်ရိပ် တရိရိ ဝေတေတေ ဖြစ်လာသောအခါ စိတ်အာရုံတွေပါ ထွေပြားလာ၏။

အောင်မောင်းကလည်း ရေခဲတုံးလေးများ ပေါလောမျောနေသော ဝီစကီခွက်ကို တစ်ငုံမော့သောက်ကာ အမြည်းစားလိုက်၏။

လွင်ကျော်စွာသည် ငါးသုံးလုံးစီးကရက်ကို မီးညှိဖွာရှိုက်ရင်း ခေါင်း တညိတ်ညိတ် လုပ်၍ ပြောလိုက်၏။

"မင်းပြောတာ အတော့်ကို နီးစပ်တဲ့ကိစ္စပဲကွ"

"ဟာ- ကျွန်တော်ပြောတာ ဗိုလ်ငှဲဗျ၊ အဲဒီလို နင်းချလိုက်ရင် ဆရာ့ ရင်ခွင်ထဲ နှင်းဆိုတဲ့ ကောင်မလေး ယိုင်ကျလာမှာ အသေအချာပဲ။ အဲဒီ လောက် ပိုင်တဲ့အချက် မရှိဘူး"

"ထားပါတော့ကွာ၊ အဲဒီလို လုပ်ရှားဖို့ဆိုတာ ငါတော့ မရဲဘူးကွ။ မင်းက ဉာဏ်နီဉာဏ်နက်များတဲ့ကောင်ဆိုတော့ မင်းစဲ ငါ့အတွက် စဉ်းစားကွာ၊ ဝီစကီလိုချင်ရင် ထပ်မှာကွ။ ကြိုက်သလောက် သောက်စမ်း"

"စိတ်ချပါ ဆရာရယ်၊ ကျွန်တော်ကြံရင် အောင်ကို အောင်မြင်ရမယ်"

"ငါလည်း ယုံပါတယ်ကွာ"

ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီစွာ ပြောဆိုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လွှင်ကျော်စွာ စိတ်ကူးကြည့်ရုံနှင့် အကြည်နူးကြီး ကြည်နူးနေပေရာ အောင်မောင်းပေးသမျှ အကြံကို ကျေကျေနပ်နပ်ကြီး လက်ခံလိုက်လေတော့၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ကံစီမံရာကို လက်ခံလိုက်ခြင်းသည်သာ
ဘဝရှင်သန်မှုပင် . . .။
ကံကို ဆန့်ကျင်သူသည်
ကိုယ့်ဘဝကိုယ် ဆုတ်ဖြဲခြေမွလိုက်ခြင်းနှင့် တူပေ၏ . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မြင်ရသည့်မြင်ကွင်းတွေက ပိုးတဝါး။

အနီ၊ အပြာ၊ အဝါ၊ အစိမ်း သက်တန့်ရောင်စဉ်တွေကြား မှိုင်းညို့ညို့ တောင်တန်းကြီးများ၊ တောအုပ်ကြီးများ၊ နက်ရှိုင်းသော အသူရာချောက်ကမ်းပါးကြီးများကို မှုန်တိမှုန်ဝါး မြင်ရသလိုပင်။

ထိုအရာများမှတစ်ဆင့် ရွက်ကြွေတောကြီး။

တသောသော တိုက်ခတ်နေသော လေပြင်းမုန်တိုင်းများ။

ကြီးမားမြင့်မတ်သော ကျောက်ဆောင်ကြီးများ။

ရဲရဲနီစွေးနေသော နေမင်းကြီး။

တဖြည်းဖြည်း လွှမ်းခြုံလာသော အမှောင်ရိပ်။

ထိုအမှောင်ရိပ်ထဲမှ သနပ်ခါးနှစ်ရောင် လမင်းကြီး ခေါင်းဖော်လာ၏။ လေ[redacted]ကလေးက တိုးဝှေ့လာသလို သစ်ရွက်လှုပ်ခတ်သံများကို ကြိုကြားကြိုကြား ကြားနေရ၏။

လမင်းကြီးကို ကြည့်ရင်းကြည့်ရင်း တဖြည်းဖြည်း သေးကျုံ့သွားကာ နောက်ဆုံး ဟင်းလင်းပြင် ကင်းဗတ်စ်ပေါ်မှာ အစက်ကလေး တစ်စက်ဖြစ်သွား၏။ ထိုအစက်ကလေး တစ်စက်သည် နှင်း၏မျက်နှာနှင့် ချွတ်စွတ်တူ၏။

ဝမ်းသာကြည်နူးစွာနှင့် ကင်းဗတ်စ်ကြီးကို ငေးကြည့်ရင်း မှုန်ခနဲ မြည်သံကြီးနှင့်အတူ မြွေပေါက်နက်ကြီးတစ်ကောင် ကင်းဗတ်စ်အသားစ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖောက်၍ အပြင်သို့ ထွက်လာ၏။ မြင်ကွင်းကို ကြည့်ရင်းကြည့်ရင်း သူ ကြောက်လန့်တကြားနှင့် အော်ဟစ်လိုက်မိ၏။

"အောင်မယ်လေးဗျ"

သူ့အော်သံကြောင့် တစ်အိမ်လုံး ထိတ်ထိတ်လန့်လန့် ဖြစ်သွားကြ၏။ အိပ်ခန်းတံခါးကို တဒုန်းဒုန်း ထုကာ အော်ဟစ်မေးမြန်းနေကြ၏။ သူ သတိရလာတော့ အိပ်မက် မက်နေတာပါလားလို့ တွေးမိလာ၏။

ထို့ကြောင့်လည်း ခုတင်ပေါ်မှ အတင်း လူးလဲထကာ အိပ်ခန်းတံခါးကို ဖွင့်လိုက်၏။ ဦးဆုံး ဝင်လာသူက မိခင်ကြီး ဒေါ်စိန်ခိုင်။ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်နေ၏။ သူ့ကိုကြည့်ရင်း အထိတ်တလန့်နှင့် မေးလိုက်၏။

"သားငယ်. . . သားငယ် ဘာဖြစ်တာလဲ"

"ဩော်- ကျွန်တော် အိပ်မက်မက်ပြီး ယောင်အော်မိတာပါ မေမေရယ်"

"ဟင်- ရင်ထိတ်လိုက်တာ သားငယ်ရယ်၊ သား ဘုရားရှိခိုးအိပ်ရဲ့လားကွယ်။ ဘာတွေ အိပ်မက်မက်နေတာလဲ"

"ဟင်းဟင်း အလကားပါ အမေရယ်၊ သားဆွဲတဲ့ ပန်းချီကားတွေ တစ်ယောက်ယောက် ယူသွားတယ်လို့ အိပ်မက်မက်တာပါ"

သူ မှုသားစကား မပြောဖူး ပြောလိုက်မိ၏။ မိခင်ကြီးကတော့ သူ့စကားကို အယုံကြီး ယုံနေ၏။ စိုးရိမ်စိတ်နှင့် ဘုရားစင်မှ သောက်တော်ရေစွန့်ကာ သူ့ကို တိုက်ခဲ့၏။ မိခင်ကြီးမှာ သူ့ကို ဥမမည် စာမမြောက်ဟု ထင်မြင်နေဆဲ။

မိခင်ကြီး ထွက်သွားတော့ သူ ဆက်၍ အိပ်မရတော့။ စားပွဲပေါ်မှ နာရီကို ကြည့်လိုက်တော့ နံနက်လေးနာရီ ထိုးနေပြီ ဖြစ်၏။ ထို့ကြောင့် ရေချိုးခန်းဝင်ပြီး မျက်နှာ ကပျာကယာသစ်ကာ ပန်းချီခန်းထဲ ဝင်ခဲ့၏။

နှင်း၏ ပုံတူပန်းချီကားလေးက အခန်းထောင့် ပုံဆွဲစင်ပေါ်တွင် ရှိနေ၏။ အဝေးက လှမ်းကြည့်ရင်း နှင်း၏ ရွှန်းလဲ့တောက်ပနေသော မျက်လုံးအိမ်များ လှုပ်လာသလိုလို၊ ဖူးဖူးလုံးလုံး နှုတ်ခမ်းကလေးများ လှုပ်ခတ်လာသလိုလို ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပုံတူနားသို့ သူ တစ်လှမ်းတိုးလာခဲ့၏။ နှင်း၏ မျက်နှာဝင်းဝင်းကလေးကို ကြည့်ရင်း သူ့ရင်ထဲ စကားတွေ အများကြီး ပြောလိုက်မိ၏။

နှင်းကြောင့် ရူးသွပ်သွားသလိုပင် ခံစားနေရ၏။ သူကိုယ်သူလည်း နားမလည်နိုင်တော့။ တက္ကသိုလ်ကျောင်းတော်ကြီး တက်ခဲ့စဉ်က မိန်းမလှလေးတွေ များစွာကို မြင်ခဲ့ဖူး၏။ အရောင်အသွေး စုံလင်လှသော ပန်းဥယျာဉ်ကြီးကြား ဖြတ်သန်းခဲ့သော်လည်း စိတ်ထဲ လှုပ်လှုပ်ရှားရှား မရှိခဲ့။

ယခုတော့ တောပန်းကလေးတစ်ပွင့်ကိုမှ စွဲစွဲမက်မက် ဖြစ်နေရသည်မို့ သူ့ကိုယ်သူ ဘယ်လိုမှ စဉ်းစား၍ မရတော့။ နှင်းကို သူ မြင်မြင်ချင်း ချစ်ခဲ့မိသည်ဟု ဆိုရမည်လား မသိ။

နှင်းမျက်နှာလေးကို ကြည့်နေချင်၏။

နှင်းစကားသံလေးကို နားထောင်နေချင်၏။

နှင်း၏ အသက်ရှူသံလေးကိုလည်း ခံမင်ခဲ့၏။

သူ့ရင်ထဲ နှင်းမှနှင်း။ သို့သော် နှင်းဘဝကို သူ စွန့်စွန့်စားစား ကယ်ပြီးခါမှ နိုင်လိုမင်းထက်နဲ့တော့ သူ့အချစ်ကို ဖွင့်မပြောလို။ နှင်း သူ့အပေါ် ငြိငြင်သွားမှာ၊ စိတ်ဆိုးသွားမှာ အစိုးရိမ်ကြီး စိုးရိမ်ခဲ့မိ၏။

ယခုလည်း အိပ်ရာက မျက်စိနှစ်လုံးဖွင့်သည်နှင့် နှင်းကို ဦးစွာ သတိရနေမိ၏။ ဆန်းကြယ်လှသော နှလုံးသား၏ လိုအင်ကိုလည်း သူ ဆိုတ်မမိတော့။ သို့သော် နှင်းအပေါ် ယခုလို စွဲစွဲလမ်းလမ်း ခံစားနေရသည်ကို မိခင်ကြီးသာ သိသွားလျှင် ယမ်းပုံမီးကျ ပေါက်ကွဲသွားမည်မှာ အသေအချာ ဖြစ်၏။

သို့သော် သူ့ရင်ထဲ နှင်းမှနှင်း ဖြစ်နေသည်ကိုတော့ သူကိုယ်တိုင် တားဆီးနိုင်တော့ပါချေ။ နောက်ဆုံး နှင်း နားလည်နိုင်မည့် အခြေအနေ ရောက်လျှင် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထင်ကျော်စွာတစ်ယောက် နှင်းနှင့် ပတ်သက်ပြီး အခံစားကြီး ခံစားနေရစဉ် လွင်ကျော်စွာမှာ နှင်းဆိုသော မျက်မမြင်မလေး သူ့ရင်ခွင်ထဲ ရောက်ရှိလာရေးအတွက် စိတ်ထဲ ကျိတ်၍ ကြံစည်နေ၏။ အမှန်မှာတော့ နှင်းဆိုသော မိန်းမချောလေးကို မြင်မိသည့် အချိန်မှစ၍ အပိုဖြတ်မရ

www.burmeseclassic.com



သော တောရိုင်းပန်းကလေး တစ်ပွင့်ဟု ထင်မြင်မိ၏။

သဘာဝအလှ၊ သဘာဝအရိပ်တို့နှင့် ထုဆစ်ထားသော မျက်မမြင်မလေး နှင်း။ တောကျွမ်းသောမုဆိုး၏ မျက်စိနှင့်ကြည့်ရင်း ပစ်ကွင်းထဲ မထင်မှတ်ဘဲ ဝင်လာသော တပ်မက်ဖွယ်ကောင်းလှသည့် သမင်ပျိုလေး တစ်ကောင်ဟု ထင်မြင်မိလေ၏။

သားကောင်ကို လက်လွှတ်မခံနိုင်။ ထိထိမိမိ ပစ်ခတ်ဖို့သာ သူ့စိတ်ထဲ စိုင်းပြင်းနေမိ၏။ ထိုအချိန်တွင် သူ စောင့်မျှော်နေသည့် အခြေအနေတစ်ရပ် မထင်မှတ်ဘဲ ပေါ်ပေါက်လာခဲ့၏။

ထိုအခြေအနေတစ်ရပ်ကို ဖန်တီးလိုက်သည်မှာ ဖခင်ကြီး ဦးသစ္စာပင် ဖြစ်လေ၏။ မိခင်ကြီးမှာ ထင်ကျော်စွာနှင့် ပတ်သက်ပြီး စိုးရိမ်တကြီး ဖြစ်နေ၏။

နှင်းဆိုသော မျက်မြင်လေးနှင့် တပူးပူး တတွဲတွဲ လုပ်နေသည့် သတင်းကို ရထားသဖြင့် စိတ်မချနိုင် ဖြစ်နေ၏။ လွင်ကျော်စွာသည် မိခင်ကြီး၏ စိုးရိမ်စိတ်ကို ပို၍ ခံစားသွားရအောင် အောင်မောင်းထံမှ ကြားရသော အကြောင်းအရာများကို ဟုတ်သော်ရှိ မဟုတ်သော်ရှိ တီးတိုး ပြောဆိုထားခဲ့၏။ သူ့စကားကြောင့် မိခင်ကြီးမှာ ထင်ကျော်စွာကို အရိပ်တကြည့်ကြည့် ဖြစ်နေ၏။

တစ်ရက်တွင် ထင်ကျော်စွာ အိပ်ရာက မနိုးခင် သူတို့သုံးဦး တစ်ဝိုင်းတည်းထိုင်ကာ မနက်စာ အစာပြေစားသောက်ခဲ့ကြ၏။ ထိုစဉ် ဖခင်ကြီး ဦးသစ္စာထံမှ စကားသံ ထွက်ပေါ်လာ၏။

"မစိန်ခိုင်ရဲ့ ဟောဒီ လကုန်လောက်ကို ငါ ခရီးထွက်ရမှာကွ။ တစ်ယောက်တည်းသွားလို့လည်း မဖြစ်ဘူး၊ ခုဉစ္စာ ငါတို့ စီးပွားရေးလုပ်ငန်းနဲ့လည်း ပတ်သက်နေတယ်ကွ"

"ဘယ်ကိုသွားမှာတုံးတော်"

"ဟာ- အင်္ဂလန်ကို သွားမှာလေ၊ ငါ့ကို အစ်ကိုကြီးက လှမ်းခေါ်နေပြီကွ။ ငါပြောထားတဲ့ကိစ္စ အဆင်ပြေတယ် ပြောတာပဲ"

"ရှင်- အင်္ဂလန်သွားမယ်၊ ဪ- ရှင်ပြောတဲ့ စက်ကိစ္စလား"

"ဟုတ်တယ် မစိန်ခိုင်၊ စက်က အတော့်ကို ကောင်းတယ်တဲ့။ အဲဒါ

www.burmeseclassic.com



စက်ကို ကိုင်တွယ်ဖို့ သင်တန်းပါ တက်ရမယ်ဆိုတော့ ငါ့အရွယ်ကြီးနဲ့ မဖြစ်ဘူးကွ။ လွင်ကျော်စွာ ခေါ်သွားပြန်တော့လည်း ဒီမှာ အလုပ်တွေ လစ်ဟင်းကုန်မှာ စိုးရတယ်"

"ဖေဖေကလည်းဗျာ၊ ညီလေးကို ခေါ်သွားပေါ့။ သူက ဘွဲ့ရပညာတတ်ဆိုတော့ သင်တန်းကိစ္စတွေက သူနဲ့ ကိုက်မှာပေါ့"

"ဟုတ်ပါ့တော်၊ ရှင့်သား အငယ်ကောင်ကိုသာ မရရအောင် ခေါ်သွား။ ဒီမှာ ကြာကြာနေရင် ဟို- မျက်မမြင်မလေးနဲ့ ညားမှာသေချာတယ်။ အဲဒီ ကောင်မလေးက စုန်းမျိုးတဲ့ ကိုသစ္စာရေ"

"ဟော- စုန်းမျိုး ဟုတ်လား"

"ဟုတ်ပ။ တော်ကြာ ရှင့်သား စုန်းပြုစားလို့ ဒုက္ခတွေ့နေပါဦးမယ် ရှင်။ ဒီတော့ မရရအောင်သာ ခေါ်သွား၊ ဟိုမှာ သင်တန်းတွေ တက်သာ တက်ခိုင်း။ ဖြစ်နိုင်ရင်လည်း အဲဒီ ရှင့်အစ်ကိုကြီးဆီမှာ သုံးလေးနှစ်သာ ထားလိုက်ပါတော်"

"ဟုတ်တယ်၊ မေမေပြောတာ ကောင်းတယ်။ ညီလေး တွဲနေတဲ့ ကောင်မလေးဟာ သမိုင်းသိပ်မကောင်းလှဘူး၊ သူ့ကြောင့် လူအတော်များများ ဒုက္ခရောက်ကုန်တာတဲ့"

"ဟင်- ဟုတ်လား"

"ခေါ်သွားတာ အကောင်းဆုံးပါ ဖေဖေရာ၊ ကျွန်တော်လည်း ပြောပါ့မယ်။ အဲဒီ ကောင်မလေးကြောင့် ညီလေးဘဝ ပျက်စီးသွားနိုင်တယ်နော်"

သူ့စကားကြောင့် မိခင်ရော ဖခင်ကြီးပါ ငိုင်ကျသွား၏။ လွင်ကျော်စွာကလည်း ထိုအခြေအနေပေါ် နင်း၍ ပြောဆိုခဲ့ရာ နောက်ဆုံးတော့ သူ့စကား အောင်မြင်သွားခဲ့သည်ဟု ဆိုရချေမည်။

ဦးသစ္စာသည် သားငယ်အပေါ် မျှော်လင့်ချက်ကြီးစွာ ထားရှိခဲ့၏။ လွင်ကျော်စွာ၏ စကားကြောင့် သားငယ်အပေါ် အစိုးရိမ်ကြီး စိုးရိမ်ခဲ့၏။ ဇနီးသည်ကလည်း အတင်းအဓမ္မ တိုက်တွန်းခဲ့သည်မို့ ထင်ကျော်စွာကို အင်္ဂလန်သို့ ခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်လေ၏။

သို့နှင့် ထင်ကျော်စွာကို ဖခင်ကြီး ဦးသစ္စာက အင်္ဂလန်သို့ လိုက်ခဲ့ရန် ပြောဆိုလေ၏။ ဇနီးသည်နှင့် လျို့ဝှက်စွာ တိုင်ပင်ထားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလကို မှသားသုံးခဲ့လေ၏။

"လိုက်ခဲ့စမ်းပါ သားရယ်၊ ဒီကိစ္စ ဖေဖေတစ်ယောက်တည်း သွားလို့ မဖြစ်လို့ပါ။ သားက ပညာတတ်ဆိုတော့ ဟိုမှာ ပြောရဆိုရတာလည်း လွယ်ကူတာပေါ့ကွာ"

"ဘယ်လောက်ကြာမှာလဲ ဖေဖေ"

"မကြာပါဘူးကွယ်၊ အလွန်ဆုံး တစ်လလောက်ပေါ့။ မင်းအစ်ကို ကြီးကျတော့ ခေါ်သွားလို့ မဖြစ်ဘူးကွ၊ ဒီမှာ လုပ်တာစရာ အလုပ်တွေ ရှိသေးတယ်လေ။ လိုက်သာလိုက်ခဲ့စမ်းပါကွာ"

ဖခင်ကြီး၏စကားကြောင့် ထင်ကျော်စွာ ငြင်းဆို၍ မရတော့၊ အကြောင်းပြချက်က ခိုင်လုံနေသည်မို့ နောက်ဆုံးတော့ ဖခင်ကြီး၏စကား ကို ခေါင်းညိတ်လိုက်ရလေတော့၏။ တစ်လဆိုသော အချိန်ကာလက ဘာမှ ကြာသည့်ကာလ မဟုတ်ဟု တွေးကာ စိတ်ထဲ ဖြေဖျောက်လိုက်ရ လေ၏။

ဖခင်ကြီးသည် ထင်ကျော်စွာ လိုက်မည်ဆိုသဖြင့် အင်္ဂလန်သွားရန် ချက်ချင်း စီစဉ်လေတော့၏။ ဖခင်ကြီးသွားရာနောက်သို့ ထင်ကျော်စွာ တကောက်ကောက် လိုက်ခဲ့ရသဖြင့် နှင်းနှင့်လည်း မဆုံစည်းနိုင် ဖြစ် ခဲ့ရ၏။

ထိုအတောအတွင်း နှင်း၏ အရိပ်အခြည်ကို စောင့်ကြည့်နေသူက အောင်မောင်းနှင့် လွင်ကျော်စွာ။ နှင်းခမျာ ထင်ကျော်စွာတစ်ယောက် ပေါ်မလာသဖြင့် စိတ်ထဲ မျှော်နေမိ၏။

မသင်းတို့ ညီအစ်မကို မေးကြည့်တော့လည်း သူ့ကို လှောင်ပြောင် ခဲ့ကြ၏။

"ဘယ်လိုဖြစ်နေတုံး၊ နှင်းကလေးလည်း ကိုထင်ကျော်စွာကို မေးနေ တာ မရိုးတော့ဘူးနော်"

"အို- မမသင်းကလည်း၊ ကျွန်မက မတွေ့လို့ မေးကြည့်မိတာပါ။ ခုတစ်လော အိမ်ကိုတောင် မလာဘူးနော်"

"ခနေဦး နှင်းကလေးရဲ့၊ ငါ သတင်းကြားတာတော့ ဦးသစ္စာတစ် ယောက် နိုင်ငံခြားသွားတော့မယ် ကြားတယ်။ အဲဒါ ထင်ကျော်စွာလား

www.burmeseclassic.com

www.burmeseclassic.com



လွင်ကျော်စွာလား မသိဘူး တစ်ယောက်ယောက် လိုက်သွားလိမ့်မယ်တဲ့"

"ရှင်- နိုင်ငံခြား၊ ဒါဆို ကိုထင်ကျော်စွာ ပါသွားမှာပေါ့"

"မသင်းတော့ သေသေချာချာ မသိဘူး၊ လွင်ကျော်စွာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့ကွယ်"

"မမသင်း စကားကလည်း မသေချာလိုက်တာ၊ ဒါကြောင့်များ သူ ကျွန်မတို့ဆီ မလာတာလား မသိဘူးနော်"

နှင်းတစ်ယောက် မသင်း၏ စကားကြောင့် စိတ်ထဲ ညှိုးညှိုးရော်ရော် ဖြစ်သွားခဲ့ရ၏။ ထင်ကျော်စွာသာ ဖြစ်လျှင်ဆိုသော အတွေးက သူ့ကို ချောက်ချားသွားစေ၏။ သို့သော် ဖြစ်လာသမျှ အကြောင်းအရာတို့ကို ကံတရားဟူ၍သာ လက်ခံနှလုံးသွင်းခဲ့ရလေ၏။

စိတ်ထဲ တမျှော်မျှော် မျှော်မိသော်လည်း မသင်းတို့ သိသွားမှာ စိုးလှသဖြင့် ဟန်ဆောင်ပန်ဆောင်နှင့် မနည်းကြီး ဣန္ဒြေလုပ်ခဲ့ရ၏။

သူ့ကိုယ်သူလည်း နားမလည်နိုင်အောင် ဖြစ်ခဲ့ရ၏။ ထင်ကျော်စွာနှင့် သူ့ဘဝက မိုးနှင့်မြေပမာ ကွာခြားလှပါဘိ။ ဘယ်လိုမှ စိတ်ကူးမယဉ်သင့်သော အခြေအနေ။ လက်ရှိ ဘဝအခြေအနေကို သိထားသော်လည်း ထင်ကျော်စွာဟာ သူ့ဘဝ၏ အလင်းရောင်ပမာ တင်စားမိခဲ့၏။

တွယ်ရာမဲ့နေသော ဘဝကို လက်တွဲဖေးမခဲ့သော ထင်ကျော်စွာ၏ အကြင်နာမေတ္တာကို သူ ယစ်မူးခဲ့မိ၏။

ထင်ကျော်စွာ၏ စကား၊ ထင်ကျော် စွာ၏ အရိပ်၊ ထင်ကျော်စွာ၏ ဖေးမမှုကြား သူ ကြည်နူးခဲ့မိ၏။ ကွန်းခိုခဲ့မိ၏။ ထိုသို့ တုံ့ပြန်ပေါ်ပေါက်လာသည့် ခံစားချက်က သူ့ရင်ထဲ တားဆီး၍မရ။

ယခုဆိုလျှင် ထင်ကျော်စွာ၏အသံကို မကြားရသဖြင့် စိတ်ထဲ ကြေကွဲဝမ်းနည်းနေသလို ခံစားခဲ့ရ၏။ ခွင့်မပြုသည့် ဘဝအခြေအနေကြား သူ့ အချစ်ကြောင့် ရူးသွပ်သွားလေပြီလား ဟူ၍ပင် ထင်မိလေ၏။

နှင်းတစ်ယောက် တမျှော်မျှော်နှင့် မျှော်နေစဉ် ထင်ကျော်စွာတစ်ယောက် ဖခင်ကြီးနှင့်အတူ အင်္ဂလန်သွားမည့် အရေးအတွက် လုံးပန်းနေရ၏။ ရန်ကုန်သို့ သုံးလေးခေါက် ဆင်းကာ လေယာဉ်လက်မှတ်ဆိုင်ခဲ့ရ၏။ ပတ်စ်ပို့စ်ရရန်အတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက်ကို စောင့်မျှော်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုသို့ နေ့မနား ညမနား လုပ်ဆောင်ခဲ့ရာ ရက်ပိုင်းအတွင်း သွားခွင့် အမိန့်ကျလာလေ၏။

ထိုအခါ သားအဖနှစ်ယောက် မဒေါက်ကိုပင် မပြန်နိုင်တော့။ ရန်ကုန်တွင် တည်းခိုနေထိုင်ခဲ့ပြီး ပစ္စည်းပစ္စများ ဝယ်ယူစုဆောင်းခဲ့ရ၏။ ထိုအတောအတွင်း ရန်ကုန်သို့ လွင်ကျော်စွာ ရောက်လာလေရာ ထင်ကျော်စွာ ဝမ်းသာအားရ ဖြစ်နေ၏။

နှင်းအတွက် ချက်ချင်း နှုတ်ဆက်စာရေးပြီး အစ်ကိုဖြစ်သူကို ဖခင်ကြီး မသိအောင် ပေးအပ်ခဲ့၏။ သူ့စိတ်ထဲ အင်္ဂလန်သို့ သွားရောက်သည့်ကိစ္စတွင် နှင်းမျက်စိအတွက် စုံစမ်းရန်ကိစ္စလည်း ပါ၏။

တတ်ကျွမ်းနားလည်သော ပါရဂူကြီးများနှင့်လည်း နှင်းအကြောင်း ဆွေးနွေးလို၏။ ထို့ကြောင့်လည်း အင်္ဂလန်သို့ လိုက်ပါရန် စိတ်အားထက်သန်ခဲ့ခြင်း ဖြစ်လေ၏။

လွင်ကျော်စွာသည် ထင်ကျော်စွာပေးသည့်စာကို ကတိကဝတ်ပေး ပြီး ယူထားလိုက်သော်လည်း ထင်ကျော်စွာတို့ အင်္ဂလန်သို့ သွားသည့်နေ့မှာပင် စာကို ဆုတ်ဖြဲပစ်လိုက်လေတော့၏။

ထင်ကျော်စွာ မရှိသည့် အချိန်မှစ၍ လွင်ကျော်စွာတစ်ယောက် တပည့်ကျော် အောင်မောင်းနှင့် ပူးပေါင်းကာ နှင်းကို မရမက ကျူးသွင်း လေတော့၏။ နှင်းခမျာ ထင်ကျော်စွာ မြန်မာပြည်က ထွက်သွားသည်ကို မသိပါချေ။

ပေါ်လာလိမ့်နိုးနှင့်သာ မျှော်လင့်နေရပေ၏။ ထိုသို့ မျှော်လင့်နေဆဲ သူနေထိုင်ရာ တန်းလျားသို့ အောင်မောင်း ရောက်လာ၏။ အောင်မောင်း အသံကြားတော့ နှင်း အတုန်လှုပ်ကြီး တုန်လှုပ်နေ၏။

"ဘာကိစ္စလဲ ကိုအောင်မောင်း"

"အလည်သက်သက်ပါပဲ မနှင်းရယ်၊ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား။ အဆင်မပြေရင် ကျွန်တော့်ပြောနော်၊ ဆရာလွင်ကျော်စွာလည်း ကျွန်တော့်ကို မှာထားလို့ပါ"

"ရှင်- အဆင်ပြေပါတယ်"

"အားမနာပါနဲ့၊ ဆရာလွင်ကျော်စွာက မနှင်းကို ပြုစုဖို့ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com


ကိုထင်ကျော်စွာလည်း အင်္ဂလန်သွားနေတော့ ဂရုစိုက်ဖို့ မှာခဲ့တယ်လေ"

"ရှင်- ကိုထင်ကျော်စွာ သွားပြီ"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်က သွားတာ"

"ရှင်- ဒါ. . . ဒါဆို သူ ဟိုမှာ ဘယ်လောက်ကြာမှာလဲဟင်"

"ကျွန်တော့်စိတ်ထင် ပြောရရင်တော့ လေးငါးနှစ်လောက် ကြာမယ် ထင်တာပဲ။ အားမငယ်ပါနဲ့ မနှင်းရယ်၊ ကိုလွင်ကျော်စွာ ရှိသားပဲ"

"အို"

ကြားလိုက်ရသော စကားက သူ့နှလုံးသားကို မိုးကြိုး အစင်းတစ်ရာ ပစ်ချလိုက်သလိုပင်။ စိတ်တွေ ကယောင်ချောက်ချား ဖြစ်ခဲ့ရ၏။ တည်ငြိမ်အောင် ကြိုးစားခဲ့သော်လည်း ဆောက်တည်ရာမရအောင် ခံစားခဲ့ရ၏။

အောင်မောင်း ပြန်ထွက်သွားသည်ကိုပင် မသိလိုက်။ သူ့အနားသို့ မသင်းတို့ညီအစ်မ ရောက်လာသည်ကို သတိမထားမိ။ ရင်ထဲ အပြုံပြုံ အလဲလဲ ခံစားခဲ့ရ၏။ မျက်ရည်စတွေက ပါးပြင်ပေါ် လူးလူးလှိမ့်လှိမ့် သက်ဆင်းလာ၏။

"ဟယ်- နှင်းကလေး ဘာဖြစ်လို့ ငိုနေတာလဲ"

"ဟင်- မသင်း၊ မမသင်းရယ်"

"ဘာဖြစ်လို့တုံး၊ ညီမလေးကို အောင်မောင်း ဘာတွေပြောသွားသလဲ ပြောစမ်း"

"အို- သူ. . . သူ ဘာမှ မပြောပါဘူး၊ ဟို- ကို. . . ကိုထင်ကျော်စွာ အင်္ဂလန်ကို ထွက်သွားပြီတဲ့။ အဲဒီမှာ လေးငါးနှစ်လောက် ကြာမှာတဲ့"

"ဟင်- ဟုတ်လား၊ ဟုတ်ရဲ့လား နှင်းရယ်"

"ဟုတ်ပါတယ် မမရယ်၊ ကိုအောင်မောင်းကိုယ်တိုင် ပြောခဲ့တာ။ ဒုက္ခပါပဲ၊ သူ မရှိရင် ကျွန်မ အရမ်းကို အားငယ်သွားတယ် မမသင်းရယ်"

"အိုအေ၊ အဲဒီလောက်လည်း မခံစားစမ်းပါနဲ့ကွယ်။ မမသင်းတို့လည်း ရှိသားပဲ၊ ပြီးတော့ လေးငါးနှစ် ကြာမယ်ဆိုတာရော သေချာရဲ့လား"

"သေချာပါတယ် မမရယ်၊ ကိုအောင်မောင်းက အသေအချာ ပြောသွားတာ"

"အိုအေ သူနဲ့ စေ့စပ်ထားတဲ့ ကောင်မလေးလည်း ရှိသားပဲ၊ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com



လောက် ကြာမယ်တော့ မထင်ပါဘူး"

"ရှင်"

မသင်း၏ စကားကြောင့် ရှယ်လီမြင့်ဆိုသော မိန်းမချောလေးကို နှင်း သတိရလာ၏။ ထင်ကျော်စွာတွင် သက်ဆိုင်သူ ရှိနေပြီမို့ သူဖြစ်ရပ်ကို သူ့ဘာသာသူ ရှက်နေမိ၏။ ဘာကြောင့် ထင်ကျော်စွာအပေါ် ခံစားနေမိပါလိမ့်။ ဒါသည်ပင် အချစ်လေလား။ သူ့ကိုယ်သူ နားမလည်နိုင်တော့။

"ဟုတ်တယ်၊ နှင်း. . . နှင်းလေ၊ ဘာကြောင့်များ သူ့အပေါ် အခံစားကြီး ခံစားမိနေပါလိမ့်"

"သံယောဇဉ်ပေါ့ ညီမလေးရယ်၊ ဒါပေမယ့် အဲဒီလောက်ကြီး မခံစားပါနဲ့ကွယ်။ သူတို့ဘဝနဲ့ မမတို့ဘဝဟာ မိုးနဲ့မြေလို ကွာခြားတာကို ညီမလေး သိထားဖို့တော့ လိုတယ်နော်။ ဆုံးရှုံးကြေကွဲစရာရှိရင် မမတို့ပဲ ဆုံးရှုံးကြေကွဲရမှာပါကွယ်"

မသင်း၏ စကားကြောင့် သူ့ပါးပြင်ပေါ် လိမ့်ဆင်းလာသည့် မျက်ရည်စတွေကို လက်ဖမိုးနှင့် သုတ်ပစ်လိုက်မိ၏။

"မမရယ်၊ နှင်းဘဝက ဆိုးလှပါတယ်"

"ဒီလောက်လည်း ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်ပါနဲ့ကွယ်၊ တတ်နိုင်ရင် ဖြစ်ပျက်ခဲ့သမျှကို မေ့ပစ်လိုက်တာ အကောင်းဆုံးပေါ့ကွယ်"

မသင်း၏ စကားတွေက သူ့ရင်ထဲမှ ခံစားမှုတို့ကို တစ်စချင်း တစ်ဖုံချင်း ဆွဲထုတ်လိုက်သလိုပင်။ သတိဝင်လာတော့လည်း ဘဝ၏ လက်ရှိအခြေအနေကို သူ သဘောပေါက်ခဲ့ရ၏။

မသင်းတို့ ပြောသလို ဘဝနှင့်အတွေး မဆီလျော်ပါက ယုံကြည်မှုတွေ ပျက်သုဉ်းသွားနိုင်သည်ဆိုသော စကားက မှန်ပေစွ။ ထင်ကျော်စွာ သတင်း ကြားခဲ့စဉ်က ကိုယ့်ကိုယ်ကိုယ် ရူးသွပ်သွားလေပြီလားပင် ခံစားခဲ့ရ၏။ သို့သော် လက်ရှိဘဝကို အမှန်တကယ် သိမြင်လာသောအခါ ခံစားမှုထက် လက်တွေ့ဘဝကိုသာ ဦးစားပေးရန် ဆုံးဖြတ်ခဲ့ရလေ၏။ ထို့ကြောင့်လည်း အလုပ်ခွင်ထဲတွင်သာ ဘဝကို နှစ်မြှုပ်ထားခဲ့လေ၏။

မသင်းတို့ ညီအစ်မနှင့်အတူ စားအတူ သွားအတူ နေထိုင်ခဲ့၏။ ရင်ထဲ စူးစူးနင့်နင့် ခံစားနေရသော ထင်ကျော်စွာ၏ အရိပ်များကို မေ့



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ပစ်ရန် ကြိုးစားခဲ့ရ၏။

တစ်ချိန်တွင် သူ့အိမ်ကလေးပေါ်သို့ ရှယ်လီမြင့် ထူးထူးဆန်းဆန်း ရောက်လာ၏။ စိတ်ထဲ တအံ့တဩ ဖြစ်ခဲ့ရ၏။

"ဘာ. . . ဘာကိစ္စများလဲရှင်"

"ငါလာတာ တခြားမဟုတ်ဘူး၊ ကိုထင့် ကိစ္စပဲ။ ညည်းက ကိုထင့်ကို ကြိုက်နေလို့ဆို"

"ရှင်- ဟို. . . ဟိုဒင်း၊ ကျွန်မ. . ."

"ဆက်မပြောနဲ့၊ ညည်းလို အကန်းမ ဇနပုဒ်ကများ။ ကိုထင်လို ပညာတတ် ဘွဲ့ရ သူဌေးသားတစ်ယောက်ကို ကပ်ရဲတာ အံ့ပါရဲ့အေ။ ညည်း မရှက်ဘူးလား ပြောပါဦး"

"ရှင်. . . ရှင် ဘာတွေ လာပြောနေတာလဲ"

"ငါ ဘာပြောတယ်ဆိုတာ ညည်း သိမှာပါ။ ငါပြောထားလိုက်မယ်၊ ငါနဲ့ ကိုထင်က စေ့စပ်ပြီးသား၊ ဒီကိစ္စ အားလုံးသိတယ်။ ငါနဲ့သူက အင်္ဂလန်က ပြန်လာတာနဲ့ ယူကြတော့မှာ၊ ဒီတော့ ညည်းကြောင့် ငါတို့ အနှောင့်အယှက် အဖြစ်မခံနိုင်ဘူး"

"ရှင်"

ရှယ်လီမြင့်၏ စကားတွေက ဓားသွားထက် စူးရှထက်မြက်လှ၏။ နှလုံးသားကို ရက်ရက်စက်စက် လှီးဖြတ်နေသလိုပင်။ သူ ဘာကိုမှ မပြောနိုင်။ ရှယ်လီမြင့်တစ်ယောက် သူ့ကို ရစရာမရှိအောင် ပြောဆိုပြီး ထွက်သွားလေတော့၏။

နှင်းတစ်ယောက် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျအောင် ငိုခဲ့ရ၏။ ငိုလိုက်ရသည်မှာ မျက်ရည်တွေ ခန်းမတတ်။ အကြေကွဲကြီး ကြေကွဲနေစဉ် သူ့အနားသို့ လွင်ကျော်စွာ ရောက်လာ၏။

"မနှင်း"

"ရှင်. . . ရှင် ကိုထင်ကျော်စွာလား"

"ဘာဖြစ်လို့လဲ မနှင်း၊ ကျွန်တော်က ထင်ကျော်စွာနဲ့ အသံချင်း တူနေလို့လား"

"ဟင်- ကို. . . ကိုလွင်ကျော်စွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မနှင်းကို ရှယ်လီမြင့်က ရန်တွေ့သွားတယ်ဆို၊ ပြောစမ်းပါ၊ ဒီမိန်းမ ဘာတွေပြောသွားလဲ။ ဒါ သက်သက် စော်ကားသွားတာဗျ"

"အို- ကျွန်မဘာဝနဲ့ ကျွန်မပဲ ရှိပါစေတော့၊ သွားလည်း ပြောမနေပါနဲ့တော့ရှင်"

"ဟာ- မဟုတ်တာဘဲ၊ မနှင်းဟာ ကျွန်တော့်ညီ စောင့်ရှောက်ထားတဲ့ မိန်းမသားတစ်ဦးပါ။ ပြီးတော့ ကျွန်တော့်ရဲ့ အလုပ်သမားပါ၊ ဒီတော့ ကျွန်တော် မနှင်းကို ကာကွယ်စောင့်ရှောက်ရမှာပေါ့"

"နေပါစေတော့ရှင်၊ ကျွန်မ ဘယ်သူ့ကိုမှလည်း အပြစ်မပြောချင်တော့ပါဘူး။ အားလုံးဟာ ကျွန်မရဲ့ ကံကြမ္မာပါပဲ ကိုလွင်ကျော်စွာရယ်"

လွင်ကျော်စွာ၏ သရုပ်ဆောင်မှုက ပီပြင်လှ၏။ စေတနာကြီးသယောင် ပြောဆိုခဲ့မှုကြောင့် နှင်းတစ်ယောက် သူ့အပေါ် ယုံကြည်သွားလေပြီဟု တွေးကာ ဝမ်းသာအားရ ဖြစ်နေလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

အရိပ်တကာ့ အရိပ်တွင်
ဘုရားရိပ်
တရားရိပ်
သံဃာရိပ်သည်သာ အအေးချမ်းဆုံး ဖြစ်၏။
ထိုအရိပ်တို့တွင် ဝင်ရောက် ခိုလှုံလိုက်ခြင်းဖြင့်
ဘဝသည် ငြိမ်းချမ်းမှုအပေါင်းနှင့် ပြည့်စုံသွားရလေ၏ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကြောက်စိတ်တွေကြောင့် အသက်ရှူဖို့ပင် မေ့နေ၏။ ဇောချွေးတွေနှင့် တစ်ကိုယ်လုံး စိုရွှဲနေ၏။ ပြေးရင်းပြေးရင်း ခွန်အားတွေ ဆုတ်ယုတ်ကုန်ခန်းသွားသလိုပင်။

သူ ဘယ်ကိုပြေးနေမှန်း မသိ။ ရှေ့မှာလည်း အမှောင်ထုကြီး ပိန်းပိတ်နေ၏။ ကြားနေရသည့် အသံတွေကလည်း သူ့နားထဲ အသွားထက်လှသည် မားကြီးတစ်ချောင်းနှင့် ထိုးသွင်းနေသလိုပင်။

နောက်ကို တစ်ချက်ကလေး လှည့်မကြည့်ရဲ။ တရှဲရှဲ တရှူးရှူး အသံကြီးတွေ၊ ရဲရဲတောက် မျက်လုံးနီကြီးတွေက သူ့နောက်ကို ဒရောသောပါးလိုက်လာနေ၏။ သူ ဆက်ပြီး မပြေးနိုင်တော့။ တစ်နေရာမှာ လဲ့ချလိုက်၏။ ထိုစဉ် သူ့ကိုယ်ပေါ်သို့ တလျှောလျှော ထိုးတက်လာသည့် သတ္တဝါကြီးတစ်ကောင်။

"အောင်. . . အောင်မယ်လေးဗျ၊ ကယ်ကြပါဦး"

သူ့အော်သံကြီးက လည်ချောင်းတစ်ခုလုံး ပေါက်ကွဲသွားမတတ်ပင်။

"ဆရာ"

"ဟင်- ငါ. . . ငါ ဘယ်လိုဖြစ်သွားတာလဲ"

"ဟာ- ဆရာ မူးမူးနဲ့ အိပ်ပျော်သွားတာ၊ ယောင်ပြီး ထအော်တာဗျ"

"ဟင်၊ ဟို- မြွေ. . . မြွေကြီး"

"ဗျာ- မြွေကြီး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ့. . . ငါ့နောက်ကို မြွေနက်ကြီးတစ်ကောင် လိုက်လာလို့ကွ။ ကြောက်စရာကောင်းလိုက်တာ မျက်လုံးကြီးတွေက နီတောက်တောက်၊ ပါးပျဉ်းကြီး တထောင်ထောင်နဲ့ကွ"

"ဟင်"

လွင်ကျော်စွာတစ်ယောက် အိပ်မက်က လန့်နိုးလာသော်လည်း ယခုအထိ ကြောက်စိတ်မပြေသေး။ သူ့နံဘေးတွင် အောင်မောင်း ရပ်နေ၏။ လွင်ကျော်စွာ၏ အဖြစ်ကြောင့် သူပါ တောင်ကြည့်မြောက်ကြည့် ဖြစ်နေ၏။

စားပွဲပေါ်မှာလည်း အမြည်းပန်းကန်တွေ ဖွာလန်ကြဲနေ၏။ ဝီစကီပုလင်းထဲတွင် အရက်က လက်သုံးလုံးခန့်သာ ကျန်တော့၏။ လွင်ကျော်စွာသည် ခွက်ထဲမှအရက်ကို မော့သောက်ပစ်လိုက်၏။

"အား- ကြောက်စရာကောင်းလိုက်တာကွာ၊ တော်တော်ကြီးတဲ့ မြွေကြီးကွ။ တော်တော့်ကို ထူးဆန်းတာပဲ"

"ဟုတ်လား၊ ဟို. . . ဟိုကောင်မလေးရဲ့ မြွေကြီးများ ဖြစ်နေမလား ဆရာရယ်"

"ဟာကွာ၊ မင်းကလည်း မဆီမဆိုင် ဆွဲပြီးပြောနေပြန်ပြီ။ ငါ့ဘာသာမက်တဲ့အိပ်မက်ပါကွာ၊ မှုစရာ မလိုပါဘူး။ မင်း သောက်ဦးမလား"

"မသောက်တော့ဘူး ဆရာ၊ ဆရာ့အသံကြားလို့ ကျွန်တော် ပြေးလာတာ။ သတိထားပါ ဆရာရယ်၊ ဆရာတို့ ကျွန်တော်တို့ မသိတဲ့ အကြောင်းအရာတွေ အများကြီးနော်"

"ဟာကွာ တော်စမ်းပါ၊ ငါ မယုံဘူး။ ဘာမှ မယုံဘူးကွာ"

လွင်ကျော်စွာ၏ ခါးခါးသီးသီး ငြင်းဆိုမှုကြောင့် အောင်မောင်း ဘာမှမပြောသာဘဲ သူ့အနားမှ ထွက်သွား၏။ လွင်ကျော်စွာသည် ထိုင်ရာမှထကာ အိမ်ကြီးအပေါ်ထပ်သို့ ယိုင်ထိုးယိုင်ထိုး တက်ခဲ့၏။

အပေါ်ထပ်သို့ ရောက်သည်နှင့် လင်ကျော်စွာ၏ ပန်းချီခန်းတံခါးကို ဖွင့်လိုက်၏။ တံခါးပွင့်သွားသည်နှင့် ဦးဆုံး မြင်လိုက်ရသည်က ကင်းဗတ်စ်ပေါ်မှ နှင်း၏ ပုံတူမျက်နှာလေးပင် ဖြစ်လေ၏။ သူ ပြုံးစစနှင့် လှမ်းကြည့်ရင်း ကင်းဗတ်စ်အနီးသို့ တစ်လှမ်းချင်း လျှောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်း၏ မျက်လုံးတွေက အသက်ဝင်လာသလိုပင်။ အနားတိုးပြီး နှင်း၏မျက်နှာလေးကို ကြည့်လိုက်၏။ ကြည့်ရင်းကြည့်ရင်း နှင်း၏ မျက်နှာလေးပေါ်မှာ အရောင်အရိပ်တွေ အမျိုးမျိုး ပြောင်းလဲသွားသည်။

ရှုန်းလဲ့နေသော မျက်လုံးအစုံမှာ လှုပ်ရှားလာသလိုပင်။ သူ အချိန်ကြာမြင့်စွာ ရပ်ကြည့်ရင်း ဇဝေဇဝါ ဖြစ်နေ၏။ နှင်း၏ ပန်းချီမျက်နှာလေးမှာ တဖြည်းဖြည်း အသွင်အမျိုးမျိုး ပြောင်းလဲသွားခဲ့ပြီး နောက်ဆုံး မြွေဟောက်နက်ကြီး ဖြစ်သွားသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

"ဟာ- မြွေ. . . မြွေကြီး"

မြင်ကွင်းကြောင့် သူ နောက်တဆုတ်ဆုတ်။ မြွေကြီးသည် ကင်းဗတ်စ်ထဲမှ ဖောက်ထွက်လာကာ ပန်းချီဆွဲခန်းပေါ်မှ တလျှောလျှော ထိုးဆင်းလာပြီဟု ထင်မိသဖြင့် အခန်းထဲမှ အလျင်အမြန် ထွက်လိုက်ပြီး တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ချလိုက်၏။

"ဟဲ့ သား. . . သား ဘာဖြစ်တာလဲ"

"မြွေ. . . မြွေကြီး၊ အထဲမှာ မြွေကြီး"

"ဘာ- ဘုရား. . . ဘုရား၊ ဘယ်ကဘယ်လို ဝင်လာတာလဲ"

"မသိဘူး၊ မသိဘူးဗျ"

လွင်ကျော်စွာတစ်ယောက် အိမ်ကြီးပေါ်မှ ဒရောသောပါး ဆင်းပြေးသွား၏။ ဒေါ်စိန်ခိုင်မှာ သားဖြစ်သူ၏ အမူအရာကိုကြည့်ရင်း သူလည်း ဇဝေဇဝါ ဖြစ်နေ၏။ သားငယ်၏ အခန်းထဲမှ ဘာသံမှလည်း မကြားရ၊ တံခါးနားကပ်ပြီး အသံစလံ နားထောင်လိုက်၏။ ဘာသံမှ မကြားရ။ အိမ်ပေါ်ကို မြွေတက်လာသည်မှာ မဖြစ်နိုင်။

ထို့ကြောင့်လည်း ပိတ်ထားသော တံခါးကို အသာဖွင့်ပြီး ခေါင်းပြူကြည့်လိုက်၏။ မြွေမပြောနှင့် အိမ်မြှောင်တစ်ကောင်တောင် မမြင်ရ။ အခန်းပတ်ပတ်လည်ကို ကြည့်ရင်း အထဲသို့ ဝင်လိုက်၏။

"ဟင်- ဟိုကောင်မလေးပုံပါလား"

ပန်းချီကားချပ်ပေါ်မှ နှင်း၏ ပုံတူပန်းချီကားချပ်ကို ဒေါ်စိန်ခိုင် မြင်သွား၏။ ထိုမြင်ကွင်းကြောင့် သားငယ်၏ လုပ်ရပ်ကို စိတ်ကျေမချမ်း ဖြစ်ခဲ့ရ၏။ ပန်းချီဆွဲစင်ပေါ်မှ ပန်းချီကားချပ်ကို အတင်းဆွဲယူရှားပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အခန်းထဲမှ ထွက်ခဲ့လေတော့၏။

ထိုအချိန်တွင် လွင်ကျော်စွာတစ်ယောက် အိမ်ကြီးအပြင်ဘက်ရှိ တန်းလျားပေါ် ထိုင်ကာ တောင်တောင်ဤဤ တွေးနေ၏။ သူ့ဘေးတွင် အောင်မောင်း ထိုင်နေ၏။ နှစ်ယောက်စလုံး စကား တစ်ခွန်းတစ်ပါဒမျှ မပြောနိုင်ကြ။

လွင်ကျော်စွာမှာ နှင်း၏ ပန်းချီမျက်နှာကို မျက်စိထဲက မထွက်နိုင်၊ စိတ်ထဲ မဝင့်မရဲ ခံစားနေရ၏။

"ဆရာရယ်၊ အဲဒီ အမျိုးသမီးနဲ့ မပတ်သက်ရင် ကောင်းလိမ့်မယ် ထင်တယ်။ ဆရာက ကျွန်တော့်စကားကိုမှ မယုံဘဲဗျာ၊ အဲဒီ ကောင်မ လေးက မြွေစုန်းမဗျ။ ကျွန်တော်ပြောတာ ယုံစမ်းပါဗျာ၊ ရွာကတောင် မောင်းထုတ်ခဲ့တာပါဆို"

"တော်စမ်းပါကွာ၊ မင်း ဘာမှ ဆက်ပြောမနေနဲ့ကွာ။ ငါ အဲဒါတွေ မယုံဘူး၊ အရက်သောက်ထားတော့ ငါ့စိတ်ထဲ ထင်ရာမြင်ရာတွေ မြင်မိတာ ဖြစ်ပါလိမ့်မယ်။ ကိုင်း- မင်းလုပ်စရာရှိတာ သွားလုပ်ပေတော့ကွာ"

"ဟုတ်. . . ဟုတ်ကဲ့"

အောင်မောင်းကို သူ အတင်း မောင်းထုတ်ပစ်လိုက်၏။ ထိုအချိန်တွင် နှင်းတို့လူစု ငါးခြောက်စင်ကြီးဘက်မှ ပြန်လာသည်ကို မြင်လိုက်ရ၏။ နှင်းကို မြင်ရတော့ သူ့ရင်တွေ တဖိုဖို တလှိုက်လှိုက်၊ သူ့ကိုယ်သူ လည်း အံ့ဩနေ၏။

ဘာမဟုတ်သည့် တောသူအညာတစ်ဦးကို ကြည့်ရင်း ဘာကြောင့် များ တပ်မက်မိနေပါလိမ့်။ သူ့စိတ်ထဲ စဉ်းစားလို့ကို မရ။ နှင်းကို သူ့ဘက် ပါလာအောင် ဘယ်သို့ ဆွဲဆောင်ရမလဲ ဆိုသည်ကိုသာ တွေးတောနေမိ လေ၏။

ထိုစဉ် အိမ်ဝိုင်းထဲသို့ ရှယ်လီမြင့် ကားတစ်စီးနှင့် ဝင်လာသည်ကို မြင်လိုက်ရ၏။ ရှယ်လီမြင့်၏ အမူအရာက မှုန်ကုပ်ကုပ်။ တစ်ခုခုကို မကျေနပ်နေသလိုပင်။ သူ့နံဘေးရှိ ထိုင်ခုံပေါ်တွင် ဆောင့်ဆောင့်အောင့် အောင့် ထိုင်ချလိုက်၏။

"ဘယ်လိုဖြစ်တာလဲ ရှယ်လီရဲ့၊ ဘာတွေ အလိုမကျ ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို- ကိုကိုလွင်တို့က လုပ်စရာရှိတဲ့ အလုပ်ကို ပြတ်ပြတ်သားသား မလုပ်ဘူး၊ ဒင်းရှိနေရင် ရှယ်လီအတွက် အန္တရာယ်အယှက် တအားဖြစ်တာပဲ"

"ဟာ- အဲဒီလောက်လည်း အစွဲအလမ်း မထားပါနဲ့ကွာ၊ ကိုင်း- ပြောစမ်း၊ ဘာလုပ်ပေးရမလဲသာပြော"

"အို- အဲဒီမျက်ကန်းမကို အလုပ်ထဲက မောင်းထုတ်လိုက်ပေါ့၊ သူမရှိရင် အေးသွားပြီပေါ့"

"ဟင်- အလုပ်ထုတ်ပစ်လိုက်ရမယ်"

"ဟုတ်တယ်၊ မြန်မြန်ထွက်သွားလေ အေးလေပဲ။ ရှယ်လီတော့ သူ့ကြောင့် ကိုထင်ကျော်စွာနဲ့ ဝေးရတော့မယ် ထင်ပါရဲ့၊ ခုလည်း ကိုထင်ကျော်စွာနဲ့ အဆက်အသွယ်ပြတ်နေတယ်"

"ဟုတ်လား၊ ငါ ဆက်သွယ်ကြည့်ပါဦးမယ်ဟာ။ သူက ဟိုမှာ သင်တန်းတက်မှာ"

"ဟင်- ဒါဆို ရှယ်လီတို့ ဘယ်တော့ မင်္ဂလာဆောင်မှာလဲ၊ ကိုထင်ကျော်စွာက လူကို အရူးလုပ်သွားပြီထင်တယ်"

"အဲဒီလိုလည်း မဟုတ်သေးပါဘူးကွယ်၊ ဘာမှ မစိုးရိမ်နဲ့။ ဒီကိစ္စ မေမေ့ကိုသာ ပြောကြည့်၊ မေမေ အားလုံး စီစဉ်ပေးပါလိမ့်မယ်"

"ဟုတ်တယ်၊ အန်တီ့ကို ပြောမယ်။ ဒင်း ဒီအလုပ်က ထွက်သွားစေရမယ်"

ရှယ်လီမြင့်၏ မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေ၏။ အံကြိတကြိတ်ကြိတ်နှင့် ထိုင်ရာမှထကာ အိမ်ထဲဝင်သွား၏။ ဒေါ်စိန်ခိုင်မှာ ရှယ်လီမြင့်ကို မြင်တော့ ဝမ်းသာအားရ ဖြစ်နေ၏။

"ဟယ်- သမီးလေး ရှယ်လီပါလား"

"ဟုတ်တယ် အန်တီ၊ စိတ်မချလို့ အန်တီရေ"

"အို- ဘာကို စိတ်မချတာလဲကွယ်"

"ဟို- မျက်ကန်းမလေ၊ ဒင်းက မတန်မရာ အတင်းလိုချင်နေတဲ့ မိန်းမ။ ကိုထင်ကျော်စွာ အင်္ဂလန် ထွက်သွားတာလည်း သူ့ကြောင့် ဖြစ်ရမယ်၊ သူ့ကို အလုပ်က ထုတ်ပစ်လိုက်ပါလား အန်တီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"ဟုတ်တယ်၊ သမီး သူ့ကို လုံးလုံးကြည့်မရဘူး အန်တီ"

"အင်း- အန်တီလည်း သူ့ကို ကြောက်တောင် ကြောက်လာပြီ"

"ရှင်- ဘာ. . . ဘာဖြစ်လို့လဲ"

"အို- အဲဒီကောင်မလေးက စုန်းမျိုးဆိုတာ ဟုတ်များ ဟုတ်နေမလား မသိဘူး၊ သူ့ကြောင့် သားငယ်လည်း အော်လားဟစ်လား ဖြစ်ခဲ့ရတယ်။ ခုလည်း ကိုကိုလွင်တစ်ယောက် အခန်းထဲမှာ မြွေတွေ့လို့ အော်လိုက်ဟစ်လိုက်တာ"

"ရှင်- မြွေ ဟုတ်လား"

"ဟုတ်ပါ၊ အန်တီ ဝင်ကြည့်တော့လည်း ဘာမှကို မတွေ့ရဘူး။ ကိုကိုလွင့်ပုံကလည်း သရဲတစ္ဆေ ခြောက်ခံရတဲ့ပုံကွယ့်၊ အန်တီတော့ အတော်ကို စိတ်ရှုပ်ပါတယ်ကွယ်။ ဒီကောင်မလေး ရောက်လာကတည်း က အန်တီတို့အိမ် ဗရုတ်ဗယက် ဖြစ်ရတာပဲ"

"အို- ဒါ. . . ဒါဆို မောင်းထုတ်လိုက်ပေါ့ အန်တီရယ်၊ ကိုယ်က အလုပ်ရှင်ပဲဟာ"

"ဟုတ်တယ်၊ အလုပ်က ထုတ်ပစ်လိုက်တာ အေးပါတယ်။ မဟုတ်ရင် အန်တီ့သားတွေနဲ့ ပတ်သက်လာမှာ စိုးတယ်"

ဒေါ်စိန်ခိုင်သည် ရှယ်လီမြင့်၏ တွန်းအားပေးလာသော စကားကို စိတ်ပါလက်ပါ ဖြစ်လာ၏။ အလုပ်ခွင်ထဲမှာလည်း ဆက်ထားလို့ မဖြစ်တော့။

ထို့ပြင် သူကိုယ်တိုင်လည်း သရဲတစ္ဆေတွေကို ကြောက်တတ်၏။ အမှောင်တောင် ရဲရဲမကြည့်ဝံ့သည်မို့ နှင်းဆိုသော မျက်မမြင်မလေးက သူတို့မိသားစုကို ဒုက္ခပေးသွားမှာ စိုးရိမ်နေ၏။

နောက်ဆုံး ရှယ်လီမြင့် ပြန်သွားသည်နှင့် လွင်ကျော်စွာဆီ ရောက်လာကာ နှင်း၏ကိစ္စကို ပြတ်ပြတ်သားသား ပြောလိုက်၏။

"ဟာ- မေမေကလည်း၊ သူ့မှာ ဘာအပြစ်မှ မရှိဘဲ အလုပ်က ထုတ် ပစ်တယ်ဆိုတော့"

"အို- ငါ မြင်ကို မမြင်ချင်တော့ဘူး။ ဒီကိစ္စ မင်း မစီစဉ်ရင် ငါပဲ



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်လိုက်မယ်။ ဒီမိန်းမ၊ ငါတို့အိမ်ကို တစ်နည်းမဟုတ် တစ်နည်း ဒု
ပေးမှာ ကျိန်းသေတယ်"

မိခင်ကြီးကိုကြည့်ပြီး လွင်ကျော်စွာ ဘာတစ်ခွန်းမှ မပြောသာ၊ 
ကိုယ်တိုင်ပင် နှင်းကို ဇဝေဇဝါ ဖြစ်ခဲ့ရ၏။ သို့သော် နှင်း သူ့လက်ထဲ
လွတ်သွားမည်ကိုလည်း စိုးရိမ်နေ၏။

သူနည်းတူ စိုးရိမ်တကြီး ဖြစ်နေသူက ရှယ်လီမြင့်။ ပြောချင်
ပြောချပြီး လွင်ကျော်စွာတို့ဆီမှ ပြန်ခဲ့သော်လည်း စိတ်ထဲ တနုံ့နုံ့။ ထ
ကျော်စွာနှင့်လည်း အဆက်အသွယ်မရ။ ထင်ကျော်စွာကို သူ လက်လွှ
မခံနိုင်။ နှင်းကိုသာ သူ မကျေမချမ်း ဖြစ်နေမိ၏။

အမှန်မတော့ ရှယ်လီမြင့်၏ အသိုင်းအဝိုင်း အခြေအနေကလည်
ခမ်းနားလှ၏။ ဖခင်က ကုမ္ပဏီဒါရိုက်တာကြီးတစ်ဦး။ သွင်းကုန်ထုတ်
လုပ်ငန်းတွင် ရှယ်လီမြင့်တို့ကုမ္ပဏီက နာမည်ကြီး။ လူကုံထံ အသိုင်း
အဝိုင်းကလည်း ရှယ်လီမြင့်ကို ချွေးမတော်ချင်သူတွေ အများအပြားရှိ

ရှယ်လီမြင့်ကတော့ ထင်ကျော်စွာမှ ထင်ကျော်စွာ။ သူ့ကို ရှိတ
တောင် မထင်သော ထင်ကျော်စွာ။ မာနကြီးတစ်ခွဲသား လုပ်နေသည်
နည်းနည်းလေးမှ မကျေနပ်။ ထို့ကြောင့်လည်း ထင်ကျော်စွာကို အနိုင်
လိုစိတ်တွေ ရင်ထဲမှာ တင်းကျပ်ပြည့်သိပ်နေခဲ့၏။

ထင်ကျော်စွာ၏ မာနကို ရိုက်ချိုးလို၏။ ထိုအတွေးနှင့် ထင်ကျော်
ဘဝထဲ အတင်းတိုးဝင်ခဲ့ရာမှ တကယ်တမ်း တရင်းတနှီး ဆက်ဆံမိသေ
အခါ ထင်ကျော်စွာသည် စွဲမက်ယစ်မူးဖွယ်ကောင်းလှသည့် လူတစ်
ဖြစ်ကြောင်း ဝန်ခံခဲ့ရ၏။

ယခုတော့ သူတို့နှစ်ယောက်ကြား နှင်းကို မရှိစေချင်၊ မြင်လည်
မမြင်ချင်။ မနာလို ဝန်တိုစိတ်က သူ့အတွေးထဲ စိုးမိုးနေ၏။ ထိုအတွေး
ကြောင့် ကားတောင် ဖြောင့်ဖြောင့်မမောင်းနိုင်။ လီဗာကို အတင်းဖော
နင်းကာ အရှိန်အဟုန် ပြင်းပြင်းနှင့် ထင်ရာမြင်ရာ စွတ်၍ မောင်းသ
လိုက်၏။

ဘယ်တွေရောက်လို့ ရောက်မှန်းပင် မသိ။ ထိုစဉ် ရှူးခနဲ မြည်
ကြီးကြောင့် သူ ကားနောက်မှန်ကို အထိတ်အလန့် ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို- မြွေ. . . မြွေကြီး"

"ရှူး"

"ကယ်. . . ကယ်ကြပါဦး"

မြွေကြီးကိုကြည့်ရင်း ရှယ်လီမြင့် သွေးပျက်နေ၏။ ဂီယာတွေ ယောင်ရမ်းထိုးရင်း လီဗာကို အရှိန်အဟုန်ပြင်းထန်စွာ နင်းချလိုက်၏။ သူစီးလာသည့် ကားလေးက လမ်းမပေါ် တောင်ရောက်မြောက်ရောက်။

ရှယ်လီမြင့် နောက်ကြည့်မှန်ကို ရဲရဲမကြည့်ဝံ့။ သတိလက်လွတ်ဖြစ်ကာ မျက်စိစုံမှိတ်ပြီး မောင်းချလိုက်၏။ အရှိန်အဟုန်ပြင်းစွာ ပြေးနေသော ကားလေးသည် အချိုးအကွေ့တစ်ခုမှ ဖြတ်ဝင်လာသော ထရပ်ကားကြီးတစ်စင်းနှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။

ဘရိတ်ကို ဖမ်းနင်းသော်လည်း ဘရိတ်ကို မနင်းမိ။ ရှယ်လီမြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"အောင်မယ်လေး"

"ဝေါ ဝေါ ဝုန်း"

"ဒုန်း ဂွမ်း"

"ဟာ- တိုက်ကုန်ပြီဟေ့၊ သေသွားပြီလား"

"ဘုရား. . . ဘုရား"

လမ်းဘေးပလက်ဖောင်းတွင် သွားလာနေကြသော လူအုပ်ကြီးမှာ မြင်ကွင်းကိုကြည့်ပြီး အထိတ်တလန့် ဖြစ်နေကြ၏။ ပြေးကြလွှားကြ အော်ကြဟစ်ကြနှင့် ဆူညံနေ၏။ အရှိန်အဟုန်ပြင်းစွာ တိုက်မိသည်မို့ ရှယ်လီမြင့်၏ ကားလေးမှာ စိစိညက်ညက် ကြေသွားကာ မီးတွေ တဟုန်းဟုန်း ထ၍ လောင်ကျွမ်းလေတော့၏။

ကြောက်စရာကောင်းလှသော ဖြစ်စဉ်။ ထိုသတင်းကို ဦးဆုံး ကြားမိသူက လွင်ကျော်စွာ။ သတင်းကြားလျှင်ကြားချင်း မှင်သက်မိနေ၏။ သူဘယ်လိုမှ မယုံနိုင်။ နှင်းအကြောင်း ထင်သလို မြင်သလို ရက်ရက်စက်စက်ဝက်ပြောပြီး ဆောင့်ကြီးအောင့်ကြီး ထွက်သွားသော ရှယ်လီမြင့်။

ယခုတော့ သူ့သတင်းဆိုးကြီးကို မယုံနိုင်ဖွယ် ကြားလိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့သား ဘယ်က ဖုန်းတုံး"

"ဟို. . . ဟို ရှယ်. . . ရှယ်လီမြင့် ဆုံးပြီတဲ့"

"ဘာ- ဟဲ့ဟဲ့ ပြောစမ်း"

"ဟုတ်တယ် မေမေ၊ ရှယ်လီမြင့် ကားတိုက်ပြီး ဆုံးသွားပြီတဲ့"

"အာ- ဘုရား. . . ဘုရား"

ဒေါ်စိန်ခိုင်တစ်ယောက် သူ့ရင်ဘတ်ကိုဖိကာ ဆိုဖာခုံပေါ် ခြေ‌ပစ်လက်ပစ် ထိုင်ချလိုက်၏။ မယုံနိုင်၊ ဘယ်လိုမှ မယုံနိုင်သည့်အဖြစ်။ တွေ့ရင်းတွေ့ရင်း နှင်းဆိုသော မျက်မမြင်ကောင်မလေး၏ အသွင်သဏ္ဍာန်ပေါ်လာ၏။

"ဟုတ်တယ်. . . ဟုတ်တယ်"

"မေမေ. . . မေမေ၊ ဘာဖြစ်တာလဲ"

"ဟို- သူ. . . သူ၊ စုန်း. . . စုန်းမ"

"ဗျာ- ဘယ်က စုန်းမလဲ"

"နှင်း. . . နှင်းဟာ စုန်းမပဲ ဖြစ်ရမယ်၊ သူလုပ်လို့ ငါ့ချွေးမလောင်းလေး သေပြီ"

"ဟာ- မေမေကလည်း မဟုတ်တာဗျာ"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ဒင်း. . . ဒင်းဟာ စုန်းမမှ စုန်းမအစစ်၊ ငါ့သားတွေကိုလည်း ဒုက္ခပေးတယ်၊ ခု ငါ့ချွေးမလောင်းကို သတ်ပစ်လိုက်တယ်။ မမြင်ချင်ဘူး၊ ဒင်းကို လုံးလုံး မမြင်ချင်တော့ဘူး။ အို- ဒီကိစ္စ ပြတ်ပြတ်သားသား ရှင်းမှဖြစ်မယ်၊ မဟုတ်ရင် ငါ့သားတွေပါ ဒုက္ခရောက်တော့မယ်"

"မေမေကလည်းဗျာ"

"မင်း ဘာမှ ဝင်မပြောနဲ့၊ ဒီကိစ္စ ငါရှင်းမယ်"

ဒေါ်စိန်ခိုင့်ရင်ထဲ စူးစူးရဲရဲ ခံစားနေရ၏။ ရှယ်လီမြင့် ပြောသည့်စကားတွေက မှန်ချေပြီဟု တွေးမိ၏။ ဒေါသစိတ်တွေက တလိမ့်လိမ့်၊ ပြဿနာကို ပြတ်ပြတ်သားသား မရှင်းလျှင် သူတို့မိသားစုပါ ဒုက္ခရောက်နိုင်သည်ဟု ချောက်ချားစွာ တွေးမိ၏။

ထို့ကြောင့်လည်း ချက်ချင်းပင် အောင်မောင်းနှင့် မသင်းတို့ညီအစ်မ

www.burmeseclassic.com

www.burmeseclassic.com



တိုခေါ်ကာ နှင်းကိစ္စ ပြောပစ်လိုက်၏။ မသင်းတို့ညီအစ်မခမျာ ဒေါ်စိန်ခိုင်၏ ခက်ထန်မာကျောလှသော စကားကြောင့် ဘာတစ်ခွန်းမှ မပြောသာ။

ဒေါ်စိန်ခိုင်သည် စားပွဲပေါ်တွင် ပိုက်ဆံငါးရာ တင်ထား၏။ မျက်လုံးကြီးတွေကလည်း ဒေါသခိုးတွေ ဝေနေ၏။ အသံကလည်း မာဆတ်ဆတ်။

"ကိုင်း- ရော့ ဟောဒီငါးရာ ယူသွား၊ သူ့ကိုပေးလိုက်၊ ခြံထဲက ချက်ချင်း ထွက်သွားဖို့ ပြောလိုက်စမ်း၊ သူ့မျက်နှာကို ငါ လုံးလုံး မမြင်ချင်ဘူး။ အားလုံး ကြားကြရဲ့လား"

"ဟုတ်. . . ဟုတ်ကဲ့"

တစ်ယောက်မှ ပြန်မပြောရဲ။ ခေါင်းကြီးတင့်ငုံ့နှင့် ဖြစ်နေကြ၏။ ဒေါ်စိန်ခိုင်သည် ပြောချင်ရာ ပြောဆိုပြီး အိမ်ပေါ်တက်သွား၏။

မသင်းတို့ညီအစ်မခမျာမှာ အိမ်ပြန်ရောက်သည်အထိ နှင်းကို မပြောရက်။

မျက်မမြင်မလေး နှင်း။

ဆွေမျိုးအသိုင်းအဝိုင်း မရှိသော နှင်း။

ဆင်းရဲနွမ်းပါးစွာနှင့် ချို့ချို့ငဲ့ငဲ့ ရှင်သန်နေရသော နှင်း။

နှင်း၏ ကံကြမ္မာက ဆိုးလှပါလားဟု မသင်းတို့ညီအစ်မ ခံစားနေရ၏။ သူတို့၏ တိတ်ဆိတ်နေသော အမူအရာများကြောင့် နှင်းက သူ့အခြေအနေကို သူ ရိပ်မိနေ၏။

"မမသင်း၊ ကျွန်မကို အလုပ်ထုတ်ပစ်လိုက်ပြီ မဟုတ်လား"

"ဟင်- နှင်း. . . နှင်းက ဘယ်လိုသိ"

"သိပါတယ် မမသင်းရယ်၊ သူတို့ ကျွန်မကို လုံးလုံး မမြင်ချင်ကြတော့ဘူးဆိုတာ ကျွန်မ နားလည်ပါတယ်"

"ဟင်- ညီမလေးရယ်၊ ဘာ. . . ဘာမှ အားမငယ်ပါနဲ့ကွယ်။ မမသင်းတို့ ကူညီပါ့မယ်၊ ဒီအလုပ် မရှိတော့လည်း နောက်အလုပ် ရှာရမှာပေါ့ကွယ်။ ပြီးတော့ မမသင်းတို့အခေါ် အိမ်မှာ နှင်း နေလို့ရအောင် မမ ပြောပေးပါ့မယ်၊ စိတ်မကောင်းလိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘဝနဲ့ ကျွန်မကံပေါ့ မမတို့ရယ်၊ သူတို့ မမြင်ချင်တော့ဘူး ဆိုလည်း ထွက်သွားရုံပဲပေါ့လေ"

"ဟင်- ဘယ်မှ လျှောက်မသွားပါနဲ့ကွယ်၊ မမတို့ ရှိပါသေးတယ် ညီမလေးရယ်"

နှင်း၏ ငိုသံက တိုးတိုးသဲ့သဲ့။ မိခင်ကြီး ပြောခဲ့သလို ဖြစ်လာသမျှ လောကဓံတရားတို့ကို အံ့ကြိတ်ခံရုံသာ ရှိချေတော့သည်။ ဘာကိုမှလည်း သူ မလိုချင်တော့။ ဘာကိုမှလည်း သူ မမျှော်လင့်ချင်တော့။ သူ့ရင်ထဲ တမ်းတမ်းစာတ ဖြစ်လာရသည်မှာ တစ်ချိန်က သူ့ဘဝကို အေးချမ်းစေခဲ့သည့် ရွာက ဘုရားစေတီလေးပင်။

ဘုရားအရိပ်၊ တရားအရိပ်သည်သာ ဘဝကို အေးချမ်းမှု ပေးနိုင်ပါလား တွေးမိလာ၏။ ဘုရားမှတစ်ပါး အားကိုးရာ မရှိတော့ပါလားဟု ခံစားနားလည်မိလာ၏။ နောက်ဆုံးတော့ မသင်းတို့ညီအစ်မ အကူအညီနှင့် မြို့ပြင်ရှိ အိမ်ကလေးတစ်လုံးတွင် နေထိုင်ခွင့် ရခဲ့လေ၏။

အိမ်ပိုင်ရှင်က မသင်းတို့၏အဒေါ် ဒေါ်လေး ငြိမ်းပုံ ဖြစ်လေ၏။ ပြောသံဆိုသံကအစ တရားသံပါနေသဖြင့် နှင်းရင်ထဲ ငြိမ်းချမ်းခဲ့ရ၏။ ဒေါ်လေး ငြိမ်းပုံ၏သား ပေါက်စီက ဉာဏ်ရည်ပြည့်ပုံမပေါ်။ ရူးတူးတူး ပေါတောတော နေတတ်သော်လည်း မိခင်ကြီးကို ရှာဖွေကျွေးမွေးသူ ဖြစ်၏။

ပေါက်စီက သူ့ထက် လေးငါးနှစ်ခန့် ငယ်၏။ စကားတွေကိုလည်း ယောင်ဖွာယောင်ဖွာ ပြောတတ်၏။ သို့သော် သားအမိနှစ်ယောက်စလုံး၏ အသွင်က သဘောဖြူ အူစင်းအသွင် ရှိ၏။ အိမ်ကလေးသည် သေးသေး ကလေး ဖြစ်သော်လည်း ဘုရားစင်လေးမှာ အလွန်မှ ကျက်သရေ ရှိလှ၏။

ဘုရားပန်းတွေ တဝေဝေ။ ဆီမီးဖယောင်းတိုင်တွေ တလင်းလင်း တထိန်ထိန်မို့ နှင်းဘဝ အေးငြိမ်းခဲ့ရ၏။ ထို့အပြင် အိမ်၏ အရှေ့ဘက် ကုန်းမြင့်လေးပေါ်တွင် စေတီကလေးတစ်ဆူ ရှိနေသည်မို့ သူ့ဘဝအတွက် ကွန်းခိုရာရလေပြီဟု တွေးမိလေ၏။

သို့သော် သူ့ကြောင့် ဒေါ်ငြိမ်းပုံတို့သားအမိ ဝန်ထုပ်ဝန်ပိုး ဖြစ်မှာကို မလိုလား။ အလုပ်တစ်ခုခု ရှာဖို့သာ စိတ်ထဲ ပြင်းပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုအေ၊ သမီးက မျက်စိမြင်တာမှ မဟုတ်ဘဲ၊ အလုပ်ထဲမှာ အခက်တွေ့မှာပေါ့ကွယ်၊ ဒေါ်ဒေါ်နဲ့ အတူနေစမ်းပါ၊ စားဖို့အတွက် မပူပါနဲ့ကွယ်၊ ဒေါ်ဒေါ်တို့ အိမ်ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်းလည်း ဖြစ်ပါတယ်ကွယ်"

"ဒါဆိုလည်း ဒေါ်လေးငြိမ်းပဲ စီစဉ်ပါ၊ နှင်း ဝိုင်းကူပါ့မယ်"

"အေးပါကွယ်"

နှင်း ရောက်သည့်အချိန်မှစပြီး ဒေါ်ငြိမ်းပုံတစ်ယောက် အိမ်ရှေ့တွင် ဈေးဆိုင်ကလေးတစ်ဆိုင် တည်ခဲ့၏။

ပေါက်စီသည် ရွာကွက်ထဲလှည့်ပြီး ရေထမ်း၏၊ ထင်းပေါက်၏၊ ခိုင်းသမျှ စေသမျှကို လုပ်ကိုင်ခဲ့၏။ သူ့ကိုလည်း အစ်မရင်းတစ်ယောက်လို ခင်မင်ခဲ့၏။ သူတို့အိမ်ကလေးရောက်မှ နှင်းရင်ထဲ သောကတွေ ပြေပျောက်ခဲ့ရ၏။

ဒေါ်ငြိမ်းပုံကလည်း ဂရုစိုက်လှ၏။ အစားအသောက်ကအစ ကောင်းကောင်းမွန်မွန် ကျွေးမွေးခဲ့၏။ ဈေးဆိုင်ကလေးကလည်း တစ်နေ့တခြား အရောင်းအဝယ် ကောင်းလာသဖြင့် သူတို့သုံးယောက်အတွက် စားဝတ်နေရေး အဆင်ပြေခဲ့ရ၏။

နှင်းသည် အားလပ်သည့် အချိန်တွင် လမ်းအရှေ့ဘက် ကုန်းမြင့် စေတီလေးဆီ ရောက်သွားလေ့ရှိ၏၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ဝိတောက်ညောင် အစရှိသော အပင်ကြီး၊ အပင်ငယ်တို့ပင် ဝေဆာအုပ်ဆိုင်းနေသော စေတီကလေး။

ထိုးစေတီကလေး ဖြစ်သော်လည်း ရင်ပြင်တော်က သစ်ပင်ရိပ်တို့ဖြင့် အေးချမ်းလှ၏။ ဆည်းလည်းသံ၊ ကျေးငှက်သာရကာတို့၏ အသံကလေးများကလည်း ဝေဆာနေ၏။

ပေါက်စီက သူနှင့် စေတီဘက်သို့ လိုက်လာတတ်၏။ စေတီရင်ပြင်သို့ ရောက်သည်နှင့် သူတို့နှစ်ယောက် အမှိုက်သရိုက်များ ရှင်းလင်းခဲ့၏၊ သောက်ရေအိုးများ ရေဖြည့်ခဲ့၏။

ထို့နောက် စေတီရင်ပြင်လေးတွင် ထိုင်ကာ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များ ပွားများနိုင်ခဲ့လေ၏။ ပေါက်စီကလည်း သူလုပ်သလို ပုတီးတစ်ကုံးနှင့် တချောက်ချောက် စိပ်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး အေးအေးလူလူနှင့် ဘုရားဝတ်ပြုချိန်တွင် တစ်နေရာမှ စောင့်ကြည့်နေသူတစ်ဦး ရှိ၏။ ထိုသူက တခြားမဟုတ် နှင်း၏ ဘဝတစ်လျှောက်လုံး ဒုက္ခပေးနေသော အောင်မောင်းပင် ဖြစ်လေ၏။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

သစ္စာတရားသည် ခါးသီး၏။
သို့သော် ခါးသီးမှု၏ နောက်ကွယ်တွင်
ချိုမြိန်သော ဘဝအေးရိပ် ရှိပေ၏။
ထို့ကြောင့်လည်း သစ္စာတရားထက်
နိုင်ခဲ့သော အကြောင်းအရာ မရှိပါချေ . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

အောင်မောင်း၏ စကားကြောင့် လွင်ကျော်စွာ ဝမ်းသာအားရ ဖြစ်သွား၏။ ပစ်ကွင်းထဲဝင်လာသည့် သားကောင်ကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်။ မုဆိုးတစ်ယောက်၏ ဂုဏ်သိက္ခာ အပျက်မခံနိုင်။ အံတကြိတ်ကြိတ်နှင့် ဆင်ကြံကြံနေသော လွင်ကျော်စွာ။ နောက်ဆုံး နှင်းထံ အရောက်သွားရန် ဆုံးဖြတ်လိုက်၏။ သူ့ဆုံးဖြတ်ချက်ကို အောင်မောင်းက တားမြစ်သော်လည်း ဘယ်လိုမှ တား၍မရ။

"အဲဒါတွေဟာ တိုက်ဆိုင်မှုတွေပါ အောင်မောင်းရာ၊ သိပ္ပံပညာ ဒီလောက်ထွန်းကားနေတဲ့ ခေတ်ကြီးမှာ စုန်းတွေ၊ တစ္ဆေတွေကို ငါ မယုံဘူးကွာ။ မင်း ဘာမှ မပြောနဲ့တော့၊ ဒီကိစ္စ ငါပြောတဲ့အတိုင်းသာ မင်း လုပ်ပေတော့"

လွင်ကျော်စွာ၏စိတ်က မုဆိုးပီသလှ၏။ နှင်းကို သားကောင် သဘောထားကာ မျက်ခြည်ပြတ်မခံချင်သောစိတ်က သူ့မှာ ဖုံးလွှမ်းနေ၏။ ထို့ကြောင့်လည်း နှင်း ထွက်သွားသည့်အချိန်မှစ၍ အောင်မောင်းကို ခြေရာခံခိုင်းခဲ့၏။

ယခုတော့ နှင်းနေသည့် နေရာကို သိလိုက်ရပြီဖြစ်၍ ဝမ်းအသာကြီး သာနေမိ၏။ ထို့ကြောင့်လည်း စီမံစရာရှိတာ စီမံပြီးသည်နှင့် နှင်းရှိရာသို့ ဝီလီဂျစ်ကလေးတစ်စီးနှင့် ထွက်ခဲ့၏။

နှင်းဆီရောက်တော့ အိမ်ဆိုင်ကလေးထဲ ထိုင်နေသည့် နှင်းကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ သူ့အသံကြားတော့ နှင်းအသွင်က ထိတ်လန့်သွားပုံပင်။

"ဟင်- ကိုလွင်ကျော်စွာ"

"ဟုတ်ပါတယ် မနှင်း၊ ကျွန်တော် လွင်ကျော်စွာ"

"ဘာ. . . ဘာကိစ္စရှိလို့လဲဟင်၊ နှင်း. . . နှင်းဆီ မလာကြပါနဲ့ရှင်။ နှင်း အေးအေးဆေးဆေး နေပါရစေ"

"ဟာ- မနှင်းကလည်းဗျာ၊ သူစိမ်းဆန်လိုက်တာ။ မနှင်းကို အလုပ် ထုတ်ပစ်လိုက်တယ်ဆိုတာ ကျွန်တော် မသိရိုးအမှန်ပါ၊ မေမေကလည်း ဘယ်လိုဖြစ်တာလဲ မသိဘူးဗျာ။ ကျွန်တော် စိတ်မကောင်းပါဘူး နှင်းရယ်၊ ကျွန်တော် ဘာကူညီရမလဲ။ နှင်း လိုအပ်တာပြောပါ၊ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်"

"နေပါစေတော့ ကိုလွင်ကျော်စွာရယ်၊ ကျွန်မဘာဝနဲ့ ကျွန်မ ရှိပါစေ ရှင်"

"ဟာ- မဟုတ်တာဘဲ၊ မနှင်း ဘာမှ အားမငယ်နဲ့။ မနှင်း နောက်ထပ် အလုပ်လုပ်မလား၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် ရှိတယ်။ သူက ငါးလုပ်ငန်းကို အကြီးအကျယ် လုပ်တာဗျ၊ ဘာမှမပူနဲ့။ နှင်း လုပ်မယ်ဆို ကျွန်တော် ကူညီမယ်။ ပြီးတော့ နေဖို့အိမ်ပါ စီစဉ်ပေးပါ့မယ်"

လွင်ကျော်စွာ၏ စကားကြောင့် နှင်းစိတ်ထဲ ယိုင်တိုင်တိုင် ဖြစ်သွားခဲ့ရ၏။ အမှန်မတော့ အလုပ်ကလေး အကိုင်ကလေးနဲ့မှ ဘဝက တင့်တယ်သည်ဟု ထင်မိ၏။ ဒေါ်ငြိမ်းပုံတို့ သားအမိကိုလည်း ဒုက္ခမပေးချင်၊ အိမ်ဆိုင်ကလေးက အရောင်းအဝယ် မဆိုးလှသော်လည်း သူ ရောက်လာသဖြင့် အကုန်အကျ များလာသည်ကို သတိထားမိ၏။

ထို့ကြောင့်လည်း လွင်ကျော်စွာပြောသည့်စကားကို စိတ်ဝင်[illegible] ဖြစ်မိလေ၏။

"ကိုကျော်စွာပြောတဲ့ အလုပ်က ကျွန်မနဲ့ သင့်တော်ပါ့မ[illegible] မှန်တာပြောရရင် ကျွန်မဝင်ငွေ ကျွန်မ ရအောင်ရှာပြီး ကိုယ့်ခြေ[illegible] ပေါ် ကိုယ်ရပ်နေချင်ပါတယ်"

"ဒါပေါ့ မနှင်းရယ်၊ ကျွန်တော်လည်း မနှင်းရဲ့ စိတ်[illegible] သိထားလို့ ခုလို မေးတာပါ။ ကိုင်း- ကျွန်တော်တို့ အပြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူ သွားပြောကြရအောင်ဗျာ။ မနှင်းကို ကျွန်တော် တစ်ခုခု ကျွေးပါရစေ"

"အို- နေပါစေရှင်၊ ကျွန်မ မလိုက်ပါရစေနဲ့"

"ဟာ- မဟုတ်တာဘဲ မနှင်းရယ်၊ အလုပ်ကိစ္စဆိုတာ လွတ်လွတ်လပ်လပ်ပြောတာ ကောင်းတာပေါ့ဗျာ။ ကျွန်တော့်မှာ ကားပါပါတယ် မနှင်း၊ ပြောဆိုပြီးတာနဲ့ အိမ်အရောက် ပြန်ပို့မှာပါ။ လိုက်ခဲ့ပါ မနှင်းရယ်၊ ကျွန်တော် မနှင်းရဲ့အကျိုးကို လိုလားသူတစ်ဦးပါဗျာ"

လွင်ကျော်စွာ၏ စေတနာယောင်ဆောင်ထားသော ထောင်ချောက်ကို နှင်း ယုံသွားမိ၏။ ထင်ကျော်စွာနှင့် ပတ်သက်နေသည်မို့လည်း သူ့ရင်ထဲ လန်းဆန်းသွားသလို ခံစားလိုက်ရ၏။

"ဒါဆိုလည်း ခဏစောင့်ပါဦးနော်၊ နှင်း အဝတ်အစား လဲလိုက်ပါရစေဦး။ ပြီးတော့ ကျွန်မ တစ်ယောက်တည်း. . ."

"ဟာ- ပူစရာမရှိ ကြံဖန်ပူနေပြန်ပြီ၊ ကျွန်တော် ရှိပါတယ်ဗျာ။ ကဲ လုပ်စရာရှိတာသာ လုပ်ပေတော့"

"ဟုတ်. . . ဟုတ်ကဲ့"

နှင်းသည် အိမ်ဆိုင်ကလေးထဲမှ ထွက်ကာ အိပ်ခန်းထဲဝင်၍ အဝတ်အစား ကပျာကယာ လဲလိုက်၏။ ထို့နောက် သူ့ဘဝဖော် တုတ်ကလေးကို ယူကာ အိမ်ပေါ်မှ ဆင်းလိုက်၏။ လွင်ကျော်စွာသည် သူ့လက်မောင်းကလေးကို အတင်း တွဲလိုက်၏။

"အို- ရ. . . ရပါတယ် မတွဲပါနဲ့"

"လာပါ မနှင်းရယ်၊ ကျွန်တော်တို့ ညီအစ်ကိုဟာ မနှင်းကို အနားလည်ဆုံးပါ။ ရှက်စရာ၊ အားနာစရာလည်း မလိုပါဘူး။ နှင်းဟာ ကျွန်တော့် ညီမလေးပါပဲ"

"ရှင်"

လွင်ကျော်စွာ၏ အကြင်နာစကားကြောင့် နှင်း ဘာကို ဝေခွဲရမှန်း မသိတော့။ မိခင်လုပ်သူက သူ့ကို ချိုးချိုးဖွဲ့ဖွဲ့ ပြောသွားသော်လည်း သား နှစ်ယောက်က သူ့အပေါ် ကြင်နာနေသည်မို့ ရင်ထဲ တအံ့တဩ ဖြစ်ခဲ့ရ၏။

လူတွေ၏ သဘောသဘာဝကို နှင်း ဘယ်လိုမှ နားမလည်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



"နှင်း လာလာ၊ မြန်မြန်တက်"

"ဟုတ်. . . ဟုတ်ကဲ့"

ကားရှေ့ခန်းတွင် အသာအယာ ဝင်ထိုင်လိုက်၏။

လွင်ကျော်စွာသည် နှင်းကို ဘေးတိုက်ကြည့်မိ၏၊ နှင်း၏ ကုပ်ပိုးသားပေါ်မှ မွေးညင်းနုနုကလေးတွေပင် အလှကြီး လှနေ၏၊ နှင်း၏ ကိုယ်သင်းနံ့ကလေးကလည်း သင်းပျံ့နေ၏၊ နှင်း၏ ကိုယ်လုံးကျစ်ကျစ်ကလေးကို မရဲတရဲ ခိုးကြည့်ရင်း စိတ်တွေ ဆူပွက်နေမိ၏၊

ပန်းရိုင်းကလေးတစ်ပွင့် ဖြစ်သော်လည်း ထိပ်ပြောင် မှား ဗီတုန်းတို့ကို ယစ်မူးသာယာ တပ်မက်စေသည့် ပန်းရိုင်းကလေး နှင်းကို သူ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်တော့၊

နှင်း၏ အလှအပ၊

နှင်း၏ ယစ်မူးဖွယ် အချိုးအဆစ်၊

နှင်း၏ အပြုံး၊

နှင်း၏ ကိုယ်သင်းရနံ့

အားလုံးအားလုံး စွဲမက်တိမ်းမူးဖွယ်ပင်။ သူ လက်လွှတ်မခံချင်တော့။ ဝီစကီတစ်ငုံမျှ သောက်မထားသော်လည်း သူ့စိတ်ထဲ အချစ်မူးမူးနေသလို ခံစားရ၏။

ထို့ကြောင့်လည်း နှင်းနှင့်အတူ တစ်မြို့လုံး လှည့်ပတ်မောင်းပစ်လိုက်၏။ ပတ်ဝန်းကျင်ကိုလည်း မမြင်တော့။ ဥဒဟို သွားလာနေကြသည့် ကားတွေ၊ လူတွေကိုလည်း မမြင်တော့။ သူ မြင်နေရသည်မှာ နှင်း၏ ယစ်မူးတွယ်ငြိဖွယ်ကောင်းလှသော ကိုယ်လုံးကလေး။

နှင်း၏ ပေါင်ကလေးကို ဂီယာထိုးရင်း မထိတထိ လက်နှင့် တိုက်မိသောအခါ သူ့ရင်တွေ လှိုင်းတံပိုးထန်ခဲ့ရ၏။ မောင်းရင်းမောင်းရင်း သူ့မိဘများ ဝယ်ယူထားသည့် မြို့ပြင်ရှိ ခြံကြီးထဲသို့ ရောက်လာ၏။

'သားကောင်က သူ့လက်ထဲ ကွက်ကွက်ကွင်းကွင်း ဝင်လာပြီ' လွင်ကျော်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ခြံကြီးထဲ ရောက်သည်နှင့် နှင်းကို ကားပေါ်မှ ခေါ်ချလိုက်လေ၏။

လူသံသူသံတွေ တိတ်ဆိတ်နေသော ခြံကြီး။ ကျေးငှက်သာရောသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပိုးမွှားတို့ အော်မြည်သံသာ လွှမ်းမိုးနေ၏။ နှင်းရင်ထဲ အသံဗလံများကို နားစွင့်ရင်း စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားခဲ့ရ၏။

"ဟင်- ဒါ. . . ဒါ ဘယ်နေရာလဲဟင်"

"ကျွန်တော်ပြောတဲ့ နေရာလေ"

"ရှင်- အသံတွေ တိတ်လှချည်လား"

"ဪ- သူတို့ အလုပ်လုပ်နေကြတယ် မနှင်းရဲ့၊ အိမ်ကြီးရဲ့ အနောက်ဘက်မှာ အလုပ်စခန်း ရှိတယ်လေ"

"ဟုတ်လား"

"လာလာ"

နှင်း၏ လက်မောင်းလေးကို အတင်း ဆွဲကာ အိမ်ကြီးပေါ်သို့ ခေါ်လာခဲ့၏။

အောင်မောင်းကို ကြိုတင် စီစဉ်ညွှန်ကြားထားသဖြင့် အိမ်ဖော်လေးတစ်ဦးက အအေးခွက်ကလေး နှစ်ခွက်ကို သူတို့ရှေ့ လာရောက်ချထားပေးလိုက်၏။ လွင်ကျော်စွာသည် အိမ်ဖော်မလေးကို မျက်စိမှိတ်ပြလိုက်ပြီး မေးလိုက်၏။

"ဟဲ့- မိတင်၊ နင်တို့ မမရော"

"မမ ရှိပါတယ် ဆရာ၊ ဟို- အလုပ်. . . အလုပ်ထဲ ရောက်နေပါတယ်။ ခုချက်ချင်း လာပါလိမ့်မယ်"

"ဟုတ်လား ဒါဆိုလည်းပြီးရော၊ ကိုင်း- မနှင်း အအေးသောက်လိုက်ပါဦး။ အလုပ်ကိစ္စ ပြောဆိုပြီးမှ မနှင်းကို ကျွန်တော် ဆိုင်တစ်ဆိုင်မှာ ထမင်းကျွေးမယ်"

"နေ. . . နေပါစေရှင်၊ ခုလို ကူညီတာကိုပဲ ကျေးဇူးကြီးလှပါပြီ"

"ဟာ- မဟုတ်တာဘဲ မနှင်းရယ်၊ ကဲ- သောက်လိုက်ပါဦး"

နှင်းသည် လွင်ကျော်စွာ လှမ်းပေးသည့် အအေးခွက်ကလေးကို ယူကာ တစ်ငုံနှစ်ငုံ မော့သောက်လိုက်၏။ ချိုစိမ့်စိမ့် စတော်ဘယ်ရီ အရသာကြောင့် ရင်ထဲ အေးသွား၏။ လွင်ကျော်စွာသည် နှင်း၏ မျက်နှာနုနုလေးကို အကြည့်ရဲရဲများနှင့် စိုက်ကြည့်နေဆဲ။

အချိန်အနည်းငယ် အကြာတွင် နှင်းတစ်ယောက် ခေါင်းကလေးကို

www.burmeseclassic.com



နှိပ်ရင်း စုတ်တသပ်သပ် ညည်းညူလာ၏။

"ဘာဖြစ်တာလဲ မနှင်း"

"ဟို- ခေါင်းထဲ မူးသလိုလိုပဲ"

"ဟင်- သိပ်မူးသလား၊ သွေးတိုး ရှိလို့လား"

"မ. . . မပြောတတ်ပါဘူးရှင်၊ မျက်စိထဲ တရိပ်ရိပ်နဲ့"

"သိပ်မူးနေသလား၊ နေဦး. . . နေဦး"

နှင်း မျက်လုံးထဲ ပို၍ပို၍ မှောင်မိုက်သွားသလိုပင်။ ခေါင်းထဲလည်း ရိပ်ခနဲ ရိပ်ခနဲ ခံစားနေရ၏။ ဘယ်လိုမှ မဟန်နိုင်တော့။ လွင်ကျော်စွာသည် နှင်းအနားသို့ ရောက်ရှိလာကာ နှင်း၏ပခုံးလေးကို ပွေ့ဖက်လိုက်၏။

"မနှင်း. . . မနှင်း"

"ဟင်- မူး. . . မူးလိုက်တာရှင်"

"ငြိမ်ငြိမ်ကလေး နေလိုက်ပါ"

"အို"

သူ့ကိုယ်လုံးကလေးကို လွင်ကျော်စွာက စွေ့ခနဲ ပွေ့ချီလိုက်၏။ ထို့နောက် ဧည့်ခန်းအနောက်ဘက် လှေကားအတိုင်း အိမ်ကြီးအပေါ်ထပ်သို့ ခေါ်လာကာ အိပ်ခန်းထဲရှိ ခုတင်ပေါ် အသာအယာ တင်လိုက်၏။

"မနှင်း. . . မနှင်း၊ ကျွန်တော်ခေါ်တာ ကြားရဲ့လား"

သူ တတွတ်တွတ် ခေါ်သော်လည်း နှင်း၏ထူးသံကို မကြားရတော့။ မွေ့ရာဖြူဖြူလေးပေါ် ကလေးငယ်တစ်ယောက်လို အိပ်ပျော်သွားသော နှင်းကိုကြည့်ပြီး လွင်ကျော်စွာ ဝမ်းသာအားရ ဖြစ်နေ၏။

သူ စီစဉ်ခဲ့သမျှ ချောချောမွေ့မွေ့ ဖြစ်ခဲ့သည်မို့ ကျေနပ်၍မဆုံးနိုင်ဖြစ်နေ၏။ နှင်း၏ နီအိနေသော ပါးပြင်ကလေးကို အသာအယာ နမ်းရှိုက်လိုက်၏။

နှင်း၏ ကိုယ်သင်းနံ့ကလေးက သူ့နှလုံးသားကို လှုပ်ခတ်သွားစေ၏။ ရင်ထဲ တလိပ်လပ် တလူးလူး တက်လာသော ကာမဂုဏ်စိတ်ကို သူ မထိန်းနိုင်တော့။

ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ပစ်လိုက်ပြီး နှင်းဘေး ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ် ထိုင်လိုက်၏။ နှင်း၏ နဖူးကလေးကို တရှိုက်မက်မက် နမ်းလိုက်မိ၏။

"ဆရာ၊ အဆင်ပြေရဲ့လား"

"ဟင်- အောင်မောင်း၊ မင်း ဘာလာလုပ်တာလဲကွ"

"ဩော်--ဟဲဟဲ၊ ဆရာ အဆင်ပြေရဲ့လား လာကြည့်တာပါ"

"ပြေပါတယ်ကွာ၊ ကိုင်း- မင်း ငါ့အတွက် စားစရာ သောက်စရာတွေ ဝယ်ထားကွာ"

"ဗျာ- အမြည်းဝယ်စရာ လိုသေးလို့လား ဆရာရဲ့ ဟဲဟဲ"

"တော်စမ်းပါကွာ၊ ကိုင်း- မင်း သွားတော့ လာမရှုပ်နဲ့ကွာ"

"ဟဲဟဲ ဆရာ မြည်းပြီးရင် ကျွန်တော့်လည်း စွန့်ပါဦးဗျာ"

"ဟာကွာ၊ မင်းကလည်း လျှာရှည်လိုက်တာ။ သွားတော့ တံခါးပါ ပိတ်ခဲ့၊ ငါပြောတာ ကြားလား။ ငါ မခေါ်ဘဲ တက်မလာနဲ့နော်"

"စိတ်ချပါ ဆရာရယ်၊ အောင်မောင်းက ဒီကိစ္စ ကျွမ်းကျင်ပြီးသားပါ။ သွားပြီနော်"

အောင်မောင်းတစ်ယောက် သူ့ကို ဖြစ်ပဖြစ်ပြော၍ အိမ်ကြီး အပေါ်ထပ်မှ ဆင်းသွား၏။ လွင်ကျော်စွာတစ်ယောက် နှင်း၏ ကိုယ်လုံးကလေးကို အတင်းပွေ့ဖက်ကာ အပျော်ကြီး ပျော်နေမိ၏။

သူ ခြေရာခံနေသော သားကောင်ကို အမိအရ ဖမ်းဆီးလိုက်နိုင်ပြီမို့ အပျော်ကြီး ပျော်နေမိ၏။ သူ့အသွင်က သားကောင် ဆာလောင်နေသော ဝံပုလွေကြီးတစ်ကောင်၏ အသွင်ပင်။

နှင်း၏ ကိုယ်လုံးနွေးနွေးကလေးကို ပွေ့ဖက်ရင်း အသာယာကြီး သာယာနေမိ၏။

ပါးစပ်ကလည်း ထင်ရာမြင်ရာတွေ ပြောဆိုနေမိ၏။ သူ့တစ်ကိုယ်လုံး ကာမဘီလူး ပူးနေသလိုပင်။ ဆာလောင်နေသော မျက်လုံးရွဲရွဲကြီးများနှင့် နှင်း၏မျက်နှာကို ငေးကြည့်နေမိ၏။ ကြည့်ရင်းကြည့်ရင်း သူ့စိတ်ကို ထိန်းချုပ်မရတော့သဖြင့် နှင်း၏ ပါးပြင်နုနုကလေးကို ထပ်တလဲလဲ နမ်းရှုပ်မိလေ၏။

ထိုစဉ် အခန်းထောင့်မှ ရှူးခနဲ မြည်သံကြီး ကြားလိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။

"ဘာသံပါလိမ့်"

ပြောရင်းဆိုရင်း ဟိုဟိုဒီဒီ ကြည့်လိုက်မိ၏။ ဘာဆိုဘာမှမမြင်။ သို့သော် စိတ်ထဲ အောင်မောင်း ပြောသည့်စကားတွေ ကြားယောင်လာမိ၏။ ထိုစဉ် ရှူးခနဲ မြည်သံကြီး ပေါ်လာပြန်သဖြင့် မျက်နှာကြက်ပေါ် မော့ကြည့်လိုက်၏။

"ဟာ- မြွေ. . . မြွေကြီး"

မီးဆိုင်းပေါ်တွင် တလည်လည် တလျှောလျှော ခွေမှတ်နေသော မြွေဟောက်နက်ကြီး။ သူ့ကို ခေါင်းကြီးထောင်ကာ ကြည့်နေ၏။ မြွေကြီးကိုကြည့်ရင်း အိပ်မက်မက်ခဲ့ဖူးသော မြွေကြီးမှန်း သတိထားမိလာ၏။

လွင်ကျော်စွာသည် ခုတင်ပေါ်မှ အသာအယာ ထလိုက်၏။ အရမ်းကာရောလည်း မလှုပ်ရှားဝံ့။ ထိုစဉ် မြွေကြီးသည် မျက်နှာကြက် မီးဆိုင်းပေါ်မှ တအိအိ လျှောတိုက်ဆင်းချလာ၏။ သူ နောက်ကို တဆုတ်ဆုတ် လုပ်ရင်း ခုတင်ပေါ်မှ မရဲတရဲ ဆင်းလိုက်၏။

"ရှူး ရှူး"

"ဟာ- ဘုရား. . .ဘုရား"

"ရှူး ရှူး"

နှာမှုတ်သံ တရှူးရှူးနှင့် သူ့ကို ခြောက်လှန့်နေသော မြွေဟောက်ကြီး တဖြည်းဖြည်း အောက်သို့ဆင်းလာ၏။ သူ နောက်သို့ တဆုတ်ဆုတ် ရွှေ့သွား၏။ ထိုစဉ် မီးဆိုင်းပေါ်မှ လျှောတိုက်ဆင်းလာသော မြွေကြီးသည် သူ့ကိုယ်ပေါ်သို့ လွှားခနဲ ခုန်ချလိုက်၏။

"ဟာ- မြွေ. . . မြွေကြီး၊ လုပ်. . . လုပ်ပါဦး"

"ရှူး ရှူး"

"ဟာ- ကယ်. . . ကယ်ကြပါဦး"

အသံကုန်အော်သော်လည်း အော်၍မရ။ မြွေကြီးက သူ့လည်ပင်းနှင့် အမြီးကြီးနှင့် လျှင်မြန်စွာ ရစ်ပတ်လိုက်၏။ သူ နောက်တဆုတ်ဆုတ်[illegible] မြွေကြီး၏ကိုယ်လုံးကို လက်နှစ်ဖက်နှင့် ဆွဲဖြေသော်လည်း [illegible]

မြွေကြီးသည် လည်ပင်းမှတစ်ဆင့် တစ်ကိုယ်လုံးကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖျစ်ညှစ်လာ၏။ သန်မာလှသော ညှစ်အားကြောင့် လွင်ကျော်စွာ မျက်လုံးကြီးတွေ ပြူးလာ၏။ ပါးစပ်က အော်ဟစ်သော်လည်း အော်၍မရ။ ခုတင်ဘေး ကြမ်းပြင်ပေါ် ပုံလျက်သားကျသွား၏။ မြွေကြီးသည် သူ့တစ်ကိုယ်လုံးကို တင်းကျပ်စွာ ရစ်ပတ်ရင်း အရှိန်အဟုန်ပြင်းထန်စွာနှင့် ဆွဲဆန့်လိုက်၏။

"ဖျစ် ဖျစ် ဖျစ်"

"အား အီး"

တစ်ကိုယ်လုံး အရိုးအကြောတွေ ကြေမွသွားလေပြီလား ခံစားလိုက်ရ၏။ အသက်ပင် မရှုနိုင်တော့။ မျက်လုံးကြီးတွေ အပြူးသားနှင့် ခွေခွေလေး အိပ်နေသော နှင်းကို လှမ်းကြည့်နေ၏။

လက်တစ်ဖက်က နှင်း အိပ်ပျော်နေသော ခုတင်စွန်းလေးကို မရမကာ ကုတ်ခြစ်ထားမိ၏။ သို့သော် မြွေကြီးက သူ့တစ်ကိုယ်လုံးကို အားကုန်ရစ်ပတ်ရင်း အရိုးတွေ တဖျစ်ဖျစ်မြည်အောင် ဆွဲဆန့်လိုက်၏။

လွင်ကျော်စွာတစ်ယောက် တဖြည်းဖြည်း ငြိမ်ကျသွား၏။ ခြေတွေလက်တွေ တဆတ်ဆတ်ခါရင်း အသံပါ ပျောက်သွား၏။ ပါးစောင်မှလည်း သွေးတွေ ထွက်လာ၏။ နှာခေါင်းတွေ၊ နားရွက်တွေမှလည်း သွေးတွေ ယိုစီးလာ၏။

သူ မအော်နိုင်တော့။ တဖြည်းဖြည်း အသက်ရှူသံပါ ရပ်ဆိုင်း၍ သေဆုံးသွားလေတော့၏။ မြွေကြီးသည် အားရှိပါးရှိ ဖျစ်ညှစ်ခြေမွပြီးမှ လွင်ကျော်စွာ၏ ကိုယ်ပေါ်မှ လျှောတိုက်ဆင်းလိုက်၏။

ထို့နောက် ခုတင်ပေါ် တလျှောလျှော ထိုးတက်လာကာ နှင်း၏ဘေးတွင် အသာခွေလိုက်ပြီး ပါးပျဉ်းကြီး တထောင်ထောင် လုပ်နေလေ၏။

ထိုအချိန်တွင် အိမ်ကြီးအောက်ထပ်၌ ဝီစကီတစ်လုံးနှင့် ဇိမ်တွေနေသော အောင်မောင်းကြီးမှာ အရက်မူးလာသည်နှင့် သွေးတွေ ဆူလာ၏။ ယုတ်မာညစ်ထေးလှသော စိတ်တွေ တဖွားဖွား ပေါ်လာ၏။

ထိုသို့ ခပ်ထွေထွေ ဖြစ်လာသည်နှင့် နှင်း၏ ကိုယ်လုံးလှလှလေးကို မျက်စိထဲ မြင်ယောင်လာ၏။ ထို့ကြောင့်လည်း ထိုင်ရာမှ ယိမ်းဒယိုင်နှင့် ထကာ ကျွန်းလှေကားပေါ် တစ်လှမ်းချင်း တက်လာခဲ့၏။ ပါးစပ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထင်ရာမြင်ရာတွေ စွတ်ပြောနေ၏။

"အာစရိ. . . ဗျို့ အာစရိ၊ တပည့်ကြီးကိုလည်း စွန့်ပါဦးဗျာ ဟဲတဲ။ အာစရိ. . . အာစရိရေ၊ ကျွန်တော် လာပြီဗျ။ ဟားဟားဟား လက်ကျန်ပွဲလေးတော့ မြည်းပါရစေဗျာ"

ယုတ်ညံ့လှသောစကားများကိုဆိုရင်း အိမ်ကြီးအပေါ်ထပ်သို့ ရောက်ရှိလာ၏။ ခြေထောက်တွေက တောင်နင်းမြောက်နင်း။ ပါးစပ်ကလည်း တဟဲဟဲ တဟီးဟီးနှင့် ရယ်မောနေ၏။

သူသည် အိပ်ခန်းရှေ့ရောက်သည်နှင့် ပိတ်ထားသော တံခါးကို မရမက ဆွဲဖွင့်လိုက်၏။

"အာစရိ၊ ကျုပ်. . . ဟာ"

ပြောမည့်စကားပင် တစ်တစ်ဆို့ဆို့ကြီး ဖြစ်သွား၏။ မြင်ကွင်းကို ကြည့်ပြီး ကြက်သေသေနေ၏။

"ဟာ- ဆရာ. . . ဆရာ၊ ဘယ်လိုဖြစ်တာလဲဗျာ"

"ရှူး ရှူး"

"ငအောင်မယ်လေးဗျ၊ မြွေ. . . မြွေကြီး"

ခုတင်ပေါ်မှ ရုတ်တရက် ခေါင်းထောင်လာသော မြွေကြီး။ ရှူးခနဲ နှာမှုတ်သံပေးလိုက်သည်နှင့် အောင်မောင်းတစ်ယောက် အိပ်ခန်းထဲမှ ဒရောသောပါး ထွက်ပြေးသွား၏။

မြွေကြီးသည် ခုတင်ပေါ်မှ မဆင်းဘဲ အိပ်ခန်း တံခါးပေါက်ကို စူးစူးရဲရဲ ပါးပျဉ်းထောင်၍ ကြည့်နေ၏။

"မြွေ. . . မြွေကြီးဗျ"

"ရှူး ရှူး"

သူ့နားထဲ နှာမှုတ်သံကြီးတွေ ကြားနေရသဖြင့် လှေကားပေါ်မှ ဒရောသောပါး ဆင်းလိုက်ရာ ခြေထောက်ခေါက်၍ တလိမ့်ကောက်ကွေး ပြုတ်ကျသွားလေ၏။

"ဒုန်း ဝုန်း ဒိုင်း"

"အောင်မယ်လေးဗျ"

အော်ရင်းဟစ်ရင်း လှေကားထစ်များအတိုင်း တဒုန်းဒုန်း ပြုတ်ကျ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရာ အောက်ခြေကြမ်းပြင်သို့ အရောက်တွင် အောင်မောင်းတ
ယောက် မထူနိုင် မထနိုင် ဖြစ်နေ၏။ အိမ်ကြီးပေါ်ကို လက်ညှိုးတထိုးထိုး
လုပ်ရင်း ပါးစပ်ကလည်း အော်ဟစ်နေ၏။

"လုပ်. . . လုပ်ကြပါဦး၊ မြွေ. . . မြွေကြီးဗျ"

သူ့အသံကြောင့် အိမ်ဖော်လင်မယား အပြေးရောက်လာ၏။

"ဆရာ ဘာ. . . ဘာဖြစ်တာလဲ"

"မြွေ. . . မြွေ"

"ဘယ်မှာတုံး"

"အိမ်. . . အိမ်ကြီးပေါ်မှာ၊ အား ခြေ. . . ခြေထောက်ကျိုးပါပြီဗျ"

"ဟင်"

ရုတ်တရက် ပေါ်ပေါက်လာသော ဖြစ်စဉ်က သွေးပျက်စရာပင်။
အောင်မောင်းခမျာမှာလည်း လှေကားပေါ်မှ တဝုန်းဝုန်း ပြုတ်ကျခဲ့သဖြင့်
ညာဘက်ခြေထောက် အပိုင်းပိုင်း ကျိုးပဲ့ကြေမွသွားခဲ့လေ၏။

အိမ်ဖော်လင်မယား နှစ်ဦးသည် အောင်မောင်းကို တန်းလျားခုံပေါ်
မ,တင်ပြီး အိမ်ကြီးပေါ် အပြေးအလွှား တက်ခဲ့၏။ အိပ်ခန်းတံခါးကို
အလျင်အမြန် ဖွင့်ကြည့်ရာ ပါးပျဉ်းတထောင်ထောင် လုပ်နေသော မြွေ
ကြီးကို တွေ့လိုက်ရသဖြင့် အိမ်အောက်ထပ်သို့ ဒရောသောပါး ဆင်းပြေး
ကုန်ကြ၏။

အောင်မောင်းခမျာ သတိရတစ်ချက် မရတစ်ချက်။ ခြေထောက်ကို
ကိုင်ရင်း ပါးစပ်ကလည်း ငယ်သံပါအောင် အော်ဟစ်နေ၏။

အိမ်ဖော်လင်မယားခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။
နောက်ဆုံး နီးရာရဲစခန်းသို့ အကြောင်းကြားလိုက်သဖြင့် ဌာနအုပ်
မောင်ချို့နှင့်အဖွဲ့ ရောက်ရှိလာ၏။

သူတို့ အိမ်ကြီးပေါ်တက်လာစဉ် နှင်းတစ်ယောက် နိုးလာပြီး ပတ်ပတ်
ဒီဒီ စမ်းကြည့်ရာ သူ့ဘေးတွင် ခွေနေသော မြွေကြီးကို တွေ့လိုက်ရ၏။

"ဟယ်- မြွေကြီးပါလား၊ ဟင်- ကိုလွင်ကျော်စွာ. . . ဒုံ- ဘာတွေ
ဖြစ်ကုန်ပြီလဲ ဘုရား. . . ဘုရား"

ထိုအချိန်တွင် မြွေကြီးသည် ခုတင်ပေါ်မှ လျှောထိုးဆင်းသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ိပ်ခန်းထဲမှ ထွက်သွားလေ၏။

နှင်း ဘာလုပ်၍ လုပ်ရမှန်း မသိ။ ခုတင်ပေါ်မှ အတင်း လူးလဲထ တာ အောက်ဆင်းမည်အလုပ် အိပ်ခန်းထဲသို့ ဌာနအုပ် မောင်ချိုတို့အဖွဲ့ င်ရောက်လာလေ၏။

"မလှုပ်နဲ့နော် ရပ်စမ်း"

"ရှင်- ကျွန်မ၊ ကျွန်မ ဘာမှလဲ မသိပါဘူးရှင်"

"ဟိုတ်စမ်း၊ သူ့ကို လက်ထိတ်ခတ်လိုက်"

"ရှင်"

နှင်းတစ်ယောက် ခုတင်ဘေးတွင် ရပ်ရင်း မှင်သက်မိနေ၏။ ရှေ့ကို တစ်ဖဝါး မတိုးရဲ။ သူ ဘာကိုမှ မစဉ်းစားတတ်တော့။

ထိုအချိန်တွင် ပုလိပ်သားတစ်ဦးက သူ့လက်နှစ်ဖက်ကို ဆွဲတာ သက်ထိတ် အလျင်အမြန် ခတ်လိုက်၏။ နှင်း ပါးစပ်က တတွတ်တွတ် တောင်းပန်သော်လည်း ဘယ်လိုမှ တောင်းပန်၍ မရ။

နောက်ဆုံး ဌာနအုပ် မောင်ချိုတို့နှင့်အတူ စခန်းသို့ လိုက်ခဲ့ရပြီး သက်ာမှုနှင့် အချုပ်ထဲ ထည့်လိုက်တော့၏။ နှင်းတစ်ယောက် အချုပ်ခန်းထဲထိုင်ကာ အကြီးအကျယ် ထိတ်လန့်နေ၏။

ကြုံရသည့် ဖြစ်စဉ်ကိုလည်း သူ ဘယ်လိုမှ နားမလည်နိုင်။ ပို၍ ဲ့ဖွယ်ကောင်းနေသည်မှာ အချိန်ကြာမြင့်စွာ ပျောက်ဆုံးနေသော မွေ င်းကြီး ပြန်လည် ရောက်ရှိလာခြင်းပင် ဖြစ်လေ၏။ သူ ဘာကြောင့် ခုတင်ပေါ် အိပ်ပျော်သွားမှန်း မသိ။

တရိပ်ရိပ်နှင့် မူးဝေနေသည့်အသိကို သတိထားမိခဲ့သော်လည်း အဖြေရှာ၍ မရ။ အားငယ်စိတ်၊ ကြေကွဲစိတ်၊ ကြောက်ရွံ့စိတ်တို့ကြောင့် သူ တသိမ့်သိမ့် ငိုရှိုက်မိ၏။

ထိုအချိန်တွင် သား၏သတင်းကို ကြားလိုက်ရသဖြင့် ဒေါ်စိန်ခိုင် းမီးလောင်မတတ် ခံစားလိုက်ရ၏။ ကယ်ပါယူပါ တစာစာနှင့် အော်ဟစ် နေ၏။ သားအလောင်းကို ပွေ့ဖက်၍ သည်းထန်စွာ ငိုကြွေးနေမိ၏။

ဌာနအုပ်မောင်ချို၏ စကားအရ သားဖြစ်သူ၏ အလောင်းဘေးတွင် နှင်းကို တွေ့လိုက်ရသည်ဆိုသော စကားကြောင့် မျက်လုံးအစုံမှာ မီးဝင်း

www.burmeseclassic.com



ဝင်းတောက်လာ၏။

"ရှင်- အဲ. . . အဲဒါ စုန်းမ. . . စုန်းမ၊ ဒင်းလုပ်လို့ ကျွန်မသားလေး သေခဲ့ရတာ။ ဒင်း. . . ဒင်းဟာ စုန်းမ၊ ဒင်းကို ကျွန်မသား သေသလို သေရစေ့မယ်"

"အစ်မကြီးက သူ့ကို သိသလား"

"သိတယ်၊ သူဟာ လူတွေကို ဒုက္ခပေးခဲ့တဲ့ စုန်းမ၊ တစ္ဆေမ။ ကျွန်မတို့မိသားစု ဒုက္ခရောက်အောင် ဒင်းလုပ်တာ၊ ဒင်းကို သေဒဏ်ပေးမှ။ ကျွန်မသားလေး သေသလို သေရစေ့မယ် ကူညီပါရှင်၊ သူ့ကို သေဒဏ်ပေးကြပါ"

"ဟာ- အဲဒီလို ပြောလို့မရသေးဘူးဗျ၊ ခုဥစ္စာက ဘာကြောင့် သေတယ်ဆိုတာကို မှုခင်းအဖွဲ့က စစ်ဆေးနေတုန်းဗျ"

"ဟင်- သူ. . . သူ သတ်တာပါရှင်၊ ကျိန်းသေပါတယ်။ သူဟာ စုန်းမတစ်ယောက်ပါရှင်"

"အဲဒီလို မပြောပါနဲ့၊ ကျွန်တော်တို့ သူ့ကို ဥပဒေအရ စစ်ဆေးမေးမြန်းမှာပါ။ ခိုင်လုံပြီဆိုရင်တော့ သူနဲ့ ထိုက်တန်တဲ့အပြစ်ကို ပေးရမှာပေါ့"

ဌာနအုပ် မောင်ချိုပင် ဒေါ်စိန်ခိုင်၏ ဖွတ်တရွတ် ပြောဆိုမှုကို နားမလည်နိုင်အောင် ဖြစ်နေရ၏။ လွင်ကျော်စွာ၏ အလောင်းကိုလည်း မှုခင်းဆရာဝန်ကြီးထံ လွှဲအပ်ထားခဲ့ပြီ ဖြစ်၏။

တရားခံ ဘယ်သူဘယ်ဝါ ပြော၍မရသေး။ ဒွါရကိုးပေါက်မှ သွေးတွေ ယိုစီးနေသည့်အပြင် ခန္ဓာကိုယ်ပေါ်မှာလည်း အညိုအမည်းတွေ စွဲနေ၏။ ဌာနအုပ် မောင်ချိုတို့အဖွဲ့သည် အလောင်းကို အသေးစိတ်စစ်ဆေးကာ လက်သည်ဖော်ထုတ်ပါသော်လည်း ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲ ဖော်ထုတ်၍ မရ။ ထို့ကြောင့်လည်း မှုခင်းဆရာဝန်ကြီးထံ လွှဲအပ်လိုက်ရ၏။

ဒေါ်စိန်ခိုင်မှာ မယ်ပဋာစာရီ မြေလူး ဖြစ်နေ၏။ ငိုလိုက်တာမှ အသံကြီးက တပြုပြု။ ထို့ပြင် နှင်းရှိနေသော အချုပ်ခန်းရှေ့သွားကာ ဆဲဆိုအော်ဟစ်နေသဖြင့် မနည်းကြီး ဆွဲထုတ်ခဲ့ရ၏။

နှင်း၏သတင်း ကြားရသဖြင့် မသင်းတို့ညီအစ်မလည်း လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ နှင်းခမျာ မျက်ရည်တစမ်းစမ်းနှင့် ငိုကြွေးနေ၏။

"ဘယ်လိုဖြစ်တာလဲ နှင်းကလေးရယ်"

"ကျွန်မ ဘာတွေဖြစ်သွားမှန်းတောင် မသိပါဘူး မမသင်းရယ်၊ ကျွန်မပြောတာကို ယုံပါ"

"ယုံပါတယ် နှင်းကလေးရယ်၊ ဒါပေမယ့် အခြေအနေက မပြေးသော်ကံရာရှိ အခြေအနေဆိုတော့ ဝင်ကြွေးပါလာလို့ပဲ သဘောထားလိုက်ပါကွယ်။ တစ်ခုရှိတာ ငါ့ညီမဘက်က မှန်ကန်နေဖို့ပါပဲ"

"ဘယ်လိုကဘယ်လို ဖြစ်ကုန်မှန်းတောင် မသိတော့ပါဘူးရှင်၊ ကျွန်မဘဝက ဆိုးလိုက်တာ မြန်မြန်သေသွားရင် အေးမယ်"

"မဟုတ်တာဘဲ နှင်းကလေးရယ်၊ ကိုယ့်ဘက်က မှန်နေသရွေ့ ဘာမှ ကြောက်စရာမလိုပါဘူးကွယ်"

"ဟုတ်တယ် မကြောက်နဲ့၊ မမတို့ နှင်းကို ယုံတယ်"

မသင်းတို့ညီအစ်မက အားပေးစကားပြောသော်လည်း နှင်းရင်ထဲ မွန်းကျပ်နေမိ၏။ သူ ဘာတွေဖြစ်ခဲ့သည်ကိုပင် မစဉ်းစားတတ်တော့။ နောက်ဆုံး ဌာနအုပ်မောင်ချိုတို့အဖွဲ့က သူ့ကို စစ်စစ်ပေါက်ပေါက် မေးမြန်းလာလေရာ မှတ်မိသည့် အဖြစ်အပျက်ကို အသေးစိတ် ပြောပြလိုက်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

အမျှော်လင့်ကြီး မျှော်လင့်ထားမှုကြောင့်
ဘဝသည် သောကများစွာနှင့်
ပြည့်နက်နေ၏။
သို့သော် လူတို့သည်
ယခုလည်း မျှော်လင့်၏ . . .
နောင်လည်း မျှော်လင့်နေမည်သာ ဖြစ်လေ၏ . . .။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

မိခင် ဖြစ်ရသည့်ဘဝက ဆိုးလှ၏။ မွေးထားသည့် သားသမီးတွေ ဆိုးဆိုးကောင်းကောင်း ချစ်ရသည်ပင်။ သားသမီးတွေ တစ်ခုခု ဖြစ်လာလျှင်လည်း ငရဲကျသလို ခံစားခဲ့ရ၏။ ကြေကွဲစိတ်၊ နှမြောတသစိတ်တို့က မိခင်၏စိတ်ထဲ ပြည့်သိပ်နေရ၏။

ယခုလည်း လွင်ကျော်စွာနှင့် ပတ်သက်ပြီး ဒေါ်စိန်ခိုင်တစ်ယောက် မအိပ်နိုင် မစားနိုင် ဖြစ်နေရ၏။ ဘာလုပ်၍ လုပ်ရမှန်းပင် မသိ။ တစ်အိမ်လုံး ဝိုင်းဝန်းဖျောင်းဖျသော်လည်း ဒေါသကစိတ်က မပြေနိုင်။

ဆုံးပြီး သုံးရက်ပြည့်မြောက်လာသော်လည်း မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျနေဆဲ။ ငိုလို့ရှိုက်လို့ မဝသေး။ သူ့ရင်ထဲ လွင်ကျော်စွာ ဆုံးသွားရသည်မှာ အသည်းတစ်ခြမ်း ပဲ့ထွက်သွားမတတ် ခံစားခဲ့ရ၏။

တစ်ယောက်တည်း ခံစားရသည်မို့ မခံမရပ်နိုင်အောင် ကြေကွဲခဲ့ရ၏။ နောက်ဆုံး အင်္ဂလန်ရောက်နေသော ဦးသစ္စာနှင့် ထင်ကျော်စွာတို့ဆီ ချက်ချင်း ကြေးနန်းရိုက်လိုက်လေတော့၏။

လွင်ကျော်စွာ ဆုံးသည်နှင့် သတင်းမေးလာသူတွေကလည်း အိမ်မှာ တဖွဲဖွဲ။ ဒေါ်စိန်ခိုင်တစ်ယောက် ဘယ်သူ့အမေးကိုမှ မဖြေနိုင်ဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေလေ၏။

ထိုအချိန်တွင် ဌာနအုပ် မောင်ချိုတို့အဖွဲ့သည် မှုခင်းဆရာဝန်ကြီးထံမှ ထွက်လာသော အဖြေကြောင့် အံ့အားသင့်နေကြ၏။ အဖြေက

www.burmeseclassic.com



တဲ့ခြားမဟုတ်။ လွင်ကျော်စွာကို သတ္တဝါကြီး တစ်ကောင်ကောင်က ထွေး လုံးရစ်ပတ်၍ သတ်ဖြတ်သွားကြောင်း ဖော်ပြထား၏။

အိမ်ဖော်တွေကို မေးကြည့်ပြန်တော့ အိပ်ခန်းထဲတွင် မြွေကြီးတစ် ကောင် တွေ့လိုက်ရသည်ဟု ထွက်ဆိုထား၏။ ထိုအချက်ကို ဆက်စပ် စဉ်းစားရင်း အဖြေပေါ်လာ၏။ ထို့ပြင် အောင်မောင်းကိုယ်တိုင် ထွက်ဆို လာသော ထွက်ချက်ကြောင့် ဌာနာအုပ် မောင်ချိုတို့အဖွဲ့ အဖြေရှာမရ အောင် ဖြစ်ခဲ့ကြရ၏။

"ကျွန်တော် ပြောတာကိုယုံပါ ဆရာရယ်၊ အဲဒီ နှင်းဆိုတဲ့ မိန်းမက စုန်းမဗျ။ သူမှာ မွေးထားတဲ့ တိုက်မြွေကြီးရှိတယ်။ အဲဒီ မြွေကြီးကြောင့် ကိုလွင်ကျော်စွာရဲ့ ခယ်မလေးလောင်း ရှယ်လီမြင့်လည်း သေသွားခဲ့ပြီးပါပြီဗျာ။ ကျွန်တော် ပြောတာကို ယုံစေချင်ပါတယ်"

"ဟာ- ကျွန်တော်တို့ မယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် စုန်းတို့ တစ္ဆေတို့ကိုတော့ ကျွန်တော်တို့အဖွဲ့က ဘယ်နည်းနဲ့မှ မယုံနိုင်ဘူးဗျ။ ခင်ဗျားပြောသလို မနှင်းဟာ စုန်းမတစ်ယောက် ဆိုတာလည်း ကျွန်တော် တို့ မယုံနိုင်ဘူး။ ဒါပေမယ့် မြွေကြီးက ဘယ်လိုကဘယ်လို ရောက်လာ သလဲ။ အဲဒီအချက်ကတော့ စဉ်းစားစရာပဲဗျာ"

ဌာနာအုပ် မောင်ချိုမှာ ပေါ်ပေါက်လာသော အမှုက ထူးဆန်းလွန်း လှသဖြင့် ဘယ်လိုမှ အဖြေမရအောင် ဖြစ်နေရ၏။ နောက်ဆုံး သူတို့ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ မှတ်တမ်းကို စီအိုင်ဒီသို့ တင်ပြလိုက် လေ၏။

စီအိုင်ဒီမင်းကြီး မစ္စတာ ရော်ဂျာတို့အဖွဲ့မှာ ထူးထူးဆန်းဆန်း တက် လာသော အမှုကြောင့် ခေါင်းစားနေကြ၏။ အိုင်ပီ ဘုန်းဝေမှာလည်း အမှုမှတ်တမ်းကို ဖတ်ရှုရင်း ချက်ချင်း စခန်းဆီသို့ လိုက်ချလာ၏။

နှင်းဆိုသော မိန်းမချောလေးနှင့်တွေ့ကာ အသေးစိတ် မေးမြန်းခဲ့ ၏။ အိမ်ဖော်နှစ်ဦးနှင့် အောင်မောင်းကိုပါ ခေါ်၍ စစ်ဆေးခဲ့၏။ အိုင်ပီ ဘုန်းဝေကား စီအိုင်ဒီ၏ ညာလက်ရုံး။ အမှုတစ်ခုကို သုံးသပ်ရာတွင်လည်း စေ့စပ်သေချာလှသူ ဖြစ်၏။

အမှုသွားအမှုလာ အကြောင်းအရာတို့ကို ဆက်စပ် အဖြေရှာရင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ လွင်ကျော်စွာနှင့် အောင်မောင်းတို့၏ မမှန်ကန်သော လုပ်ရပ်များ ဘူးပေါ်သလို ပေါ်လာလေတော့၏။

အောင်မောင်းခမျာ ကိုယ့်ကြိုးနှင့်ကိုယ် ရှုပ်ထွေးကာ အဖြေရှာ၍ မရနိုင်အောင် ဖြစ်နေ၏။ အိုင်ပီဘုန်းဝေ၏ ပိုင်နိုင်လှသော မေးခွန်းများကြောင့် သူတို့၏ မတရားကြံစည်မှုကြီးကို ဖွင့်ဟလိုက်ရလေတော့၏။

ထိုအခါ နှင်းသည် တရားခံအစစ် မဟုတ်ကြောင်း ထင်ရှားသဖြင့် အာမခံနှင့် ချက်ချင်း လွတ်မြောက်သွားခဲ့လေ၏။ မသင်းတို့ညီအစ်မသည် နှင်း လွတ်မြောက်လာသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

ထို့ပြင် နှင်းအပေါ် လွင်ကျော်စွာတို့လူစု မတရားကြံခဲ့သည့်ကိစ္စ ပေါ်ပေါက်လာသဖြင့် မကျေမချမ်း ဖြစ်နေ၏။ နှင်းခမျာ ဘာတစ်ခွန်းမှ မပြောသာ။ ကြောက်စရာကောင်းလှသော လူကုံထံ အသိုင်းအဝိုင်း၏ လုပ်ရပ်ကိုလည်း ရွံရှာနေမိ၏။

ဒေါ်ငြိမ်းပုံတို့ သားအမိမှာလည်း နှင်း ပြန်လည် လွတ်မြောက်လာ သည်မို့ ဝမ်းသာအားရ ဖြစ်နေကြ၏။ မသင်းသည် နှင်း၏ မျက်နှာညိုးညိုး ကလေးကို ကြည့်ရင်း မေးလိုက်၏။

"နှင်း ဘယ်လိုဖြစ်နေသလဲကွယ်၊ ငါ့ညီမ ခုလို လူယုတ်မာတွေ လက်ထဲက လွတ်မြောက်လာတာပဲ ဝမ်းသာရဦးမယ်"

"ဟုတ်တယ်၊ စိတ်အေးချမ်းသာပဲ နေပါတော့ကွယ်။ ဘာမှ မကြောက်နဲ့၊ မမတို့ ရှိပါတယ်ကွယ်"

"ကျွန်မ ရွာကိုပဲ ပြန်တော့မယ်"

"ဘာ- ရွာကိုပြန်မယ်၊ ဘယ်ရွာကို ပြန်မှာလဲ"

"ကျွန်မနေတဲ့ ရွာကိုပေါ့"

"မပြန်ပါနဲ့ ညီမရယ်၊ ရွာမှာ အမျိုးလည်း မရှိတော့တာ ဘာလို့ ပြန်မှာလဲကွယ်"

"ပြန်တော့မယ် မမရယ်၊ ကျွန်မဟာ မျက်မမြင်တစ်ယောက်ပါ ခုလို ကြောက်စရာကောင်းလှတဲ့ လူကုံထံ အသိုင်းအဝိုင်းကြားမှာ ကျွန်မ ဟာ သူတို့အတွက် အနှောင့်အယှက် ဖြစ်နေရပြီလေ။ ကျွန်မ [illegible] ကို မမြင်ချင်တော့ဘူး။ ဒါကြောင့် ကျွန်မကို ပြန်ခွင့်ပြုပါ မသင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူ့စကားကြောင့် တစ်အိမ်လုံး စိတ်မကောင်း ဖြစ်ခဲ့ကြရ၏။ ထား ဆီးလို့လည်း မရတော့။ နှင်းကလည်း လုံးလုံးလျားလျား ဆုံးဖြတ်ခဲ့ပြီဖြစ် ရာ နောက်ဆုံးတော့ နှင်းနေသည့် ရွာကလေးသို့ မသင်းတို့ညီအစ်မပါ လိုက်သွားလေတော့၏။

ထိုအချိန်တွင် ဦးသစ္စာတို့သားအဖ အင်္ဂလန်မှ ပြန်လည် ရောက်ရှိ လာရာ ဒေါ်စိန်ခိုင်က ဆီး၍ ငိုကြွေးလေတော့၏။ ထင်ကျော်စွာမှာ မိခင်ကြီး၏စကားကြောင့် အံ့သြနေ၏။

"ဟုတ်တယ်၊ ဒီကိစ္စ မင်းခေါ်လာတဲ့ ကောင်မလေးကြောင့်ပဲ။ အဲဒီ ကောင်မလေးဟာ စုန်းမ၊ တစ္ဆေမ။ သူဟာ ငါ့သားကို မြွေနဲ့ တိုက်သတ် ခဲ့တာ"

"ဟာ- အမေကလည်းဗျာ၊ မဟုတ်နိုင်တာ"

"ဘာမဟုတ်နိုင်ရမှာလဲ၊ မယုံရင် တစ်အိမ်လုံးမေးကြည့်၊ သူ့ကြောင့် ငါ့သားလေး သေရတာ၊ ငါ မကျေဘူး။ ပြီးတော့ သူမှာ အပြစ်မရှိဘူးဆိုပြီး လွှတ်လိုက်တယ်။ ကိုသစ္စာ"

"ဘာတုံးကွာ"

"ရှင် အဲဒီကောင်မလေးကို သေဒဏ်ပေးလောက်အောင် လုပ်စမ်းပါ၊ သူသေမှ ကျွန်မ ကျေနပ်နိုင်မယ်"

"ဟေ- နေပါဦး မိန်းမရာ၊ အရမ်းအရမ်း စွတ်မပြောပါနဲ့ကွာ။ မင်း ပြောတဲ့ စကားတွေကလည်း ခေတ်နဲ့ မလျော်ညီတော့ဘူးကွ"

"ဘာ- ရှင် မဟုတ်တာတွေ မပြောနဲ့၊ ခုချက်ချင်း စီအိုင်ဒီကိုသွား။ ကုန်ချင်သလောက် ကုန်ပါစေ၊ ဒင်းကို သေဒဏ်ကျအောင် လုပ်စမ်း"

"ခက်ပါ့ကွာ"

ဒေါ်စိန်ခိုင်၏ အငြိုးအတေးက ကြောက်စရာကောင်းလှ၏။ ခင်ပွန်းသည် ဦးသစ္စာမှာလည်း သူ့စကားကြောင့် ဇဝေဇဝါ ဖြစ်နေရ၏။ အမှန်တော့ လုပ်ငန်းကြီးတစ်ခုလုံး လည်ပတ်အောင် လုပ်ကိုင်နေသူမှာ လွင်ကျော်စွာ ဖြစ်၏။

လွင်ကျော်စွာ ဆုံးပါးသွားသဖြင့် သူ့ရင်ထဲ အနှောင့်အယှက်များ နှိပ်စက်နေ



www.burmeseclassic.com

www.burmeseclassic.com



မိ၏။ သို့သော် ပေါ်ပေါက်လာသည့် ကံကြမ္မာကိုတော့ သူ မစွမ်းသာ။ ကြောက်စရာကောင်းလှသည့် ကံကြမ္မာ၏ စီရင်မှုကိုလည်း အံ့သြခဲ့ရ၏။

ထင်ကျော်စွာမှာ မိခင်ကြီး၏စကားကို မယုံနိုင်။ ထို့ကြောင့်လည်း ၎ာနာအုပ် မောင်ချိုနှင့်တွေ့ကာ အကြောင်းစုံကို မေးမြန်းခဲ့၏။ ၎ာနာအုပ် မောင်ချိုသည် အိုင်ပီဘုန်းဝေ စစ်ဆေးတွေ့ရှိခဲ့သမျှ အချက်အလက်တို့ကို ထင်ကျော်စွာအား ပြောပြလိုက်၏။

"ဗျာ- ဒါ. . . ဒါဆို ကျွန်တော့်အစ်ကို လွင်ကျော်စွာနဲ့ ကိုအောင်မောင်းတို့က မနှင်းကို မတရား ကြံစည်ခဲ့ကြတာပေါ့"

"ဟုတ်ပါတယ် ကိုထင်ကျော်စွာ၊ ဒီကိစ္စ ကျွန်တော်တို့ အသေအချာ စုံစမ်းခဲ့ပြီးပါပြီ။ အိမ်ဖော်လင်မယားရဲ့ ထွက်ဆိုချက်အရ ဒီကိစ္စကို နောက်ကွယ်က စီစဉ်တာ ခင်ဗျားအစ်ကိုပါပဲ။ သူဟာ မနှင်းကို အအေးတိုက်ချင်ယောင်ဆောင်ပြီး အအေးခွက်ထဲမှာ အိပ်ဆေးတွေ ထည့်တိုက်ခဲ့တယ်"

"ဗျာ- လုပ်ရက်လိုက်တာ"

"ဟုတ်တယ်၊ အဲဒီလိုနဲ့ သူတို့ မတရားကြံစည်မယ်လုပ်တုံး မြွေတစ်ကောင် ဝင်လာပြီး ဒုက္ခပေးသွားတာဗျ"

"ဗျာ- မြွေတစ်ကောင်"

"ဟုတ်တယ်၊ အဲဒီအချက်ကိုတော့ ကျွန်တော်တို့ ဘယ်လိုမှ စဉ်းစားမရဘူးဗျာ။ ပြီးတော့ ခင်ဗျားနဲ့ စေ့စပ်ထားခဲ့တဲ့ အမျိုးသမီးလေး"

"မရှယ်လီမြင့်ပါ"

"ဟုတ်တယ်၊ သူလည်း မြွေတစ်ကောင်ရဲ့ လက်ချက်ကြောင့် သေသွားရတာဆိုတော့ ဒီအချက်နှစ်ချက်ကို ကောက်ချက်ချလိုက်ရင် ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲဗျာ။ ခင်ဗျား မော်တို့ တစ္ဆေသရဲတို့ကို ယုံလား"

"ဟာ- အဲဒါတော့ ကျွန်တော် မပြောတတ်ဘူးဗျ၊ ဒါပေမယ့် ခေတ်မီတဲ့ နိုင်ငံတစ်ခုမှာ ဒီကိစ္စတွေဟာ သိပ်ပြီးတော့ အရာမထင်တော့သည့် ထင်တာပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ခင်ဗျားစကားကို လက်ခံတယ်ဗျာ။ အဲဒီ မနှင်းဆိုတဲ့ ကောင်မလေးကို စုန်းမလို့ ဝိုင်းပြောတာတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးဗျာ"

ဌာနာအုပ် မောင်ချို၏စကားကြောင့် ထင်ကျော်စွာ၏ရင်ထဲ တနုံ့နုံ့ ခံစားခဲ့ရ၏။ ပတ်ဝန်းကျင်၏ နှုတ်စကားကြား နှင်းတစ်ယောက် ဒုက္ခ ရောက်ခဲ့ရပြီဟု တွေးမိ၏။

အစ်ကိုလုပ်သူ၏ ရက်စက်ယုတ်မာလှသော ဖြစ်အင်ကိုလည်း စိတ်ထဲ မကျေမနပ် ဖြစ်မိ၏။ လွင်ကျော်စွာ၏ အမှန်တကယ် လုပ်ရပ်ကို ဖခင်လုပ်သူ ဦးသစ္စာ သိသွားသောအခါ တောက်တခေါက်ခေါက် ဖြစ်နေ ၏။

လွင်ကျော်စွာ၏ လုပ်ရပ်က သူတို့မိသားစု တစ်ခုလုံး၏ ဂုဏ်သိက္ခာ ကို ဆွဲချသွားသလိုပင်။ ဇနီးသည်ကတော့ သားဘက်မှ ခုထိ ရပ်နေဆဲ။

"ရှင်- ကျွန်မသားကို ဒီလို မပြောပါနဲ့"

"ဟာ- မစိန်ခိုင်ကလည်း၊ ဥပဒေအရာရှိတွေကိုယ်တိုင် သေသေ ချာချာ စစ်ခဲ့တာကွ။ ငါတို့က မဟုတ်ပါဘူးလို့ ပြောရမလား၊ ပြီးတော့ အောင်မောင်းကိုယ်တိုင်လည်း ထွက်ဆိုခဲ့တာလေ။ အင်း- ဒီကောင် သူများအပေါ် ယုတ်ယုတ်မာမာ ကြံခဲ့လို့ ခုလို ဖြစ်ရတာကွ"

"ဘာ- ရှင် . . . ရှင်"

"ဘာမှ ငြင်းမနေစမ်းပါနဲ့ မိန်းမရာ၊ ဒီကိစ္စ ငါတို့ဘက်က မမှန်ခဲ့ တာကွ။ မမှန်တာလုပ်ရင် ဘုရားတွေ၊ နတ်တွေက ကြည့်ကနမှာ မဟုတ် ဘူး။ ခုလည်း ဒီကောင့်ကို ဒုက္ခပေးသွားတာ နတ်မြွေပဲ ဖြစ်ရမယ်"

"ရှင်- နတ်မြွေ"

"အေး- မင်းလည်း ကြည့်ပြော၊ မင်းရဲ့သား လူယုတ်မာဘက်ကချည်း အရမ်းစွတ်မပြောနဲ့။ တော်ကြာ နတ်မြွေနဲ့ တွေ့နေဦးမယ်"

"ရှင်- ဘုရား . . . ဘုရား"

ခင်ပွန်းသည်၏ စကားကြောင့် ဒေါ်စိန်ခိုင်တစ်ယောက် ငြိမ်ကျသွား ၏။ ဒေါ်စိန်ခိုင်သည် မြွေမပြောနှင့် တီကောင်တောင် ကြည့်ရှုသူတစ်ဦး နတ်မြွေဟု ဆိုလိုက်သည်နှင့် အော်ကြီးဟစ်ကျယ် ပြောဆိုနေတာတွေ ငြိမ် သက်သွားလေတော့၏။

ထိုအချိန် တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရသူမှာ ထင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



စွာ ဖြစ်၏။ နှင်းကို တွေ့ချင်လှသော်လည်း ဘယ်ဆီရောက်နေပြီ မသိ။ မသင်းတို့ညီအစ်မကလည်း နှင်းကို ကတိပေးထားသည်မို့ ဘယ်မှာနေသည်ကို တစ်ခွန်းတစ်ပါဒမျှ မပြော။

ထို့ပြင် သူ့ပန်းချီခန်းထဲမှ နှင်း၏ ပုံတူကလေး ပျောက်ဆုံးသွားသဖြင့် ကြေကြေကွဲကွဲ ခံစားနေရ၏။ နှင်း၏ ဆိုးရွားလှသော ကံကြမ္မာ၏ စီရင်မှုကိုလည်း သူ နားမလည်နိုင်တော့။

နှင်း၏သတင်းကို မကြားရတော့သဖြင့် ထင်ကျော်စွာလည်း သူ့ပန်းချီခန်းထဲမှ မထွက်တော့။ ပန်းချီစင်ရှေ့ထိုင်ကာ နှလုံးသားထဲ ရှိနေသော နှင်း၏ ပုံတူတစ်ပုံကို ထပ်၍ ဆွဲခဲ့၏။

နှလုံးသားနှင့် ရေးဆွဲခဲ့သည့် ပန်းချီဖြစ်၍ နှင်းမျက်နှာလေးက ချွတ်စွတ်တူနေ၏။ အရောင်အရိပ်တွေ၊ ထုတွေထောင့်တွေကြား လင်းလက်ဝင်းစိုနေသော နှင်း၏မျက်နှာလေးကို တရှိုက်မက်မက် ငေးကြည့်ရင်း ထင်ကျော်စွာ တီးတိုးတမ်းတခဲ့ရ၏။

တစ်ချိန်တွင် နှင်းအကြောင်းတွေးရင်း အိပ်မပျော်နိုင်သဖြင့် အိမ်ကြီးပေါ်မှ ဆင်းခဲ့၏။

"ဆရာထင်ကျော်စွာ"

"ဟင်- ကို. . . ကိုအောင်မောင်း"

"ဟုတ်. . . ဟုတ်ပါတယ်၊ ကျွန်တော် အမှားကြီး မှားခဲ့ပါတယ် ဆရာရယ်"

"ထားပါတော့ဗျာ၊ ပြီးတာတွေလည်း ပြီးပါစေတော့။ ကျွန်တော် ဘယ်သူ့ကိုမှလဲ အပြစ်မပြောချင်တော့ပါဘူး၊ တစ်ခုပဲ ခင်ဗျားကို မေးချင်တယ်ဗျာ"

"ဘာများတုံး၊ မေးပါ ဆရာ"

"နှင်း ဘယ်မှာရှိသလဲ"

"နှင်း၊ ဟုတ်လား"

"ဟုတ်တယ် ငါ နှင်းကို တွေ့ချင်တယ်ကွာ၊ နှင်းဟာ ရိုးသားအေးဆေးတဲ့ မိန်းကလေးပါ"

"ဟုတ်. . . ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော် မှားခဲ့ပါ။ နှင်း

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကျွန်တော် နည်းမျိုးစုံနဲ့ ဒုက္ခပေးမိပါတယ်၊ ဒါကြောင့် ကျွန်တော် လည်း ထိုက်သင့်တဲ့အပြစ်ဒဏ် ခံယူဖို့ အသင့်ပါပဲ ဆရာရယ်"

"စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ဗျာ၊ ပြီးတာတွေလည်း ကျွန်တော် မေ့ပစ်လိုက်ပါပြီ။ ကဲ- နှင်း ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိလား"

"ဟို. . .ဟိုဒင်း"

"သိရင် ပြောစမ်းပါဗျာ၊ ကျွန်တော် နှင်းကို အရမ်းတွေ့ချင်တယ်။ ကိုကို လုပ်ခဲ့သမျှတွေကိုလည်း ကျွန်တော် တောင်းပန်ချင်တယ်ဗျာ"

"သူ. . .သူ ရွာကို ပြန်သွားပြီဆိုတဲ့ သတင်းတော့ ကြားမိတယ် ဆရာ"

"ရွာပြန်သွားပြီ ဟုတ်လား"

"ဖြစ်နိုင်တယ် ဆရာ၊ ရွာမှာရှိမှာ ကျိန်းသေတယ်ဗျ"

"ဟုတ်လား၊ ဒါ. . .ဒါဆို ကျွန်တော် လိုက်သွားမယ်။ ဝမ်းသာလိုက် တာဗျာ"

ထင်ကျော်စွာတစ်ယောက် အောင်မောင်းထံမှ ကြားလိုက်ရသည့် သတင်းစကားကြောင့် ဝမ်းသာအားရ ဖြစ်နေ၏။ နှင်းရှိမည့် နေရာကို အပြေးအလွှား သွားချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာ၏။

ထို့ကြောင့်လည်း နောက်တစ်နေ့ မိုးမလင်းခင်ထ၍ နှင်းရှိမည့် မနိပိုး ရွာကလေးသို့ စက်လှေတစ်စီးနှင့် လှေကြုံလိုက်ခဲ့လေတော့၏။ သူ့ရင်ထဲ ရင်တွေ တဒိန်းဒိန်း ခုန်နေ၏။

နှင်း ခုချိန် ဘယ်သို့နေမည်လဲ၊ နှင်းတစ်ယောက် ငေးမောငိုယိုနေပြီ လား။ နှင်း အားငယ်စိတ်တို့နှင့်အတူ ကြေကွဲနေပြီလား စသော အတွေး များက သူ့ရင်ထဲသို့ တိုးဝှေ့ဝင်လာခဲ့၏။

ရွာဆီသို့ အရောက်တွင် နှင်းတို့သားအမိ နေထိုင်ခဲ့သည့် တဲကလေး ဆီသို့ အမောတကော ရောက်ရှိသွား၏။ တဲကလေးရှေ့သို့အရောက် တံခါး ပိတ်ထားသဖြင့် သူ့ရင်ထဲ ဆို့ကျပ်သွားမတတ် ခံစားခဲ့ရ၏။

ဘေးဘီကို မေးကြည့်တော့လည်း ဘယ်သူမှ သဲသဲကွဲကွဲ မဖြေနိုင်။ ရွာထဲ တစ်ယောက်တည်း ချာလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် သူ့အနား သို့ လူငယ်လေးတစ်ဦး ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး၊ အစ်ကိုကြီးက မမနှင်းကို ရှာနေတာလား"

"ဟင်- ဟုတ်တယ်ကွ၊ မင်း. . . မင်း တွေ့မိသလား"

"ဟို. . . ဟို ဆုတောင်းပြည့်စေတီလေးပေါ်မှာ ရှိနိုင်တယ်ဗျ။ မမက သူ အဲဒီမှာ ရှိတာကို ဘယ်သူ့မှ မပြောပါနဲ့လို့ ပြောထားတာဗျ"

"ဟင်- ဟုတ်လား၊ ဒါဆို ငါ့ကို လိုက်ပို့စမ်း"

"လာလာ"

ချာတိတ်ကလေးသည် သူ့ကိုခေါ်ကာ ရွာအနောက်ဘက်သို့ ထွက်လာ၏။ ရွာပြင်သို့ ရောက်သည်နှင့် မြင့်မားမတ်စောက်သော တောင်ကုန်းပေါ်မှ စေတီလေးကို လက်ညှိုးထိုးပြလိုက်၏။

"အဲဒီပေါ်ကို တက်သွား"

"သေချာလား"

"သေချာပါတယ်ဗျာ၊ ကျွန်တော် ပြောတယ်လို့ မပြောနဲ့နော်။ ဪ- ပြီးတော့ အဲဒီမှာ မြွေဟောက်ကြီးတစ်ကောင် ရှိတယ်နော်၊ သတိထားသွား"

"အေးပါကွာ၊ ဘာတွေရှိနေရှိနေ ငါသွားမှာပဲ"

ချာတိတ်လေးကို ပြောရင်း ထင်ကျော်စွာတစ်ယောက် တောင်ကုန်းကလေးပေါ်သို့ စောင်းတန်းအတိုင်း အပြေးတက်သွား၏။ မြင့်မားမတ်စောက်လှသည်မို့ ရင်ပြင်တော်ပေါ် ရောက်သောအခါ တဟူးဟူးနှင့် မောဟိုက်နေ၏။

ဘုရားပေါ်ရောက်သည်နှင့် ဟိုဟိုဒီဒီ ရှာလိုက်၏။ နှင်း၏ အရိပ်အယောင်ကို စိုးစိမျှ မတွေ့။ စိတ်ထဲ သောကအတွေးတွေ ပိုသွားခဲ့ရ၏။ နောက်ဆုံး ရင်ပြင်ပေါ်တွင် လက်ယာရစ် ပတ်လိုက်၏။

"ရှူး ရှူး"

"ဟာ- မြွေဟောက်ကြီး"

စနေထောင့်သို့ အရောက်တွင် သစ်ပင်ပေါ်မှ တလျှောလျှော ဆင်းသက်လာသော မြွေဟောက်ကြီး။ ရုတ်တရက် တုံ့ခနဲ ဖြစ်သွားသော်လည်း မြွေကြီးကို မြင်လိုက်ရသဖြင့် နှင်း ရှိလိမ့်မည်ဟု တွေးကာ ဝမ်းသာ ဝမ်းသာ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်ကိုလည်း သူ မနှမြောနိုင်တော့။ မြွေကြီးကိုလည်း မမှုနိုင်တော့၊ ရှေ့သို့ တစ်လှမ်းအတိုးတွင် မြွေကြီးက သူ့ရှေ့သို့ ဘွားခနဲ ခုန်ချလာ၏။ ပါးပျဉ်းကြီး တထောင်ထောင်နှင့် ပေါက်မည်တကဲကဲ လုပ်နေ၏၊ ထင်ကျော်စွာ မျက်စိစုံမှိတ်လိုက်၏။ သေချင်လည်း သေပါစေတော့၊ နှင်း ရှိရာကို သွားမည်ဟု ဆုံးဖြတ်ကာ ရှေ့သို့ တစ်လှမ်းချင်း တိုးခဲ့၏။

မြွေကြီးကလည်း သူ့ကို အတင်း ပေါက်မည်တကဲကဲ လုပ်နေ၏၊ ထိုစဉ် နှင်းတစ်ယောက် မြွေကြီး၏ နှာမှုတ်သံကြောင့် အပြေးအလွှား ရောက်လာလေရာ-

"မနှင်း"

ထင်ကျော်စွာ၏ အသံကို ကြားလိုက်ရ၏။

"ဟင်- ကိုကျော်စွာ၊ ဘာ. . . ဘာဖြစ်လို့ လိုက်လာတာလဲ ကိုကျော်စွာရယ်"

"ကျွန်တော် မနှင်းတို့ ချစ်လို့၊ မနှင်းနဲ့ မခွဲနိုင်လို့ လိုက်လာတာ။ ကျွန်တော့်ကို လက်ခံပါ မနှင်းရယ်၊ ဟောဒီ မြွေကြီးက ကျွန်တော့်ကို ရှေ့ကနေ အသေသတ်ဖို့ စောင့်နေပါတယ် မနှင်း။ ဒါပေမယ့် ကျွန်တော် သေချင်သေသွားပါစေ၊ မနှင်း ကျွန်တော့်ကို ချစ်တယ်လို့ပြောရင် သေပျော်ပါပြီဗျာ"

"အို- ကိုကျော်စွာရယ်"

"ပြောပါ မနှင်း၊ မနှင်းကို စောင့်ကြပ်နေတဲ့ မြွေကြီးဟာ ကျွန်တော့်ကို သတ်ဖို့ အသင့်စောင့်နေပါတယ်"

"ဘုရား. . . ဘုရား၊ မြွေမင်းကြီး မ. . . မလုပ်ပါနဲ့။ အဲဒါ နှင်း. . . နှင်းရဲ့ချစ်သူပါရှင်၊ မလုပ်ပါနဲ့"

နှင်း၏ ရင်ထဲမှ ရုတ်တရက် ပေါ်ထွက်လာသော စကားသံကြောင့် ထင်ကျော်စွာ မျက်စိစုံမှိတ်ကာ မြွေကြီးရှေ့ ထိုင်ချလိုက်၏။ ပါးပျဉ်းကြီး ထောင်ကာ ပေါက်မည်တကဲကဲ လုပ်နေသော မြွေကြီးမှာ ထင်ကျော်စွာကို စူးစူးရဲရဲကြည့်ရင်း ဘုရားကုန်းတော်ပေါ်မှ ဆင်းသွားလေတော့၏။

ထိုအခါ နှင်းတစ်ယောက် ထင်ကျော်စွာဆီသို့ စိုးရိမ်စိတ်စွာဖြင့် လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မနှင်း. . . မနှင်း"

"ကိုကျော်စွာ"

နှစ်ဦးသား ချစ်ခြင်း၏ဆန္ဒကို မဟန့်တားနိုင်ကြ။ ဟန်ဆောင်ထားမှုတွေ အလဲလဲအပြိုပြိုဖြစ်ကာ တစ်ဦးနှင့်တစ်ဦး လွတ်သွားတော့မည့် အလား ပွေ့ဖက်ထားကြလေတော့၏။

**ပေါ်ဂျာရစ်**

BURMESE CLASSIC .com



www.burmeseclassic.com